ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာကုထုံး သင်တန်းလက်စွဲ

၂၀၁၇ ခုနှစ်




MINISTRY OF HEALTH AND SPORTS

unicef

# လတ်တလောအာဟာရချို့တဲ့မှု
# ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာကုထုံး
# သင်တန်းလက်စွဲ

၂၀၁၇ ခုနှစ်





# အမှာစာ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် နိုင်ငံသားတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးနှင့်နိုင်ငံသားတိုင်းရောဂါဘယကင်းရှင်းရေးဟူသော တိကျသောရည်မှန်းချက်များချမှတ်၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အရေးကြီးသော အခန်းကဏ္ဍအဖြစ်အလေးထားဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်မှလည်း (၂၀၁၇) ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်နေ့တွင်ကျင်းပသည့် အမျိုးသားအာဟာရဆိုင်ရာမဟာဗျူဟာနှင့်ပတ်သက်သည့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးတွင် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှဦးဆောင်ကာ နီးနွယ်ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ အလေးထားဆောင်ရွက်ကြရန်လမ်းညွှန်ထားပါသည်။

မြန်မာနိုင်ငံလူနေမှုဘဝနှင့်ကျန်းမာရေးစစ်တမ်း (၂၀၁၅–၂၀၁၆)အရ အသက်(၅)နှစ်အောက်ကလေးများ၏ (၇)ရာခိုင်နှုန်းမှာ လတ်တလောအာဟာရချို့တဲ့၍ပိန်လှီနေကြောင်း၊ (၂၉.၂)ရာခိုင်နှုန်းမှာ နာတာရှည်အာဟာရချို့တဲ့၍ပုညှက်နေကြောင်း၊ (၁၉)ရာခိုင်နှုန်းမှာကိုယ်အလေးချိန်လျော့နည်းနေကြောင်း တွေ့ရပါသည်။ အဆိုပါအချက်အလက်များအရ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအားဖြည့်ဆောင်ရွက်ရန်လိုအပ်နေသေးကြောင်း ထင်ဟပ်နေပါသည်။

ယခုပြုစုထားသော လတ်တလောအာဟာရချို့တဲ့မှုဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာကုထုံးသည် လတ်တလောအာဟာရချို့တဲ့မှုအတွက် ဘက်စုံကုသစောင့်ရှောက်မှုများကို အများဆုံးလွှမ်းခြုံဆောင်ရွက်ပေးနိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထောက်ခံထားသော ကုထုံးနည်းလမ်း ဖြစ်ပါသည်။

လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာကုထုံး သင်တန်းလက်စွဲကိုအသုံးပြုခြင်းဖြင့် လူထုအခြေပြု အာဟာရချို့တဲ့သောလူနာများကို လှည့်လည်ရှာဖွေခြင်းဖြင့် လတ်တလောအာဟာရချို့တဲ့သောကလေးများကို စောစီးစွာရှာဖွေဖော်ထုတ်ကုသနိုင်ခြင်း၊ အပြင်းအထန်အာဟာရချို့တဲ့၍နောက်ဆက်တွဲရောဂါများခံစားနေရသောကလေးများကိုသာ အတွင်းလူနာအဖြစ် ဆေးရုံတင်ကုသရသောကြောင့် ကုန်ကျစရိတ်သက်သာခြင်းနှင့်ဝန်ထုပ်ဝန်ပိုးလျော့နည်းခြင်း၊ လူထုအခြေပြု ကုသစောင့်ရှောက်မှုရရှိသောကြောင့် ကလေးများအတွက် ဆေးရုံ/ဆေးခန်းများမှတဆင့်ရောဂါပိုးကူးစက်မှုလျော့နည်းစေခြင်း၊ လတ်တလောအာဟာရချို့တဲ့သောကလေးများကို လက်လှမ်းမီကုသစောင့်ရှောက်နိုင်မှု အမြင့်ဆုံးရရှိခြင်းစသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ ဤသင်တန်းလက်စွဲကို စနစ်တကျလေ့လာပြီးလိုက်နာဆောင်ရွက်ပါက ကျန်းမာကြံ့ခိုင်၍အာဟာရပြည့်ဝသော အနာဂတ်သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်ထွန်းလာမည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးခဲ့သော ဆေးတက္ကသိုလ်များရှိ ကလေးကျန်းမာပညာဌာနမှ ပါမောက္ခ/ဌာနမှူးများ၊ နီးနွယ်ပညာရှင်များ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် အကြံပေး/ကူညီကြသူများအားလုံးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲမှ ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# Glossary

AFASS = (Acceptable) မိခင်နို့ အစားထိုး ပစ္စည်းသုံးစွဲခြင်းကို မိခင်က သဘောတူလက်ခံနိုင်ခြင်း၊ (Feasible) ဖြစ်နိုင်ခြေရှိခြင်း၊ (Affordable) တတ်နိုင်ခြင်း၊ (Sustainable) အမြဲမပြတ်ရရှိနိုင်ခြင်းနှင့် (Safe)ဘေးကင်းခြင်း။

AFATVAH = Age appropriate (ကလေး၏အသက်နှင့်ဆီလျော်မှုရှိသော) Frequency (ဖြည့်စွက် စာကျွေးသည့်အကြိမ်)၊ Amount (တစ်ကြိမ်လျှင်ကျွေးသည့်ပမာဏ) ၊ Thickness (ဖြည့်စွက်စာ၏အပြစ်အကျဲ)၊ Variety (အမျိုးအမယ် ၄ မျိုးပါဝင်ခြင်း)၊ Active Feeding (စိတ်ပါလက်ပါချော့မြူကျွေးခြင်း) and Hygienic (သန့်ရှင်းမှုရှိခြင်း)။

AM Number = လတ်တလောအာဟာရချို့တဲ့ခြင်းကိုခံစားရပြီး လူနာအသစ်အဖြစ် စာရင်းသွင်းဝင်ခွင့်ပြုသည့်လူနာအတွက် ထုတ်ပေးသော မှတ်ပုံတင်နံပါတ်။

Cured = သက်ဆိုင်ရာ အစာကျွေးကုသစောင့်ရှောက်ခြင်း အစီအစဉ်၏ သတ်မှတ်ချက်များအရ လတ်တလောအာဟာရချို့တဲ့မှုကို ကုသပျောက်ကင်းပြီဟု သတ်မှတ်သည့်လူနာ။

Dead = AM-Number ထုတ်ပေးပြီးနောက် သက်ဆိုင်ရာအစီအစဉ်တွင် ကုသမှုခံယူနေစဉ်ကာလအတွင်း သေဆုံးသွားသောလူနာ၊ လတ်တလောအာဟာရချို့တဲ့ခြင်းနှင့်ဆက်နွယ်မှုမရှိဘဲ သေဆုံးခြင်းများကို ထည့်သွင်းရေတွက်ခြင်းမပြု။

ဥပမာ - လတ်တလောအာဟာရချို့တဲ့ခြင်းအတွက် ကုသမှုခံယူနေစဉ်အတွင်း ထိခိုက် ဒါဏ်ရာဖြင့်သေဆုံးခြင်းကို ထည့်သွင်းရေတွက်ခြင်းမပြုပါ။

မိမိ၏ကျန်းမာရေးဌာနမှ အခြားကျန်းမာရေးဌာနသို့ လွှဲပြောင်းပြီးနောက် သေဆုံးပါက-

(၁) လွှဲပြောင်းပြီး ၂၄ နာရီ အတွင်းသေဆုံးပါက မိမိကျန်းမာရေးဌာန၏ မှတ်ပုံတင်တွင် စာရင်းသွင်းရမည်ဖြစ်ပြီး

(၂) ၂၄ နာရီ ကျော်လွန်ပြီးမှ သေဆုံးပါက လွှဲပြောင်းလက်ခံရယူသော ကျန်းမာရေးဌာန၏မှတ်ပုံတင်တွင် စာရင်းသွင်းရမည်

Defaulter = သက်ဆိုင်ရာကုသမှု အစီအစဉ်သို့ ၂ ကြိမ် ဆက်တိုက် လာရောက်ပြသကုသမှုခံယူရန် ပျက်ကွက်သောလူနာ။

Discharged = အောက်ပါအကြောင်းများကြောင့် IMAM အစီအစဉ်၏ မှတ်ပုံတင်စာရင်းမှ နုတ်ပယ်ထွက်ခွင့်ပြုသောလူနာ (မည်သည့်ကျန်းမာရေးဌာနတွင်မှ ကုသခြင်း မရှိတော့)

- သက်ဆိုင်ရာအစီအစဉ်၏သတ်မှတ်ချက်အရ ကုသပျောက်ကင်းပြီဟု သတ်မှတ်ခြင်း၊
- အာဟာရနှင့်ဆက်နွယ်သော အကြောင်းကြောင့် AM-Register ရရှိပြီး ကုသမှုခံယူနေစဉ် အတွင်းသေဆုံးသောလူနာ၊
- ၂ ကြိမ်ဆက်တိုက် လာရောက်ပြသကုသမှုခံယူရန်ပျက်ကွက်ခြင်း။ (Defaulter လူနာ)

Exit = အောက်ပါအကြောင်းများကြောင့် ကျန်းမာရေးဌာနတစ်ခု၏ မှတ်ပုံတင်စာရင်းမှ နုတ်ပယ်ထွက်ခွင့်ပြုသောလူနာ (အခြားသောကျန်းမာရေးဌာနတွင်မူ ဆက်လက်ကုသခြင်းရှိနေနိုင်သည်)

Cured - သက်ဆိုင်ရာအစီအစဉ်၏သတ်မှတ်ချက်အရ ကုသပျောက်ကင်းပြီဟု သတ်မှတ်ခြင်း။

Treated with success - ITP တွင် Transition phase ပြီးဆုံးသည်အထိကုသပြီး OTP တွင် ဆက်လက်ကုသမှုခံယူရန် လွှဲပြောင်းခြင်း။

Dead - အာဟာရနှင့်ဆက်နွယ်သော အကြောင်းကြောင့် AM-Register ရရှိပြီး ကုသမှုခံယူနေစဉ် အတွင်းသေဆုံးသောလူနာ။

Defaulter - ၂ ကြိမ် ဆက်တိုက် လာရောက်ပြသကုသမှုခံယူရန်ပျက်ကွက်ခြင်း။
Medical referral - ဆေးရုံတွင်ကုသမှုခံယူရန်လွှဲပြောင်းခြင်း။

internal transfers - အခြားကျန်းမာရေးဌာနတွင်ရှိ အဆင့်တူ ကုသမှုအစီအစဉ်သို့ လွှဲပြောင်းခြင်း။

F-75 = နောက်ဆက်တွဲပြဿနာရောဂါများရှိသော လတ်တလောအပြင်းအထန်အာဟာရချို့တဲ့ခြင်းကုထုံး၏ Acute phase အဆင့် ၁ တွင် အသုံးပြုသော အာဟာရပြည့်ဝအရည်။ ရေဖြင့်ရောစပ်ပြီးအရည် ၁၀၀ မီလီမီတာတွင် ကယ်လိုရီအင်အား ၇၅ ကီလိုကယ်လိုရီ ပါဝင်သည်။

F-100 = နောက်ဆက်တွဲပြဿနာရောဂါများရှိသော လတ်တလောအပြင်းအထန်အာဟာရချို့တဲ့ခြင်း ကုထုံး၏ Transition phase တွင် အသုံးပြုသော အာဟာရပြည့်ဝအရည်။ ရေဖြင့်ရောစပ်ပြီးအရည် ၁၀၀ မီလီမီတာတွင် ကယ်လိုရီအင်အား ၁၀၀ ကီလိုကယ်လိုရီ ပါဝင်သည်။

F-100 diluted= အသက် ၆ လ အောက် အာဟာရချို့တဲ့သောကလေးများကို ကုသရာတွင် အသုံးပြုသော အာဟာရပြည့်ဝအရည်။ ဖျော်စပ်ပြီးသား F -၁၀၀၊ ၁၀၀ မီလီမီတာကို ရေ ၃၅ မီလီမီတာ ရောစပ်ခြင်းဖြင့် F-၁၀၀ Diluted ၁၃၅ မီလီမီတာ ရရှိသည်။

Follow up = သက်ဆိုင်ရာကုသမှုအစီအစဉ်က သတ်မှတ်ထားသောကာလအပိုင်းအခြားအလိုက် လတ်တလောအာဟာရချို့တဲ့ခြင်းကို ဆက်လက်ကုသမှုခံယူရန် လာရောက်ပြသခြင်း။

FBF = (Fortified Blended Food) အာဟာရ ဖြည့်ထားသော ရောနှောစာ။

GAM = (Global Acute Malnutrition)

လတ်တလောအပြင်းအထန်အာဟာရချို့တဲ့ခြင်း။ (Severe Acute Malnutrition) နှင့် လတ်တလောအတော်အသင့်အာဟာရချို့တဲ့ခြင်း (Moderate Acute Malnutrition) နှစ်ခုစလုံးပါဝင်အောင် ခြုံငုံ၍ခေါ်သောဝေါဟာရ။

GeneXpert = တီဘီရောဂါပိုးဝင်ရောက်ခြင်းနှင့် Rifampicin ဆေးကို ယဉ်ပါးခြင်းအား စစ်ဆေးသော မောလီကျူးအဆင့် ဓါတ်ခွဲစစ်ဆေးခြင်း။

HFA = (Height for Age) အသက်အလိုက်ရှိသင့်သည့် အရပ်အမောင်း။

HNU = (Hospital Nutrition Unit) ဆေးရုံအာဟာရချို့တဲ့မှုကုသလူနာဆောင်။

IMAM = (Integrated Management of Acute Malnutrition) လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာကုထုံး။

ITP = (In-patient Therapeutic Programme) အတွင်းလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသော အစီအစဉ်

IYCF = (Infant and Young Child Feeding Practice) နှစ်နှစ်အောက် ကလေးသူငယ် အစာကျွေးမွေးခြင်း။

MAM = (Moderate acute malnutrition) လတ်တလောအတော်အတန်အာဟာရချို့တဲ့ခြင်း။

MUAC = (Mid-Upper Arm Circumference) ပုခုံးစွန်းနှင့်တံတောင်ဆစ်စွန်းနှစ်ခုအကြား အလည်မှတ်ရှိ လက်မောင်း၏လုံးပါတ်။

New Case = လက်ရှိခံစားနေရသော လတ်တလောအာဟာရချို့တဲ့ခြင်းအတွက် မည်သည့်ကျန်းမာရေးဌာနတွင်မှ AM-Number ရယူပြီး ကုသမှုစတင်ခြင်း မပြုရသေးသော လူနာသစ်။

NNC = (National Nutrition Center) အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာန။

OTP = (Out-patient Therapeutic Programme) ပြင်ပလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသောအစီအစဉ်။

PLW = (Pregnant and Lactating Women) ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်။

Readmission = ကုသမှုခံယူရန် ပျက်ကွက်ရာမှ ၂ လထက်ပို၍ ကျော်လွန်ခြင်းမရှိသောကာလအတွင်း ကျန်းမာရေးဌာနသို့ သက်ဆိုင်ရာကုသမှုကိုခံယူရန် ပြန်လည်ရောက်ရှိသဖြင့် စာရင်းသွင်းဝင်ခွင့်ပြုသောလူနာ။ ၎င်းလူနာများကို AM-Number အသစ်

Relapse = (၁) လတ်တလောအာဟာရချို့တဲ့ခြင်းအတွက် ပျောက်ကင်းအောင်ကုသပြီးစီးသဖြင့် ကုသမှုအစီအစဉ်မှ စာရင်းနုတ်ပယ်ထွက်ခွင့်ပြုပြီးမှ လတ်တလောအာဟာရချို့တဲ့ ခြင်း ထပ်မံခံစားရသဖြင့် စာရင်းသွင်းဝင်ခွင့်ပြုသောလူနာ၊

(၂) လတ်တလောအာဟာရချို့တဲ့ခြင်းအတွက် ကုသမှုခံယူရန် ပျက်ကွက်ခြင်းသည် ၂ လ ထက်ပို၍ ကျော်လွန်ပြီးမှ လတ်တလောအာဟာရချို့တဲ့ခြင်းလက္ခဏာဖြင့် ပြန်လည်ရောက်ရှိလာသဖြင့် စာရင်းသွင်းဝင်ခွင့်ပြုသောလူနာ။

ReSolMal = Rehydration Solution for Malnutrition အာဟာရချို့တဲ့သောလူနာများတွင် ရေဓါတ်ခန်းခြောက်ခြင်းရှိပါက ကုသရန်အတွက် အသုံးပြုသောအရည်။

RUSF = (Ready To Use Supplementatry Food) အသင့်စားသုံးနိုင်သောဖြည့်စွက်စာ။

RUTF = (Ready To Use Therapeutic Food) အဆင့်သင့်စားသုံးနိုင်သောအာဟာရပြည့်အစာ။

SAM = (Severe Acute Malnutrition) လတ်တလော အပြင်းအထန်အာဟာရချို့တဲ့ခြင်း။

SFP = (Supplementary Feeding Programme) အပိုဆောင်းဖြည့်စွက်စာကျွေးခြင်းအစီအစဉ်။

SRNT = (State/Region Nutrition Team) ပြည်နယ်/တိုင်းအာဟာရအဖွဲ့။

SS Technique = (Supplementary Suckling Technique)

Transfer = (1) Transfer-in အခြားကျန်းမာရေးဌာနမှ ရောက်ရှိလာသောလူနာ၊

(2) Transfer-out မိမိ၏ကျန်းမာရေးဌာနက အခြားကျန်းမာရေးဌာနသို့ စေလွှတ်လိုက်သောလူနာ။

Treated = (1) ITP တွင် Transition phase ပြီးဆုံးသည်အထိကုသပြီး OTP တွင် ဆက်လက် ကုသမှုခံယူရန် လွှဲပြောင်းခြင်း၊

(2) အသက် ၆ လ အောက်ကလေးငယ်များတွင် မိခင်နို့တစ်မျိုးတည်းတိုက်ခြင်းအားဖြင့် အလေးချိန်တိုးသည့်အဆင့် ရောက်လာခြင်း။

VPDs = (Vacine Preventable Diseases) ကာကွယ်ဆေးဖြင့် တားဆီးနိုင်သောရောဂါများ။

WFH = (Weight for Height) အရပ်အမောင်းအလိုက် ရှိသင့်သည့် ကိုယ်အလေးချိန်။

WFA = (Weight for Age) အသက်အလိုက် ရှိသင့်သည့် ကိုယ်အလေးချိန်။

WSB++ = (Wheat-Soy Bland) ဂျုံ၊ ပဲဘိစပ်အရောအနှောကို အဏုအာဟာရ၊ နို့မှုန့်၊ သကြား၊ ဆီတို့ဖြင့် အားဖြည့်ထားသော ဖြည့်စွက်စာ။





# မာတိကာ


Glossary

**အခန်း (၁)**

**နိဒါန်း** ၃

၁-၁။ IMAM ကို အလေးထားဆောင်ရွက်သင့်သည့်အကြောင်းရင်း ၃

၁-၂။ အာဟာရချို့တဲ့မှုအမျိုးအစားများ ၄

၁-၃။ အာဟာရချို့တဲ့ခြင်း၏အခြေခံသဘောတရား ၈

၁-၄။ လတ်တလောအာဟာရချို့တဲ့ခြင်းအား ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာကုထုံးနှင့် ၎င်း၏အစိတ်အပိုင်းများ ၉

လေ့ကျင့်ခန်း ၁၇

**အခန်း (၂)**

**လူထုကို နိုးထလာစေရန် တိုက်တွန်းစည်းရုံး၍ IMAM လုပ်ငန်းစဉ်များတွင် ပါဝင်လာစေခြင်း (Community Mobilization)** ၂၁

၂-၁။ လူထုကို နိုးထလာစေရန် တိုက်တွန်းစည်းရုံးခြင်း၏အဓိပ္ပါယ် ၂၁

၂-၂။ လူထုကို နိုးထလာစေရန် တိုက်တွန်း စည်းရုံးခြင်း၏အဆင့်များ ၂၁

လေ့ကျင့်ခန်း ၃၅

**အခန်း (၃)**

**အာဟာရချို့တဲ့သူများကိုလှည့်လည်ရှာဖွေခြင်းနှင့် ကျန်းမာရေးဌာနသို့ ရောက်လာသူများထဲမှ အာဟာရချို့တဲ့လူနာရှာဖွေခြင်း၊ ရောဂါပြင်းထန်မှုအဆင့်သတ်မှတ်ခြင်းနှင့် ကုသစောင့်ရှောက်မှုအစီအစဉ်သို့ ဝင်ခွင့်ပြုခြင်း** ၃၉

၃-၁။ လူနာရှာဖွေဖော်ထုတ်ခြင်း ၃၉

၃-၂။ ခန္ဓာကိုယ်တိုင်းတာမှုများနှင့် ဖောရောင်မှုကို စစ်ဆေးခြင်း ၄၀

၃-၃။ ရောဂါပြင်းထန်မှုအဆင့် သတ်မှတ်ခြင်း ၅၃

၃-၄။ ကုသစောင့်ရှောက်မှုအစီအစဉ်သို့ စာရင်းသွင်းခြင်းနှင့် လတ်တလောအာဟာရချို့တဲ့မှု မှတ်ပုံတင်နံပါတ်ပေးခြင်း ၅၆

လေ့ကျင့်ခန်း ၇၃




## အခန်း (၄)

လတ်တလော အတော်အတန် အာဟာရချို့တဲ့မှုကို ကုသစောင့်ရှောက်ခြင်း
(အပိုဆောင်း အစာကျွေး၍ ကုသမှုပေးသောအစီအစဉ်) ၇၉

၄-၁။ အပိုဆောင်း အစာကျွေး၍ ကုသမှုပေးသောအစီအစဉ် (SFP) ၇၉

၄-၂။ စာရင်းသွင်းဝင်ခွင့် သတ်မှတ်ချက်များနှင့် လူနာအုပ်စုအမျိုးအစားများ
(Admission Criteria and Admission Category) ၇၉

၄-၃။ အာဟာရဆိုင်ရာ ကုသစောင့်ရှောက်မှု
(အာဟာရဖြည့်ထားသော ရောနှောစာ - FBF၊ အသင့်စားသုံးနိုင်သော
အာဟာရ ဖြည့်ထားသော ရောနှောစာ - RUSF တို့ဖြင့်ကုသခြင်း) ၈၀

၄-၄။ SFP တွင် ပုံမှန်တိုက်ကျွေးသည့် ဆေးဝါးများ ၈၁

၄-၅။ ဆက်လက် ပြုစုစောင့်ရှောက်ခြင်း (Follow Up) နှင့်
IYCF နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း ၈၂

၄-၆။ ကုသ၍ မပျောက်ကင်းခြင်း (Failure to respond) ၈၄

၄-၇။ လွှဲပြောင်းခြင်း (Referral) ၈၆

၄-၈။ SFP အစီအစဉ်မှ နုတ်ပယ်ထွက်ခွင့်ပြုခြင်းဆိုင်ရာသတ်မှတ်ချက်များနှင့်
ထွက်ခွင့်ပြုသည့် လူနာအုပ်စုများ (Discharge Criteria and Discharge Category) ၈၆

လေ့ကျင့်ခန်း ၈၉

## အခန်း (၅)

လတ်တလော အပြင်းအထန်အာဟာရချို့တဲ့မှုကို ကုသစောင့်ရှောက်ပေးခြင်း
(ပြင်ပလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသောအစီအစဉ်) ၉၃

၅-၁။ ပြင်ပလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသည့် အစီအစဉ် (OTP) ၉၃

၅-၂။ အစာစားလိုစိတ် ရှိ၊ မရှိကို စမ်းသပ်စစ်ဆေးခြင်း ၉၄

၅-၃။ စာရင်းသွင်းဝင်ခွင့် သတ်မှတ်ချက်များနှင့် လူနာအုပ်စုအမျိုးအစားများ
(Admission Criteria and Admission Category) ၉၆

၅-၄။ အာဟာရဆိုင်ရာ ကုသစောင့်ရှောက်မှု ၉၇

၅-၅။ OTP တွင် ပုံမှန်တိုက်ကျွေးထိုးနှံပေးသော ဆေးဝါးများနှင့် ကာကွယ်ဆေးများ ၁၀၀

၅-၆။ ဆက်လက် ပြုစုစောင့်ရှောက်ခြင်း (Follow Up) နှင့်
IYCF နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း ၁၀၃

| | | |
|---|---|---|
| ၅-၇။ | ကုသ၍ မပျောက်ကင်းခြင်း (Failure to respond) | ၁၀၅ |
| ၅-၈။ | လွှဲပြောင်းခြင်း (Referral) | ၁၀၈ |
| ၅-၉။ | SFP အစီအစဉ်မှ နုတ်ပယ်ထွက်ခွင့်ပြုခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ထွက်ခွင့်ပြုသည့် လူနာအုပ်စုများ (Discharge Criteria and Discharge Category) | ၁၀၈ |
| ၅-၁၀။ | OTP မှ ထွက်ခွင့်ပြုပြီးနောက် အစာကျွေးကုသမှု ဆက်လက်ပြုလုပ်ခြင်း | ၁၁၀ |
| | လေ့ကျင့်ခန်း | ၁၁၁ |
| **အခန်း (၆)** | | |
| **နောက်ဆက်တွဲ ရောဂါပြဿနာရှိသည့် လတ်တလော အပြင်းအထန် အာဟာရချို့တဲ့ခြင်းကို ကုသစောင့်ရှောက်ခြင်း အတွင်းလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသည့်အစီအစဉ် (ITP)** | | **၁၃၁** |
| ၆-၁။ | What is ITP | ၁၃၁ |
| ၆-၂။ | Admission Criteria & Category of Admission | ၁၃၂ |
| ၆-၃။ | Management of Medical Complications | ၁၃၂ |
| ၆-၄။ | Management of Other Medical Conditions | ၁၅၂ |
| ၆-၅။ | Selecting Antibiotics and Prescribing the Regimen | ၁၅၆ |
| ၆-၆။ | အာဟာရဆိုင်ရာ ကုသစောင့်ရှောက်မှု | ၁၅၉ |
| ၆-၇။ | Patients Monitoring in ITP | ၁၇၀ |
| ၆-၈။ | Failure to Respond to Treatment | ၁၇၀ |
| ၆-၉။ | Transition Phase | ၁၇၂ |
| ၆-၁၀။ | Recovery Phase (Phase 2) | ၁၇၇ |
| ၆-၁၁။ | IYCF Counselling | ၁၈၁ |
| ၆-၁၂။ | Discharge procedure | ၁၈၁ |
| | Exercise | ၁၈၃ |



| | | |
|---|---|---|
| အခန်း (၇) | | |
| လတ်တလောအပြင်းအထန်အာဟာရချို့တဲ့နေသော (၆)လအောက် SAM ကလေးများကို ကုသစောင့်ရှောက်ခြင်း | | ၂၀၅ |
| ၇-၁။ | နိဒါန်း | ၂၀၅ |
| ၇-၂။ | မိခင်နို့စို့ရန်အခွင့်အရေးရှိသောကလေးများကို ကုသစောင့်ရှောက်ခြင်း | ၂၀၅ |
| ၇-၂-၁။ | ရည်ရွယ်ချက်များ | ၂၀၅ |
| ၇-၂-၂။ | စာရင်းသွင်းဝင်ခွင့် သတ်မှတ်ချက်များနှင့် လူနာအုပ်စု အမျိုးအစားများ (Admission Criteria and Admission Category) | ၂၀၆ |
| ၇-၂-၃။ | အာဟာရဆိုင်ရာ ကုသစောင့်ရှောက်မှု | ၂၀၆ |
| ၇-၂-၄။ | Routine Medicines | ၂၁၆ |
| ၇-၂-၅။ | Monitoring | ၂၁၆ |
| ၇-၂-၆။ | မိခင်အား စောင့်ရှောက်မှုပေးခြင်း | ၂၁၆ |
| ၇-၂-၇။ | Discharge | ၂၁၇ |
| ၇-၃။ | မိခင်နို့စို့ရန် အခွင့်အရေးမရှိသောကလေးများကို ကုသစောင့်ရှောက်ခြင်း | ၂၁၇ |
| ၇-၃-၁။ | ရည်ရွယ်ချက်များ | ၂၁၈ |
| ၇-၃-၂။ | Admission | ၂၁၈ |
| ၇-၃-၃။ | ကုသစောင့်ရှောက်ခြင်း | ၂၁၈ |
| ၇-၃-၄။ | ဆေးရုံဆင်းခွင့်ပြုသည့် လုပ်ငန်းအဆင့်ဆင့် | ၂၁၁ |
| အခန်း (၈) | | |
| HIV/AIDS ၊ Tuberculosis ခံစားနေရသော လတ်တလောအပြင်းအထန်အာဟာရချို့တဲ့ကလေးများနှင့်၊ လတ်တလောအာဟာရချို့တဲ့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကို စောင့်ရှောက်ကုသခြင်း | | ၂၂၇ |
| ၈-၁။ | HIV/AIDS | ၂၂၇ |
| ၈-၁-၁။ | HIV ရောဂါပိုးနှင့် လတ်တလောအာဟာရချို့တဲ့မှုရှိနေသော ကလေးများကို ကုသစောင့်ရှောက်ပေးခြင်း | ၂၂၇ |
| ၈-၁-၂။ | အာဟာရကျွေးမွေးကုသစောင့်ရှောက်မှု | ၂၂၇ |




၈-၁-၃။ ဆေးဝါးကုသစောင့်ရှောက်မှု ၂၂၈

၈-၁-၄။ SAM ကုသမှုအစီအစဉ်မှ ထွက်ခွင့်ပြုပြီးနောက် လုပ်ငန်းအဆင့်ဆင့် ၂၂၉

၈-၂။ တီဘီရောဂါ ၂၂၉

၈-၂-၁။ လတ်တလောအာဟာရချို့တဲ့မှုနှင့် တီဘီရောဂါ
တွဲဖက်ခံစားနေရသည့်ကလေးများအား ကုသမှုပေးခြင်း ၂၂၉

၈-၂-၂။ အာဟာရချို့တဲ့သောကလေးများတွင် တီဘီရောဂါကို သတ်မှတ်ဖော်ထုတ်ခြင်း ၂၃၀

၈-၂-၃။ အာဟာရချို့တဲ့သောကလေးများတွင် တီဘီရောဂါအတွက် ဆေးဝါးကုသမှု ၂၃၁

၈-၂-၄။ အာဟာရကျွေးမွေးကုသစောင့်ရှောက်မှု ၂၃၁

၈-၂-၅။ SAM ကုသမှုအစီအစဉ်မှ နုတ်ပယ်ထွက်ခွင့်ပြုပြီးနောက် လုပ်ငန်းများ ၂၃၂

၈-၃။ လတ်တလောအာဟာရချို့တဲ့မှုကိုခံစားနေရသော ကိုယ်ဝန်ဆောင်နှင့်
နို့တိုက်မိခင်များကို ကုသစောင့်ရှောက်ခြင်း ၂၃၂

၈-၃-၁။ အစီအစဉ်သို့ စာရင်းသွင်းဝင်ခွင့်ပြုခြင်း ၂၃၃

၈-၃-၂။ အာဟာရဆိုင်ရာ ကုသစောင့်ရှောက်မှု ၂၃၄

၈-၃-၃။ ဆက်လက်ပြုစုစောင့်ရှောက်ခြင်း ၂၃၄

၈-၃-၄။ အစီအစဉ်မှ နုတ်ပယ်ထွက်ခွင့်ပြုခြင်း ၂၃၅




## အခန်း (၉)

## ကစားခြင်းနှင့် စိတ်ခံစားမှုအတွက် စောင့်ရှောက်မှု ၂၃၉


၉-၁။ အာဟာရချို့တဲ့သောကလေးများအတွက်
ကိုယ်လက်လှုပ်ရှားမှုလုပ်ငန်းများ၏ရည်ရွယ်ချက် ၂၃၉

၉-၂။ ကစားနည်းဖြင့်ကုသခြင်းကို စီစဉ်ဆောင်ရွက်ရန်
(မိခင်၏ပါဝင်မှုနှင့် ပညာပေးခြင်း) ၂၄၀


## အခန်း (၁၀)

## (၂) နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း နှစ်သိမ့်ဆွေးနွေးခြင်း ၂၄၉


၁၀-၁။ IMAM တွင် အဘယ်ကြောင့် IYCF နှစ်သိမ့်ဆွေးနွေးခြင်းကို
ဆောင်ရွက်ပါရသနည်း ၂၄၉

၁၀-၂။ အကြံပြုထားသည့် IYCF အလေ့အကျင့်များ ၂၅၀

| | | |
|---|---|---|
| ၁၀-၃။ | အဆင့် ၃ ဆင့် ပါရှိသော နှစ်သိမ့်ဆွေးနွေးခြင်း (အကဲဖြတ်ခြင်း Assess၊ ပိုင်းခြားစိတ်ဖြာခြင်း Analysis ၊ လုပ်ဆောင်ခြင်း Act) | ၂၅၀ |
| ၁၀-၄။ | IMAM အစီအစဉ်တွင် IYCF Counselling အတွက် လူထုနှင့် ထိတွေ့ဆောင်ရွက်နိုင်မည့်နေရာများ | ၂၅၃ |
| ၁၀-၅။ | IYCF Counselling ပြုလုပ်ရာတွင် ဆွေးနွေးရမည့်အချက်များ | ၂၅၄ |
| ၁၀-၆။ | IYCF Counselling ပြုလုပ်ရာတွင် အမူအကျင့်ပြောင်းလဲမှုအဆင့်များ | ၂၅၅ |
| | လေ့ကျင့်ခန်း | ၂၅၆ |

**အခန်း (၁၁)**

| | | |
|---|---|---|
| | **ထောက်ပံ့ခြင်း၊ သိုလှောင်ခြင်း နှင့် ဖြန့်ဝေခြင်း** | ၂၅၉ |
| ၁၁-၁။ | ပစ္စည်းလိုအပ်ချက်များကို ခန့်မှန်းခြင်း | ၂၅၉ |
| ၁၁-၁-၁။ | RUTF လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခြင်း | ၂၅၉ |
| ၁၁-၁-၂။ | RUSF/FBF လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခြင်း | ၂၆၂ |
| ၁၁-၁-၃။ | F-75 လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခြင်း | ၂၆၄ |
| ၁၁-၁-၄။ | F-100 လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခြင်း | ၂၆၄ |
| ၁၁-၁-၅။ | Transition Phase အတွက် RUTF လိုအပ်ချက်ကို ခန့်မှန်းခြင်း | ၂၆၅ |
| ၁၁-၁-၆။ | OTP အတွက် Amoxicillin လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခြင်း | ၂၆၆ |
| ၁၁-၂။ | ဆေးသိုလှောင်မှုကို စီမံခန့်ခွဲခြင်း | ၂၆၆ |
| ၁၁-၂-၁။ | အာဟာရပစ္စည်းများ သိုလှောင်နိုင်သည့်ပမာဏနှင့် ပို့ဆောင်ရမည့်အကြိမ် | ၂၆၇ |
| ၁၁-၂-၂။ | မျှော်လင့်မထားသော တိုးမြှင့်လိုအပ်ချက်နှင့်ပစ္စည်းပြတ်လပ်ခြင်းအတွက် အရန်ထားသော ပမာဏ (buffer stock) | ၂၆၈ |
| ၁၁-၂-၃။ | နောက်ထပ်မှာယူရန်လိုအပ်ကြောင်း ညွှန်ပြသည့် လက်ကျန်ပမာဏ (Reordering level) | ၂၆၈ |
| ၁၁-၂-၄။ | IMAM ပစ္စည်းများကို ဝယ်ယူဖြန့်ဖြူးခြင်း | ၂၆၉ |
| ၁၁-၃။ | ပစ္စည်းများကို သိုလှောင်သိမ်းဆည်းခြင်း | ၂၇၂ |
| ၁၁-၄။ | သိုလှောင်ပစ္စည်းများအား စီမံခန့်ခွဲမှု | ၂၇၂ |
| ၁၁-၅။ | ထောက်ပံ့ပို့ဆောင်ရေး | ၂၈၂ |






## အခန်း (၁၂)

**အထောက်အကူပြုကြီးကြပ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် လုပ်ငန်းဆန်းစစ်ခြင်း** ၂၈၅

၁၂-၁။ အထောက်အကူပြုကြီးကြပ်ခြင်း Supportive Supervision ၂၈၅

၁၂-၂။ စောင့်ကြည့်ခြင်းနှင့် လုပ်ငန်းဆန်းစစ်ခြင်း Monitoring and Evaluation ၂၈၆

## အခန်း (၁၃)

**အစီရင်ခံခြင်း** ၃၀၇

၁၃-၁။ အစီရင်ခံစာပေးပို့မှု ကြိမ်နှုန်း ၃၀၇

၁၃-၂။ အစီရင်ခံစာပေးပို့ရန် တာဝန်ရှိသူများ ၃၀၇

၁၃-၃။ အစီရင်ခံစာများ ၃၀၈

၁၃-၃-၁။ MUAC အသုံးပြု၍ ဆန်ကာတင်စစ်ဆေးမှု တာလီစာရွက်ကိုအသုံးပြုခြင်း ၃၀၈

၁၃-၃-၂။ MAM အတွက် လူနာမှတ်တမ်း (SFP ခွဲတမ်းကတ်ပြား) ၃၁၁

၁၃-၃-၃။ SAM ကလေးအတွက် လူနာမှတ်တမ်း (OTP ကတ်ပြား) ၃၁၂

၁၃-၃-၄။ ITP Multi Chart ၃၁၅

၁၃-၃-၅။ လတ်တလောအာဟာရချို့တဲ့ခြင်းအတွက် မှတ်ပုံတင်စာရင်းစာအုပ် ၃၂၅

၁၃-၃-၆။ SFP အတွက် လစဉ်/သုံးလပတ် အစီရင်ခံစာ ၃၂၇

၁၃-၃-၇။ OTP အတွက် လစဉ်/သုံးလတစ်ကြိမ်အစီရင်ခံစာ ၃၂၇

၁၃-၃-၈။ ITP အတွက် လစဉ်အစီရင်ခံစာ ၃၂၇

## အခန်း ၁၄

**အရေးပေါ်အခြေအနေ သို့မဟုတ် ဘေးအန္တရာယ်ကျရောက်ချိန်အတွင်း အာဟာရစောင့်ရှောက်မှု** ၃၃၃

၁၄-၁။ အာဟာရအရေးပေါ်အခြေအနေတစ်ခုအဖြစ် ဆုံးဖြတ်ရန်သတ်မှတ်ချက်များ ၃၃၃

၁၄-၂။ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ပေးရမည့် IMAM နှင့် အခြားသောအာဟာရဆိုင်ရာကုသစောင့်ရှောက်မှုများ ၃၃၄

၁၄-၃။ အားလုံးကို လွှမ်းခြုံ၍ အပိုဆောင်းဖြည့်စွက်စာကျွေးမွေးသည့်အစီအစဉ် (Blanket Feeding) ၃၃၆

၁၄-၄။ အရေးပေါ်အခြေအနေအတွက် အာဟာရသတင်းစီမံခန့်ခွဲမှုစနစ် ၃၃၇

## လေ့ကျင့်ခန်းအဖြေများ ၃၄၁


အခန်း (၁) နိဒါန်း ၃၄၁

အခန်း (၃) အာဟာရချို့တဲ့သူများကိုလှည့်လည်ရှာဖွေခြင်းနှင့် ကျန်းမာရေးဌာနသို့ ရောက်လာသူများထဲမှ အာဟာရချို့တဲ့လူနာရှာဖွေခြင်း၊ ရောဂါပြင်းထန်မှုအဆင့် သတ်မှတ်ခြင်းနှင့် ကုသစောင့်ရှောက်မှု အစီအစဉ်သို့ ဝင်ခွင့်ပြုခြင်း ၃၄၃

အခန်း (၄) လတ်တလော အတော်အတန် အာဟာရချို့တဲ့မှုကို ကုသစောင့်ရှောက်ခြင်း (အပိုဆောင်း အစာကျွေး၍ ကုသမှုပေးသော အစီအစဉ်) ၃၄၅

အခန်း (၅) လတ်တလော အပြင်းအထန် အာဟာရချို့တဲ့မှုကို ကုသစောင့်ရှောက်ပေးခြင်း (ပြင်ပလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသော အစီအစဉ်) ၃၄၆

အခန်း (၆) Management of SAM with complications and ITP ၃၅၁

အခန်း (၇) လတ်တလော အပြင်းအထန် အာဟာရချို့တဲ့မှုကို ကုသစောင့်ရှောက်ပေးခြင်း ပြင်ပလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသော အစီအစဉ် ၃၆၁

အခန်း (၁၀) (၂) နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း နှစ်သိမ့်ဆွေးနွေးခြင်း ၃၆၃








# အခန်း (၁)

## နိဒါန်း



# အခန်း (၁)

# နိဒါန်း

အာဟာရချို့တဲ့ခြင်းသည် အရှေ့တောင်အာရှတွင် စိန်ခေါ်မှုအကြီးမားဆုံး ပြည်သူ့ကျန်းမာရေးပြဿနာများထဲမှ တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် (၂၀၁၅-၂၀၁၆) ခုနှစ်တွင် ဆောင်ရွက်ခဲ့သော DHS စစ်တမ်းအရ -

- ကလေးများ၏ (၂၉. ၂ % )သည် ရှိသင့်သည့်အရပ် မရှိပါ။ (အသက်အရွယ်နှင့်စာလျှင် အရပ်ပုနေခြင်း)။
- ကလေးများ၏ (၁၈. ၉ % )သည် ကိုယ်အလေးချိန် လျော့နည်းနေပါသည်။ (အသက်အရွယ် ထက်စာလျှင် ကိုယ်အလေးချိန်လျော့ခြင်း)။
- ကလေးများ၏ (၇. ၀ % )မှာ ပိန်လှီနေပါသည်။ (အရပ်အမြင့်နှင့်နှိုင်းစာလျှင် ပိန်လှီခြင်း)။

အာဟာရချို့တဲ့သောကလေးများ၊ အထူးသဖြင့် လတ်တလောအပြင်းအထန်အာဟာရချို့တဲ့ခြင်းကိုခံစားနေရသောကလေးများသည် ဝမ်းပျက်ဝမ်းလျှောခြင်း၊ အဆုတ်ရောင်ရောဂါနှင့် ငှက်ဖျားရောဂါ စသည်တို့ကိုခံစားနေရပါက သေဆုံးနိုင်ခြေ ပိုမိုမြင့်မားပါသည်။ ၂၀၁၆ ခုနှစ်တွင် အသက် ၅ နှစ်အောက်ကလေးများသေဆုံးမှု၏ ၄၅% သည် အာဟာရချို့တဲ့မှုနှင့်ဆက်နွယ်နေကြောင်း WHO က ထုတ်ပြန်ခဲ့ပါသည်။

## ၁-၁။ IMAM ကိုအလေးထားဆောင်ရွက်သင့်သည့် အကြောင်းရင်း

တစ်ကမ္ဘာလုံး အတိုင်းအတာအရ လတ်တလော အပြင်းအထန် အာဟာရချို့တဲ့ခြင်း (Severe Acute Malnutrition - SAM) သည် အသက်အန္တရာယ်ရှိသည့် အာဟာရချို့တဲ့ခြင်းဖြစ်ပြီး၊ ထိုကလေးများသည် ပုံမှန်ကလေးများထက် အသက်ငါးနှစ်မတိုင်မီ သေဆုံးနိုင်ခြေ (၉)ဆပိုများပြီး၊ အရပ်ပုခြင်းပါယှဉ်တွဲပါက သေဆုံးနိုင်ခြေ (၁၂)ဆ ပိုများပါသည်။ အာဟာရချို့တဲ့ပါက ဝမ်းပျက်ဝမ်းလျှောခြင်း၊ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါပိုးဝင်ရောက်ခြင်းများ၊ ငှက်ဖျားနှင့်ဝက်သက်ရောဂါများကဲ့သို့ ရောဂါများကြောင့် သေဆုံးနိုင်ခြေ ပိုမိုများပြားနိုင်ပါသည်။ SAM နှင့် ယှဉ်တွဲဖြစ်ပေါ်သောသေဆုံးမှုများကို ကာကွယ်ရန်အတွက် အထူးပြုကုသမှုများနှင့် ကာကွယ်စောင့်ရှောက်မှုများ လိုအပ်ပါသည်။

အလားတူပင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ လတ်တလောအတော်အတန်အာဟာရချို့တဲ့ခြင်း (Moderate acute malnutrition - MAM) သည်လည်း အသက်အန္တရာယ်အဖြစ်နိုင်ဆုံး အာဟာရချို့တဲ့ခြင်းတစ်ခု ဖြစ်ပါသည်။

## ၁-၂။ အာဟာရချို့တဲ့မှုအမျိုးအစားများ

ယေဘုယျအားဖြင့် အာဟာရမမျှတမှု(Malnutrition) သည် အာဟာရလွန်ကဲမှု(Overnutrition) နှင့် အာဟာရချို့တဲ့မှု (Undernutrition) နှစ်မျိုးစလုံးကို ရည်ညွှန်းသော်လည်း၊ ယခုသင်တန်းလက်စွဲတွင်မူ 'အာဟာရမမျှတမှု' (Malnutrition) ဆိုသည်မှာ 'အာဟာရချို့တဲ့ခြင်း' (Undernutrition) ကိုသာ ရည်ညွှန်းပါသည်။ တစ်ဖန် 'အာဟာရချို့တဲ့ခြင်း' ကိုလည်း ပိန်လှီခြင်း Wasting (လတ်တလော အာဟာရချို့တဲ့ခြင်း)၊ အရပ်ပုခြင်း Stunting (နာတာရှည်အာဟာရချို့တဲ့ခြင်း)၊ ကိုယ်အလေးချိန်လျော့နည်းခြင်း Underweight (လတ်တလော သို့မဟုတ် နာတာရှည်)နှင့် အဏုအာဟာရဓာတ်ချို့တဲ့ခြင်းဟူ၍ အုပ်စုခွဲ နိုင်ပါသည်။

ဇယား (၁) အာဟာရချို့တဲ့ခြင်းပုံစံအမျိုးမျိုးအတွက် လက္ခဏာများနှင့် ပုံ(၁) အသက်အရွယ်တူ ကလေးများတွင်တွေ့ရသော အာဟာရအခြေအနေအမျိုးမျိုးကို ကြည့်ပါ။

| | ပိန်လှီခြင်း | အရပ်ပုခြင်း | ကိုယ်အလေးချိန် လျော့ခြင်း | အဏုအာဟာရဓာတ် ချို့တဲ့ခြင်း |
|---|---|---|---|---|
| လက္ခဏာများ | ခြေဖမိုး/ခြေဖမိုး နှစ်ဖက်စလုံးကို ဖိနှိပ်လိုက်လျှင် ချိုင့်ဝင်ကျန်ခဲ့သော ဖောရောင်မှုရှိခြင်း သို့မဟုတ် လက်မောင်းလုံးပတ် (MUAC)နည်းနေခြင်း သို့မဟုတ် အရပ်အမောင်းအလိုက်ရှိသင့်သည့် ကိုယ်အလေးချိန် ထက်နည်းနေခြင်း (WFH) | အသက်အရွယ် အလိုက်ရှိသင့်သည့် အရပ်အမောင်း ထက် နိမ့်နေခြင်း (HFA) | ပိန်လှီခြင်း၊ အရပ်ပုခြင်းတို့ နှင့်အတူ အသက် အရွယ်အလိုက် ရှိသင့်သည့် ကိုယ်အလေးချိန် ထက် နည်းနေခြင်း (WFA) | ရောဂါလက္ခဏာများ နှင့် သွေးတွင်းတွင်ရှိ Bio-chemical Markers အရ ဆုံးဖြတ်ခြင်း |




*ပုံ (၁) အသက်အရွယ်တူကလေးများတွင်တွေ့ရသော အာဟာရအခြေအနေအမျိုးမျိုး*

ဤလက်စွဲစာအုပ်တွင် လတ်တလောအာဟာရချို့တဲ့ခြင်းအတွက် ကုသစောင့်ရှောက်မှုများ ပါဝင်ပြီး လတ်တလောအာဟာရချို့တဲ့ခြင်းတွင် (၁) လတ်တလော အတော်အတန်အာဟာရချို့တဲ့ခြင်း (MAM) နှင့် (၂) လတ်တလော အပြင်းအထန်အာဟာရချို့တဲ့ခြင်း (SAM)တို့ ပါဝင်ပါသည်။ ဇယား (၂) လတ်တလောအာဟာရချို့တဲ့ခြင်းအမျိုးအစားများနှင့် ပုံ (၂) မှ (၅) တွင် လတ်တလောအာဟာရချို့တဲ့ခြင်း၏လက္ခဏာများအား ဖော်ပြထားပါသည်။

ဇယား (၂) လတ်တလော အာဟာရချို့တဲ့ခြင်းအမျိုးအစားများ

| လက္ခဏာများ | လတ်တလောအတော်အတန် အာဟာရချို့တဲ့ခြင်း (MAM) | လတ်တလော အပြင်းအထန် အာဟာရချို့တဲ့ခြင်း (SAM) |
|---|---|---|
| ခြေဖမိုး/ခြေသလုံး နှစ်ဖက်စလုံး ဖိနှိပ်လိုက်လျှင် ချိုင့်ဝင်သွားသော ဖောရောင်မှု | မရှိ | ရှိ |
| လက်မောင်းလုံးပတ် (MUAC) | >= ၁၁၅ မီလီမီတာ နှင့် <၁၂၅ မီလီမီတာ | < ၁၁၅ မီလီမီတာ |
| အရပ်အမောင်းအလိုက် ရှိသင့်သည့် ကိုယ်အလေးချိန် WFH Z Score | ≥-3 Z Score နှင့် < -2 Z Score | <-3 Z Score |



၁-က။ Marasmus (ရှေ့)

နံရိုးများ၊ လက်မောင်းနှင့် ပေါင်များတွင် တွဲကျနေသောအရေပြားနှင့် မျက်နှာပေါ်မှ အရိုးများကို ထင်ရှားစွာ တွေ့မြင်နေရသည်။



၁-ခ။ Marasmus ကလေး၏ နောက်ကျော

နံရိုးများနှင့် ကျောရိုးကို မြင်တွေ့ရ။ ကလေး၏ တင်ပါးနှင့် ပေါင်များတွင် တွဲကျနေသော အရေပြားများကို Baggy pant မြင်တွေ့ရ။



၁-ဂ။ Marasmus

အလွန်အမင်းပိန်လှီနေသော မိန်းကလေးငယ်လေး



၂-က။ Kwashiorkor

တစ်ကိုယ်လုံးဖောရောင် (ခြေထောက်များ၊ လက်များနှင့် မျက်နှာ ဖောရောင်)။ အရေပြား အရောင်ပြောင်းကာ ကွဲအက်နေသော နေရာအချို့လည်းရှိနေ။



၂-ခ။ Kwashiorkor

လက်များနှင့် ပေါင်တွင် အကြေးခွံကဲ့သို့ အကွက်များရှိ။ တစ်ကိုယ်လုံးဖောရောင်ခြင်းလည်းရှိ (ခြေထောက်များ၊ လက်များနှင့် မျက်နှာ ဖောရောင်)။



၂-ဂ။ Marasmus Kwashiorkor

အတန်အသင့်ဖောရောင်နေသည်ကို ခြေထောက်အောက်ပိုင်းတွင် တွေ့ရ။ လက်မောင်းအလွန်အမင်းပိန်လှီခြင်း၊ နံရိုများနှင့် ညှပ်ရိုးတို့ကို တွေ့မြင်ရ။

*ပုံ (၂) လတ်တလော အာဟာရချို့တဲ့ခြင်းများ*



၃-က။ ဖောရောင်မှုအဆင့် (+)

ခြေဖမိုးကို နှိပ်လိုက်လျှင် ချိုင့်ဝင်ကျန်ခဲ့သော ဖောရောင်မှုရှိ



၃-ခ။ ဖောရောင်မှုအဆင့် (++)

ခြေသလုံးများတွင် နှိပ်လိုက်လျှင် ချိုင့်ဝင်ကျန်ခဲ့သော ဖောရောင်မှုရှိ။ ခြေထောက်တွင်လည်း ဖောရောင်မှုရှိ။



၃-ဂ။ ဖောရောင်မှုအဆင့် (+++)

တစ်ကိုယ်လုံးဖောရောင် (ခြေထောက်များ၊ လက်များနှင့် မျက်နှာ ဖောရောင်)။

*ပုံ (၃) ဖောရောင်မှု အဆင့်အမျိုးမျိုး*



၄-က။ ဗီတာမင်အေ ချို့တဲ့မှုလက္ခဏာတစ်ရပ် ဖြစ်သည့် Bitot's spot

အဖြူရောင်မျက်သားပေါ်တွင် အမြှုပ်ထနေသကဲ့သို့ အဖြူရောင်အစက်၊ အကွက်များ



၄-ခ။ ဗီတာမင်အေ ချို့တဲ့မှုလက္ခဏာတစ်ရပ်ဖြစ်သည့် (Corneal clouding)

မျက်ကြည်လွှာသည် ကြည်လင်ခြင်း မရှိတော့ဘဲ မှုံမှိုင်းလာခြင်း



၄-ဂ။ မျက်ကြည်လွှာအနာဖြစ်ခြင်း (မြှားဖြင့်ပြထား)၊

ဗီတာမင်အေ ချို့တဲ့မှု အရေးပေါ်လက္ခဏာ မျက်ကြည်လွှာပေါက်ပြဲခြင်း

*ပုံ (၄) ဗီတာမင်အေ ချို့တဲ့မှုကြောင့် မျက်လုံးတွင်ဖြစ်သောလက္ခဏာများ*



၅-က။ ( + ) မပြင်းထန်သော Dermatosis - အရေပြား အရောင်ပြောင်းခြင်း သို့မဟုတ် ကြမ်းတမ်းသော အရေပြား အကွက်များ



၅-ခ။ ( ++) အတန်အသင့် ပြင်းထန်သော Dermatosis- လက်နှင့် သို့မဟုတ် ခြေထောက်များပေါ်ရှိ အရေပြားအကွက်များ



၅-ခ။ ( +++) ပြင်းထန်သော Dermatosis - အရေပြားများ အလွှာလိုက်ကွာခြင်း၊ အသားနီလန်ခြင်း၊ ကွဲအက်ခြင်း

***ပုံ (၅) - Kwashiorkor (Dermatosis) အဆင့်အမျိုးမျိုး***

*Photo source: WHO/NHD/02/.4(PH) ORIGINAL: ENGLISH DISTR: GENERAL*

## ၁-၃။ အာဟာရချို့တဲ့ခြင်း၏ အခြေခံသဘောတရား

အာဟာရချို့တဲ့ခြင်းတွင် အကြောင်းရင်းခံများရှိပြီး၊ အချို့အကြောင်းများမှာ တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်နွယ်ချိတ်ဆက်နေပါသည်။ အောက်ပါပုံတွင် အာဟာရချို့တဲ့ခြင်း၏ အကြောင်းရင်းခံများ တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်စပ်နေပုံများကို ရှင်းပြထားပါသည်။




*ပုံ (၆) အာဟာရချို့တဲ့ခြင်း၏ အခြေခံသဘောတရား*

## ၁-၄။ လတ်တလောအာဟာရချို့တဲ့ခြင်းအား ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာ ကုထုံးနှင့် ၎င်း၏အစိတ်အပိုင်းများ

လတ်တလော အာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာ ကုထုံးသည် လတ်တလောအာဟာရချို့တဲ့မှုအတွက် ကုသစောင့်ရှောက်မှုများကို အများဆုံးလွှမ်းခြုံဆောင်ရွက်ပေးနိုင်ရန် အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) မှ ထောက်ခံထားသော ကုထုံးတစ်ခု ဖြစ်ပါသည်။ ၎င်းသည် ရပ်ရွာလူထုကြား အာဟာရချို့တဲ့သူများကို ရှာဖွေရန်အတွက် လူထုကို ဆော်ဩစည်းရုံးမှုနှင့် အတူ (MAM) အတွက်အပိုဆောင်းဖြည့်စွက်စာကျွေးခြင်းအစီအစဉ် (SFP) ၊ နောက်ဆက်တွဲပြဿနာများမရှိသော SAM များအတွက် ပြင်ပလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသောအစီအစဉ် (OTP) ၊ နောက်ဆက်တွဲ ရောဂါရှိသော SAM များအတွက် အတွင်းလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသော အစီအစဉ် (ITP) များကို ပေါင်းစပ်ထားသောကုထုံးဖြစ်ပါသည်။

- IMAM ကုထုံးကြောင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိစေပါသည်။

(၁) လူထုအတွင်း ကွင်းဆင်းကာ အာဟာရချို့တဲ့သောလူနာများကို လှည့်လည်ရှာဖွေခြင်းဖြင့် လတ်တလောအာဟာရချို့တဲ့သောကလေးများကို စောစီးစွာရှာဖွေဖော်ထုတ် ကုသနိုင်သည့်အတွက် အပြင်းအထန် အာဟာရချို့တဲ့သော ကလေးများ၏ (၁၀-၁၅%) ကိုသာ အတွင်းလူနာအဖြစ် လွှဲပြောင်းကုသရန် လိုအပ်တော့သည်။

(၂) အပြင်းအထန် အာဟာရချို့တဲ့သည့် ကလေးများကိုသာ အတွင်းလူနာအဖြစ် ဆေးရုံတင်ကုသသောကြောင့် ကုန်ကျစရိတ်များကို ချွေတာသုံးစွဲနိုင်မည် ဖြစ်ပါသည်။

(၃) နောက်ဆက်တွဲရောဂါမရှိသောကလေးများအတွက် လူထုအခြေပြုကုသစောင့်ရှောက်မှု ရရှိသောကြောင့် ကလေးများသည် ဆေးရုံ/ဆေးခန်းများမှ ရောဂါပိုးကူးစက်မှုများ လျော့နည်းပြီး၊ မိသားစုအတွက်လည်း အိမ်နှင့် အခြားကလေးများကိုပစ်ကာ အာဟာရချို့တဲ့နေသည့်ကလေးကို ဆေးရုံတွင်လိုက်ပါစောင့်ရှောက်ရသည့်အချိန်များ လျော့နည်းသွားသည့်အတွက် မလိုအပ်သောကုန်ကျစရိတ်များလည်း လျော့နည်းစေပါသည်။

(၄) လတ်တလော အာဟာရချို့တဲ့သောကလေးများကို လက်လှမ်းမီကုသစောင့်ရှောက်နိုင်မှုကို အမြင့်ဆုံး ရရှိစေပါသည်။ ထို့ကြောင့် ကုသမှုများကို ပိုမို အလွယ်တကူလက်လှမ်းမီလာသည့်တွက် ကလေးများသည် ရောဂါပျောက်ကင်းသည်ထိ တစ်ဆက်တည်းကုသမှုခံယူနိုင်ပြီး ကုသမှုပြီးဆုံးခြင်းမရှိဘဲ ပျက်ကွက်သောလူနာအရေအတွက်ကို လျော့နည်းစေပါသည်။

ဤကုထုံး၏ အစိတ်အပိုင်းလေးခုကို အောက်တွင် အကျဉ်းချုပ်ဖော်ပြပေးထားပါသည်။

၁။ လူထုအား ဆော်သြစည်းရုံးဆောင်ရွက်ခြင်း (Community Mobilization) အာဟာရနှင့် ပတ်သက်သည့် အသိပညာဖြန့်ဝေပေးပြီး (အာဟာရချို့တဲ့ခြင်းဆိုသည်မှာ အဘယ်နည်း၊ အာဟာရချို့တဲ့ခြင်း၏အကြောင်းရင်းခံများနှင့် ယင်း၏ ရေတိုနှင့်ရေရှည်နောက်ဆက်တွဲအကျိုးဆက်များ) လူထု၏ အသိအမြင်နိုးထလာစေရန် လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းဖြင့်၊ လတ်တလော အာဟာရချို့တဲ့သော ကလေးများကို စောစီးစွာဖော်ထုတ်နိုင်ရန်နှင့် အာဟာရချို့တဲ့ခြင်း ပျောက်ကင်းသည်အထိ ကုသစောင့်ရှောက်မှုများ ရရှိစေရန်အတွက် ဆန်ကာတင်စစ်ဆေးခြင်း သို့မဟုတ် လူနာလှည့်လည်ရှာဖွေခြင်း လိုအပ်ပါက အာဟာရချို့တဲ့သည့် ကလေးများ၏အိမ်များသို့ သွားရောက်ကူညီ စောင့်ရှောက်မှုပေးခြင်းစသည့် လုပ်ငန်းများတွင် လူထုကိုယ်တိုင် တက်ကြွစွာပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်သော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

၂။ အပိုဆောင်း ဖြည့်စွက်စာကျွေးခြင်း အစီအစဉ် (Supplementary Feeding Programme - SFP) လတ်တလော အတော်အတန်အာဟာရချို့တဲ့သောကလေးများကို အသင့်စားသုံးနိုင်သော ဖြည့်စွက်စာ (Ready To Use Supplementatry Food - RUSF) သို့မဟုတ် အာဟာရ

ဖြည့်ထားသော ရောနှောစာ (Fortified Blended Food - FBF) ကို ၎င်းတို့၏ လက်မောင်းလုံးပါတ် Mid-Upper Arm Circumference - MUAC (၁၂၅) မီလီမီတာနှင့် အထက်သို့ ရောက်ရှိသည်အထိ ကျွေးပါသည်။ ဤဖြည့်စွက်စာ ကျွေးမွေးမှုအား ရပ်ရွာထဲတွင်ပင် ကာကွယ်ဆေးထိုးချိန်၌ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကျေးလက်ကျန်းမာရေးဌာနရှိသော ကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများက ထိုကျန်းမာရေးဌာနများ၌ ဆောင်ရွက်ပေးပြီး၊ ကျန်းမာရေးဌာနမရှိသော ကျေးရွာများတွင် ရပ်ရွာထဲဆင်းကာ ဆောင်ရွက်ပေးပါသည်။ အာဟာရချို့တဲ့သောကလေးများသည် စာရင်းမှ နှုတ်ပယ်ခြင်း/ထွက်ခွင့် သတ်မှတ်ချက်များ Discharge Criteria နှင့် ကိုက်ညီသည်အထိ (၂)ပတ်တစ်ကြိမ် ပြုစုကုသမှုကို ဆက်လက် ခံယူသွားဖို့ လိုအပ်ပါသည်။

၃။ ပြင်ပလူနာအဖြစ် ကုသမှုပေးသော အစီအစဉ် (Out patient Therapeutic Programme - OTP) - လတ်တလော အပြင်းအထန် အာဟာရချို့တဲ့နေသော ကလေးများသည် MUAC (၁၁၅) မီလီမီတာအထက်ရှိပြီး နောက်ဆက်တွဲရောဂါများမရှိပါက ၎င်းတို့ကို အဆင်သင့် စားသုံးနိုင်သော အာဟာရပြည့်အစာ (RUTF) ဖြင့် ကုသပေးပါသည်။ ဤ ကုသစောင့်ရှောက်မှုအစီအစဉ်ကို ကာကွယ်ဆေးထိုးသည့် အစီအစဉ်နှင့်တွဲပြီး ကျန်းမာရေးဌာန၌ သို့မဟုတ် ရပ်ရွာအတွင်း ကွင်းဆင်းကာ ဆောင်ရွက်ပေးပါသည်။

ထို့အပြင် အတွင်းလူနာအဖြစ်ကုသမှုခံယူရသည့် ကလေးများသည် နာလန်ထသော အဆင့် Recovery Phase of Inpatient Treatment Therapy သို့ ရောက်သောအခါ RUTF ဖြင့် ဆေးရုံတွင်စာရင်းမှ နှုတ်ပယ်ခြင်း/ထွက်ခွင့် သတ်မှတ်ချက်များ Discharge Criteria နှင့် ကိုက်ညီသည်အထိ ဆက်လက် ကုသပေးနိုင်ပါသည်။

၄။ အတွင်းလူနာအဖြစ် ကုသမှုပေးသောအစီအစဉ် (Inpatient Therapeutic Programme-ITP) - လတ်တလော အပြင်းအထန် အာဟာရ ချို့တဲ့နေသော ကလေးတွင် နောက်ဆက်တွဲ ရောဂါများရှိနေပါက သို့မဟုတ် ဖောရောင်မှုအဆင့် (+++)ရှိပါက ၎င်းတို့အား ဆေးရုံတွင် (တိုက်နယ်ဆေးရုံမှ အထူးကုဆေးရုံအထိ အမျိုးမျိုးဖြစ်နိုင်) F -၇၅ ဖြင့် အသက်အန္တရာယ်စိုးရိမ်ရသည့်အခြေအနေကို ဦးစွာကုသပေးပါသည်။ အခြေအနေတိုးတက်လာသည်နှင့်တစ်ပြိုင်နက် F -၁၀၀ သို့မဟုတ် RUTF နှင့် ကုသပေးပါသည်။

## ၁-၅။ လူထုအား ဆော်ဩစည်းရုံးခြင်း Community Mobilization၊ SFP၊ OTP နှင့် ITP ကြား ချိတ်ဆက်နေမှုများ

IMAM ၏ အစိတ်အပိုင်း လေးခုသည် သီးခြားစီမဟုတ်ဘဲ တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေကြပါသည်။ IMAM ၏ အစိတ်အပိုင်းလေးခု ချိတ်ဆက်နေမှုကို ပုံ ၇ တွင် ကြည့်ပါ။




ပုံ ၇ - *IMAM* ၏ အစိတ်အပိုင်းလေးခု ချိတ်ဆက်နေမှု

လူထုကို ဆော်ဩစည်းရုံးမှုသည် လူထုအကြား အာဟာရချို့တဲ့ခြင်းကို နားလည်သတိထားမိစေပြီးလျှင် ဆန်ကာတင်စစ်ဆေးခြင်း အစီအစဉ်တွင် မိမိတို့ဆန္ဒအလျောက် ပိုမိုပါဝင်လာစေပြီး အာဟာရချို့တဲ့သောကလေးများကိုရှာဖွေဖော်ထုတ်ကာလုံးဝပျောက်ကင်းသည်အထိ သင့်လျော်သည့် ကုသမှုကို ခံယူစေရန်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ထို့ပြင် ITP အစီအစဉ်မှ ထွက်ခွင့်ပြုလိုက်ပြီး ကျေးရွာရှိ OTP အစီအစဉ်သို့ လွှဲပြောင်းညွှန်း ပို့လိုက်သောကလေးသည် နာလန်ထူသည့်အဆင့်တွင် RUTF ကို OTP အစီအစဉ်မှ အပါတ်စဉ် ရယူစားသုံးခြင်း ရှိမရှိကို လူထုကိုဆော်ဩစည်းရုံးခြင်းနည်းဖြင့် သေချာအောင် ဆောင်ရွက်ပေးနိုင်ပါသည်၊ OTP မှ ထွက်ပြီးသည့်နောက်တွင်လည်း အာဟာရ ဖြည့်ထားသော ရောနှောစာ (FBF) ဖြင့် SFP တွင် ကုသစောင့်ရှောက်မှုကို ဆက်လက်ခံယူကြောင်း သေချာအောင် လုပ်ဆောင်နိုင်ပါသည်။

ထို့မျှသာမက လူထုကိုဆော်ဩစည်းရုံးမှုအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အာဟာရချို့တဲ့သည့် ကလေးများ၏အိမ်များသို့ လိုအပ်သလို သွားရောက်ကူညီစောင့်ရှောက်မှုပေးခြင်းများ ပြုလုပ်နိုင်သည်၊ ဤသို့ဆောင်ရွက်ခြင်းဖြင့် OTP သို့မဟုတ် SFP အစီအစဉ်မှ ကလေးများ၏ တိုးတက်မှု သို့မဟုတ် ဆုတ်ယုတ်မှုကို အဆက်မပြတ် စောင့်ကြည့်ပေးနိုင်ပြီး ကလေးကို သက်ဆိုင်ရာ ကုသစောင့်ရှောက်မှုအစီအစဉ်သို့ လိုအပ်သည့်အတိုင်း လွှဲပြောင်းညွှန်းပို့ပေးနိုင်ပါသည်။

ITP → 
- Good Appetite
- No Oedema
- No clinical complications

→ OTP → 
- No Oedema for 2 consecutive weeks
- MUAC ≥ 125 mm for 2 consecutive weeks (OR)
- W/H ≥ -2 z Score for 2 consecutive weeks

→ SFP → 
- Follow up for 3 months
- MUAC ≥ 125 mm for 2 consecutive weeks (OR)
- W/H ≥-2 z Score for 2 consecutive weeks

→ Discharge

အတွင်းလူနာအဖြစ် ကုသစောင့်ရှောက်ပေးသည့် အစီအစဉ်မှ ကလေးတစ်ဦးသည် Transition Phase ကို ကျော်လွန်ပြီးပါက ထိုကလေးကို ထိုဆေးရုံရှိ (OTP) သို့လည်းကောင်း သို့မဟုတ် ကလေး၏ ရပ်ကွက် သို့မဟုတ် ကျေးရွာရှိ ကျန်းမာရေးဌာနက ဆောင်ရွက်ပေးသော (OTP) သို့ လွှဲပြောင်းပေးရပါသည်။

ကလေးသည် OTP အစီအစဉ်တွင် ကုသမှုပြီးဆုံးသောအခါ သူ၏ ရပ်ကွက် သို့မဟုတ် ကျေးရွာရှိ SFP အစီအစဉ်သို့ လွှဲပြောင်းပေးရပါမည်။ ကလေးသည် SFP အစီအစဉ်တွင် (၄) လ ကုသပြီး၊ အရပ်အမောင်းအလိုက် ရှိသင့်သည့်ကိုယ်အလေးချိန် ≥ -2 Z score သို့မဟုတ် MUAC ≥ ၁၂၅ မီလီမီတာ ရှိပြီဆိုလျှင် SFP အစီအစဉ်မှ ထွက်ခွင့်ပြုနိုင်ပြီဖြစ်ပါသည်။

အကယ်၍ ကလေး၏ရပ်ကွက် သို့မဟုတ် ရွာတွင် SFP အစီအစဉ်မရှိပါက ကလေးကို ဆေးရုံ၏ OTP တွင်ပင် ဆက်လက်ကုသစေပြီး ဇယား (၃) တွင် ပြသထားသည့် ကိုယ်အလေးချိန်တိုးခြင်းဇယားကို အသုံးပြု၍ ကုသပျောက်ကင်းမှု စံသတ်မှတ်ချက်များ ပြည့်မီခြင်း ရှိမရှိကို စစ်ပြီး၊ ပြည့်မီပါက အစီအစဉ်မှ ထွက်ခွင့်ပြုနိုင်ပါသည်။

ဇယား ၃ - ကုသပျောက်ကင်းမှု စံသတ်မှတ်ချက်များ ပြည့်မီရန်အတွက် ကိုယ်အလေးချိန်တိုးခြင်းဇယား

| Weight gain table for infants<4kg | | | |
|---|---|---|---|
| Admission | Cured | Admission | Cured |
| 1.80 | 2.14 | 2.70 | 3.18 |
| 1.82 | 2.16 | 2.72 | 3.20 |
| 1.84 | 2.18 | 2.74 | 3.22 |
| 1.86 | 2.21 | 2.76 | 3.25 |
| 1.88 | 2.23 | 2.78 | 3.27 |
| 1.90 | 2.25 | 2.80 | 3.29 |
| 1.92 | 2.27 | 2.82 | 3.32 |
| 1.94 | 2.30 | 2.84 | 3.34 |
| 1.96 | 2.32 | 2.86 | 3.36 |
| 1.98 | 2.34 | 2.88 | 3.39 |
| 2.00 | 2.37 | 2.90 | 3.41 |
| 2.02 | 2.39 | 2.92 | 3.43 |
| 2.04 | 2.41 | 2.94 | 3.46 |
| 2.06 | 2.44 | 2.96 | 3.48 |
| 2.08 | 2.46 | 2.98 | 3.50 |
| 2.10 | 2.48 | 3.00 | 3.53 |

| Weight gain table for infants>4kg | | | |
|---|---|---|---|
| Admission | Cured | Admission | Cured |
| 4.0 | 4.7 | 8.5 | 9.9 |
| 4.1 | 4.8 | 8.6 | 10.0 |
| 4.2 | 4.9 | 8.7 | 10.1 |
| 4.3 | 5.0 | 8.8 | 10.3 |
| 4.4 | 5.1 | 8.9 | 10.4 |
| 4.5 | 5.3 | 9.0 | 10.5 |
| 4.6 | 5.4 | 9.1 | 10.6 |
| 4.7 | 5.5 | 9.2 | 10.7 |
| 4.8 | 5.6 | 9.3 | 10.8 |
| 4.9 | 5.7 | 9.4 | 11.0 |
| 5.0 | 5.8 | 9.5 | 11.1 |
| 5.1 | 6.0 | 9.6 | 11.2 |
| 5.2 | 6.1 | 9.7 | 11.3 |
| 5.3 | 6.2 | 9.8 | 11.4 |
| 5.4 | 6.3 | 9.9 | 11.5 |
| 5.5 | 6.4 | 10.0 | 11.7 |

| Weight gain table for infants<4kg | | | |
|---|---|---|---|
| 2.12 | 2.51 | 3.02 | 3.55 |
| 2.14 | 2.53 | 3.04 | 3.57 |
| 2.16 | 2.55 | 3.06 | 3.60 |
| 2.18 | 2.58 | 3.08 | 3.62 |
| 2.20 | 2.60 | 3.10 | 3.64 |
| 2.22 | 2.62 | 3.12 | 3.66 |
| 2.24 | 2.65 | 3.14 | 3.69 |
| 2.26 | 2.67 | 3.16 | 3.71 |
| 2.28 | 2.69 | 3.18 | 3.73 |
| 2.30 | 2.72 | 3.20 | 3.76 |
| 2.32 | 2.74 | 3.22 | 3.78 |
| 2.34 | 2.76 | 3.24 | 3.80 |
| 2.36 | 2.78 | 3.26 | 3.83 |
| 2.38 | 2.81 | 3.28 | 3.85 |
| 2.40 | 2.83 | 3.30 | 3.87 |
| 2.42 | 2.85 | 3.35 | 3.93 |
| 2.44 | 2.88 | 3.40 | 3.99 |
| 2.46 | 2.90 | 3.45 | 4.05 |
| 2.48 | 2.92 | 3.50 | 4.10 |
| 2.50 | 2.95 | 3.55 | 4.16 |
| 2.25 | 2.97 | 3.60 | 4.22 |
| 2.54 | 2.99 | 3.65 | 4.28 |
| 2.56 | 3.02 | 3.70 | 4.34 |
| 2.58 | 3.04 | 3.75 | 4.39 |
| 2.60 | 3.06 | 3.80 | 4.45 |
| 2.62 | 3.09 | 3.85 | 4.51 |
| 2.64 | 3.11 | 3.90 | 4.57 |
| 2.66 | 3.13 | 3.95 | 4.63 |
| 2.68 | 3.16 | 4.00 | 4.68 |

| Weight gain table for infants>4kg | | | |
|---|---|---|---|
| 5.6 | 6.5 | 10.2 | 11.9 |
| 5.7 | 6.7 | 10.4 | 12.1 |
| 5.8 | 6.8 | 10.6 | 12.4 |
| 5.9 | 6.9 | 10.8 | 12.6 |
| 6.0 | 7.0 | 11.0 | 12.8 |
| 6.1 | 7.1 | 11.2 | 13.1 |
| 6.2 | 7.2 | 11.4 | 13.3 |
| 6.3 | 7.4 | 11.6 | 13.5 |
| 6.4 | 7.5 | 11.8 | 13.8 |
| 6.5 | 7.6 | 12.0 | 14.0 |
| 6.6 | 7.7 | 12.2 | 14.2 |
| 6.7 | 7.8 | 12.4 | 14.5 |
| 6.8 | 7.9 | 12.6 | 14.7 |
| 6.9 | 8.0 | 12.8 | 14.9 |
| 7.0 | 8.2 | 13.0 | 15.2 |
| 7.1 | 8.3 | 13.2 | 15.4 |
| 7.2 | 8.4 | 13.4 | 15.6 |
| 7.3 | 8.5 | 13.6 | 15.9 |
| 7.4 | 8.6 | 13.8 | 16.1 |
| 7.5 | 8.7 | 14.0 | 16.3 |
| 7.6 | 8.9 | 14.2 | 16.6 |
| 7.7 | 9.0 | 14.4 | 16.8 |
| 7.8 | 9.1 | 14.6 | 17.0 |
| 7.9 | 9.2 | 14.8 | 17.2 |
| 8.0 | 9.3 | 15.0 | 7.5 |
| 8.1 | 9.4 | 15 2 | 17.7 |
| 8.2 | 9.6 | 15.4 | 17.9 |
| 8.3 | 9.7 | 15.6 | 18.2 |
| 8.4 | 9.8 | 15.8 | 18.4 |

OTP

1. No Oedema for 2 consecutive weeks
2. MUAC ≥ 125 mm for 2 consecutive weeks
(OR)
WFH ≥ - 2 z Score for 2 consecutive weeks

→ SFP

1. Follow up for 4 months (15 days follow up for two months and monthly follow up for two months
2. MUAC ≥ 125 mm for 2 consecutive weeks
(OR)
W/H ≥ - 2 z Score for 2 consecutive weeks

→ Discharge

ပြင်ပလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသော အစီအစဉ် OTP ရှိ ကလေးတစ်ဦးသည် စာရင်းမှ နုတ်ပယ်ခြင်း/ထွက်ခွင့် သတ်မှတ်ချက်များ ပြည့်မီသွားပါက ကလေးကို SFP အစီအစဉ်သို့ လွှဲပေးကာ ထိုအစီအစဉ်တွင် အပိုဆောင်းဖြည့်စွက်စာ RUSF/FBF အား နောက်ထပ် (၄)လ ဆက်လက်ပေးသွားရပါမည်။

ဤကလေးကို အပိုဆောင်း ဖြည့်စွက်စာဖြင့် ပထမ (၂)လတွင် (၁၅) ရက်တစ်ကြိမ် ဆက်လက်ကုသစောင့်ရှောက်ပေးပြီး၊ (၁)လ တစ်ကြိမ် ကုသစောင့်ရှောက်မှုကို နောက်ထပ် (၂)လ ထပ်ပေးရပါမည်။

ကလေးသည် အရပ်အမောင်းအလိုက် ရှိသင့်သော ကိုယ်အလေးချိန် ≥ -၂ Z Score နှင့် MUAC ≥ ၁၂၅ မီလီမီတာ ရှိလျှင် အစီအစဉ်မှ ထွက်ခွင့်ပြုရပါမည်။

---

အကယ်၍ ကလေးသည် OTP တွင် စောင့်ရှောက်ကုသမှု ခံယူနေစဉ် OTP မှ ITP သို့ ပြန်လွှဲရမည့် သတ်မှတ်ချက်များ ဖြစ်ပေါ်လာပါက (ဥပမာ ပြင်းထန်သည့် နောက်ဆက်တွဲ ရောဂါပြဿနာများ) ကလေးကို ITP သို့ ပြန်လည် လွှဲပြောင်းပေးရပါမည်။

အလားတူပင် အပိုဆောင်းဖြည့်စွက်စာကျွေးခြင်း အစီအစဉ်မှ ကလေးတစ်ယောက်သည် MUAC သို့မဟုတ် WFH Z Score အရ အခြေအနေပြန်ဆိုးလာပါက OTP သို့မဟုတ် ITP သို့ ပြန်လည်လွှဲ ပြောင်းပေးရပါမည်။

ထို့ကြောင့် IMAM ၏ အစိတ်အပိုင်းလေးခုသည် သီးခြားစီမဟုတ်ဘဲ အထက်တွင် ဖော်ပြခဲ့သည့် နည်းလမ်းများအတိုင်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပါသည်။

ကုသမှု အစီအစဉ်တစ်ခုမှ နောက်တစ်ခုသို့ လွှဲပြောင်းပေးလိုက်သော လူနာတစ်ဦးအတွက် (ဥပမာ ITP မှ OTP သို့၊ OTP မှ SFP သို့) အာဟာရချို့တဲ့လူနာနံပါတ် တစ်ခုတည်းကိုသာ မပြောင်းလဲဘဲ တောက်လျှောက်အသုံးပြုရပါမည်။

---

OTP ၊ ITP နှင့် SFP အစီအစဉ်များကြားတွင် လူနာလွှဲပြောင်းစေလွှတ်ခြင်း စနစ်တစ်ခု ရှိဖို့လိုပါသည်။ သို့မှသာ

- လူနာများသည် ပြန်လည်နာလန်ထူလာသည့်အဆင့် (အဆင့်-၂) တွင် ITP မှ OTP သို့ အလွယ်တကူ လျှင်မြန်စွာ လွှဲပြောင်းပေးနိုင်မည် ဖြစ်သည်။
- ကုသမှုကိုခံယူပြီး တိုးတက်သင့်သလောက် မတိုးတက်သော သို့မဟုတ် နောက်ဆက်တွဲ ရောဂါ-ပြဿနာ ပေါ်ပေါက်လာသော OTP လူနာများကို ITP သို့ (ယာယီ) လွှဲပြောင်းကုသမှုပေးပြီး၊ အခြေအနေ ပြန်လည်ကောင်းမွန်လာပါက OTP သို့ ပြန်လွှဲပို့၍ ဆက်လက်ကုသရမည်။
- SFP တွင် အခြေအနေဆိုးလာပြီး SAM သတ်မှတ်ချက်များနှင့် ကိုက်ညီသွားသည့်လူနာများကို ၎င်းတို့၏ အစာစားလိုစိတ်/နောက်ဆက်တွဲရောဂါ ပြဿနာများပေါ်မူတည်ကာ OTP သို့မဟုတ် ITP သို့ လွှဲပြောင်းပေးရန် လိုပါလိမ့်မည်။

◆ လတ်တလောအာဟာရချို့တဲ့သော ကလေးတစ်ဦးကို အစီအစဉ်တစ်ခုမှ နောက်တစ်ခုသို့ လွှဲပြောင်းပေးရာတွင် စနစ်တကျရေးဖြည့်ထားသော လွှဲပြောင်းမှုပုံစံနှင့်အတူ လွှဲပြောင်းပေးရမည်ဖြစ်ပါသည် (ပုံ ၈)။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ

**လတ်တလောအာဟာရချို့တဲ့မှုဘက်စုံကုသစောင့်ရှောက်ခြင်း**
**လူနာလွှဲပြောင်းမှတ်တမ်း**

ပြည်နယ်/တိုင်းဒေသကြီး ______________ မြို့နယ် ______________________________

ကျန်းမာရေးဌာန ______________________________________________

**လူနာရာဇဝင်**

အာဟာရမှတ်ပုံတင်အမှတ် ______________________________________

ကလေးအမည် ______________________________________________

အသက် (ပြည့်ပြီးလ) ____________________ ကျား/မ ကျား [ ] မ [ ]

အဘအမည် ____________________ မိခင်အမည် ____________________

နေရပ်လိပ်စာ ______________________________________________

| ကိုယ်အလေးချိန်( kg ) | အရပ် ( cm ) | WFH Z Scores | MUAC (mm) | အစာစားလိုစိတ် ရှိ၊ မရှိ စစ်ဆေးခြင်း (ရှိ၊ မရှိ) |
|---|---|---|---|---|
| | | | | |

လွှဲပြောင်းစေလွှတ်သော ကျန်းမာရေးဌာန/ဆေးရုံ ______________________________

လွှဲပြောင်းစေလွှတ်ရသည့်အကြောင်းရင်း -

လက်ရှိပေးထားသောကုသမှု -

ကျန်းမာရေးဝန်ထမ်းအမည် -
ရာထူး -
လွှဲပြောင်းသည့်ရက်စွဲ -
လက်မှတ် -

*ပုံ ၈ - လူနာလွှဲပြောင်းပုံစံ*

## လေ့ကျင့်ခန်း

### အခန်း (၁) နိဒါန်း

အောက်ပါပုံများကို ကြည့်ကာ မေးခွန်းများကို ဖြေပါ။

၁။



၁။ သင်၏ တွေ့ရှိချက်မှာ အဘယ်နည်း။

၂။ သင်၏ ရောဂါသတ်မှတ်ချက်မှာ အဘယ်နည်း။

၂။



၁။ သင်၏ တွေ့ရှိချက်မှာ အဘယ်နည်း။

၂။ သင်၏ ရောဂါသတ်မှတ်ချက်မှာ အဘယ်နည်း။

၃။



၁။ သင်၏ တွေ့ရှိချက်မှာ အဘယ်နည်း။

၂။ သင်၏ ရောဂါသတ်မှတ်ချက်မှာ အဘယ်နည်း။

၄။ 

၁။ သင်၏ တွေ့ရှိချက်မှာ အဘယ်နည်း။

၂။ သင်၏ ရောဂါသတ်မှတ်ချက်မှာ အဘယ်နည်း။

၅။ 

၁။ သင်၏ တွေ့ရှိချက်မှာ အဘယ်နည်း။

၂။ သင်၏ ရောဂါသတ်မှတ်ချက်မှာ အဘယ်နည်း။

၆။ 

၁။ သင်၏ တွေ့ရှိချက်မှာ အဘယ်နည်း။

၂။ သင်၏ ရောဂါသတ်မှတ်ချက်မှာ အဘယ်နည်း။

# အခန်း (၂)

## လူထုကို နိုးထလာစေရန် တိုက်တွန်းစည်းရုံး၍ IMAM လုပ်ငန်းစဉ်များတွင် ပါဝင်လာစေခြင်း (Community Mobilization)



# အခန်း (၂)

# လူထုကို နိုးထလာစေရန် တိုက်တွန်းစည်းရုံး၍ IMAM လုပ်ငန်းစဉ်များတွင် ပါဝင်လာစေခြင်း (Community Mobilization)

လူထုကို နိုးထလာစေရန် တိုက်တွန်းစည်းရုံးခြင်းသည် စဉ်ဆက်မပြတ်ဆောင်ရွက်နေရသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး လူထု၏ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ လူထုကကျန်းမာရေးစောင့်ရှောက်မှုကို အလွယ်တကူ လက်လှမ်းမီအသုံးပြုနိုင်မှုတို့ကို အားကောင်းစေရန်နှင့် IMAM လွှမ်းခြုံမှုကို အမြင့်မား ဆုံးရရှိအောင်ဆောင်ရွက်ရန်အတွက် အလွန်အရေးကြီးသော အစိတ်အပိုင်း ဖြစ်ပါသည်။

## ၂-၁။ လူထုကို နိုးထလာစေရန် တိုက်တွန်းစည်းရုံးခြင်း၏ အဓိပ္ပါယ်

IMAM အတွက် လူထုကိုနိုးထလာစေရန် တိုက်တွန်းစည်းရုံးခြင်းဆိုသည်မှာ လူထုက အာဟာရချို့တဲ့မှုရောဂါလက္ခဏာများကို နားလည်သဘောပေါက်၍ (ဒေသအခေါ်အဝေါ်များအပါအဝင်) မိမိတို့၏ ပတ်ဝန်းကျင်တွင်လည်း အာဟာရချို့တဲ့မှုကိုခံစားနေရသော ကလေးများရှိကြောင်းကို သတိပြုမိလာပြီး ၎င်း၏အခြေခံအကြောင်းရင်းများ နောက်ဆက်တွဲအကျိုးဆက်များကိုပါ နားလည်သတိပြုမှု ပိုမိုတိုးတက်လာစေပြီး၊ လူထု၏ အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် အာဟာရချို့တဲ့မှုကို ဆန်ကာတင်စစ်ဆေးခြင်းများနှင့် သက်ဆိုင်ရာစောင့်ရှောက်ကုသမှုအစီအစဉ်များကို လိုလားတောင်းဆိုမှုများ တိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်သည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။

လူထုကို တိုက်တွန်းစည်းရုံးခြင်း၏ ရည်ရွယ်ချက်များမှာ

- လတ်တလောအာဟာရချို့တဲ့ခြင်း နှင့် IMAM ဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားလာစေခြင်းဖြင့် လူထု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်၊
- IMAM ကုသစောင့်ရှောက်မှုများကို လက်လှမ်းမီ ရရှိရန်နှင့် ၎င်း၏ လွှမ်းခြုံနိုင်မှုတို့ကို တိုးတက်စေရန်၊
- အာဟာရချို့တဲ့သူများကို စောစီးစွာရှာဖွေဖော်ထုတ်နိုင်မှု၊ လူနာသစ်များကို လွှဲပြောင်းစေလွှတ်ခြင်းနှင့် ပြဿနာရှိသောလူနာများကို နောက်ဆက်တွဲ ဆက်လက်စောင့်ကြည့် ကုသပေးမှုတို့ အားကောင်းလာစေရန် ဖြစ်ပါသည်။

## ၂-၂။ လူထုကိုနိုးထလာစေရန် တိုက်တွန်းစည်းရုံးခြင်း၏အဆင့်များ

လူထုကို နိုးထလာစေရန် တိုက်တွန်းစည်းရုံးခြင်းတွင် တစ်ခုနှင့်တစ်ခုဆက်နွှယ်နေသော (၁) အစီအစဉ်ရေးဆွဲသည့်အဆင့်နှင့် (၂) လက်တွေ့အကောင်အထည်ဖော်သည့်အဆင့်ဟူ၍ အဆင့် (၂)ဆင့် ရှိပါသည်။ ပုံ (၉) လူထုကို တိုက်တွန်းစည်းရုံးခြင်း၏ အဆင့်များကို ကြည့်ပါ။

## ၂-၂-၁။ လူထုကို လေ့လာဆန်းစစ်ခြင်း

အောက်ပါတို့ကို သိရှိနိုင်ရန်အတွက် ဆန်းစစ်လေ့လာမှုကို ပြုလုပ်ပါသည်။

(၁) အဓိကကျသော လူထုကိုယ်စားလှယ်များကို ရှာဖွေဖော်ထုတ်ရန်-
လူထုကိုယ်စားလှယ် များဟုဆိုရာတွင် အုပ်ချုပ်ရေးပိုင်းမှ အရာရှိများ၊ ရိုးရာဓလေ့ခေါင်းဆောင်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ အခြားအစိုးရဝန်ထမ်းများ၊ တိုင်းရင်းဆေးဆရာများနှင့် ဘာသာရေးခေါင်းဆောင်များ ပါဝင်နိုင်ပါသည်။

(၂) ရပ်ရွာလူထု အုပ်စုများနှင့် လူထုအခြေပြု အဖွဲ့အစည်းများကို သတ်မှတ်ဖော်ထုတ်ရန် -
ရပ်ရွာလူထုက ၎င်းတို့ဘာသာ ဖွဲ့စည်းထားသော အုပ်စုများနှင့် NGO များ သို့မဟုတ် ကျေးလက်ကျန်းမာရေးကော်မတီကဲ့သို့သော အစိုးရကဖွဲ့စည်းပံ့ပိုးပေးနေသော အဖွဲ့အစည်းများ၊ မိဘဆရာအသင်း၊ ဒေသခံလူမှုရေးနှင့် ဘာသာရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (MMCWA)၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ တိုင်းရင်းဆေးဆရာများအသင်းနှင့် တောင်သူလယ်သမားအသင်းအဖွဲ့များ ပါဝင်နိုင်ပါသည်။ ထိုအုပ်စုများထဲတွင် အတက်ကြွဆုံးနှင့် ဩဇာအရှိဆုံး အုပ်စု/အုပ်စုများကို သတ်မှတ်ဖော်ထုတ်ပြီး လူထုကိုအသိပညာပေးရန်နှင့် အာဟာရချို့တဲ့သော လူနာများကို စောစီးစွာသတ်မှတ်ဖော်ထုတ်နိုင်ရန်အတွက် ၎င်းတို့၏ အကူအညီကိုရယူသင့်ပါသည်။

(၃) ဆက်သွယ်ရေးလမ်းကြောင်းများကို သတ်မှတ်ဖော်ထုတ်ရန် အောက်ပါတို့ ပါဝင်နိုင်ပါသည်။

*(က) တရားဝင်သတင်းဆက်သွယ်ရေးလမ်းကြောင်းများ*

(Formal Communication Channel) - ကျောင်း၊ ဆေးရုံ၊ ရေတွင်း သို့မဟုတ် လမ်းဆောက်လုပ်ရေးကဲ့သို့သော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် လူထုကို ဆော်ဩစည်းရုံးရန် ဒေသခံခေါင်းဆောင်များက ကျင်းပသော လူထုအစည်းအဝေးများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ကြေညာချက်များ၊ ဈေးများ၊ ဘုရားကျောင်းများနှင့် စာသင်ကျောင်းများကဲ့သို့ အများပြည်သူ သွားလာရာနေရာများတွင် ကပ်ထားသည့် ပိုစတာများ၊

*(ခ) အရပ်သုံးသတင်းဆက်သွယ်ရေးလမ်းကြောင်းများ*

(Informal Communication Channel) - လူအများစုဝေးရာ မည်သည့်နေရာတွင်မဆို၊ ဥပမာ - ရေခပ်ရာနေရာများ၊ အခမ်းအနား ပွဲလမ်းသဘင်များ၊ ပစ္စည်းများ ဝေငှရာနေရာများ၊

ဤဆက်သွယ်ရေးလမ်းကြောင်းများမှ လူထုထဲတွင် အသုံးများသောသတင်းအချက်အလက်ဖြန့်ဝေမှုလမ်းကြောင်းများကို သတ်မှတ်ဖော်ထုတ်ရမည်။




ပုံ ၉- လူထုကို နိုးထလာစေရန် တိုက်တွန်း စည်းရုံးခြင်း၏အဆင့်များ

(၄) ကျန်းမာရေးစောင့်ရှောက်မှုခံယူသည့် အလေ့အထအပြုအမူများကို သတ်မှတ်ဖော်ထုတ်ရန်-

ကလေးများ၏ရောဂါများအတွက် ဒေသခံလူထုက ဆေးကုသစောင့်ရှောက်မှုခံယူသည့် နည်းလမ်းများကိုလည်းလေ့လာသင့်ပါသည်။ ထိုနည်းလမ်းများကို သိရှိခြင်းဖြင့် အာဟာရချို့တဲ့သောလူနာများကို လှည့်လည်ရှာဖွေရန်နှင့် လွှဲပြောင်းစေလွှတ်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသူအမျိုးမျိုးကို ရှာဖွေဖော်ထုတ်ရန် အထောက်အကူပြုနိုင်ပါသည်။

(၅) အာဟာရမျှတစွာ စားသုံးနိုင်မှုအတွက် အဟန့်အတားများကို သတ်မှတ်ဖော်ထုတ်ရန် - ကလေး၏အသက်အရွယ်အလိုက် အစားအစာ(၄)မျိုးကို သတ်မှတ်ထားသည့် အကြိမ်ရေ၊ သတ်မှတ်ထားသည့် အပျစ်အကျဲနှင့် သတ်မှတ်ထားသည့် ပမာဏကို စားသုံးနိုင်ခြင်းကို ဟန့်တားနေသည့်အချက်များကို ရှာဖွေဖော်ထုတ်ခြင်း ဖြစ်ပါသည်။

ထိုအဟန့်အတားများတွင် ရှေးဆိုရိုးစကားများ၊ ဓလေ့ထုံးစံများ၊ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ဗဟုသုတများမရှိမှု၊ အစားအစာကို လက်လှမ်းမီမှုနှင့်စပ်လျဉ်းသည့် လူမှုစီးပွားအခြေအနေများ၊ စားနပ်ရိက္ခာဖူလုံမှုအခြေအနေ၊ ဒေသတွင်းမှရရှိနိုင်သော အစားအစာများ၊ ရာသီအလိုက်အစားအစာရရှိနိုင်မှု ပြောင်းလဲမှုအခြေအနေများ စသည်တို့ ပါဝင်နိုင်ပါသည်။

(၆) ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီနိုင်မှုအတွက် အဟန့်အတားများကို သတ်မှတ်ဖော်ထုတ်ရန်-

- ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူရရှိရေးအတွက်အဟန့်အတားများတွင် ရုပ်ပိုင်းဆိုင်ရာအဟန့်အတားများ (ခရီးအကွာအဝေး၊ ပတ်ဝန်းကျင်၊ ရာသီအလိုက်ရေကြီးရေလျှံမှုများ)
- လူ့အဖွဲ့အစည်းနှင့်သက်ဆိုင်သော အဟန့်အတားများ (လူမှုရေး - ခင်ပွန်းမှငြင်းဆန်မှု၊ ယဉ်ကျေးမှု - ကဲ့ရဲ့ပြစ်တင်မှု၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးစု)
- ကုန်ကျစရိတ် (ကုန်ကျစရိတ်သက်သာသည်ကို ရွေးချယ်စားသုံးခြင်း)
- အခြား (လုံခြုံရေး)
- ဝန်ဆောင်မှုနှင့် ဆက်နွယ်သော အဟန့်အတားများ (ဆက်သွယ်ရေးဆိုင်ရာ ပြဿနာများ/အတွေ့အကြုံနည်းပါးခြင်းနှင့် IMAM ကုသစောင့်ရှောက်မှုအပေါ် လူထုကထားရှိသော သဘောထားများ)

ဤအချက်များသည် IMAM ကုသစောင့်ရှောက်မှုများကို လူထုကလက်လှမ်းမီ တိုးတက်အသုံးပြုနိုင်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံမှုမြင့်တင်နိုင်ရန်အတွက် နည်းဗျူဟာရေးဆွဲသည့်နေရာတွင် အထူးအသုံးဝင်ပါသည်။

## ၂-၂-၂။ အဓိကသတင်းစကားများ (Key Messages) နှင့် အသိပညာပေးပစ္စည်းများ (IEC Materials) ကို ပြုစုထုတ်ဝေခြင်း

လူထုနှင့်အတူ ဆန်းစစ်လေ့လာမှုပြုလုပ်ပြီး ရရှိသောသတင်းအချက်အလက်များ လေ့လာတွေ့ရှိချက်များကိုအခြေခံ၍ ရွေးချယ်ထားသည့်အုပ်စုအသီးသီးအတွက် အသိပညာပေးသတင်းစကားများနှင့် အထောက်အကူပြုပစ္စည်းများကို ပြုစုရပါမည်။ သတင်းစကားများ ပြုစုရာတွင် အနည်းဆုံးအနေဖြင့် အောက်ပါအကြောင်းအရာများ ပါဝင်သင့်ပါသည်။

၁။ အာဟာရချို့တဲ့ခြင်းဆိုသည်မှာ အဘယ်နည်း

၂။ အာဟာရချို့တဲ့ခြင်း၏ ရေတိုနှင့်ရေရှည် နောက်ဆက်တွဲအကျိုးဆက်များ

၃။ အာဟာရချို့တဲ့ခြင်း၏ အကြောင်းရင်းခံများ

၄။ မိခင်နို့စနစ်တကျတိုက်ကျွေးမှု

၅။ ဖြည့်စွက်စာ စနစ်တကျ ကျွေးမွေးမှု ဝိသေသလက္ခဏာ (၇) ချက်

၆။ နာမကျန်းဖြစ်နေသော ကလေးများကို အစာအာဟာရကျွေးမွေးမှု

၇။ မိခင်အာဟာရ

၈။ ဗီတာမင်များနှင့် ဓာတ်သတ္တုများ

၉။ လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်း (IMAM) ဆိုင်ရာ ဝန်ဆောင်မှုများ

အသိပညာပေး အထောက်အကူပြုပစ္စည်းများမှာ လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ရွက်လှန်ကားချပ်များစသည်ကဲ့သို့သော ပုံနှိပ်မီဒီယာများဖြစ်နိုင်သလို ရုပ်မြင်သံကြားထုတ်လွှင့်မှု၊ ရေဒီယိုဇာတ်လမ်းစသည်ကဲ့သို့သော အသံလွှင့်မီဒီယာများလည်း ဖြစ်နိုင်ပါသည်။

## ၂-၂-၂-၁။ အာဟာရဆိုင်ရာ အဓိကသတင်းစကားများ

လူထုကို အသိပညာပေးသည့်အစီအစဉ်များတွင် အသုံးပြုရမည့် အာဟာရဆိုင်ရာ သတင်းစကားများကိုပြုစုရန်အတွက် အောက်ပါဇယားကို လမ်းညွှန်အဖြစ် အသုံးပြုနိုင်ပါသည်။

| ရည်ညွှန်းပရိတ်သတ် | အကြောင်းအရာ | အဓိကပေးရမည့် သတင်းစကား |
|---|---|---|
| အများပြည်သူ | အာဟာရချို့တဲ့ခြင်း | • လတ်တလောအာဟာရချို့တဲ့မှု လက္ခဏာများ<br>• အာဟာရချို့တဲ့မှုရောဂါနှင့်ရေရှည် အကျိုးဆက်များ<br>• အာဟာရချို့တဲ့မှုကို ဖြစ်စေသည့် အကြောင်းရင်းများ<br>• အာဟာရချို့တဲ့ခြင်းကို ဆန်ကာတင် စစ်ဆေးခြင်း<br>• လတ်တလောအာဟာရချို့တဲ့မှု အမျိုးအစားများ |
| အများပြည်သူ | IMAM ကုသစောင့်ရှောက်မှု | • လတ်တလောအာဟာရချို့တဲ့မှုကို စောစီးစွာသိရှိကုသခြင်း၏ အကျိုးကျေးဇူးများ<br>• လတ်တလောအာဟာရချို့တဲ့မှု အမျိုးအစား အမျိုးမျိုးအတွက် ရရှိနိုင်သော ကုသစောင့်ရှောက်မှုများ<br>• လတ်တလောအာဟာရချို့တဲ့မှုအတွက် ကုသမှုခံယူရာတွင်ပုံမှန် ဆက်လက် ပြသကာ ကုသမှုခံယူသွားရန် အရေးကြီးပုံ<br>• လတ်တလောအာဟာရချို့တဲ့မှုအတွက် ကုသမှုခံယူနေစဉ်အတွင်း ဆောင်ရွက်ပေး သည့် IYCF နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း |
| ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ | စနစ်တကျ မိခင်နို့တိုက်ကျွေးမှု | • မွေးပြီး (၁) နာရီအတွင်း မိခင်နို့ တိုက်ကျွေးခြင်း<br>• နို့ဦးရည်တိုက်ကျွေး ရန်အရေးကြီးပုံ<br>• ကလေး (၆) လအရွယ်ထိ မိခင်နို့ တစ်မျိုးတည်းကိုသာတိုက်ကျွေးခြင်း<br>• အနေအထားမှန်စွာပွေ့ချီခြင်း လက္ခဏာ (၄)ချက်၊ ထိကပ်မှုမှန်ကန်စွာ နို့စို့ခြင်း (နို့ငုံကောင်းခြင်း) လက္ခဏာ (၄) ချက်နှင့် ထိရောက်စွာ နို့စို့ခြင်း လက္ခဏာ (၄) ချက် |

| ရည်ညွှန်းပရိတ်သတ် | အကြောင်းအရာ | အဓိကပေးရမည့် သတင်းစကား |
|---|---|---|
| | | • ကလေး (၂) နှစ်အထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးရန် အရေးကြီးပုံ<br>• ကလေးမှဦးဆောင်သော မိခင်နို့တိုက်ကျွေးခြင်း (Baby-led breastfeeding)<br>• နို့ဘူးတိုက်ခြင်း၏ အန္တရာယ်<br>• မိခင် အပြင်သွားရလျှင် မိခင်နို့ကို ညှစ်ထားကာခွက်ဖြင့် တိုက်ကျွေးနိုင်သည်။<br>• HIV ရောဂါပိုးရှိသော မိခင်ကို မိခင်နို့ အစားထိုး ပစ္စည်းမှာ လက်ခံနိုင်ခြင်း၊ ဖြစ်နိုင်ခြေရှိခြင်း၊ တတ်နိုင်ခြင်း၊ အမြဲမပြတ်ရရှိနိုင် ခြင်းနှင့် ဘေးကင်းခြင်း (AFASS) မရှိပါက မိခင်နို့ကိုသာ တိုက်ကျွေးရန် အကြံပြုခြင်း။ |
| အသက် (၁) လအောက် ကလေးကို မိခင်နို့ တိုက်ကျွေးနေသော နို့တိုက်မိခင်များ | မိခင်နို့တိုက်ကျွေးစဉ်တွင် အနေအထားမှန်စွာ ပွေ့ချီခြင်း၊ ထိကပ်မှု မှန်ကန်စွာခြင်း (နို့ငုံကောင်းခြင်း) နှင့် ထိရောက်စွာ နို့စို့ခြင်း | • မှန်ကန်သော အနေအထားနှင့် ထိကပ်မှု ကောင်းခြင်းသည် ကလေးကို နို့များစွာရ စေပြီး မိခင်ကိုလည်းနို့သီးခေါင်း ကွဲခြင်းနှင့် နို့တင်းလွန်ခြင်းများကို ရှောင်ရှားနိုင်ရန် အထောက်အကူပြုပါသည်။<br>• အနေအထားမှန်စွာပွေ့ချီခြင်းလက္ခဏာ (၄) ချက်<br>• ထိကပ်မှု မှန်ကန်စွာနို့စို့ခြင်း (နို့ငုံကောင်းခြင်း) လက္ခဏာ (၄) ချက်<br>• ထိရောက်စွာ နို့စို့ခြင်း လက္ခဏာ (၄)ချက်<br>• ဆာလောင်ခြင်း၏ ရှေးဦးလက္ခဏာများ |
| အသက် (၆)လမှ (၂၄)လ အတွင်းရှိ ကလေးများကို ပြုစုစောင့်ရှောက်ပေး နေသူများ | အသက်အလိုက် စနစ်တကျ ဖြည့်စွက်စာကျွေးခြင်း | • ကလေး (၆) လ အရွယ်တွင် ဖြည့်စွက်စာကို အချိန်မီ စတင်ကျွေးမွေးခြင်း<br>• အသက်အရွယ်နှင့် သင့်တော်ကိုက်ညီသည့် ဖြည့်စွက်စာကျွေးမှု၊ ဆိုလိုသည်မှာ အသက်အရွယ်အလိုက် ရှိသင့်သည့် အစာအပျော့အမာ၊ အကြိမ်ရေ၊ ပမာဏ၊ အစာတစ်ခါကျွေးတိုင်း အနည်းဆုံး အစားအစာ (၄) မျိုးပါဝင်ခြင်း၊ အစားအစာများကိုသန့်ရှင်းစွာကိုင်တွယ် ပြင်ဆင် ကျွေးမွေးသင့်ပုံ၊ စိတ်ပါလက်ပါ ချော့မြူကျွေးခြင်း |

| ရည်ညွှန်းပရိတ်သတ် | အကြောင်းအရာ | အဓိကပေးရမည့် သတင်းစကား |
|---|---|---|
| အသက် (၆) လအောက် ကလေးများ၊ အထူးသဖြင့် နာမကျန်းဖြစ်နေသောကလေးများကို ပြုစုစောင့်ရှောက်နေသူများ | နာမကျန်းဖြစ်နေသော ကလေးကို မိခင်နို့ တိုက်ကျွေးခြင်း (အသက် ၆-လ အောက်) | • ကျန်းမာရေးဝန်ထမ်းများက ညွှန်ကြားသော ဆေးဝါးများနှင့်အတူ မိခင်နို့ တစ်မျိုးတည်းကိုသာ တိုက်ကျွေးခြင်း<br>• စိတ်ပါလက်ပါ ချော့မြူကျွေးခြင်းသည် အရေးကြီးကြောင်း<br>• မိခင်နို့ကို မကြာခဏ တိုက်ကျွေးပေးရန် အရေးကြီးကြောင်း<br>• ကလေး အလွန်အားနည်းနေပါက မိခင်နို့ကိုညှစ်ကာ ခွက်ဖြင့်တိုက်ခြင်း<br>• နာလန်ထူလာသည့် ကာလအတွင်းတွင် နာမကျန်းဖြစ်ခဲ့ခြင်းကြောင့် ကြီးထွားမှုနှောင့် နှေးမသွားရန်အတွက် မိခင်နို့ကို အကြိမ်ရေ တိုးကာ တိုက်ကျွေးရန် |
| အသက် (၆)လ အထက် ကလေးများ၊ အထူး သဖြင့် နာမကျန်းဖြစ်နေ သောကလေးများကို ပြုစုစောင့်ရှောက်နေသူများ | နာမကျန်းဖြစ်နေသော ကလေးကို အစာကျွေးမွေးခြင်း (အသက် ၆-လ အထက်) | • နာမကျန်းဖြစ်နေစဉ်အတွင်း မိခင်နို့ကို မကြာခဏ တိုက်ပေးရန် လိုအပ်ခြင်း<br>• နာမကျန်းဖြစ်နေသော ကလေးသည် အရည်နှင့် အစာ ပို၍ လိုအပ်ခြင်း<br>• ကလေးသည် ခံတွင်းပျက်နေလျှင် နည်းနည်းနှင့် မကြာခဏ ကျွေးပေးခြင်း<br>• ဆန်ပြုတ်ကဲ့သို့ ရိုးရှင်းသောအစာများကို ကျွေးခြင်း<br>• နာလန်ပြန်ထူပြီးနောက် (၂) ပတ်ကြာသည်အထိ တစ်နပ်ပိုကျွေးခြင်း |
| ကိုယ်ဝန်ဆောင်မိခင်များ | ကိုယ်ဝန်ဆောင်မိခင် အာဟာရ | • ထမင်းတစ်နပ်ပိုစားခြင်း<br>• ထမင်းအနပ်တိုင်းတွင် အနည်းဆုံး အစားအစာ အမျိုးအစား (၄) မျိုး ပါဝင်ခြင်း<br>• သန္ဓေသား၏ အာရုံကြောစနစ်နှင့် ခန္ဓာကိုယ်အကောင်းဆုံးဖွံ့ဖြိုးရန်အတွက် အိုင်အိုဒင်းဆားကို စားသုံးခြင်း<br>• နေ့စဉ် နို့သောက်ခြင်း<br>• သွေးအားနည်းခြင်းကို ကာကွယ်ရန် အတွက် ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားပြီး (၃)လ ကြာသည်အထိ သံဓာတ်ပါသော ဆေးကိုသောက်ခြင်း |

| ရည်ညွှန်းပရိတ်သတ် | အကြောင်းအရာ | အဓိကပေးရမည့် သတင်းစကား |
|---|---|---|
| | | • ကလေးတွင် ဘယ်ရီဘယ်ရီရောဂါ မဖြစ် အောင် ကာကွယ်ရန်အတွက် ဗီတာမင်ဘီဝမ်း အားဆေးကို မီးမဖွားခင် (၁) လမှ စတင်ကာ မီးဖွားပြီး (၃) လ ကြာသည်အထိသောက်ခြင်း |
| နို့တိုက်မိခင် | နို့တိုက်မိခင် အာဟာရ | • ထမင်းနှစ်နပ် ပိုစားခြင်း<br>• ထမင်းအနပ်တိုင်းတွင် အနည်းဆုံး အစားအစာ အမျိုးအစား (၄) မျိုး ပါဝင်ခြင်း<br>• အာရုံကြောစနစ်နှင့် ခန္ဓာကိုယ် အကောင်းဆုံးဖွံ့ဖြိုးရန်အတွက် အိုင်အိုဒင်းဆားကို စားသုံးခြင်း<br>• သွေးအားနည်းခြင်းကို ကာကွယ်ရန်အတွက် မီးဖွားပြီး (၃) လကြာသည်အထိ သံဓာတ်ပါသော ဆေးကို ဆက်သောက်ခြင်း<br>• ကလေးတွင် ဘယ်ရီဘယ်ရီရောဂါ မဖြစ်အောင် ကာကွယ်ရန်အတွက် ဗီတာမင်ဘီဝမ်းအားဆေးကို မီးမဖွားခင် (၁) လမှ စတင်ကာ မီးဖွားပြီး (၃) လ ကြာသည်အထိသောက်ခြင်း |
| အများပြည်သူ | ကလေးများအတွက် ဗီတာမင်အေ | • ဗီတာမင်အေချို့တဲ့မှု လက္ခဏာများ (မျက်လုံး၊ အရေပြား)<br>• ဗီတာမင်အေသည် အမြင်ကွယ်ခြင်းနှင့်ရော ဂါပိုး ဝင်ရောက်ခြင်းတို့ကို ကာကွယ်ပေးခြင်း<br>• အသက် (၆) လ နှင့် တစ်နှစ်ကြား ကလေး များအတွက် အပြာရောင် ဗီတာမင်အေ ဆေးတောင့်များကို တစ်နှစ်လျှင် (၂) ကြိမ် တိုက်ကျွေးခြင်း<br>• အသက် (၁) နှစ်မှ (၅) နှစ်ကြား ကလေးများ အတွက် အနီရောင် ဗီတာမင်အေဆေးတောင့် များကို တစ်နှစ် (၂) ကြိမ် တိုက်ကျွေးခြင်း |

| ရည်ညွှန်းပရိတ်သတ် | အကြောင်းအရာ | အဓိကပေးရမည့် သတင်းစကား |
|---|---|---|
| အများပြည်သူ | သန်ချခြင်း | • သွေးအားနည်းခြင်း၏ လက္ခဏာများ<br>• သံဓာတ်ချို့တဲ့မှုကြောင့်ဖြစ်သော သွေးအားနည်းရောဂါ၏ နောက်ဆက်တွဲ အကျိုးဆက်များ<br>• သံဓာတ်ချို့တဲ့မှုကြောင့်ဖြစ်သော သွေးအားနည်းရောဂါ ကာကွယ်ရာတွင် သန်ချခြင်း အခန်းကဏ္ဍ<br>• အသက် (၂) နှစ်မှ (၅)နှစ်အောက် ကလေးများကို Albendazole တိုက်ကျွေးကာ သန်ချခြင်း<br>• ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် Mebendazole တိုက်ကျွေးကာသန်ချခြင်း |
| အသက်နှစ်နှစ်အောက် ကလေးများကို ပြုစုစောင့်ရှောက်သူများ | ကာကွယ်ဆေးထိုးခြင်း | • ကာကွယ်ဆေးထိုးခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်သောရောဂါများ (VPDs)၏ အန္တရာယ်များ<br>• ကာကွယ်ဆေးထိုးခြင်း၏ ဘေးထွက်အာနိသင်များ<br>• ကာကွယ်ဆေးထိုးခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများသည် VPD ရောဂါများ၏ အန္တရာယ်များထက်သာလွန်ခြင်း<br>• ကာကွယ်ဆေးကို ထိုးရမည့် အချိန်ဇယားအတိုင်း အချိန်မှန် အပြည့်အဝထိုးရန် အရေးကြီးပုံ<br>• အမျိုးသားကာကွယ်ဆေးထိုး အစီအစဉ် |
| အသက်ငါးနှစ်အောက် ကလေးများကို ပြုစုစောင့်ရှောက်သူများ | ကလေးများအတွက် ဗီတာမင်အေ | • အသက် (၀) လ မှ (၅၉) လ ကြား ကလေးများသည် ပုံမှန်ကိုယ်အလေးချိန် ချိန်ပေးရန်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ကျန်းမာရေးဝန်ထမ်းထံသို့ ကလေးကို ပုံမှန် ခေါ်သွားပြရန်လိုအပ်ခြင်း (ကိုယ်အလေးချိန် ချိန်ရန် လာရမည့်အချိန်ကို ကျန်းမာရေးဝန်ထမ်းက သင့်ကို ပြောပြပါမည်)။<br>• ကိုယ်အလေးချိန် တန့်နေသော သို့မဟုတ် ကျဆင်းနေသော သို့မဟုတ် အနီရောင်တွင်းသို့ ကျရောက်နေသော ကလေးများသည် အန္တရာယ်ကြီးပြီး သင့်လျော်သည့် ကုသစောင့်ရှောက်မှုကိုခံယူခြင်း။ ထိုကလေးများထံသို့ ကျန်းမာရေးဝန်ထမ်းက ပုံမှန် သွားရောက် ကြည့်ရှုရန်လိုပါသည်။ |

### ၂-၂-၃။ အသိပညာပေး အစီအစဉ်ရေးဆွဲခြင်း

အသိပညာပေးအစီအစဉ်ကို ရေးဆွဲရာတွင်လည်း ဆန်းစစ်လေ့လာမှုမှတွေ့ရှိရသည့် သတင်းအချက်အလက်များကို အသုံးပြုပါသည်။ အသိပညာပေးအစီအစဉ်တွင် မည်သည့်သတင်းစကားကို မည်သူက၊ မည်သည့်အချိန်တွင် ဖြန့်ဝေပညာပေးကာ၊ သတင်းစကားတစ်ခုအတွက် မည်သည့် ပစ္စည်းများနှင့် မည်သည့်ဆက်သွယ်ရေးလမ်းကြောင်းကို အသုံးပြုမည်ဆိုသည်ကို ရှင်းလင်းတိကျစွာ ဖော်ပြထားသင့်ပါသည်။

### ၂-၂-၄။ အသိပညာပေးရန်အတွက် စေတနာ့ဝန်ထမ်းလုပ်အားပေးများကို လေ့ကျင့်သင်ကြားပေးခြင်း

စေတနာ့ဝန်ထမ်းလုပ်အားပေးများသည် လူထုကိုနိုးထလာစေရန် တိုက်တွန်းစည်းရုံးခြင်းကို ကောင်းစွာလုပ်ဆောင်နိုင်ရန်အတွက် လေ့ကျင့်သင်တန်းပေးထားရန် လိုအပ်ပါသည်။ သင်တန်းတွင် အနည်းဆုံးအနေဖြင့် အောက်ပါအကြောင်းအရာများ ပါဝင်သင့်ပါသည်။

၁။ လူထုကိုနိုးထလာစေရန် တိုက်တွန်းစည်းရုံးခြင်း၏အဓိပ္ပါယ်နှင့် ဆောင်ရွက်ရသည့် ရည်ရွယ်ချက်။

၂။ အာဟာရချို့တဲ့မှု၏ အဓိပ္ပါယ်

၃။ အာဟာရချို့တဲ့မှု၏ ရေတိုနှင့် ရေရှည် အကျိုးဆက်များ

၄။ အာဟာရချို့တဲ့မှုကို ဖြစ်စေသည့် အကြောင်းရင်းခံများ

၅။ အထိရောက်ဆုံး မိခင်နို့တိုက်ကျွေးမှု

၆။ အကောင်းဆုံး ဖြည့်စွက်စာကျွေးမှု

၇။ နာမကျန်းသော ကလေးများကို အစာကျွေးမွေးခြင်း

၈။ မိခင်အာဟာရချို့တဲ့ခြင်း

၉။ လက်မောင်းလုံးပတ်တိုင်းတာခြင်းဖြင့် အာဟာရချို့တဲ့လူနာကို လှည့်လည်ရှာဖွေခြင်း

၁၀။ IMAM ကုသစောင့်ရှောက်မှုလုပ်ငန်းများနှင့် အစာစားလိုစိတ် ရှိမရှိကို စစ်ဆေးခြင်း

၁၁။ အာဟာရချို့တဲ့ခြင်းနှင့် ကုသခြင်းဆိုင်ရာသတင်းစကားများကို လူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန် မည်သို့အသိပေးဖြန့်ဝေပေးရမည်နည်း။

### ၂-၂-၅။ လူထု အသိပညာပေးအစီအစဉ် ကျင်းပခြင်း

ရပ်ရွာတွင် ဩဇာတိက္ကမရှိသူများကို လူထုအသိပညာပေးအစီအစဉ်၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်မည့်လုပ်ငန်းများအကြောင်း ရှင်းလင်းပြောပြပါ။

လူထု အသိပညာပေးအစီအစဉ်ကို မည်သည့်အချိန်တွင် ကျင်းပမည်ဆိုသည်ကို သြဇာရှိသူထံ အသိပေးအကြောင်းကြားကာ လူထုအား ထိုအစီအစဉ်သို့ တက်ရောက်ရန်ဖိတ်ကြားပေးဖို့ ထိုသူကို အကူအညီတောင်းပါ။

အသိပညာပေးအစီအစဉ်သို့ ရောက်ရှိလာသူများကို ကြိုဆိုကာအစီအစဉ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။

လတ်တလော အာဟာရချို့တဲ့ခြင်း၊ ရေတိုနှင့် ရေရှည်အကျိုးဆက်များ၊ အကြောင်းရင်းခံများကို လူထုမှ မည်သို့နားလည်ထားကြောင်းကိုသိရှိစေရန် အပြန်အလှန်ပြောဆို ဆွေးနွေးသည့်ပုံစံကို အသုံးပြုကာ အသိပညာပေးပါ။

ရပ်ရွာထဲတွင် အသက်ငါးနှစ်အောက်ကလေးများကို လက်မောင်းလုံးပတ်တိုင်းခြင်းဖြင့် လတ်တလောအာဟာရချို့တဲ့မှု ရှိမရှိ စစ်ဆေးခြင်း (လူနာလှည့်လည်ရှာဖွေခြင်း) ၏ အကျိုးကျေးဇူးများကို အလေးပေးကာ ရှင်းပြပါ။

လတ်တလောအာဟာရချို့တဲ့မှုရှိပါက (MAM) အတွက် SFP၊ နောက်ဆက်တွဲရောဂါပြဿနာများ မရှိသည့် SAM အတွက် OTP နှင့် နောက်ဆက်တွဲရောဂါပြဿနာများ ရှိသည့် SAM အတွက် ITP အစီအစဉ်များဖြင့် ကုသမှုများခံယူရရှိနိုင်ကြောင်းကို ရှင်းပြပါ။

အသိပညာပေး အစီအစဉ်တွင် မွေးကင်းစမှ အသက် (၆) လအထိ ကလေးများအတွက် စနစ်တကျ မိခင်နို့ကိုတိုက်ကျွေးသည့် အလေ့အထများ၊ အသက် (၆) လမှ (၂၄) လအထိ ကလေးများအတွက် စနစ်တကျ ဖြည့်စွက်စာကျွေးမွေးမှုအလေ့အထများ၊ နာမကျန်းဖြစ်နေသော ကလေးများကို အစာကျွေးမွေးသည့် အလေ့အထများနှင့် မိခင်အာဟာရအကြောင်းများကိုလည်း ဆွေးနွေးပေးသင့်ပါသည်။

လူထုကို အသိပညာပေးသည့်အစီအစဉ်သည် တစ်ကြိမ်တစ်ခါ ဆောင်ရွက်ပြီးလျှင် လုံလောက်သွားပြီဟုမဆိုနိုင်သော လုပ်ငန်းမျိုးဖြစ်ပါသည်။ အသိပညာပေးအစီအစဉ်ကို ပုံမှန်ကြီးထွားခြင်း တိုင်းတာမှုတိုးမြှင့်ဆောင်ရွက်ခြင်း (GMP) နှင့် တွဲကာ သို့မဟုတ် GMP နှင့်မတွဲဘဲ လစဉ် သီးသန့် ပြုလုပ်ပေးနိုင်ပါသည်။

## ၂-၂-၆။ လူနာလှည့်လည်ရှာဖွေခြင်းနှင့် လွှဲပြောင်းညွှန်းပို့ပေးခြင်း

လူနာလှည့်လည်ရှာဖွေခြင်း (Active case finding) ဆိုသည်မှာ ကျန်းမာသူများအကြား အသက် (၆) လမှ (၅၉)လ အထိ ကလေးများတွင် လတ်တလောအာဟာရချို့တဲ့မှုကို ရှာဖွေဖော်ထုတ်ခြင်း ဖြစ်ပါသည်။ ထိုအတွက် ကလေးများ၏ လက်မောင်းလုံးပတ်ကို တိုင်းတာလေ့ရှိပါသည်။ (MAM) သို့မဟုတ် SAM ရှိသည်ဟု ဖော်ထုတ်တွေ့ရှိသောကလေးများကို သက်ဆိုင်ရာကုသစောင့်ရှောက်မှု အစီအစဉ် သို့ လွှဲပြောင်းပါသည်။

လူနာလှည့်လည်ရှာဖွေမှုကို လွှမ်းခြုံမှုကောင်းမွန်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် စေတနာ့ဝန်ထမ်းလုပ်အားပေးများ၏ အခန်းကဏ္ဍသည် အရေးကြီးပါသည်။

## ၂-၂-၇။ နောက်ဆက်တွဲ စောင့်ရှောက်ခြင်း

လတ်တလော အာဟာရချို့တဲ့မှုရှိသော ကလေးများသည် ရောဂါများဖြစ်ပွားနိုင်ပြီး အသက်ဆုံးရှုံးနိုင်သည့်အန္တရာယ် ရှိပါသည်။ ထို့ကြောင့် သက်ဆိုင်ရာကုသစောင့်ရှောက်မှုအစီအစဉ်သို့ ပုံမှန်လာရောက်ပြသကာ ကုသမှုခံယူရန်နှင့် ၎င်းတို့၏အခြေအနေသည် ပုံမှန်တိုးတက်လာခြင်း ရှိ၊ မရှိ အဆက်မပြတ်စောင့်ကြည့်နေရန် အရေးကြီးပါသည်။

လူထု၏ တက်ကြွစွာပူးပေါင်းပါဝင်မှု အပြည့်အဝရရှိစေရန်အတွက် စေတနာ့ဝန်ထမ်းများသည် အောက်ပါတို့ကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။

၁။ IMAM ကုသစောင့်ရှောက်မှုအစီအစဉ်တွင် ကုသမှုခံယူနေသော အာဟာရချို့တဲ့သည့် ကလေးများ၏ အိမ်သို့ ပုံမှန်သွားရောက်ပေးခြင်း၊

၂။ သွားသည့်အခါတိုင်းတွင် ကလေးသည် ညွှန်ကြားထားသော ပမာဏအတိုင်း FBF/RUTF ကို စားသုံးနေခြင်း ရှိ၊ မရှိ ကို သေချာအောင်ဆောင်ရွက်ခြင်းနှင့် အစာစားလိုစိတ် ရှိ၊ မရှိ ကို စစ်ဆေးခြင်း၊

၃။ ကလေးများ၏ တိုးတက်မှုကို လက်မောင်းလုံးပတ်တိုင်းတာခြင်းနှင့် ဖောရောင်မှုလျော့နည်းလာခြင်း/မရှိတော့ခြင်းတို့ဖြင့် စစ်ဆေးခြင်း၊

၄။ ကလေးများ၏ နေအိမ်သို့ သွားရောက်စဉ်တွင် IYCF နှစ်သိမ့်ဆွေးနွေးပညာပေးမှုကို လုပ်ဆောင်ခြင်း၊

၅။ ကလေး၏ တိုးတက်လာမှုများ/အခြေအနေပိုဆိုးလာမှုများကို သားဖွားဆရာမထံသို့ ပြန်လည်သတင်းပို့ခြင်း၊

၆။ ရောဂါပျောက်ကင်းသည်အထိ မှန်မှန်ကုသရန်ပျက်ကွက်သောကလေးများကို ရှာဖွေ ဖော်ထုတ်ခြင်း၊

## ၂-၂-၈။ လုပ်ငန်းဆန်းစစ်ခြင်းနှင့် အကြံပြုခြင်း

လူထုကို နိုးထလာစေရန် တိုက်တွန်းစည်းရုံးခြင်းအား လုပ်ငန်းဆန်းစစ်ခြင်းနှင့် အကြံပြုခြင်းတို့ကို နှစ်လည်တွင် တစ်ကြိမ်နှင့် နှစ်ကုန်ဆုံးသောအခါ တစ်ကြိမ် ပြုလုပ်သင့်ပါသည်။ ထိုသို့ပြုလုပ်ရာတွင်-

- လူနာသစ်များ စာရင်းသွင်းခြင်း၊
- ရောဂါပြန်ဖြစ်ခြင်း၊
- ကုသပျောက်ကင်းသွားသူများ၊
- ရောဂါပျောက်ကင်းသည်အထိ မကုသဘဲ ပျက်ကွက်သူများ၊

- ကုသပျောက်ကင်းသွားသော ကလေးများ၏ ပျှမ်းမျှကုသချိန်၊
- ကုသ ပျောက်ကင်းသွားသည့် ကလေးများအတွက် ပျှမ်းမျှကိုယ်အလေးချိန် တိုးတက်မှုနှုန်း
- အစီအစဉ်လွှမ်းခြုံမှု စသည့်ကိန်းဂဏန်းများကို လေ့လာဆန်းစစ်ကာ လူထုကိုတိုက်တွန်း စည်းရုံးခြင်း၏ ထိရောက်မှုကို စစ်ဆေးရပါမည်။

အကယ်၍ ဆန်းစစ်လေ့လာမှုနှင့် ပြန်လည်သုံးသပ်မှုများတွင် လူထုကို တိုက်တွန်းစည်းရုံးခြင်း သည် ထိရောက်မှုမရှိကြောင်း တွေ့ရှိပါက

ဥပမာ-

- အစီအစဉ်၏ လွှမ်းခြုံမှုသည် ကျေးလက်ဒေသတွင် < ၅၀ %
- ရောဂါပျောက်ကင်းအောင်မကုသဘဲ အစီအစဉ်မှပျက်ကွက်သည့်နှုန်းမြင့်မားခြင်း >၁၅ %
- ပျက်ကွက်မှု (၂)လ မပြည့်ခင် ပြန်ရောက်လာသဖြင့် ကုသမှုခံယူရန် ပြန်လည်စာရင်း သွင်းဝင်ခွင့်ပြုသော လူနာနှုန်းနည်းခြင်း
- ကုသပျောက်ကင်းသွားသော ကလေးများ၏ ပျှမ်းမျှကုသချိန်ရှည်လျားခြင်း

လူထုအသိပေးသတင်းစကားများကို ပြန်လည်ပြုစုရန်၊ လူထုအသိပညာပေးအစီအစဉ်ကို ပြန်လည်ရေးဆွဲရန်နှင့် စေတနာ့ဝန်ထမ်းလုပ်အားပေးများကို မွမ်းမံသင်တန်းပေးရန် စသည်တို့ကို စဉ်းစားရပါမည်။

## လေ့ကျင့်ခန်း

### အခန်း (၂) လူထုကိုနိုးထလာစေရန် တိုက်တွန်းစည်းရုံး၍ IMAM လုပ်ငန်းစဉ်များတွင် ပါဝင်လာစေခြင်း (Community Mobilization)

- သင်တန်းသားများကို အဖွဲ့ ၄ ဖွဲ့ ခွဲပါ။
- အဖွဲ့လိုက် ဆောင်ရွက်ခြင်း အတွက် ခွင့်ပြုချိန် - ၂၀ မိနစ်။
- အဖွဲ့တစ်ဖွဲ့ချင်းစီမှ အားလုံးထံသို့ ၁၀ မိနစ်စီ ပြန်လည်တင်ပြခြင်း

**အဖွဲ့ ၁ မှ ဆွေးနွေးရန်**

၎င်းတို့၏ ရပ်ရွာများရှိ အဓိက လူထုကိုယ်စားလှယ်များမှာ မည်သူများနည်း၊ ရပ်ရွာလူထုအုပ်စုများနှင့် အဖွဲ့အစည်းများမှာ အဘယ်နည်း။

**အဖွဲ့ ၂ မှ ဆွေးနွေးရန်**

၎င်းတို့၏ ရပ်ရွာထဲတွင် သတင်းစကားများ ဆက်သွယ်ပြောကြားရန်အတွက် အထိရောက်ဆုံးနည်းလမ်းများ၊ ဆက်သွယ်ရေးလမ်းကြောင်းများမှာ အဘယ်နည်း။

**အဖွဲ့ ၃ မှ ဆွေးနွေးရန်**

၎င်းတို့၏ ရပ်ရွာထဲမှ လူထုအသိုင်းအဝိုင်းများသည် ကလေးရောဂါများအတွက် ကုသစောင့်ရှောက်မှုခံယူပုံ၊ အာဟာရချို့တဲ့မှုအတွက် ဒေသအသုံးအနှုန်းများ၊ အာဟာရချို့တဲ့မှုကိုဖြစ် စေသည်ဟု လူထုကယူဆသည့်အကြောင်းရင်းများ၊ အာဟာရချို့တဲ့မှုကို ကုသပုံများ။ ဤအဖွဲ့သည် အာဟာရချို့တဲ့မှုကို ဖေါ်ပြသော ရုပ်ပုံများ (ပိန်လှီသော ကလေးတစ်ဦးနှင့် ဖောရောင်နေသော ကလေးတစ်ဦး၏ပုံများ)ကို ကြည့်ကာ ၎င်းတို့၏ ရပ်ရွာလူထုများသည် ထိုပုံများကို မည်သို့ထင်မြင်ယူဆနိုင်ကြောင်းကိုလည်း ဆွေးနွေးသင့်ပါသည်။

**အဖွဲ့ ၄ မှ ဆွေးနွေးရန်**

အာဟာရချို့တဲ့မှု သို့မဟုတ် အထွေထွေရောဂါများကို စောင့်ရှောက် ကုသမှုကို ခံယူရရှိရန်အတွက် ၎င်းတို့၏ ရပ်ရွာလူထုများအတွင်းရှိ မည်သည့်အချက်များ အကြောင်းအရာများက အဟန့်အတားဖြစ်စေပါသလဲ။

အဖွဲ့တစ်ဖွဲ့ချင်းစီမှ တွေ့ရှိချက်များကို ပြန်လည်အစီရင်ခံတင်ပြရန် ဖြစ်သည်။ ထို့နောက် သင်တန်းသားအားလုံးက ဝိုင်းဝန်းဆွေးနွေးကြရန် ဖြစ်ပါသည်။

# အခန်း (၃)

## အာဟာရချို့တဲ့သူများကိုလှည့်လည်ရှာဖွေခြင်းနှင့် ကျန်းမာရေးဌာနသို့ရောက်လာသူများထဲမှ အာဟာရချို့တဲ့ လူနာရှာဖွေခြင်း၊ ရောဂါပြင်းထန်မှု အဆင့်သတ်မှတ်ခြင်းနှင့် ကုသစောင့်ရှောက်မှုအစီအစဉ်သို့ ဝင်ခွင့်ပြုခြင်း



# အခန်း (၃)

# အာဟာရချို့တဲ့သူများကိုလှည့်လည်ရှာဖွေခြင်းနှင့် ကျန်းမာရေးဌာနသို့ ရောက်လာသူများထဲမှ အာဟာရချို့တဲ့လူနာရှာဖွေခြင်း၊ ရောဂါပြင်းထန်မှု အဆင့်သတ်မှတ်ခြင်းနှင့် ကုသစောင့်ရှောက်မှုအစီအစဉ်သို့ ဝင်ခွင့်ပြုခြင်း

ကလေးတစ်ဦးကို လက်မောင်းလုံးပတ်တိုင်းတာခြင်းဖြင့် လတ်တလောအာဟာရချို့တဲ့သည်ဟု ဖော်ထုတ်တွေ့ရှိပါက ကလေး၏အာဟာရချို့တဲ့ခြင်း ပြင်းထန်မှုအဆင့်နှင့် ရောဂါလက္ခဏာများကို စစ်ဆေးစမ်းသပ်ကာ မည်သည့်အစီအစဉ်ဖြင့် ကုသရမည်ကို ဆုံးဖြတ်ရပါမည်။ ကလေးသည် သက်ဆိုင်ရာ အစီအစဉ်၌ ကုသမှု စတင်ခံယူသည်နှင့် လတ်တလောအာဟာရချို့တဲ့ လူနာမှတ်ပုံတင်နံပါတ်တစ်ခုကို ပေးရပါမည်။

## ၃-၁။ လူနာရှာဖွေဖော်ထုတ်ခြင်း

လတ်တလော အာဟာရချို့တဲ့သော ကလေးများကို ရပ်ရွာထဲတွင် လူနာလှည့်လည် ရှာဖွေခြင်းနှင့် ကျန်းမာရေးဌာနသို့ အခြားသောရောဂါတို့အတွက် ရောက်ရှိလာသူများထဲမှ အာဟာရချို့တဲ့လူနာကို ရှာဖွေခြင်းဟူ၍ နည်းလမ်းနှစ်မျိုးဖြင့် ရှာဖွေဖော်ထုတ်နိုင်ပါသည်။

### ၃-၁-၁။ လူနာလှည့်လည်ရှာဖွေခြင်း (Active Case Finding)

လူနာလှည့်လည်ရှာဖွေမှုကိုဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ ရပ်ရွာထဲရှိ အသက် (၆) လမှ (၅၉)လ အထိ ကလေးများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များတွင် လတ်တလောအာဟာရ ချို့တဲ့မှုကို စောစီးစွာရှာဖွေတွေ့ရှိရန်ဖြစ်ပါသည်။ ယင်းအား လူထုကို နိုးထလာစေရန် တိုက်တွန်းစည်းရုံးခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် လည်းကောင်း၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ (Nutrition Promotion Month) ကဲ့သို့သော ကလေးများနှင့် ထိတွေ့နိုင်သည့် အစီအစဉ်များ၊ လူထုအားလုံးထံအရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း (Reaching Every Community - REC) ကဲ့သို့သော ကျန်းမာရေးဌာနများမှ ကွင်းဆင်းဆောင်ရွက်သည့် အစီအစဉ်များ၊ အရေးပေါ်ကယ်ဆယ်ရေးစခန်းများနှင့် အခြားကလေးများနှင့် ထိတွေ့နိုင်သည့်အခွင့်အလမ်းများတွင် ဆောင်ရွက်နိုင်ပါသည်။

### ၃-၁-၂။ ကျန်းမာရေးဌာနသို့ အခြားသောရောဂါတို့အတွက် ရောက်ရှိလာသော လူနာများထဲမှ အာဟာရချို့တဲ့လူနာ ရှာဖွေခြင်း (Passive Case Finding)

ယင်းသည် ရောဂါတစ်ခုခုကြောင့် ကျန်းမာရေးကုသစောင့်ရှောက်မှုခံယူရန် ရောက်ရှိလာသည့် အသက် (၆) လမှ (၅၉) လ အထိ နာမကျန်းဖြစ်နေသော ကလေးများကြားတွင် လတ်တလော အာဟာရချို့တဲ့သည့် လူနာကို ရှာဖွေဖော်ထုတ်ခြင်း ဖြစ်ပါသည်။ ယင်းကို ဆေးရုံတစ်ရုံ၏ ပြင်ပ

လူနာဌာန သို့မဟုတ် လူနာဆောင်များ၊ကျန်းမာရေးဌာနများ၊ နာမကျန်းဖြစ်နေသော ကလေးများနှင့် ထိတွေ့နိုင်သည့် အခြားမည်သည့်နေရာတွင်မဆို (Under 5 Clinic, Community Clinic) ဆောင်ရွက်နိုင်ပါသည်။ လတ်တလောအာဟာရချို့တဲ့မှုကို အာဟာရချို့တဲ့သည့် လက္ခဏာများစစ်ဆေးခြင်း၊ လက်မောင်းလုံးပတ်တိုင်းခြင်း၊ ကိုယ်အလေးချိန်ချိန်ခြင်း၊ အရပ်အလိုက်ရှိသင့်သည့် ကိုယ်အလေးချိန် WFH Z Score တို့ဖြင့် စစ်ဆေးရှာဖွေနိုင်ပါသည်။

## ၃-၂။ ခန္ဓာကိုယ်တိုင်းတာမှုများနှင့် ဖောရောင်မှုကို စစ်ဆေးခြင်း

လက်မောင်းလုံးပတ် (MUAC)၊ ကိုယ်အလေးချိန်၊ အရပ်အမြင့်၊ ထို့နောက် အရပ်အလိုက်ရှိသင့်သည့် ကိုယ်အလေးချိန် WFH Z Score နှင့် ဖောရောင်မှုများကို တိုင်းတာစစ်ဆေးကာ လတ်တလော အာဟာရချို့တဲ့မှု၏ ပြင်းထန်မှုအဆင့်ကို သတ်မှတ်ရပါမည်။

### ၃-၂-၁။ လက်မောင်းလုံးပတ် MUAC တိုင်းတာခြင်း

MUAC ကို အောက်ပါအတိုင်း အဆင့်ဆင့် တိုင်းတာရပါမည်။

၁။ တိုင်းတာမှုပြုလုပ်သည့်အခါ ကလေးလက်မောင်းနှင့် တိုင်းတာသူ၏မျက်လုံး တစ်တန်းတည်းထားကာ တိုင်းပါ။ လိုအပ်လျှင် ထိုင်လိုက်ပါ။ အလွန်ငယ်သောကလေးများကို မိခင်မှ ချီထားနိုင်ပါသည်။ ကလေး၏ ဘယ်ဘက်လက်ကို အုပ်နေသောအဝတ်များရှိပါက မိခင်ကို ဖယ်ရှားခိုင်းပါ။

၂။ ကလေး၏ ဘယ်ဘက်လက်မောင်းအလယ်မှတ်ကို သတ်မှတ်ရန်အတွက် ဦးစွာ ကလေး၏ ပခုံးထိပ် (မြား ၁ နှင့် ၂) ကို တိုင်းတာသူ၏ လက်ချောင်းထိပ်များဖြင့် စမ်းကာရှာဖွေပါ။

- ကလေး၏ တံတောင်ဆစ်ကို ထောင့်မှန်ပုံစံဖြစ်အောင် ကွေးပါ။ (မြား ၃)
- ပုခုံးထိပ်တွင် မြားနှစ်ချောင်းဖြင့် ပြထားသော ပေကြိုး၏ သုညမှတ်ကို ထားပါ။ (မြား ၄)
- ပေကြိုးကို တံတောင်ဆစ်ထိပ်အထိ ရောက်အောင်ဆွဲချပါ။ (မြား ၅)
- တံတောင်ဆစ်ထိပ်ရှိ နံပါတ်ကို အနီးဆုံးမီလီမီတာအထိ ဖတ်ပါ။ လက်မောင်း၏ အလယ်မှတ်ကို ခန့်မှန်းရန်အတွက် ထိုနံပါတ်ကို နှစ်ဖြင့် စားပါ။
- လက်မောင်း အလယ်မှတ်ကို မင်ဖြင့် အမှတ်အသားပြုပါ။ (မြား ၆)



၃။ ကလေး၏ တံတောင်ဆစ်ကို ပြန်ဆန့်စေကာ ပေကြိုးကို လက်မောင်း၏အလယ်မှတ်တွင် ပတ်ပါ။ ပေကြိုးပေါ်မှနံပါတ်များ အပေါ်ရောက်နေကြောင်း သေချာပါစေ။ ပေကြိုးသည် အရေပြားပေါ်တွင် တွန့်ခေါက်မနေဘဲ အပြားလိုက်ရှိနေကြောင်း သေချာပါစေ။ (မြား ၇)

၄။ ကလေး၏ လက်မောင်းပေါ်ရှိ ပေကြိုး၏တင်းအားကို စစ်ဆေးပါ။ တင်းအားသည် အနေတော် ဖြစ်ရပါမည်။ (မြား ၇)။ တင်းလွန်းခြင်း၊ လျော့လွန်းခြင်း မရှိရပါ။ (မြား ၈ နှင့် ၉)။




၅။ ပေကြိုးသည် လက်မောင်းပေါ်တွင် နေရာမှန်၊ တင်းအားအနေတော် ဖြစ်သောအခါ လက်မောင်းလုံးပတ် အတိုင်းအတာကို ၁ မီလီမီတာအထိ အနီးဆုံးဖတ်ပါ။ (မြား ၁၀)

၆။ လက်မောင်းလုံးပတ် အတိုင်းအတာကို မှတ်တမ်းထဲတွင် ချရေးပါ။




## ၃-၂-၂။ ကိုယ်အလေးချိန်တိုင်းတာခြင်း

ကိုယ်အလေးချိန်ကို Salter Scale၊ Infant Beam Scale နှင့် အီလက်ထရောနစ် ချိန်ခွင်များဖြင့် ချိန်တွယ်နိုင်ပါသည်။

### ၃-၂-၂-၁ ။ Salter Scale ဖြင့် ကိုယ်အလေးချိန် ချိန်ခြင်း

ချိန်ခွင် မှန်၊ မမှန်ကို သိရှိထားသော အလေးချိန်တစ်ခုနှင့် နေ့စဉ် တိုက်ဆိုင် စစ်ဆေး သင့်ပါသည်။ ချိန်ခွင်ကို သုည အမှတ်တွင်ထားကာ ရေ (၁) လီတာ (ရေ ၁-လီတာသည် ၁-ကီလိုဂရမ် အလေးချိန်ရှိသည်)၊ ရေ (၂) လီတာ (ရေ ၂-လီတာသည် ၂-ကီလိုဂရမ် လေးသည်) နှင့် ရေ (၃) လီတာ (ရေ ၃-လီတာသည် ၃-ကီလိုဂရမ် လေးသည်)စသည်တို့ဖြင့် ချိန်ကြည့်ပါ။ ချိန်တွယ်မှုများသည် ၁၀ ဂရမ်ထက်ပို၍ ကွဲလွဲနေပါက ချိန်ခွင်အသစ် လဲသင့်ပါသည်။

ကိုယ်အလေးချိန်ကို အောက်ပါအဆင့်များဖြင့် ချိန်တွယ်တိုင်းတာပါသည်။

၁။ ချိန်ခွင်၊ ကလေးသိုင်းကြိုး၊ ကလေးထည့်သည့်ခြင်းနှင့် ငါးပေအရှည်ရှိသည့် ကြိုးစတို့ ရှိရပါမည်။

၂။ ချိန်ခွင်ကို သစ်ကိုင်းတစ်ကိုင်း သို့မဟုတ် မျက်နှာကြက်တန်းတွင် ချိတ်ဆွဲထားပါ။ ဝါးလုံးတစ်လုံးကို လူနှစ်ယောက်အား ထမ်းခိုင်းထားသည့် နည်းကိုလည်း အသုံးပြုနိုင်ပါသည်။

၃။ ချိန်ခွင်ချိတ်တွင် ကလေးသိုင်းကြိုး သို့မဟုတ် ခြင်းတောင်းကို ချိတ်ပါ။

၄။ ကလေးသိုင်းကြိုး၊ ခြင်းတောင်းအလွတ်တို့ချိတ်ထားလျက် ချိန်ခွင်ကို သုညအမှတ်တွင် ရှိနေအောင် ချိန်ညှိပါ။



၅။ ကလေးကို သိုင်းကြိုး သို့မဟုတ် ခြင်းတောင်းထဲသို့ မထည့်မီ အဝတ်အထည်များကို ချွတ်ပါ။

၆။ ကလေးသိုင်းကြိုးကို ကျန်းမာရေးဝန်ထမ်း၏လက်ပေါ်တင်ကာ ကလေးကို အသိုင်းထဲ ထည့်ပေးရန် မိခင်ကို ပြောပါ။ ခြင်းတောင်းကို အသုံးပြုလျှင် ကလေးကို ခြင်းတောင်းထဲ ထည့်ပါ။

၇။ ကလေးနှင့် ချိန်ခွင်၏ အနေအထားများကို စစ်ဆေးပါ။ ချိန်ခွင်ကို အန္တရာယ်ကင်းစွာ ချိတ်ဆွဲကာ တိုင်းသူ၏မျက်လုံးနှင့် တစ်တန်းတည်း ရှိပါစေ။ ချိန်ခွင်သည် မည်သည့်အရာနှင့်မျှ မထိစေရပါ။

၈။ ချိန်ခွင်မြားတံငြိမ်သွားပြီးနောက် အလေးချိန်ကို ဖတ်၍ မှတ်တမ်းတင်ပါ။






### ၃-၂-၂-၂။ ၆ လအောက်ကလေးများကို Infant Beam Scale ချိန်ခွင်ဖြင့် ကိုယ်အလေးချိန်ချိန်ခြင်း



၁။ ချိန်ခွင်သော့ကို ဖွင့်ပါ။ ချိန်ခွင်ပေါ်တွင် နူးညံ့သည့်အဝတ်စ သို့မဟုတ် ကလေးအနှီးကို တင်ကာ ချိန်ခွင်လက်ကို သုညအမှတ်တွင် ရှိနေအောင်ထားပါ။ (ဆိုလိုသည်မှာ ချိန်ခွင်လက်၏ အစွန်းသည် ၎င်းကို ထည့်ထားသည့်အပေါက်၏ ထိပ် သို့မဟုတ် အောက်နှင့် ထိမနေစေခြင်း ဖြစ်သည်)။

၂။ ကလေးကို ပြုစုစောင့်ရှောက်သူအား ကလေး၏ အဝတ်အထူများကို ချွတ်စေကာ ကလေးကို ချိန်ခွင်ပေါ် တင်ခိုင်းပါ။ ကလေးကို ပြုစုစောင့်ရှောက်သူအား ကလေးအနားတွင်နေရန်၊ သို့သော်လည်း ကလေး သို့မဟုတ် ချိန်ခွင်ကို မထိအောင် ဂရုစိုက်ရန် ပြောပါ။

၃။ ချိန်ခွင်လက်သည် အပေါ်နှင့်ရော၊ အောက်နှင့်ပါ ထိမနေသည်အထိ အလေးချိန်များကို ချိန်ခွင်လက်တံ တစ်လျှောက်ရွှေ့လျားကာ ချိန်ညှိပေးပါ။

၄။ ကလေး၏ ကိုယ်အလေးချိန်ကို (၁၀) ဂရမ် အထိ အတိအကျဖတ်ကာ ရေးချထားပါ။

၅။ ချိန်ခွင်သော့ကို ပြန်ခတ်ကာ ကလေးကို ချိန်ခွင်ပေါ်မှ ဖယ်ရှားပါ။

၆။ ချိန်ခွင်ကို သန့်စင်ကာ သုညအမှတ်တွင် ပြန်ထားပါ။

### ၃-၂-၂-၃။ ကိုယ်အလေးချိန်ကို အီလက်ထရောနစ်ချိန်ခွင်ဖြင့် ချိန်တွယ်ခြင်း

ကိုယ်အလေးချိန်ကို အောက်ပါအဆင့်များအတိုင်း ချိန်တွယ်ရပါမည်။

၁။ အလင်းရောင်ကောင်းစွာ ရရှိသည့်နေရာတွင် ချိန်တွယ်ပါ။

၂။ ချိန်ခွင်ဘေးရှိ အဖွင့်/အပိတ်ခလုတ်ကို ဖွင့်ပါ။



၃။ ချိန်တွယ်မှုကို စတင်ရန်အတွက် ချိန်ခွင်ရှေ့ရှိ start ခလုတ်ကို နှိပ်ပါ။ ‘start’ နှင့် ‘2 in 1’ ဟူသည့် ခလုတ် (၂) ခု ရှိပါသည်။




၄။ ချိန်ခွင်၏ နံပါတ်များ ပေါ်သည့် အကွက် (၂) ကွက်တွင် သုည (၃) လုံးပေါ်လာသည်အထိ စောင့်ပါ။ သုည (၃) လုံးပေါ်လာလျှင် ချိန်ခွင်သည် ချိန်တွယ်ရန် အဆင်သင့် ဖြစ်ပြီဖြစ်သည်။




မိခင်/ပြုစုစောင့်ရှောက်သူ၏ ကိုယ်အလေးချိန်ကို တိုင်းတာခြင်း

၁။ ကိုယ်အလေးချိန် ချိန်မည့်သူသည် ချိန်ခွင်ပေါ်သို့မတက်မီ အပေါ်ဝတ်အင်္ကျီများ၊ ဆွယ်တာများ၊ ကလစ်များ၊ နာရီများ၊ ဖိနပ်များ၊ လက်ကိုင်ဖုန်းများနှင့် အခြားလေးလံသောပစ္စည်းများကို ဖယ်ရှားခိုင်းပါ။

၂။ ကိုယ်အလေးချိန် ချိန်မည့်သူကို ချိန်ခွင်ပေါ်သို့တက်ကာ ကိုယ်ကိုမတ်ကာ ငြိမ်ငြိမ်ရပ်နေခိုင်းပါ။ ရှေ့တည့်တည့်ကို ကြည့်ခိုင်းပါ။ ခေါင်းမော့မနေရ၊ ခေါင်းငုံ့မနေရပါ။




၃။ အကွက်တွင်ပေါ်လာသောနံပါတ်များ (ကိုယ်အလေးချိန်) ကို အသံထွက်ဖတ်ကာ မှန်ကန်စွာ ချရေးပါ။

၄။ ကိုယ်အလေးချိန်ကို ကီလိုဂရမ်ဖြင့် အနီးဆုံးဒသမတစ်နေရာအထိ မှတ်သားပါ။

မိခင်/ပြုစုစောင့်ရှောက်သူနှင့် ကလေး၏ ကိုယ်အလေးချိန်ကို တစ်ပြိုင်တည်းချိန်တွယ်ခြင်း

၁။ ကလေး၏ ကိုယ်အလေးချိန်ကို ချိန်တွယ်နိုင်ရန်အတွက် မိခင်တစ်ဦးတည်းကို ဦးစွာချိန်ပြီးနောက် မိခင်နှင့် ကလေးကို အတူတကွချိန်ရပါမည်။

၂။ start ခလုတ်ကို နှိပ်ကာ 'သုည (၃) လုံး' ပေါ်လာသည်အထိ စောင့်ပါ။

၃။ ထို့နောက် မိခင်ကို ချိန်ခွင်ပေါ်တက်ကာ ကိုယ်အနေအထားမှန်ကန်စွာ ရပ်ခိုင်းပါ။




၄။ မိခင်ကို ငြိမ်သက်စွာ ခေတ္တနေခိုင်းပါ။ နံပါတ်များ (မိခင်၏ အလေးချိန်) ပေါ်လာပါက မှန်ကန်စွာမှတ်သားပါ။ ထို့နောက် မိခင်ကို ချိန်ခွင်ပေါ်မှ မဆင်းခိုင်းဘဲ 2 in 1 ခလုတ်ကို နှိပ်ပါ။ 'သုည (၃) လုံး' ပေါ်လာသည်အထိ စောင့်ပါ။ ထို့နောက် ကလေးကို ချိန်ခွင်ပေါ်ရပ်နေသော မိခင်ကို ပေးကာချီခိုင်းပါ။




၅။ မိခင်နှင့်ကလေးကို ခေတ္တ ငြိမ်သက်စွာနေခိုင်းပါ။ နံပါတ်များ ပေါ်လာပါက မှန်ကန်စွာရေးမှတ်ပါ။ ၎င်းသည် ကလေး၏ ကိုယ်အလေးချိန် ဖြစ်ပါသည်။

၆။ မိခင်နှင့်ကလေးကို အလေးချိန်ချိန်ပြီးနောက် 2 in 1 ခလုပ်ကို ထပ်မနှိပ်ပါက 2 in 1 ဆောင်ရွက်ချက်သည် ကျန်ရှိနေမည်ဖြစ်သည်။ ထို့ကြောင့် မိခင်နှင့်ကလေးကို ကိုယ်အလေးချိန်ချိန်ပြီးပါက ထိုခလုတ်ကို တစ်ကြိမ် ပြန်နှိပ်သင့်ပါသည်။

၇။ အကယ်၍ ချိန်ခွင်ကို (၂) မိနစ်ထက်ပို၍ အသုံးမပြုပါက 2 in 1 ဆောင်ရွက်ချက်နှင့် ချိန်ခွင်သည် အလိုအလျောက် ပိတ်သွားပါလိမ့်မည်။

ချိန်ခွင်ပေါ်သို့ အလေးချိန် (၁၅၀) ကီလိုဂရမ်ထက် ပိုများသည့်အလေးချိန်ကို တင်ပါက 'STOP' ဟူ၍ ပေါ်လာပါလိမ့်မည်။

## ၃-၂-၃ (က)။ အရပ်တိုင်းသည့်ဘုတ်ပြားဖြင့် အရပ်တိုင်းခြင်း (အသက် ၂-နှစ်နှင့်အထက် မတ်တပ်ရပ်နိုင်သောကလေးများအတွက်)

အရပ်ကို အောက်ပါအဆင့်များဖြင့် တိုင်းတာပါသည်။

၁။ ကလေး၏ ဖိနပ်များကိုချွတ်ကာ ကလေးကို အရပ်တိုင်းသည့်ဘုတ်ပြားပေါ်တင်ပြီး ဘုတ်ပြား၏ အလယ်တွင် လက်များကိုဘေးကပ်ကာ မတ်မတ်ရပ်ခိုင်းပါ။

၂။ ကလေးသည် ခြေထောက်များကိုစုကာ ရပ်သင့်ပြီး ခြေဖဝါးများသည် ဘုတ်ပြားအောက်ခြေနှင့် ထိနေရပါမည်၊ (ဆိုလိုသည်မှာ ခြေဖျားထောက်ကာ မရပ်ရပါ)။

၃။ ကလေး၏ ခြေကျင်းဝတ်နှင့် ဒူးများ၏ နောက်ပိုင်းကို ဘုတ်ပြားဘက်သို့ တင်းတင်းဖိပေးထားသင့်ပါသည်။

၄။ ကလေးသည် ခြေဖနောင့်များ၊ ခြေသလုံးများ၊ တင်ပါးများ၊ ပုခုံးများနှင့် ခေါင်းတို့သည် ဘုတ်ပြား၏အနောက်ကို ထိကာ မတ်မတ်ရပ်နေရပါမည်။

၅။ အရပ်တိုင်းသူသည် ကလေး၏ခေါင်းကို မတ်နေအောင် ကိုင်ထားပါ။ ကလေးသည် ရှေ့တည့်တည့်သို့ ကြည့်နေရပါမည်။

၆။ အရပ်တိုင်းသူသည် တိုင်း၍ရသော နံပါတ်ကို (၁) မီလီမီတာအထိ အနီးဆုံးယူကာ ကျယ်လောင်စွာ အသံထွက် ဖတ်ရပါမည်။

၇။ ကလေး၏ခြေထောက်များကို ထိန်းကိုင်ပေးထားသူသည် အရပ်အမြင့်ကို ထပ်မံရွတ်ဆိုကာ အတည်ပြုပေးရပါ မည်။

၈။ တိုင်း၍ရသောအရပ်ကို အနီးဆုံး (၁) မီလီမီတာအထိ ယူကာ မှတ်တမ်းထဲတွင် ရေးမှတ်ပါ။



### ၃-၂-၃ (ခ)။ အလျားတိုင်းသည့် ဘုတ်ပြားဖြင့် ခန္ဓာကိုယ်အလျားကို တိုင်းတာခြင်း

ခန္ဓာကိုယ် အလျားကို အောက်ပါ အဆင့်များဖြင့် တိုင်းတာပါသည်။

၁။ ကလေးကို အလျားတိုင်းသည့် ဘုတ်ပြား၏အလယ်တွင် လှဲလျောင်းလျက် အနေအထားဖြင့် ထားပါ။ (မြား ၁ ၊ မြား ၇)

၂။ အလျားတိုင်းရန် ကူညီပေးသူက ကလေး၏ခေါင်းကို ထိန်းကိုင်ပေးကာ ဘုတ်ပြားတွင် တပ်ထားသော ခေါင်းထိရမည့်နေရာနှင့် ဆံပင်များပိသည်အထိ သေချာစွာထိနေအောင် ခေါင်းကို နေရာချပါ။ (မြား ၂ ၊ မြား ၅ ၊ မြား ၆)

၃။ အလျားတိုင်းသူသည် ကလေးခြေထောက်ကို ငြင်သာစွာ ဆွဲဆန့်ပေးပြီး ခြေထောက်များ ကွေးမသွားစေရန် ပေါင်များကို လက်တစ်ဖက်ဖြင့် ဖိထားပါ။ (မြား ၃ ၊ မြား ၈)

၄။ ကလေး၏ခြေထောက်ကို နေရာချသောအခါတွင် ရွှေ့လျားနိုင်သော ခြေထိန်းပြားကို ကလေး၏ ခြေဖဝါးများနှင့် သေချာထိနေအောင် တွန်းရွှေ့ပေးရပါမည်။ (မြား ၉)

၅။ အလျားကို ဖတ်သည့်အချိန်တွင် ခြေထိန်းပြားသည် ဘုတ်ပြားနှင့် ထောင့်မှန်ကျနေပြီး ဒေါင်လိုက် တည့်မတ်စွာ ရှိနေရပါမည်။

၆။ အလျားကို အနီးဆုံး (၁) မီလီမီတာအထိ ဖတ်ကာ ရေးမှတ်ပါ။




### ၃-၂-၄။ ဇယားမှ အရပ်အလိုက်ရှိရမည့် ကိုယ်အလေးချိန် Z Score ကို ဖတ်ခြင်း

ယောက်ျားလေးများအတွက် WFH Z Score နှင့် မိန်းကလေးများအတွက် WFH Z Score တို့ကို ဇယားတွင် သီးသန့်စာတိုင်များဖြင့် ပြထားပါသည်။ ထို့အတူ အသက် (၂၃) လအောက် ကလေးများနှင့် အသက် (၂၄) လမှ (၅၉) လကြား ကလေးများအတွက် WFH Z Score များကိုလည်း သီးသန့်ဇယားများဖြင့် ပြထားပါသည်။ ဇယား (၄) နှင့် (၅) ကို ကြည့်ပါရန်။

ဥပမာ (၁) ခန္ဓာကိုယ် အလျား (၅၃) စင်တီမီတာနှင့် ကိုယ်အလေးချိန် (၃. ၀) ကီလိုဂရမ်ရှိ သော အသက် (၂၀) လအရွယ် ယောက်ျားလေး။

၁။ အသက် (၆) လမှ (၂၃)လကြား ကလေးများအတွက် ခန္ဓာကိုယ်အလျားအလိုက်ရှိရမည့် ကိုယ်အလေးချိန်ကို ရှာရန် ဇယား (ဇယား ၄) ကို ကြည့်ပါ။

၂။ ကလေးသည် 'ယောက်ျားလေး' ဖြစ်သည့်အတွက် 'Length (Cm)' စာတိုင်၏ ဘယ်ဘက်ရှိ (ယောက်ျားလေး၏ ကိုယ်အလေးချိန်အောက်မှ) ကိန်းဂဏန်းများကို အသုံးပြုရပါမည်။

၃။ 'Length (Cm)' ဟူသည့် အလယ်မှ စာတိုင်ကို ကြည့်ပါ။ အလျား '၅၃' ကို ရှာပါ။

၄။ ပေတံတစ်ချောင်းကို ယူကာ '၅၃' အောက်တွင် ထားပါ။

၅။ ကလေး၏ ကိုယ်အလေးချိန်ဖြစ်သည့် '၃. ၀' နှင့် ကိုက်ညီသည့် အနီးဆုံးတန်ဖိုးကို ရှာပါ။ (၃. ၀) နှင့် အနီးဆုံးမှာ Z Score -3 SD နှင့် ကိုက်ညီသည့် (၃. ၁) ဖြစ်ပါသည်။

၆။ (၃. ၀)သည် -3 SD နှင့်ကိုက်ညီသည့် (၃. ၁)ထက်နည်းသည့်အတွက် ကလေး၏ အရပ်အမောင်း အလိုက်ရှိရမည့် ကိုယ်အလေးချိန် Z Score သည် -3 SD ထက် နည်းပါသည် (< -3SD)။

၇။ ထို့ကြောင့် ကလေးတွင် ပြင်းထန်သည့် လတ်တလော အာဟာရချို့တဲ့မှု (SAM) ရှိသည်ဟု သတ်မှတ်ပါသည်။

ဥပမာ (၂) အရပ်အမြင့် (၇၇) စင်တီမီတာနှင့် ကိုယ်အလေးချိန် (၇. ၈) ကီလိုဂရမ်ရှိသော (၃၆) လသားအရွယ် မိန်းကလေး

၁။ အသက် (၂၄) လနှင့် (၅၉)လကြား ကလေးများအတွက် အရပ်အမောင်းအလိုက်ရှိသင့်သည့် ကိုယ်အလေးချိန်ကိုရှာရန် ဇယားကို ကြည့်ပါ။ (ဇယား ၅)

၂။ ကလေးသည် 'မိန်းကလေး' ဖြစ်သည့်အတွက် 'Length (Cm)' ၏ ညာဘက်ရှိ (မိန်းကလေး ကိုယ်အလေးချိန်အောက်မှ) ကိန်းဂဏန်းများကို အသုံးပြုရပါမည်။

၃။ အလယ်စာတိုင်ဖြစ်သည့် 'Length (Cm)' ကို ကြည့်ပါ။ အလျား '၇၇' ကို ရှာပါ။

၄။ ပေတံတစ်ချောင်းကို ယူပါ။ '၇၇' အောက်တွင် ထားပါ။

၅။ ကလေး၏ ကိုယ်အလေးချိန်ဖြစ်သော '၇. ၈' နှင့် ကိုက်ညီသည့် အနီးဆုံးတန်ဖိုးကို ရှာပါ။ (၇. ၈) အတွက် အနီးဆုံးကိန်းဂဏန်းမှာ (၈. ၁) နှင့် (၇. ၅) ကြားတွင် ရှိပါသည်။ ယင်းသည် Z Score - 2 SD နှင့် -3 SD ကြားတွင် ရှိပါသည်။

၆။ ထို့ကြောင့် ထိုမိန်းကလေးသည် လတ်တလော အတန်အသင့် အာဟာရချို့တဲ့မှု (MAM) ရှိသည်ဟု သတ်မှတ်ပါသည်။

## ဇယား (၄) အသက် ၂၄လအောက် ကလေးများအတွက် ခန္ဓာကိုယ်အလျားအလိုက်ရှိသင့်သည့် ကိုယ်အလေးချိန်ကို ရှာရန်ဇယား

ကလေးသည် အသက် ၂ နှစ်အောက်ဆိုပါက (သို့မဟုတ် ကလေးသည် အရပ်အမြင့် ၈၇ စင်တီမီတာအောက်ရှိပြီး သူ/သူမ၏ အသက်ကိုမသိရှိပါက) ကလေးကို လှဲလျောင်းလျက်အနေအထားဖြင့် ခန္ဓာကိုယ်အလျားကို တိုင်းတာပါ။ ခန္ဓာကိုယ် အလျားအလိုက်ရှိရမည့် ကိုယ်အလေးချိန်ကိုရှာရန် ဇယားကို အသုံးပြုပါ။

| Boys' weight (kg) | | | | Length (cm) | Girls' weight (kg) | | | |
|---|---|---|---|---|---|---|---|---|
| −3 SD | −2 SD | −1 SD | Median | | Median | −1 SD | −2 SD | −3 SD |
| 1.9 | 2.0 | 2.2 | 2.4 | 45 | 2.5 | 2.3 | 2.1 | 1.9 |
| 2.0 | 2.2 | 2.4 | 2.6 | 46 | 2.6 | 2.4 | 2.2 | 2.0 |
| 2.1 | 2.3 | 2.5 | 2.8 | 47 | 2.8 | 2.6 | 2.4 | 2.2 |
| 2.3 | 2.5 | 2.7 | 2.9 | 48 | 3.0 | 2.7 | 2.5 | 2.3 |
| 2.4 | 2.6 | 2.9 | 3.1 | 49 | 3.2 | 2.9 | 2.6 | 2.4 |
| 2.6 | 2.8 | 3.0 | 3.3 | 50 | 3.4 | 3.1 | 2.8 | 2.6 |
| 2.7 | 3.0 | 3.2 | 3.5 | 51 | 3.6 | 3.3 | 3.0 | 2.8 |
| 2.9 | 3.2 | 3.5 | 3.8 | 52 | 3.8 | 3.5 | 3.2 | 2.9 |
| 3.1 | 3.4 | 3.7 | 4.0 | 53 | 4.0 | 3.7 | 3.4 | 3.1 |
| 3.3 | 3.6 | 3.9 | 4.3 | 54 | 4.3 | 3.9 | 3.6 | 3.3 |
| 3.6 | 3.8 | 4.2 | 4.5 | 55 | 4.5 | 4.2 | 3.8 | 3.5 |
| 3.8 | 4.1 | 4.4 | 4.8 | 56 | 4.8 | 4.4 | 4.0 | 3.7 |
| 4.0 | 4.3 | 4.7 | 5.1 | 57 | 5.1 | 4.6 | 4.3 | 3.9 |
| 4.3 | 4.6 | 5.0 | 5.4 | 58 | 5.4 | 4.9 | 4.5 | 4.1 |
| 4.5 | 4.8 | 5.3 | 5.7 | 59 | 5.6 | 5.1 | 4.7 | 4.3 |
| 4.7 | 5.1 | 5.5 | 6.0 | 60 | 5.9 | 5.4 | 4.9 | 4.5 |
| 4.9 | 5.3 | 5.8 | 6.3 | 61 | 6.1 | 5.6 | 5.1 | 4.7 |
| 5.1 | 5.6 | 6.0 | 6.5 | 62 | 6.4 | 5.8 | 5.3 | 4.9 |
| 5.3 | 5.8 | 6.2 | 6.8 | 63 | 6.6 | 6.0 | 5.5 | 5.1 |
| 5.5 | 6.0 | 6.5 | 7.0 | 64 | 6.9 | 6.3 | 5.7 | 5.3 |
| 5.7 | 6.2 | 6.7 | 7.3 | 65 | 7.1 | 6.5 | 5.9 | 5.5 |
| 5.9 | 6.4 | 6.9 | 7.5 | 66 | 7.3 | 6.7 | 6.1 | 5.6 |
| 6.1 | 6.6 | 7.1 | 7.7 | 67 | 7.5 | 6.9 | 6.3 | 5.8 |
| 6.3 | 6.8 | 7.3 | 8.0 | 68 | 7.7 | 7.1 | 6.5 | 6.0 |
| 6.5 | 7.0 | 7.6 | 8.2 | 69 | 8.0 | 7.3 | 6.7 | 6.1 |
| 6.6 | 7.2 | 7.8 | 8.4 | 70 | 8.2 | 7.5 | 6.9 | 6.3 |
| 6.8 | 7.4 | 8.0 | 8.6 | 71 | 8.4 | 7.7 | 7.0 | 6.5 |
| 7.0 | 7.6 | 8.2 | 8.9 | 72 | 8.6 | 7.8 | 7.2 | 6.6 |
| 7.2 | 7.7 | 8.4 | 9.1 | 73 | 8.8 | 8.0 | 7.4 | 6.8 |
| 7.3 | 7.9 | 8.6 | 9.3 | 74 | 9.0 | 8.2 | 7.5 | 6.9 |
| 7.5 | 8.1 | 8.8 | 9.5 | 75 | 9.1 | 8.4 | 7.7 | 7.1 |
| 7.6 | 8.3 | 8.9 | 9.7 | 76 | 9.3 | 8.5 | 7.8 | 7.2 |
| 7.8 | 8.4 | 9.1 | 9.9 | 77 | 9.5 | 8.7 | 8.0 | 7.4 |

| Boys’ weight (kg) | | | | Length (cm) | Girls’ weight (kg) | | | |
|---|---|---|---|---|---|---|---|---|
| −3 SD | −2 SD | −1 SD | Median | | Median | −1 SD | −2 SD | −3 SD |
| 7.9 | 8.6 | 9.3 | 10.1 | 78 | 9.7 | 8.9 | 8.2 | 7.5 |
| 8.1 | 8.7 | 9.5 | 10.3 | 79 | 9.9 | 9.1 | 8.3 | 7.7 |
| 8.2 | 8.9 | 9.6 | 10.4 | 80 | 10.1 | 9.2 | 8.5 | 7.8 |
| 8.4 | 9.1 | 9.8 | 10.6 | 81 | 10.3 | 9.4 | 8.7 | 8.0 |
| 8.5 | 9.2 | 10.0 | 10.8 | 82 | 10.5 | 9.6 | 8.8 | 8.1 |
| 8.7 | 9.4 | 10.2 | 11.0 | 83 | 10.7 | 9.8 | 9.0 | 8.3 |
| 8.9 | 9.6 | 10.4 | 11.3 | 84 | 11.0 | 10.1 | 9.2 | 8.5 |
| 9.1 | 9.8 | 10.6 | 11.5 | 85 | 11.2 | 10.3 | 9.4 | 8.7 |
| 9.3 | 10.0 | 10.8 | 11.7 | 86 | 11.5 | 10.5 | 9.7 | 8.9 |
| 9.5 | 10.2 | 11.1 | 12.0 | 87 | 11.7 | 10.7 | 9.9 | 9.1 |
| 9.7 | 10.5 | 11.3 | 12.2 | 88 | 12.0 | 11.0 | 10.1 | 9.3 |
| 9.9 | 10.7 | 11.5 | 12.5 | 89 | 12.2 | 11.2 | 10.3 | 9.5 |
| 10.1 | 10.9 | 11.8 | 12.7 | 90 | 12.5 | 11.4 | 10.5 | 9.7 |
| 10.3 | 11.1 | 12.0 | 13.0 | 91 | 12.7 | 11.7 | 10.7 | 9.9 |
| 10.5 | 11.3 | 12.2 | 13.2 | 92 | 13.0 | 11.9 | 10.9 | 10.1 |
| 10.7 | 11.5 | 12.4 | 13.4 | 93 | 13.2 | 12.1 | 11.1 | 10.2 |
| 10.8 | 11.7 | 12.6 | 13.7 | 94 | 13.5 | 12.3 | 11.3 | 10.4 |
| 11.0 | 11.9 | 12.8 | 13.9 | 95 | 13.7 | 12.6 | 11.5 | 10.6 |
| 11.2 | 12.1 | 13.1 | 14.1 | 96 | 14.0 | 12.8 | 11.7 | 10.8 |
| 11.4 | 12.3 | 13.3 | 14.4 | 97 | 14.2 | 13.0 | 12.0 | 11.0 |
| 11.6 | 12.5 | 13.5 | 14.6 | 98 | 14.5 | 13.3 | 12.2 | 11.2 |
| 11.8 | 12.7 | 13.7 | 14.9 | 99 | 14.8 | 13.5 | 12.4 | 11.4 |
| 12.0 | 12.9 | 14.0 | 15.2 | 100 | 15.0 | 13.7 | 12.6 | 11.6 |

## ဇယား (၅) အသက် ၂၄လမှ ၅၉ လကြား ကလေးများအတွက် အရပ်အလိုက်ရှိရမည့် ကိုယ်အလေးချိန်ကို ရှာရန်ဇယား

ကလေးသည် အသက် ၂ နှစ် (သို့)၂ နှစ်အထက်ဖြစ်လျှင် (သို့မဟုတ် ကလေးသည် အနည်းဆုံး အရပ်အမြင့် ၈၇ စင် တီမီတာ ရှိပြီး သူ/သူမ၏ အသက်ကိုမသိလျှင်) မတ်တပ်ရပ်လျက်အနေအထားဖြင့် အရပ်ကိုတိုင်းတာပါ။ အသက် ၂ နှစ် သို့မဟုတ် ၂ နှစ်အထက်ရှိသော (သို့) အရပ်အမြင့် အနည်းဆုံး ၈၇ စင်တီမီတာ ရှိသော ကလေးတစ်ဦးသည် မတ်တပ်မရပ်နိုင်ပါက ခန္ဓာကိုယ်အလျားကို လဲလျောင်းလျက်အနေအထားတွင် တိုင်းတာကာနှိုင်းယှဉ်နိုင်သည့် အရပ်အမြင့်ကို ရရှိရန်နှင့် အရပ်အလိုက်ရှိသင့်သည့် ကိုယ်အလေးချိန်ကို ရှာရန်ဇယားကို အသုံးပြုနိုင်ရန် တိုင်းတာရရှိသည့် ခန္ဓာကိုယ်အလျားထဲမှ ၀.၇ စင်တီမီတာကို နုတ်ပေးပါ။

| Boys’ weight (kg) | | | | High | Girls’ weight (kg) | | | |
|---|---|---|---|---|---|---|---|---|
| −3 SD | −2 SD | −1 SD | Median | (cm) | Median | −1 SD | −2 SD | −3 SD |
| 5.9 | 6.3 | 6.9 | 7.4 | 65 | 7.2 | 6.6 | 6.1 | 5.6 |
| 6.1 | 6.5 | 7.1 | 7.7 | 66 | 7.5 | 6.8 | 6.3 | 5.8 |
| 6.2 | 6.7 | 7.3 | 7.9 | 67 | 7.7 | 7.0 | 6.4 | 5.9 |
| 6.4 | 6.9 | 7.5 | 8.1 | 68 | 7.9 | 7.2 | 6.6 | 6.1 |
| 6.6 | 7.1 | 7.7 | 8.4 | 69 | 8.1 | 7.4 | 6.8 | 6.3 |
| 6.8 | 7.3 | 7.9 | 8.6 | 70 | 8.3 | 7.6 | 7.0 | 6.4 |

| Boys' weight (kg) | | | | High | Girls' weight (kg) | | | |
|---|---|---|---|---|---|---|---|---|
| −3 SD | −2 SD | −1 SD | Median | (cm) | Median | −1 SD | −2 SD | −3 SD |
| 6.9 | 7.5 | 8.1 | 8.8 | 71 | 8.5 | 7.8 | 7.1 | 6.6 |
| 7.1 | 7.7 | 8.3 | 9.0 | 72 | 8.7 | 8.0 | 7.3 | 6.7 |
| 7.3 | 7.9 | 8.5 | 9.2 | 73 | 8.9 | 8.1 | 7.5 | 6.9 |
| 7.4 | 8.0 | 8.7 | 9.4 | 74 | 9.1 | 8.3 | 7.6 | 7.0 |
| 7.6 | 8.2 | 8.9 | 9.6 | 75 | 9.3 | 8.5 | 7.8 | 7.2 |
| 7.7 | 8.4 | 9.1 | 9.8 | 76 | 9.5 | 8.7 | 8.0 | 7.3 |
| 7.9 | 8.5 | 9.2 | 10.0 | 77 | 9.6 | 8.8 | 8.1 | 7.5 |
| 8.0 | 8.7 | 9.4 | 10.2 | 78 | 9.8 | 9.0 | 8.3 | 7.6 |
| 8.2 | 8.8 | 9.6 | 10.4 | 79 | 10.0 | 9.2 | 8.4 | 7.8 |
| 8.3 | 9.0 | 9.7 | 10.6 | 80 | 10.2 | 9.4 | 8.6 | 7.9 |
| 8.5 | 9.2 | 9.9 | 10.8 | 81 | 10.4 | 9.6 | 8.8 | 8.1 |
| 8.7 | 9.3 | 10.1 | 11.0 | 82 | 10.7 | 9.8 | 9.0 | 8.3 |
| 8.8 | 9.5 | 10.3 | 11.2 | 83 | 10.9 | 10.0 | 9.2 | 8.5 |
| 9.0 | 9.7 | 10.5 | 11.4 | 84 | 11.1 | 10.2 | 9.4 | 8.6 |
| 9.2 | 10.0 | 10.8 | 11.7 | 85 | 11.4 | 10.4 | 9.6 | 8.8 |
| 9.4 | 10.2 | 11.0 | 11.9 | 86 | 11.6 | 10.7 | 9.8 | 9.0 |
| 9.6 | 10.4 | 11.2 | 12.2 | 87 | 11.9 | 10.9 | 10.0 | 9.2 |
| 9.8 | 10.6 | 11.5 | 12.4 | 88 | 12.1 | 11.1 | 10.2 | 9.4 |
| 10.0 | 10.8 | 11.7 | 12.6 | 89 | 12.4 | 11.4 | 10.4 | 9.6 |
| 10.2 | 11.0 | 11.9 | 12.9 | 90 | 12.6 | 11.6 | 10.6 | 9.8 |
| 10.4 | 11.2 | 12.1 | 13.1 | 91 | 12.9 | 11.8 | 10.9 | 10.0 |
| 10.6 | 11.4 | 12.3 | 13.4 | 92 | 13.1 | 12.0 | 11.1 | 10.2 |
| 10.8 | 11.6 | 12.6 | 13.6 | 93 | 13.4 | 12.3 | 11.3 | 10.4 |
| 11.0 | 11.8 | 12.8 | 13.8 | 94 | 13.6 | 12.5 | 11.5 | 10.6 |
| 11.1 | 12.0 | 13.0 | 14.1 | 95 | 13.9 | 12.7 | 11.7 | 10.8 |
| 11.3 | 12.2 | 13.2 | 14.3 | 96 | 14.1 | 12.9 | 11.9 | 10.9 |
| 11.5 | 12.4 | 13.4 | 14.6 | 97 | 14.4 | 13.2 | 12.1 | 11.1 |
| 11.7 | 12.6 | 13.7 | 14.8 | 98 | 14.7 | 13.4 | 12.3 | 11.3 |
| 11.9 | 12.9 | 13.9 | 15.1 | 99 | 14.9 | 13.7 | 12.5 | 11.5 |
| 12.1 | 13.1 | 14.2 | 15.4 | 100 | 15.2 | 13.9 | 12.8 | 11.7 |
| 12.3 | 13.3 | 14.4 | 15.6 | 101 | 15.5 | 14.2 | 13.0 | 12.0 |
| 12.5 | 13.6 | 14.7 | 15.9 | 102 | 15.8 | 14.5 | 13.3 | 12.2 |
| 12.8 | 13.8 | 14.9 | 16.2 | 103 | 16.1 | 14.7 | 13.5 | 12.4 |
| 13.0 | 14.0 | 15.2 | 16.5 | 104 | 16.4 | 15.0 | 13.8 | 12.6 |
| 13.2 | 14.3 | 15.5 | 16.8 | 105 | 16.8 | 15.3 | 14.0 | 12.9 |
| 13.4 | 14.5 | 15.8 | 17.2 | 106 | 17.1 | 15.6 | 14.3 | 13.1 |
| 13.7 | 14.8 | 16.1 | 17.5 | 107 | 17.5 | 15.9 | 14.6 | 13.4 |
| 13.9 | 15.1 | 16.4 | 17.8 | 108 | 17.8 | 16.3 | 14.9 | 13.7 |

| Boys' weight (kg) | | | | High | Girls' weight (kg) | | | |
|---|---|---|---|---|---|---|---|---|
| −3 SD | −2 SD | −1 SD | Median | (cm) | Median | −1 SD | −2 SD | −3 SD |
| 14.1 | 15.3 | 16.7 | 18.2 | 109 | 18.2 | 16.6 | 15.2 | 13.9 |
| 14.4 | 15.6 | 17.0 | 18.5 | 110 | 18.6 | 17.0 | 15.5 | 14.2 |
| 14.6 | 15.9 | 17.3 | 18.9 | 111 | 19.0 | 17.3 | 15.8 | 14.5 |
| 14.9 | 16.2 | 17.6 | 19.2 | 112 | 19.4 | 17.7 | 16.2 | 14.8 |
| 15.2 | 16.5 | 18.0 | 19.6 | 113 | 19.8 | 18.0 | 16.5 | 15.1 |
| 15.4 | 16.8 | 18.3 | 20.0 | 114 | 20.2 | 18.4 | 16.8 | 15.4 |
| 15.7 | 17.1 | 18.6 | 20.4 | 115 | 20.7 | 18.8 | 17.2 | 15.7 |
| 16.0 | 17.4 | 19.0 | 20.8 | 116 | 21.1 | 19.2 | 17.5 | 16.0 |
| 16.2 | 17.7 | 19.3 | 21.2 | 117 | 21.5 | 19.6 | 17.8 | 16.3 |
| 16.5 | 18.0 | 19.7 | 21.6 | 118 | 22.0 | 19.9 | 18.2 | 16.6 |
| 16.8 | 18.3 | 20.0 | 22.0 | 119 | 22.4 | 20.3 | 18.5 | 16.9 |
| 17.1 | 18.6 | 20.4 | 22.4 | 120 | 22.8 | 20.7 | 18.9 | 17.3 |

## ၃-၂-၄။ ခြေနှစ်ဖက်စလုံးတွင် ဖိနှိပ်လိုက်လျှင်ချိုင့်ဝင်ကာ အရာထင်ကျန်ခဲ့သော ဖောရောင်မှုကို စစ်ဆေးခြင်းနှင့် အဆင့်သတ်မှတ်ခြင်း

ဖောရောင်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန်အတွက်-

- ခြေဖမိုးနှစ်ဖက်စလုံးကို အနည်းဆုံး သုံးစက္ကန့်ကြာအောင် လက်မဖြင့် ပုံမှန်ဖိအားပေးကာ ဖိနှိပ်ပါ။ ပုံ (က) ကို ကြည့်ပါ။
- အကယ်၍ ခြေဖမိုးနှစ်ဖက်စလုံးပေါ်တွင် ဖိနှိပ်ရာထင်ကျန်နေပါက ကလေးထံတွင် ဖောရောင်ခြင်း ရှိပါသည်။ ပုံ (ခ) ကို ကြည့်ပါ။



*(က) ၃စက္ကန့်ကြာ လက်မဖြင့် ပုံမှန်ဖိအားပေး ဖိနှိပ်ခြင်း*



*(ခ) ခြေဖမိုး နှစ်ဖက်စလုံးတွင် ဖိနှိပ်ရာ ထင်ကျန်နေခြင်း*

ခြေနှစ်ဖက်လုံးတွင် ဖောရောင်ခြင်းရှိသည့် ကလေးများကိုသာ အာဟာရချို့တဲ့မှုကြောင့်ဖြစ်သည့် ဖောရောင်မှုရှိသည်ဟု မှတ်တမ်းတင်မည် ဖြစ်ပါသည်။

ဖောရောင်မှုအဆင့် သတ်မှတ်ချက်များကို ပုံ (၁၀) တွင် တွေ့ရှိနိုင်ပါသည်။




ဖောရောင်ခြင်း(+)
အနည်းငယ်ဖောရောင်ခြင်း
ခြေထောက်နှစ်ဖက်လုံး
တွင် ဖောရောင်မှုရှိ

ဖောရောင်ခြင်း(++)
အတော်အတန်ဖောရောင်ခြင်း
ခြေထောက်နှစ်ဖက်စလုံးအပြင်
ခြေသလုံးများ၊ လက်များ
သို့မဟုတ် လက်ဖျံများတွင်ပါ
ဖောရောင်မှုရှိ

ဖောရောင်ခြင်း(+++)
ပြင်းထန်စွာဖောရောင်ခြင်း
ခြေ၊ လက်၊ မျက်နှာများ
အပါအဝင် တစ်ကိုယ်လုံး
ဖောရောင်ခြင်း

*ပုံ ၁၀ - ဖိလိုက်လျှင် ချိုင့်ဝင်ကျန်ခဲ့သည့် ဖောရောင်မှုအား အဆင့်သတ်မှတ်ခြင်း*

| အဆင့် | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| + | အနည်းငယ် - ခြေထောက်နှစ်ဖက်လုံး။ခြေကျင်းဝတ်တွင် ဖောရောင်မှုရှိ |
| ++ | အတန်အတန်ဖောရောင်ခြင်း - ခြေထောက်နှစ်ဖက်စလုံးအပြင် ခြေသလုံးများ၊ လက်များ သို့မဟုတ် လက်ဖျံများတွင်ပါ ဖောရောင်မှုရှိ |
| +++ | ပြင်းထန်စွာဖောရောင်ခြင်း - ခြေ၊ လက်၊ မျက်နှာများအပါအဝင် တစ်ကိုယ်လုံး ဖောရောင်ခြင်း |

## ၃-၃။ ရောဂါပြင်းထန်မှုအဆင့် သတ်မှတ်ခြင်း

ကလေးအတွက် လိုအပ်သည့် ကုသမှုအစီအစဉ် (SFP၊ OTP သို့မဟုတ် ITP)ကို ဆုံးဖြတ်ရန် အတွက် လတ်တလော အာဟာရချို့တဲ့ခြင်း၏ပြင်းထန်မှုအဆင့်ကို ဆုံးဖြတ်ခြင်း ဖြစ်ပါသည်။

လတ်တလော အာဟာရချို့တဲ့ခြင်း ရှိ၊ မရှိ နှင့်၊ ရှိပါက ရောဂါပြင်းထန်မှုအဆင့် သတ်မှတ်ခြင်း ၏ ပထမအဆင့်မှာ MUAC တိုင်းကာ စစ်ဆေးခြင်းနှင့် ဖောရောင်မှုကို စစ်ဆေးခြင်းတို့ဖြစ်ပါသည်။

MUAC တိုင်းခြင်းဖြင့် စစ်ဆေးတွေ့ရှိသည့် လတ်တလော အာဟာရချို့တဲ့သော ကလေးကို လက်ခံရရှိပါက ကျန်းမာရေးဝန်ထမ်းက အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရပါမည်။

၁။ ကလေးသည် အလွန်အမင်းနေမကောင်းဖြစ်နေပါက ၁၀% သကြားရည် (ရေ ၁၀၀-မီလီမီတာ တိုင်းအတွက် သကြား ၁၀-ဂရမ်) ကို တိုက်ကျွေးပါ။

၂။ MUAC ကို ထပ်မံ တိုင်းတာ အတည်ပြုပါ။

၃။ ခြေနှစ်ဖက်လုံးတွင် ဖိနှိပ်လိုက်လျှင် ချိုင့်ဝင်ကာ အရာထင်ကျန်ခဲ့မည့် ဖောရောင်မှု ရှိ၊ မရှိ စစ်ဆေးပြီး ဖောရောင်မှုအဆင့်ကို မှတ်သားပါ။ ကိုယ်အပူချိန်ကိုလည်း တိုင်းတာပြီး နာမကျန်း ဖြစ်မှုလက္ခဏာများ ရှိ၊ မရှိ ကိုလည်း ကြည့်ပါ။

၄။ ကျန်းမာရေးဌာနတွင် စစ်ဆေးခြင်းဖြစ်ပါက ကိုယ်အလေးချိန် ချိန်ပါ၊ အရပ်တိုင်းပါ။ MUAC ၊ ဖောရောင်မှု၊ ကိုယ်အလေးချိန်နှင့် အရပ်အမြင့်တိုင်းတာမှုများကို အခြေခံကာ ကလေးသည် လတ်တလောအာဟာရချို့တဲ့မှုကို ခံစားနေရခြင်း ရှိ၊ မရှိ ကို အတည်ပြုပါ။

၅။ နောက်ဆက်တွဲ ရောဂါပြဿနာများရှိသည့် SAM နှင့် ပြဿနာမရှိသည့် SAM တို့ကို ခွဲခြားရန် အတွက် အစာစားလိုစိတ် ရှိ၊ မရှိ ကို စစ်ဆေးပါ။ (Appetite Test)

၆။ နောက်ဆက်တွဲ ရောဂါများကို သတ်မှတ်ဖော်ထုတ်ပါ။

၇။ တွေ့ရှိချက်များ (ခန္ဓာကိုယ်တိုင်းတာမှုများ၊ အစာစားလိုစိတ်နှင့် နောက်ဆက်တွဲရောဂါများ)ကို လေ့လာဆန်းစစ်ကာ ဆောင်ရွက်ပေးရမည့် ကုသမှုအမျိုးအစားကို ဆုံးဖြတ်ပါ။

၈။ ရောဂါပြင်းထန်မှုအဆင့်သတ်မှတ်ခြင်းကို ပြုလုပ်ပြီးပါက ကလေးကို သက်ဆိုင်ရာအစီအစဉ် သို့ လွှဲပြောင်းညွှန်းပို့ပါ။

ဇယား ၆ - ရောဂါပြင်းထန်မှုအဆင့် သတ်မှတ်ခြင်း

| Indicators | SAM with Complications | SAM without Complications | MAM | No Malnutration |
|---|---|---|---|---|
| ဖောရောင်ခြင်း အဆင့် | +++ | +/++ | - | - |
| အစာစားလိုစိတ် စစ်ဆေးခြင်း | ကျရှုံး | အောင်မြင် | မပြုလုပ်ပါ | မပြုလုပ်ပါ |
| နာမကျန်းဖြစ်မှု၊ နောက်ဆက်တွဲရောဂါများ | ရှိ | မရှိ | မရှိ | မရှိ |
| MUAC | < ၁၁၅ မီလီမီတာ | < ၁၁၅ မီလီမီတာ | ≥၁၁၅ မီလီမီတာ နှင့် <၁၂၅ မီလီမီတာ | ≥၁၂၅ မီလီမီတာ |
| WFH | <-3 Z Score | <-3 Z Score | ≥ -3 Z Score နှင့် <-2 Z Score | ≥-2 Z Score |

အောက်ပါပုံ (၁၁) တွင် ရောဂါပြင်းထန်မှုအဆင့်သတ်မှတ်ခြင်းနှင့် လတ်တလောအာဟာရချို့တဲ့မှု အမျိုးအစားအမျိုးမျိုးကိုသတ်မှတ်ခြင်းတို့အတွက် လုပ်ထုံးလုပ်နည်းများကိုဖော်ပြထားပါသည်။

**Triage**
(Give sugar-water if necessary)

**Measurements (Oedema, MUAC, W/H) & Diagnose Severe Acute Malnutrition**

**Not Malnourished**
Congratulate mother / carer
Give information
Check for vaccination status
Provide IYCF counselling

**MAM Case**

**Medical assessment**
**Check for Vaccination**
**Explain Caretaker**

**Registration**
(Registration book & Ration Card)

**Refer to SFP**
Every 2 week support of RUSF/FBF
Provide IYCF counselling

**SFP Follow Up**
Measurements: for follow up and access criteria of discharge
Continue RUSF/FBF
Complete tools (ration cards)
Provide IYCF counselling

**SAM Case**

**Appetite Test**

**Medical assessment**

**Poor appetite and/or medical complications***

**Refer to ITP**
Give first dose of antibiotic
Fill up referral form & contact ITP
Give explanations to mother /care
rGet consent for referral Discuss transport to ITP

**ITP**
- Treatment of medical complications
- Nutritional treatment in 3 phases
- Monitoring of progress
- Discharge

**Follow Up**
- Ensure that child will come back after ITP discharge
- Regular case tracing by BHS/Volunteer

**Good appetite and no medical complications***

**Registration**
(Registration book & Ration Card)

**Refer to OTP**
Routine treatment
Explain how to use RUTF and medicine. Give Key messages
Weekly support RUTF
Explanation of procedures

**OTP Follow Up**
Measurements: for follow up and access criteria of discharge
Medical check up and assessment of need for inpatient
Complete routine medicine
Continue RUTF
Complete tools (ration and OTP cards)
Provide IYCF counselling

* Medical Complications
Hypoglycemia
Hypothermia
Hyperthermia
Fast breathing
Severe anaemia
Vitamin A deficiency
Dehydration
Skin Lesions
Shock
Convulsion and Coma

ပုံ ၁၁ - ရောဂါပြင်းထန်မှု အဆင့်သတ်မှတ်ခြင်းနှင့်
လတ်တလော အာဟာရချို့တဲ့မှု အမျိုးအစားများကို သတ်မှတ်ခြင်း

## ၃-၄။ ကုသစောင့်ရှောက်မှု အစီအစဉ်သို့ စာရင်းသွင်းခြင်းနှင့် လတ်တလောအာဟာရ ချို့တဲ့မှု မှတ်ပုံ တင်နံပါတ်ပေးခြင်း

လတ်တလောအာဟာရချို့တဲ့မှုကိုဖော်ထုတ်သိရှိပြီး ရောဂါပြင်းထန်မှုအဆင့်သတ်မှတ်ပြီးသည်နှင့်တစ်ပြိုင်နက် ကလေးကို သက်ဆိုင်ရာ ကုသစောင့်ရှောက်မှုအစီအစဉ်သို့ စာရင်းသွင်း၍၊ လတ်တလော အာဟာရချို့တဲ့မှုမှတ်ပုံတင်နံပါတ်တစ်ခု ပေးရပါမည်။

### ၃-၄-၁။ ကုသစောင့်ရှောက်မှု အစီအစဉ်သို့ စာရင်းသွင်းခြင်း

- သိသာထင်ရှားသည့် ပိန်လှီမှု၊ ခြေနှစ်ဖက်စလုံး ဖိလိုက်လျှင် ချိုင့်ဝင်အရာထင်ခဲ့သည့် ဖောရောင်မှုနှင့် WFH < -3 Z Score ရှိသော ၆ လအောက်ကလေးများကို ITP အတွက် ဆေးရုံတင်ပါ။
- အသက် ၆ လမှ ၅၉ လ ကြား လတ်တလောအာဟာရချို့တဲ့သော ကလေးများကို ရောဂါပြင်းထန်မှုအဆင့်သတ်မှတ်ချက်နှင့် အညီ ITP ၊ OTP သို့မဟုတ် SFP အစီအစဉ်သို့ စာရင်းသွင်းပါ။
- ကိုယ်ဝန်ဆောင်မိခင်များတွင် MUAC သည် ၂၁၀ မီလီမီတာ အောက်ရောက်နေပါက SFP အစီအစဉ်သို့ စာရင်းသွင်းပါ။
- အသက် ၆ လအောက် ကလေးရှိသော နို့တိုက်မိခင်အတွက် MUAC သည် ၂၁၀ မီလီမီတာ အောက် ရောက်နေပါက SFP အစီအစဉ်သို့ စာရင်းသွင်းပါ။

### ၃-၄-၂။ လတ်တလော အာဟာရချို့တဲ့မှု မှတ်ပုံတင်နံပါတ်ပေးခြင်း (Acute Malnutrition Number)

Acute Malnutrition Number - AM နံပါတ်ဆိုသည်မှာ IMAM အစီအစဉ်အောက်တွင် (SFP/OTP/ITP) ကုသမှုခံယူနေသော လူနာအသစ်တစ်ဦးချင်းစီအတွက် သီးသန့်သတ်မှတ်ပေးထားသည့် နံပါတ်တစ်ခု ဖြစ်ပါသည်။ ဤနံပါတ်သည် ကျန်းမာရေးဌာနတွင် အသုံးပြုသည့် အခြားမှတ်ပုံတင်နံပါတ်များနှင့်မတူဘဲ IMAM အစီအစဉ်အတွက် သီးသန့်သတ်မှတ်ပေးသော နံပါတ်ဖြစ်ပါသည်။ လူနာဟောင်းများအတွက် ယခင်က စာရင်းသွင်းဝင်ခွင့်ပြုခဲ့သည့် သက်ဆိုင်ရာအစီအစဉ်မှ သတ်မှတ်ပေးခဲ့သော AM နံပါတ်ဟောင်းကိုသာ ပြန်လည်အသုံးပြုရပါမည်။

AM နံပါတ်ကို ကျန်းမာရေးဌာနများ၏ လူနာလွှဲပြောင်းမှုပုံစံများနှင့် လူနာနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ (SFP/OTP chart နှင့် ရိက္ခာ ရာရှင်ကတ်၊ ITP multi-chart များ) စသည်တွင် မှတ်ပုံတင်နံပါတ်အဖြစ် အသုံးပြုရပါမည်။

ပုံမှန်အားဖြင့် AM နံပါတ်ကို အောက်ပါပုံစံအတိုင်း သတ်မှတ်ပေးပါသည်။

- ပြည်နယ်/တိုင်းဒေသကြီး ကုတ်နံပါတ်
- မြို့နယ် ကုတ်နံပါတ်

- ကျန်းမာရေးဌာန ကုတ်နံပါတ်
- လူနာနံပါတ် (ကျန်းမာရေးဌာနတစ်ခုရှိ ပြုစုစောင့်ရှောက်မှုအစီအစဉ်သို့ ဝင်ခွင့်ပြုသည့် အစီအစဉ်အတိုင်း ဂဏန်းလေးလုံးပါသော နံပါတ် ၀၀၀၁ မှ စတင်ကာ၊ ပြက္ခဒိန်နှစ် တစ်နှစ် စတင်တိုင်း ၀၀၀၁ မှ ပြန်စသင့်ပါသည်)
- အစီအစဉ် -SFP-OTP-ITP ထဲမှ တစ်ခုကို အသုံးပြုရန်
- ခုနှစ် - သက်ဆိုင်ရာ အစီအစဉ်သို့ စာရင်းသွင်းသည့် ခုနှစ်
- အဟာရချို့တဲ့မှုပြန်ဖြစ်သော လူနာတွင်မူ ပြန်ဖြစ်သည့် အကြိမ်ရေကို ဖော်ပြသည့် နံပါတ် ပါ ပါရှိရပါမည်။

မြန်မာနိုင်ငံသတင်းစီမံခန့်ခွဲမှုဌာန (Myanmar Information Management System - MIMU) မှ ပြုစုထားသော Pcode အား ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ် ကုတ်နံပါတ်များအတွက် အသုံးပြုပါမည်။ ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အတွက် Pcode ဇယားတွင် ကြည့်ပါ။

ပြည်နယ်တိုင်းဒေသကြီးကုတ်နံပါတ်/မြို့နယ်ကုတ်နံပါတ်/ကျန်းမာရေးဌာနကုတ်နံပါတ်/ လူနာနံပါတ်/အစီအစဉ်/ခုနှစ်

ဥပမာ - အသက် ၄ နှစ်အရွယ် ကလေးတစ်ဦးတွင် နောက်ဆက်တွဲပြဿနာမရှိသည့် SAM ကို တွေ့ရှိသဖြင့် ၂၀၁၅ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်ရှိ ကျောက်မှော် ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ပြင်ပလူနာအဖြစ် ဝင်ခွင့်ပြုသည် ဆိုပါစို့။ ထိုကလေး၏ AM နံပါတ်သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည်။

017/017016/Kyaukhmaw SRHC/0002/OTP/2015

၀၁၇ = ဧရာဝတီတိုင်းဒေသကြီးအတွက် Pcode နံပါတ်

၀၁၇၀၁၆ = လပွတ္တာမြို့နယ်အတွက် Pcode နံပါတ်

ကျောက်မှော် ကျေးလက်ကျန်းမာရေးဌာနခွဲ = ကျန်းမာရေးဌာန၏ အမည်အား ကျန်းမာရေးဌာန ကုတ်နံပါတ်အဖြစ် အသုံးပြုသည်။

၀၀၀၂ = လူနာနံပါတ်၊ ဤနံပါတ်အရ ထိုကလေးသည် ထိုကျန်းမာရေးဌာန၏ OTP အစီအစဉ်တွင် ဒုတိယမြောက်လူနာဖြစ်ကြောင်း ညွှန်ပြနေပါသည်။

OTP = ပြင်ပလူနာအဖြစ် ကုသပေးသည့် အစီအစဉ်

၂၀၁၅ = ထိုကလေးအား ကျောက်မှော်ကျန်းမာရေးဌာနခွဲတွင် OTP အစီအစဉ်သို့ စာရင်းသွင်းသည့် ခုနှစ်

အကယ်၍ ထိုကလေးသည် လပွတ္တာမြို့နယ်မှ အခြားမြို့နယ်တစ်ခုသို့ ပြောင်းရွှေ့သွားသည် ဆိုပါက စာရင်းသွင်းခြင်းသတ်မှတ်ချက်အရ ထိုကလေးသည် လူနာဟောင်းဖြစ်ပြီး ယခင် AM နံပါတ်ဖြစ်သည့် 017/017016/Kyaukhmaw SRHC/0002/OTP/2015 ကိုသာ ကျန်းမာရေးဌာန အသစ်တွင် ဆက်လက် အသုံးပြုပါလိမ့်မည် (မူလ AM နံပါတ်အား ရရှိနိုင်သေးသည်ဆိုပါက)။




ရောဂါပြန်ဖြစ်သော လူနာများအတွက် အထက်ဖော်ပြပါ မှတ်ပုံတင်စာရင်းသွင်းမှုတွင် လတ်တလောအာဟာရချို့တဲ့မှုပြန်ဖြစ်သည့်အကြိမ်ရေကိုပြသသည့်နံပါတ်အား နောက်တွင်ထပ်ထည့်ရပါမည်။

တိုင်းဒေသကြီးကုတ်နံပါတ်/မြို့နယ်ကုတ်နံပါတ်/ကျန်းမာရေးဌာနကုတ်နံပါတ်/ လူနာနံပါတ်/ အစီအစဉ်/ခုနှစ်/အာဟာရ ချို့တဲ့မှု ပြန်ဖြစ်သော အကြိမ်ရေ

ဥပမာ - အထက်ဖော်ပြပါကလေးသည် ရောဂါကုသပျောက်ကင်းပြီဟု သတ်မှတ်ကာ အစီအစဉ်မှ နုတ်ပယ်ပြီး နောက်တွင်မှ နောက်ဆက်တွဲရောဂါများမရှိသည့် SAM ကို ထပ်မံခံစားရပါက စာရင်းသွင်း သတ်မှတ်ချက်အရ ထိုကလေးသည် အာဟာရပြန်ချို့တဲ့သည့် လူနာ (relapse case) ဖြစ်သွားပြီး AM နံပါတ်မှာလည်း အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည်။

017/017016/Kyaukhmaw SRHC/0002/OTP/2015/1

ဤနေရာတွင်

1 = အာဟာရပြန်ချို့တဲ့သည့် အကြိမ်ရေ (ဤဥပမာတွင် ကလေးသည် လတ်တလောအာဟာရချို့တဲ့ခြင်းကို တစ်ကြိမ် ပြန်ဖြစ်ပါသည်)

သို့သော် ဤကလေးသည် ယခုခံစားနေရသော SAM ကို ကုသပျောက်ကင်းပြီးသည့် နောက်တွင်၊ နောက်တစ်ကြိမ် အာဟာရချို့တဲ့ပြီး MUAC သည် >=115 မီလီမီတာ နှင့် <125 မီလီမီတာ

ကြားတွင် ရှိနေပါက ထိုကလေးသည် အဓိပ္ပါယ်သတ်မှတ်ချက်အရ (MAM) လူနာသစ် ဖြစ်သွားပြီး AM နံပါတ် အသစ်တစ်ခုကို ထုတ်ပေးရပါမည်။ ဥပမာ -

| 017/017016/ Kyaukhmaw SRHC/0016/SFP/2015 |
|---|

ထိုနည်းတူ ယခင်က (MAM) ဖြစ်သော ကလေးသည် ကုသပျောက်ကင်းပြီး နောက်တစ်ကြိမ်တွင် SAM ဖြစ်လာပါကလည်း အထက်ပါနည်းလမ်းအတိုင်း AM နံပါတ်အသစ်တစ်ခုကို သတ်မှတ်ပေးရပါမည်။

ဆေးရုံသို့တင်ကာကုသသော ကလေးများအတွက် ဆေးရုံအမည်အား ကျန်းမာရေးဌာန ကုတ်နံပါတ် အဖြစ် အသုံးပြုရပါမည်။ ဥပမာ - ၃ နှစ်အရွယ် မိန်းကလေးတစ်ဦးတွင် နောက်ဆက်တွဲရောဂါများ ရှိသည့် SAM ကို တွေ့ရှိရသည့်အတွက် ၂၀၁၅-ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ ရန်ကုန်ကလေးဆေးရုံကြီးသို့တင်ခဲ့ပြီး သူမသည် ရန်ကုန်ကလေးဆေးရုံကြီးမှ ITP လူနာအဖြစ် လက်ခံကုသပေးသော ၃၅ ယောက်မြောက်ကလေး ဖြစ်ပါသည်။

သူမ၏ AM နံပါတ်မှာ အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည်။

| 013/013037/Yangon Children Hospital/0035/ITP/2015 |
|---|

ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အတွက် Pcode

| SR_Pcode | ပြည်နယ်/တိုင်းဒေသကြီး | TS_Pcode | မြို့နယ် |
|---|---|---|---|
| MMR001 | ကချင် | MMR001001 | မြစ်ကြီးနား |
| MMR001 | ကချင် | MMR001002 | ဝိုင်းမော် |
| MMR001 | ကချင် | MMR001003 | အင်ဂျန်းယန် |
| MMR001 | ကချင် | MMR001004 | တနိုင်း |
| MMR001 | ကချင် | MMR001005 | ချီဖွေ |
| MMR001 | ကချင် | MMR001006 | ဆော့လော် |
| MMR001 | ကချင် | MMR001007 | မိုးညှင်း |
| MMR001 | ကချင် | MMR001008 | မိုးကောင်း |
| MMR001 | ကချင် | MMR001009 | ဖားကန့် |
| MMR001 | ကချင် | MMR001010 | ဗန်းမော် |
| MMR001 | ကချင် | MMR001011 | ရွှေကူ |
| MMR001 | ကချင် | MMR001012 | မိုးမောက် |

| SR_Pcode | ပြည်နယ်/တိုင်းဒေသကြီး | TS_Pcode | မြို့နယ် |
|---|---|---|---|
| MMR001 | ကချင် | MMR001013 | မန်စီ |
| MMR001 | ကချင် | MMR001014 | ပူတာအို |
| MMR001 | ကချင် | MMR001015 | ဆွန်ပရာဘွန် |
| MMR001 | ကချင် | MMR001016 | မချမ်းဘော |
| MMR001 | ကချင် | MMR001017 | နောင်မွန်း |
| MMR001 | ကချင် | MMR001018 | ခေါင်လန်ဖူး |
| MMR002 | ကယား | MMR002001 | လွိုင်ကော် |
| MMR002 | ကယား | MMR002002 | ဒီမောဆို |
| MMR002 | ကယား | MMR002003 | ဖရူဆို |
| MMR002 | ကယား | MMR002004 | ရှားတော |
| MMR002 | ကယား | MMR002005 | ဘော်လခဲ |
| MMR002 | ကယား | MMR002006 | ဖားဆောင်း |
| MMR002 | ကယား | MMR002007 | မယ်စဲ့ |
| MMR003 | ကရင် | MMR003001 | ဘားအံ |
| MMR003 | ကရင် | MMR003002 | လှိုင်းဘွဲ့ |
| MMR003 | ကရင် | MMR003003 | ဖာပွန် |
| MMR003 | ကရင် | MMR003004 | သံတောင်ကြီး |
| MMR003 | ကရင် | MMR003005 | မြဝတီ |
| MMR003 | ကရင် | MMR003006 | ကော့ကရိတ် |
| MMR003 | ကရင် | MMR003007 | ကြာအင်းဆိပ်ကြီး |
| MMR004 | ချင်း | MMR004001 | ဖလမ်း |
| MMR004 | ချင်း | MMR004002 | ဟားခါး |
| MMR004 | ချင်း | MMR004003 | ထန်တလန် |
| MMR004 | ချင်း | MMR004004 | တီးတိန် |
| MMR004 | ချင်း | MMR004005 | တွန်းဇံ |
| MMR004 | ချင်း | MMR004006 | မင်းတပ် |
| MMR004 | ချင်း | MMR004007 | မတူပီ |
| MMR004 | ချင်း | MMR004008 | ကန်ပက်လက် |
| MMR004 | ချင်း | MMR004009 | ပလက်ဝ |

| SR_Pcode | ပြည်နယ်/တိုင်းဒေသကြီး | TS_Pcode | မြို့နယ် |
|---|---|---|---|
| MMR005 | စစ်ကိုင်း | MMR005001 | စစ်ကိုင်း |
| MMR005 | စစ်ကိုင်း | MMR005002 | မြင်းမူ |
| MMR005 | စစ်ကိုင်း | MMR005003 | မြောင် |
| MMR005 | စစ်ကိုင်း | MMR005004 | ရွှေဘို |
| MMR005 | စစ်ကိုင်း | MMR005005 | ခင်ဦး |
| MMR005 | စစ်ကိုင်း | MMR005006 | ဝက်လက် |
| MMR005 | စစ်ကိုင်း | MMR005007 | ကန့်ဘလူ |
| MMR005 | စစ်ကိုင်း | MMR005008 | ကျွန်းလှ |
| MMR005 | စစ်ကိုင်း | MMR005009 | ရေဦး |
| MMR005 | စစ်ကိုင်း | MMR005010 | ဒီပဲယင်း |
| MMR005 | စစ်ကိုင်း | MMR005011 | တန့်ဆည် |
| MMR005 | စစ်ကိုင်း | MMR005012 | မုံရွာ |
| MMR005 | စစ်ကိုင်း | MMR005013 | ဘုတလင် |
| MMR005 | စစ်ကိုင်း | MMR005014 | အရာတော် |
| MMR005 | စစ်ကိုင်း | MMR005015 | ချောင်းဦး |
| MMR005 | စစ်ကိုင်း | MMR005016 | ယင်းမာပင် |
| MMR005 | စစ်ကိုင်း | MMR005017 | ကနီ |
| MMR005 | စစ်ကိုင်း | MMR005018 | ဆားလင်းကြီး |
| MMR005 | စစ်ကိုင်း | MMR005019 | ပုလဲ |
| MMR005 | စစ်ကိုင်း | MMR005020 | ကသာ |
| MMR005 | စစ်ကိုင်း | MMR005021 | အင်းတော် |
| MMR005 | စစ်ကိုင်း | MMR005022 | ထီးချိုင့် |
| MMR005 | စစ်ကိုင်း | MMR005023 | ဗန်းမောက် |
| MMR005 | စစ်ကိုင်း | MMR005024 | ကောလင်း |
| MMR005 | စစ်ကိုင်း | MMR005025 | ဝန်းသို |
| MMR005 | စစ်ကိုင်း | MMR005026 | ပင်လည်ဘူး |
| MMR005 | စစ်ကိုင်း | MMR005027 | ကလေး |
| MMR005 | စစ်ကိုင်း | MMR005028 | ကလေးဝ |
| MMR005 | စစ်ကိုင်း | MMR005029 | မင်းကင်း |

| SR_Pcode | ပြည်နယ်/တိုင်းဒေသကြီး | TS_Pcode | မြို့နယ် |
|---|---|---|---|
| MMR005 | စစ်ကိုင်း | MMR005030 | တမူး |
| MMR005 | စစ်ကိုင်း | MMR005031 | မော်လိုက် |
| MMR005 | စစ်ကိုင်း | MMR005032 | ဖောင်းပြင် |
| MMR005 | စစ်ကိုင်း | MMR005033 | ခန္တီး |
| MMR005 | စစ်ကိုင်း | MMR005034 | ဟုမ္မလင်း |
| MMR005 | စစ်ကိုင်း | MMR005035 | လေရှီး |
| MMR005 | စစ်ကိုင်း | MMR005036 | လဟယ် |
| MMR005 | စစ်ကိုင်း | MMR005037 | နန်းယွန်း |
| MMR006 | တနင်္သာရီ | MMR006001 | ထားဝယ် |
| MMR006 | တနင်္သာရီ | MMR006002 | လောင်းလုံ |
| MMR006 | တနင်္သာရီ | MMR006003 | သရက်ချောင်း |
| MMR006 | တနင်္သာရီ | MMR006004 | ရေဖြူ |
| MMR006 | တနင်္သာရီ | MMR006005 | မြိတ် |
| MMR006 | တနင်္သာရီ | MMR006006 | ကျွန်းစု |
| MMR006 | တနင်္သာရီ | MMR006007 | ပုလော |
| MMR006 | တနင်္သာရီ | MMR006008 | တနင်္သာရီ |
| MMR006 | တနင်္သာရီ | MMR006009 | ကော့သောင်း |
| MMR006 | တနင်္သာရီ | MMR006010 | ဘုတ်ပြင်း |
| MMR007 | ပဲခူး (အရှေ့) | MMR007001 | ပဲခူး |
| MMR007 | ပဲခူး (အရှေ့) | MMR007002 | သနပ်ပင် |
| MMR007 | ပဲခူး (အရှေ့) | MMR007003 | ကဝ |
| MMR007 | ပဲခူး (အရှေ့) | MMR007004 | ဝေါ |
| MMR007 | ပဲခူး (အရှေ့) | MMR007005 | ညောင်လေးပင် |
| MMR007 | ပဲခူး (အရှေ့) | MMR007006 | ကျောက်တံခါး |
| MMR007 | ပဲခူး (အရှေ့) | MMR007007 | ဒိုက်ဦး |
| MMR007 | ပဲခူး (အရှေ့) | MMR007008 | ရွှေကျင် |
| MMR007 | ပဲခူး (အရှေ့) | MMR007009 | တောင်ငူ |
| MMR007 | ပဲခူး (အရှေ့) | MMR007010 | ရေတာရှည် |
| MMR007 | ပဲခူး (အရှေ့) | MMR007011 | ကျောက်ကြီး |

| SR_Pcode | ပြည်နယ်/တိုင်းဒေသကြီး | TS_Pcode | မြို့နယ် |
|---|---|---|---|
| MMR007 | ပဲခူး (အရှေ့) | MMR007012 | ဖြူး |
| MMR007 | ပဲခူး (အရှေ့) | MMR007013 | အုတ်တွင်း |
| MMR007 | ပဲခူး (အရှေ့) | MMR007014 | ထန်းတပင် |
| MMR008 | ပဲခူး (အနောက်) | MMR008001 | ပြည် |
| MMR008 | ပဲခူး (အနောက်) | MMR008002 | ပေါက်ခေါင်း |
| MMR008 | ပဲခူး (အနောက်) | MMR008003 | ပန်းတောင်း |
| MMR008 | ပဲခူး (အနောက်) | MMR008004 | ပေါင်းတည် |
| MMR008 | ပဲခူး (အနောက်) | MMR008005 | သဲကုန်း |
| MMR008 | ပဲခူး (အနောက်) | MMR008006 | ရွှေတောင် |
| MMR008 | ပဲခူး (အနောက်) | MMR008007 | သာယာဝတီ |
| MMR008 | ပဲခူး (အနောက်) | MMR008008 | လက်ပံတန်း |
| MMR008 | ပဲခူး (အနောက်) | MMR008009 | မင်းလှ |
| MMR008 | ပဲခူး (အနောက်) | MMR008010 | အုတ်ဖို |
| MMR008 | ပဲခူး (အနောက်) | MMR008011 | ဇီးကုန်း |
| MMR008 | ပဲခူး (အနောက်) | MMR008012 | နတ်တလင်း |
| MMR008 | ပဲခူး (အနောက်) | MMR008013 | မိုးညို |
| MMR008 | ပဲခူး (အနောက်) | MMR008014 | ကြို့ပင်ကောက် |
| MMR009 | မကွေး | MMR009001 | မကွေး |
| MMR009 | မကွေး | MMR009002 | ရေနံချောင်း |
| MMR009 | မကွေး | MMR009003 | ချောက် |
| MMR009 | မကွေး | MMR009004 | တောင်တွင်းကြီး |
| MMR009 | မကွေး | MMR009005 | မြို့သစ် |
| MMR009 | မကွေး | MMR009006 | နတ်မောက် |
| MMR009 | မကွေး | MMR009007 | မင်းဘူး |
| MMR009 | မကွေး | MMR009008 | ပွင့်ဖြူ |
| MMR009 | မကွေး | MMR009009 | ငဖဲ |
| MMR009 | မကွေး | MMR009010 | စလင်း |
| MMR009 | မကွေး | MMR009011 | စေတုတ္တရာ |
| MMR009 | မကွေး | MMR009012 | သရက် |

| SR_Pcode | ပြည်နယ်/တိုင်းဒေသကြီး | TS_Pcode | မြို့နယ် |
|---|---|---|---|
| MMR009 | မကွေး | MMR009013 | မင်းလှ |
| MMR009 | မကွေး | MMR009014 | မင်းတုန်း |
| MMR009 | မကွေး | MMR009015 | ကံမ |
| MMR009 | မကွေး | MMR009016 | အောင်လံ |
| MMR009 | မကွေး | MMR009017 | ဆင်ပေါင်ဝဲ |
| MMR009 | မကွေး | MMR009018 | ပခုက္ကူ |
| MMR009 | မကွေး | MMR009019 | ရေစကြို |
| MMR009 | မကွေး | MMR009020 | မြိုင် |
| MMR009 | မကွေး | MMR009021 | ပေါက် |
| MMR009 | မကွေး | MMR009022 | ဆိပ်ဖြူ |
| MMR009 | မကွေး | MMR009023 | ဂန့်ဂေါ |
| MMR009 | မကွေး | MMR009024 | ထီးလင်း |
| MMR009 | မကွေး | MMR009025 | ဆော |
| MMR010 | မန္တလေး | MMR010001 | အောင်မြေသာဇံ |
| MMR010 | မန္တလေး | MMR010002 | ချမ်းအေးသာဇံ |
| MMR010 | မန္တလေး | MMR010003 | မဟာအောင်မြေ |
| MMR010 | မန္တလေး | MMR010004 | ချမ်းမြသာစည် |
| MMR010 | မန္တလေး | MMR010005 | ပြည်ကြီးတံခွန် |
| MMR010 | မန္တလေး | MMR010006 | အမရပူရ |
| MMR010 | မန္တလေး | MMR010007 | ပုသိမ်ကြီး |
| MMR010 | မန္တလေး | MMR010008 | ပြင်ဦးလွင် |
| MMR010 | မန္တလေး | MMR010009 | မတ္တရာ |
| MMR010 | မန္တလေး | MMR010010 | စဉ့်ကူ |
| MMR010 | မန္တလေး | MMR010011 | မိုးကုတ် |
| MMR010 | မန္တလေး | MMR010012 | သပိတ်ကျင်း |
| MMR010 | မန္တလေး | MMR010013 | ကျောက်ဆည် |
| MMR010 | မန္တလေး | MMR010014 | စဉ့်ကိုင် |
| MMR010 | မန္တလေး | MMR010015 | မြစ်သား |
| MMR010 | မန္တလေး | MMR010016 | တံတားဦး |

| SR_Pcode | ပြည်နယ်/တိုင်းဒေသကြီး | TS_Pcode | မြို့နယ် |
| --- | --- | --- | --- |
| MMR010 | မန္တလေး | MMR010017 | မြင်းခြံ |
| MMR010 | မန္တလေး | MMR010018 | တောင်သာ |
| MMR010 | မန္တလေး | MMR010019 | နွားထိုးကြီး |
| MMR010 | မန္တလေး | MMR010020 | ကျောက်ပန်းတောင်း |
| MMR010 | မန္တလေး | MMR010021 | ငါန်းဇွန် |
| MMR010 | မန္တလေး | MMR010022 | ညောင်ဦး |
| MMR010 | မန္တလေး | MMR010023 | ရမည်းသင်း |
| MMR010 | မန္တလေး | MMR010024 | ပျော်ဘွယ် |
| MMR010 | မန္တလေး | MMR010028 | မိတ္ထီလာ |
| MMR010 | မန္တလေး | MMR010029 | မလှိုင် |
| MMR010 | မန္တလေး | MMR010030 | သာစည် |
| MMR010 | မန္တလေး | MMR010031 | ဝမ်းတွင်း |
| MMR011 | မွန် | MMR011001 | မော်လမြိုင် |
| MMR011 | မွန် | MMR011002 | ကျိုက်မရော |
| MMR011 | မွန် | MMR011003 | ချောင်းဆုံ |
| MMR011 | မွန် | MMR011004 | သံဖြူဇရပ် |
| MMR011 | မွန် | MMR011005 | မုဒုံ |
| MMR011 | မွန် | MMR011006 | ရေး |
| MMR011 | မွန် | MMR011007 | သထုံ |
| MMR011 | မွန် | MMR011008 | ပေါင် |
| MMR011 | မွန် | MMR011009 | ကျိုက်ထို |
| MMR011 | မွန် | MMR011010 | ဘီးလင်း |
| MMR012 | ရခိုင် | MMR012001 | စစ်တွေ |
| MMR012 | ရခိုင် | MMR012002 | ပုဏ္ဏားကျွန်း |
| MMR012 | ရခိုင် | MMR012003 | မြောက်ဦး |
| MMR012 | ရခိုင် | MMR012004 | ကျောက်တော် |
| MMR012 | ရခိုင် | MMR012005 | မင်းပြား |
| MMR012 | ရခိုင် | MMR012006 | မြေပုံ |
| MMR012 | ရခိုင် | MMR012007 | ပေါက်တော |

| SR_Pcode | ပြည်နယ်/တိုင်းဒေသကြီး | TS_Pcode | မြို့နယ် |
|---|---|---|---|
| MMR012 | ရခိုင် | MMR012008 | ရသေ့တောင် |
| MMR012 | ရခိုင် | MMR012009 | မောင်းတော |
| MMR012 | ရခိုင် | MMR012010 | ဘူးသီးတောင် |
| MMR012 | ရခိုင် | MMR012011 | ကျောက်ဖြူ |
| MMR012 | ရခိုင် | MMR012012 | မာန်အောင် |
| MMR012 | ရခိုင် | MMR012013 | ရမ်းဗြဲ |
| MMR012 | ရခိုင် | MMR012014 | အမ်း |
| MMR012 | ရခိုင် | MMR012015 | သံတွဲ |
| MMR012 | ရခိုင် | MMR012016 | တောင်ကုတ် |
| MMR012 | ရခိုင် | MMR012017 | ဂွ |
| MMR013 | ရန်ကုန် | MMR013001 | အင်းစိန် |
| MMR013 | ရန်ကုန် | MMR013002 | မင်္ဂလာဒုံ |
| MMR013 | ရန်ကုန် | MMR013003 | မှော်ဘီ |
| MMR013 | ရန်ကုန် | MMR013004 | လှည်းကူး |
| MMR013 | ရန်ကုန် | MMR013005 | တိုက်ကြီး |
| MMR013 | ရန်ကုန် | MMR013006 | ထန်းတပင် |
| MMR013 | ရန်ကုန် | MMR013007 | ရွှေပြည်သာ |
| MMR013 | ရန်ကုန် | MMR013008 | လှိုင်သာယာ |
| MMR013 | ရန်ကုန် | MMR013009 | သက်န်းကျွန်း |
| MMR013 | ရန်ကုန် | MMR013010 | ရန်ကင်း |
| MMR013 | ရန်ကုန် | MMR013011 | တောင်ဥက္ကလာပ |
| MMR013 | ရန်ကုန် | MMR013012 | မြောက်ဥက္ကလာပ |
| MMR013 | ရန်ကုန် | MMR013013 | သာကေတ |
| MMR013 | ရန်ကုန် | MMR013014 | ဒေါပုံ |
| MMR013 | ရန်ကုန် | MMR013015 | တာမွေ |
| MMR013 | ရန်ကုန် | MMR013016 | ပုဇွန်တောင် |
| MMR013 | ရန်ကုန် | MMR013017 | ဗိုလ်တထောင် |
| MMR013 | ရန်ကုန် | MMR013018 | ဒပုံမြို့သစ်တောင်ပိုင်း |
| MR013 | ရန်ကုန် | MMR013019 | ဒပုံမြို့သစ်မြောက်ပိုင်း |

| SR_Pcode | ပြည်နယ်/တိုင်းဒေသကြီး | TS_Pcode | မြို့နယ် |
|---|---|---|---|
| MMR013 | ရန်ကုန် | MMR013020 | ဒပုံမြို့သစ်အရှေ့ပိုင်း |
| MMR013 | ရန်ကုန် | MMR013021 | ဒပုံမြို့သစ်ဆိပ်ကမ်း |
| MMR013 | ရန်ကုန် | MMR013022 | မင်္ဂလာတောင်ညွန့် |
| MMR013 | ရန်ကုန် | MMR013023 | သန်လျင် |
| MMR013 | ရန်ကုန် | MMR013024 | ကျောက်တန်း |
| MMR013 | ရန်ကုန် | MMR013025 | သုံးခွ |
| MMR013 | ရန်ကုန် | MMR013026 | ခရမ်း |
| MMR013 | ရန်ကုန် | MMR013027 | တွံတေး |
| MMR013 | ရန်ကုန် | MMR013028 | ကော့မှူး |
| MMR013 | ရန်ကုန် | MMR013029 | ကွမ်းခြံကုန်း |
| MMR013 | ရန်ကုန် | MMR013030 | ဒလ |
| MMR013 | ရန်ကုန် | MMR013031 | ဆိပ်ကြီးခနောင်တို |
| MMR013 | ရန်ကုန် | MMR013032 | ကိုကိုးကျွန်း |
| MMR013 | ရန်ကုန် | MMR013033 | ကျောက်တံတား |
| MMR013 | ရန်ကုန် | MMR013034 | ပန်းပဲတန်း |
| MMR013 | ရန်ကုန် | MMR013035 | လမ်းမတော် |
| MMR013 | ရန်ကုန် | MMR013036 | လသာ |
| MMR013 | ရန်ကုန် | MMR013037 | အလုံ |
| MMR013 | ရန်ကုန် | MMR013038 | ကြည့်မြင်တိုင် |
| MMR013 | ရန်ကုန် | MMR013039 | စမ်းချောင်း |
| MMR013 | ရန်ကုန် | MMR013040 | လှိုင် |
| MMR013 | ရန်ကုန် | MMR013041 | ကမာရွတ် |
| MMR013 | ရန်ကုန် | MMR013042 | မရမ်းကုန်း |
| MMR013 | ရန်ကုန် | MMR013043 | ဒဂုံ |
| MMR013 | ရန်ကုန် | MMR013044 | ဗဟန်း |
| MMR013 | ရန်ကုန် | MMR013045 | ဆိပ်ကမ်း |
| MMR014 | ရှမ်း (တောင်) | MMR014001 | တောင်ကြီး |
| MMR014 | ရှမ်း (တောင်) | MMR014002 | ညောင်ရွှေ |
| MMR014 | ရှမ်း (တောင်) | MMR014003 | ဟိုပုံး |

| SR_Pcode | ပြည်နယ်/တိုင်းဒေသကြီး | TS_Pcode | မြို့နယ် |
|---|---|---|---|
| MMR014 | ရှမ်း (တောင်) | MMR014004 | ဆီဆိုင် |
| MMR014 | ရှမ်း (တောင်) | MMR014005 | ကလော |
| MMR014 | ရှမ်း (တောင်) | MMR014006 | ပင်းတယ |
| MMR014 | ရှမ်း (တောင်) | MMR014007 | ရွာငံ |
| MMR014 | ရှမ်း (တောင်) | MMR014008 | ရပ်စောက် |
| MMR014 | ရှမ်း (တောင်) | MMR014009 | ပင်လောင်း |
| MMR014 | ရှမ်း (တောင်) | MMR014010 | ဖယ်ခုံ |
| MMR014 | ရှမ်း (တောင်) | MMR014011 | လွိုင်လင် |
| MMR014 | ရှမ်း (တောင်) | MMR014012 | လဲချား |
| MMR014 | ရှမ်း (တောင်) | MMR014013 | နမ့်ဆန် |
| MMR014 | ရှမ်း (တောင်) | MMR014014 | ကွန်ဟိန်း |
| MMR014 | ရှမ်း (တောင်) | MMR014015 | ကျေးသီး |
| MMR014 | ရှမ်း (တောင်) | MMR014016 | မိုင်းကိုင် |
| MMR014 | ရှမ်း (တောင်) | MMR014017 | မိုင်းရှူး |
| MMR014 | ရှမ်း (တောင်) | MMR014018 | လင်းခေး |
| MMR014 | ရှမ်း (တောင်) | MMR014019 | မိုးနဲ |
| MMR014 | ရှမ်း (တောင်) | MMR014020 | မောက်မယ် |
| MMR014 | ရှမ်း (တောင်) | MMR014021 | မိုင်းပန် |
| MMR015 | ရှမ်း (မြောက်) | MMR015001 | လားရှိုး |
| MMR015 | ရှမ်း (မြောက်) | MMR015002 | သိန္နီ |
| MMR015 | ရှမ်း (မြောက်) | MMR015003 | မိုင်းရယ် |
| MMR015 | ရှမ်း (မြောက်) | MMR015004 | တန့်ယန်း |
| MMR015 | ရှမ်း (မြောက်) | MMR015005 | ပန်ဆိုင်း |
| MMR015 | ရှမ်း (မြောက်) | MMR015006 | နားဖန့် |
| MMR015 | ရှမ်း (မြောက်) | MMR015007 | ပန်ဝိုင်း |
| MMR015 | ရှမ်း (မြောက်) | MMR015008 | မိုင်းမော |
| MMR015 | ရှမ်း (မြောက်) | MMR015009 | မူဆယ် |
| MMR015 | ရှမ်း (မြောက်) | MMR015010 | နမ့်ခမ်း |
| MMR015 | ရှမ်း (မြောက်) | MMR015011 | ကွတ်ခိုင် |

| SR_Pcode | ပြည်နယ်/တိုင်းဒေသကြီး | TS_Pcode | မြို့နယ် |
|---|---|---|---|
| MMR015 | ရှမ်း (မြောက်) | MMR015012 | ကျောက်မဲ |
| MMR015 | ရှမ်း (မြောက်) | MMR015013 | နောင်ချို |
| MMR015 | ရှမ်း (မြောက်) | MMR015014 | သီပေါ |
| MMR015 | ရှမ်း (မြောက်) | MMR015015 | နမ္မတူ |
| MMR015 | ရှမ်း (မြောက်) | MMR015016 | နမ့်ဆန် |
| MMR015 | ရှမ်း (မြောက်) | MMR015017 | မိုးမိတ် |
| MMR015 | ရှမ်း (မြောက်) | MMR015018 | မဘိမ်း |
| MMR015 | ရှမ်း (မြောက်) | MMR015019 | မန်တုံ |
| MMR015 | ရှမ်း (မြောက်) | MMR015020 | ကွမ်းလုံ |
| MMR015 | ရှမ်း (မြောက်) | MMR015021 | ဟိုပန် |
| MMR015 | ရှမ်း (မြောက်) | MMR015022 | လောက်ကိုင် |
| MMR015 | ရှမ်း (မြောက်) | MMR015023 | ကုန်းကြမ်း |
| MMR015 | ရှမ်း (မြောက်) | MMR015024 | မက်မန်း |
| MMR015 | ရှမ်း (မြောက်) | MMR015201 | ကုန်းကြမ်း (အထူးဒေသ ၁) |
| MMR015 | ရှမ်း (မြောက်) | MMR015202 | လောက်ကိုင် (အထူးဒေသ ၁) |
| MMR015 | ရှမ်း (မြောက်) | MMR015203 | ချင်းရွှေဟော်မြို့နယ်ခွဲ (အထူးဒေသ ၁) |
| MMR015 | ရှမ်း (မြောက်) | MMR015301 | နမ့်တစ် |
| MMR015 | ရှမ်း (မြောက်) | MMR015302 | နာဝီး |
| MMR015 | ရှမ်း (မြောက်) | MMR015303 | မန်တွန်း |
| MMR015 | ရှမ်း (မြောက်) | MMR015304 | ကောင်မင်ဆန်း |
| MMR015 | ရှမ်း (မြောက်) | MMR015305 | ဆောင်ဖ |
| MMR015 | ရှမ်း (မြောက်) | MMR015306 | ခွန်းမား |
| MMR015 | ရှမ်း (မြောက်) | MMR015307 | ယုံထန် |
| MMR015 | ရှမ်း (မြောက်) | MMR015308 | ယောင်လင်း |
| MMR015 | ရှမ်း (မြောက်) | MMR015309 | လင်ထော် |
| MMR015 | ရှမ်း (မြောက်) | MMR015310 | ကလောင်ဖာ |
| MMR015 | ရှမ်း (မြောက်) | MMR015311 | အိုက်ချန် |
| MMR015 | ရှမ်း (မြောက်) | MMR015312 | ရင်ဖန့် |
| MMR015 | ရှမ်း (မြောက်) | MMR015313 | မန်မန်ဆိုင် |

| SR_Pcode | ပြည်နယ်/တိုင်းဒေသကြီး | TS_Pcode | မြို့နယ် |
|---|---|---|---|
| MMR015 | ရှမ်း (မြောက်) | MMR015314 | နောင်ခစ် |
| MMR015 | ရှမ်း (မြောက်) | MMR015315 | နမ့်ခန်းဝူး |
| MMR015 | ရှမ်း (မြောက်) | MMR015316 | နားကောင် |
| MMR015 | ရှမ်း (မြောက်) | MMR015317 | ပန်ခမ့် |
| MMR015 | ရှမ်း (မြောက်) | MMR015318 | ပန်ယန်း |
| MMR016 | ရှမ်း (အရှေ့) | MMR016001 | ကျိုင်းတုံ |
| MMR016 | ရှမ်း (အရှေ့) | MMR016002 | မိုင်းခတ် |
| MMR016 | ရှမ်း (အရှေ့) | MMR016003 | မိုင်းယန်း |
| MMR016 | ရှမ်း (အရှေ့) | MMR016005 | မိုင်းလား |
| MMR016 | ရှမ်း (အရှေ့) | MMR016006 | မိုင်းဆတ် |
| MMR016 | ရှမ်း (အရှေ့) | MMR016007 | မိုင်းပျင်း |
| MMR016 | ရှမ်း (အရှေ့) | MMR016008 | မိုင်းတုံ |
| MMR016 | ရှမ်း (အရှေ့) | MMR016009 | တာချီလိတ် |
| MMR016 | ရှမ်း (အရှေ့) | MMR016010 | မိုင်းဖြတ် |
| MMR016 | ရှမ်း (အရှေ့) | MMR016011 | မိုင်းယောင်း |
| MMR016 | ရှမ်း (အရှေ့) | MMR016319 | မိုင်းဖျန် |
| MMR016 | ရှမ်း (အရှေ့) | MMR016320 | ဟိုတောင်း |
| MMR016 | ရှမ်း (အရှေ့) | MMR016321 | မိုင်းပေါက် |
| MMR016 | ရှမ်း (အရှေ့) | MMR016322 | မိုင်းကာ |
| MMR016 | ရှမ်း (အရှေ့) | MMR016323 | နမ့်ဖိုင် |
| MMR017 | ဧရာဝတီ | MMR017001 | ပုသိမ် |
| MMR017 | ဧရာဝတီ | MMR017002 | ကန်ကြီးထောင့် |
| MMR017 | ဧရာဝတီ | MMR017003 | သာပေါင်း |
| MMR017 | ဧရာဝတီ | MMR017004 | ငပုတော |
| MMR017 | ဧရာဝတီ | MMR017005 | ကျုံပျော် |
| MMR017 | ဧရာဝတီ | MMR017006 | ရေကြည် |
| MMR017 | ဧရာဝတီ | MMR017007 | ကျောင်းကုန်း |
| MMR017 | ဧရာဝတီ | MMR017008 | ဟင်္သာတ |
| MMR017 | ဧရာဝတီ | MMR017009 | ဇလွန် |

| SR_Pcode | ပြည်နယ်/တိုင်းဒေသကြီး | TS_Pcode | မြို့နယ် |
|---|---|---|---|
| MMR017 | ဧရာဝတီ | MMR017010 | လေးမျက်နှာ |
| MMR017 | ဧရာဝတီ | MMR017011 | မြန်အောင် |
| MMR017 | ဧရာဝတီ | MMR017012 | ကြံခင်း |
| MMR017 | ဧရာဝတီ | MMR017013 | အင်္ဂပူ |
| MMR017 | ဧရာဝတီ | MMR017014 | မြောင်းမြ |
| MMR017 | ဧရာဝတီ | MMR017015 | အိမ်မဲ |
| MMR017 | ဧရာဝတီ | MMR017016 | လပွတ္တာ |
| MMR017 | ဧရာဝတီ | MMR017017 | ဝါးခယ်မ |
| MMR017 | ဧရာဝတီ | MMR017018 | မော်လမြိုင်ကျွန်း |
| MMR017 | ဧရာဝတီ | MMR017019 | မအူပင် |
| MMR017 | ဧရာဝတီ | MMR017020 | ပန်းတနော် |
| MMR017 | ဧရာဝတီ | MMR017021 | ညောင်တုန်း |
| MMR017 | ဧရာဝတီ | MMR017022 | ဓနုဖြူ |
| MMR017 | ဧရာဝတီ | MMR017023 | ဖျာပုံ |
| MMR017 | ဧရာဝတီ | MMR017024 | ဘိုကလေး |
| MMR017 | ဧရာဝတီ | MMR017025 | ကျိုက်လတ် |
| MMR017 | ဧရာဝတီ | MMR017026 | ဒေးဒရဲ |
| MMR018 | နေပြည်တော် | MMR018001 | ဇေယျာသီရိ |
| MMR018 | နေပြည်တော် | MMR018002 | ဇမ္ဗူသီရိ |
| MMR018 | နေပြည်တော် | MMR018003 | တပ်ကုန်း |
| MMR018 | နေပြည်တော် | MMR018004 | ဒက္ခိဏသီရိ |
| MMR018 | နေပြည်တော် | MMR018005 | ပုဗ္ဗသီရိ |
| MMR018 | နေပြည်တော် | MMR018006 | ပျဉ်းမနား |
| MMR018 | နေပြည်တော် | MMR018007 | လယ်ဝေး |
| MMR018 | နေပြည်တော် | MMR018008 | ဥတ္တရသီရိ |

## လေ့ကျင့်ခန်း

# အခန်း (၃) လူနာလှည့်လည်ရှာဖွေခြင်းနှင့် ကျန်းမာရေးဌာနသို့ရောက်လာသူများထဲမှ အာဟာရချို့တဲ့လူနာရှာဖွေခြင်း၊ ရောဂါပြင်းထန်မှုအဆင့်သတ်မှတ်ခြင်းနှင့် ကုသစောင့်ရှောက်မှုအစီအစဉ်သို့ ဝင်ခွင့်ပြုခြင်း

### လေ့ကျင့်ခန်း ၃-၁

MUAC ၊ Bilateral Pitting Oedema ကို စစ်ဆေးခြင်း၊ ကိုယ်အလေးချိန်နှင့် အရပ် အမြင့်ကို တိုင်းတာ ခြင်း၊ အရပ်အလိုက် ရှိသင့်သည့် ကိုယ်အလေးချိန် Z Score ကို တွက်ချက်ခြင်းတို့ကို လက်တွေ့ ဆောင်ရွက်ခြင်း။

အောက်ပါပုံစံတွင် မိမိစစ်ဆေးရသည့် ကလေးအတွက်တွေ့ရှိချက်များကို ဖြည့်စွက်ပါ။

ကလေးအမည် -

အသက် (ပြည့်ပြီးအသက်ကို လဖြင့်ရေးပါ)

| ခန္ဓာကိုယ်တိုင်းတာမှုများ | တွေ့ရှိချက်များ |
|---|---|
| ၁။ MUAC (မီလီမီတာ) | |
| ၂။ ဖောရောင်ခြင်း<br>(တွေ့ရှိချက်ကို အမှတ်ခြစ်ပေးပါ) | ☐ ဖောရောင်ခြင်းမရှိ (၀)<br>☐ အဆင့် ၁ ( + )<br>☐ အဆင့် ၂ ( ++ )<br>အဆင့် ၃ ( +++ ) |
| ၃။ ကိုယ်အလေးချိန် (ကီလိုဂရမ်) | |
| ၄။ အရပ်အမြင့် (စင်တီမီတာ) | |
| ၅။ WFH Z Score | |
| ၆။ ရောဂါသတ်မှတ်ချက်<br>(တွေ့ရှိချက်ကို အမှတ်ခြစ်ပေးပါ) | ☐ အာဟာရချို့တဲ့မှုမရှိ<br>☐ လတ်တလော အတော်အတန် အာဟာရချို့တဲ့ခြင်း<br>☐ နောက်ဆက်တွဲရောဂါပြဿနာမရှိသောလတ်တလော အပြင်းထန် အာဟာရချို့တဲ့ခြင်း<br>☐ နောက်ဆက်တွဲရောဂါပြဿနာရှိသောလတ်တလော အပြင်းအထန် အာဟာရချို့တဲ့ခြင်း |

## လေ့ကျင့်ခန်း ၃-၂

အောက်ပါဇယားတွင် ကလေးတစ်ဦးချင်းစီ၏ လတ်တလောအာဟာရချို့တဲ့မှုအမျိုးအစားကို သတ်မှတ်ပေးပါ။ (MAM) သို့မဟုတ် SAM သို့မဟုတ် လတ်တလောအာဟာရ ချို့တဲ့မှုမရှိ။ သင့်လျော်သည့် အကွက်တွင် အမှတ်ခြစ်ပါ။

| ကလေးများ၏ ခန္ဓာကိုယ်တိုင်းတာမှုများ | SAM | MAM | မရှိ |
|---|---|---|---|
| က။ MUAC (၁၁၂) မီလီမီတာ ရှိသည့်ကလေး | | | |
| ခ။ Z Score -2 နှင့် -3 ကြားရှိသည့် ကလေး | | | |
| ဂ။ ခြေနှစ်ဖက်လုံးတွင် ဖိနှိပ်လိုက်လျှင် ချိုင့်ဝင်၍ အရာထင်ကျန်ခဲ့သော ဖောရောင်မှု +++ နှင့် MUAC (၁၂၅) မီလီမီတာ ရှိသည့်ကလေး | | | |
| ဃ။ MUAC (၁၁၈) မီလီမီတာနှင့် ဖောရောင်မှုမရှိသော ကလေး | | | |
| င။ ခြေနှစ်ဖက်၊ လက်နှစ်ဖက်စလုံးနှင့် မျက်နှာဖောရောင်မှုရှိသော ကလေး | | | |
| စ။ MUAC (၁၂၇) မီလီမီတာနှင့် WFH > -2 Z Score ရှိသော ကလေး | | | |

## လေ့ကျင့်ခန်း ၃-၃

အောက်ပါကလေးများ၏ Z Score များကို ရှာပါ။

မေးခွန်း ၃-၃-၁။ မောင်မောင်သည် အသက် (၁၂) လရှိပြီး ခန္ဓာကိုယ်အလျား (၈၀)စင်တီမီတာနှင့် ကိုယ်အလေးချိန် (၉. ၂) ကီလိုဂရမ် kg ရှိပါသည်။

အဖြေ - ( ) Z Score

မေးခွန်း ၃-၃-၂။ မီမီသည် အသက် (၁၄) လရှိပြီး ခန္ဓာကိုယ်အလျား (၇၆. ၅) စင်တီမီတာနှင့် ကိုယ်အလေးချိန် (၇. ၄) ကီလိုဂရမ် kg ရှိပါသည်။

အဖြေ - ( ) Z Score

မေးခွန်း ၃-၃-၃။ မမာလာသည် အသက် (၃၀)လ ရှိပြီး အရပ်အမြင့် (၉၀) စင်တီမီတာနှင့် ကိုယ်အလေးချိန် (၁၀. ၃) ကီလိုဂရမ် kg ရှိပါသည်။

အဖြေ - ( ) Z Score

မေးခွန်း ၃-၃-၄။ မောင်ဘိုနီသည် အသက် (၄၉) လရှိပြီး အရပ်အမြင့် (၁၀၁. ၀၀) စင်တီမီတာနှင့် ကိုယ်အလေးချိန် (၁၁. ၈) ကီလိုဂရမ် kg ရှိပါသည်။

အဖြေ - ( ) Z Score

မေးခွန်း ၃-၃-၅။ အောင်အောင်သည် အသက် ၂၀ လရှိပြီး ခန္ဓာကိုယ်အလျား ၈၂.၀ စင်တီမီတာ နှင့် ကိုယ်အလေးချိန် (၈.၅) ကီလိုဂရမ် kg ရှိပါသည်။

အဖြေ - ( ) Z Score

## လေ့ကျင့်ခန်း ၃-၄

ပေးထားသော လူနာအတွက် AM နံပါတ်ပေးခြင်းကို အဖွဲ့လိုက်ဆောင်ရွက်ခြင်း

မေးခွန်း ၃-၄-၁။ (၃)နှစ်အရွယ်ကလေးတစ်ဦးတွင် နောက်ဆက်တွဲရောဂါပြဿနာမရှိသော SAM ရှိကြောင်းတွေ့ရပြီး မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်မှ လက်ပံပြား SRHC ရှိ OTP အစီအစဉ် သို့ ၂၀၁၆-ခုနှစ်တွင် စာရင်းသွင်းဝင်ခွင့်ပြုခဲ့ပြီး ထိုကလေးသည် ကျန်းမာရေးဌာနမှ OTP ကုသစောင့်ရှောက်မှုကို ခံယူရရှိသည့် ဒုတိယကလေး ဖြစ်ပါသည်။

အဖြေ -

မေးခွန်း ၃-၄-၂။ အကယ်၍ ထိုကလေးသည် လက်ပံပြားမှ အခြားမြို့နယ်သို့ ပြောင်းရွှေ့သွားပါက အစီအစဉ်စာရင်းသွင်းဝင်ခွင့်သတ်မှတ်ချက်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ လူနာ အဟောင်းဖြစ်ပြီး ထိုကလေးအတွက် AM နံပါတ်ကို ရေးပါ။

အဖြေ -

မေးခွန်း ၃-၄-၃။ သံတွဲမြို့နယ်ရှိ လင်းသာ RHC မှ (၁) နှစ်အရွယ်ကလေးသည် ကိုယ်အလေးချိန်များ ကျဆင်းနေပါသည်။ သို့သော် MUAC သည် >=115 မီလီမီတာ နှင့် <125 မီလီမီတာ ကြားတွင် ရှိပါသည်။ ထိုကလေးသည် ၂၀၁၇-ခုနှစ်အတွက် ပဉ္စမမြောက် ကလေး ဖြစ်ပါသည်။

အဖြေ -

မေးခွန်း ၃-၄-၄။ ၂၀၁၅-ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးမှ လပွတ္တာမြို့နယ်ဆေးရုံသို့ (၄) လအရွယ် ကလေးတစ်ဦးကို မိခင်နို့မစို့သည့်အတွက်နှင့် ကိုယ်အလေးချိန်မတက်သည့်အတွက် ခေါ်လာပြီး ထိုကလေးသည် ထိုနှစ်အတွက် ITP ကုသစောင့်ရှောက်မှုကို ခံယူသော ဒုတိယမြောက် ကလေး ဖြစ်ပါသည်။

အဖြေ -

## လေ့ကျင့်ခန်း ၃-၅

အောက်ပါကလေးများကို မည်သို့ အုပ်စုခွဲမည်နည်း။ အုပ်စုခွဲပြီးလျှင် သင့်လျော်သည့် ကုသမှု အစီအစဉ်ကို သင့်လျော်သည့် အကွက်တွင် အမှတ်ခြစ်ကာ ရွေးချယ်ပေးပါ။

| ကလေး၏ စမ်းသပ်တွေ့ရှိမှု အခြေအနေ | ကလေးကို အုပ်စုခွဲခြင်း | | | သင့်လျော်သော ကုသမှုအစီအစဉ် | | |
|---|---|---|---|---|---|---|
| | နောက်ဆက်တွဲ ရောဂါရှိသော SAM | နောက်ဆက်တွဲ ရောဂါမရှိသော SAM | MAM | ITP | OTP | SFP |
| ၁။ MUAC ၁၁၂ မီလီမီတာရှိပြီး နောက်ဆက်တွဲရောဂါများ မရှိသော ကလေး | | | | | | |
| ၂။ WFH Z Score <-3 နှင့် အစာစားလိုစိတ် ရှိ မရှိ စမ်းသပ်မှု ကျရှုံးသော ကလေး | | | | | | |
| ၃။ MUAC ၁၁၂ မီလီမီတာ ရှိသော ကလေး | | | | | | |
| ၄။ MUAC ၁၁၇ မီလီမီတာ ရှိပြီး ဖောရောင်ခြင်း မရှိသော ကလေး | | | | | | |
| ၅။ MUAC ၁၁၇ မီလီမီတာ ရှိပြီး ဖောရောင်ခြင်း (+++) ရှိသော ကလေး | | | | | | |
| ၆။ WFH Z Score -3 နှင့် -2 ကြားရှိပြီး သွေးလန့်နေသော ကလေး | | | | | | |
| ၇။ WFH Z Score -3 အောက်ရှိပြီး သွေးလန့်နေသော ကလေး | | | | | | |

# အခန်း (၄)

## လတ်တလော အတော်အတန်အာဟာရချို့တဲ့မှုကို ကုသစောင့်ရှောက်ခြင်း (အပိုဆောင်းအစာကျွေး၍ ကုသမှုပေးသောအစီအစဉ်)



# အခန်း (၄)

# လတ်တလော အတော်အတန်အာဟာရချို့တဲ့မှုကို ကုသစောင့်ရှောက်ခြင်း (အပိုဆောင်းအစာကျွေး၍ကုသမှုပေးသောအစီအစဉ်)

လတ်တလော အတော်အတန် အာဟာရချို့တဲ့ခြင်းကို ကုသစောင့်ရှောက်မှုပေးရာတွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။

၁။ အပိုဆောင်း အစာကျွေး၍ ကုသမှုပေးသော အစီအစဉ် (SFP) နှင့်

၂။ အာဟာရဆိုင်ရာ ပညာပေးခြင်းနှင့် IYCF နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းတို့ ဖြစ်ပါသည်။

## ၄-၁။ အပိုဆောင်း အစာကျွေး၍ ကုသမှုပေးသော အစီအစဉ် (SFP)

SFP သည် (MAM) အတွက် ကုသစောင့်ရှောက်မှု အစီအစဉ်သို့ စာရင်းသွင်းဝင်ခွင့်ပြုခြင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသော အသက် (၆) လမှ (၅၉) လအထိ ကလေးများ၊ ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် (PLW) တို့အတွက် နေ့စဉ်လိုအပ်သည့်အာဟာရကို ဖြည့်စွက်ပေးရန်အတွက် အသင့်စားသုံးနိုင်သော ဖြည့်စွက်စာ (RUSF) ဖြင့် အပိုဆောင်း အစာကျွေးကုသခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုသော် (MAM) မှ ပြန်ကောင်းလာစေရန်အတွက် သတ်မှတ်ထားသော နေ့စဉ် အစာအာဟာရလိုအပ်ချက် (အသက်အရွယ်အလိုက် လိုအပ်ချက်နှင့်ကိုက်ညီသော အစားအစာစားသည့် အကြိမ်၊ ပမာဏ၊ အပျစ်အကျဲနှင့် အမျိုးအစား စုံလင်မှု)ကို ပြည့်မီအောင် စားသုံးနိုင်ရန် အဓိကထားပြီး၊ အာဟာရဖြည့်ထားသော ရောနှောစာများ (FBF) ကို နေ့စဉ်ပုံမှန်စားနေကျအချိန်များအကြားတွင် အပိုဆောင်းထည့်သွင်းကျွေးမွေးခြင်း ဖြစ်ပါသည်။

## ၄-၂။ စာရင်းသွင်းဝင်ခွင့် သတ်မှတ်ချက်များနှင့် လူနာအုပ်စု အမျိုးအစားများ (Admission Criteria and Admission Category)

အောက်ဖော်ပြပါ ဇယားရှိ မည်သည့် သတ်မှတ်ချက်မဆိုနှင့် ကိုက်ညီသည့် အသက် (၆)လမှ (၅၉)လ ကလေးများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအားလုံးကို (MAM) ကုသစောင့်ရှောက်မှုအတွက် SFP အစီအစဉ်သို့ စာရင်းသွင်းဝင်ခွင့်ပြုရပါမည်။ စာရင်းသွင်းဝင်ခွင့်သတ်မှတ်ချက် တစ်ခုနှင့် ကိုက်ညီရုံမျှဖြင့် (MAM) ကို ခံစားနေရသည်ဟု သတ်မှတ်ပါသည်။

ဇယား (၇) SFP အတွက် စာရင်းသွင်းရန် ဝင်ခွင့်သတ်မှတ်ချက်များ

| အသက်အုပ်စု | ဝင်ခွင့်သတ်မှတ်ချက် |
|---|---|
| အသက် ၆လ-၅၉လ ကလေးများ | MUAC ≥ ၁၁၅ မီလီမီတာ နှင့် <၁၂၅ မီလီမီတာကြား<br>သို့မဟုတ်<br>WFH ≥ -3 နှင့် < -2 Z Scores |

ဇယား (၈) လူနာအုပ်စု အမျိုးအစားများ

| လူနာအုပ်စု | မှတ်ချက် |
|---|---|
| လူနာသစ်<br>(New Case) | စာရင်းသွင်းရန် ဝင်ခွင့် အသတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားသော လူနာသစ်များ |
| ရောဂါပြန်ဖြစ်သော လူနာ<br>(Relapse) | ဆေးကုသမှုလာရောက်ခံယူခြင်းမရှိဘဲ ၂ လအထက် ပျက်ကွက်ပြီးမှ သို့မဟုတ် ယခင်က ကုသ ပျောက်ကင်းသွားပြီဟု အစီအစဉ်မှ ထွက်ခွင့်ပြုခဲ့ပြီးမှ နောက်တစ်ကြိမ် အစီအစဉ်သို့ ပြန်လည် စာရင်းသွင်း ဝင်ခွင့်ပြုသည့် ကလေး |
| လူနာဟောင်း<br>(Old Case) | - ရောဂါပျောက်သည်ထိ ကုသမှုမခံယူဘဲ ၂ လအောက် ပျက်ကွက်ပြီးမှ အစီအစဉ်သို့ ပြန်လည်ဝင်ခွင့်ပြုသော ကလေး<br>- အခြား SFP တစ်ခုမှ လွှဲပြောင်းပေးသော ကလေး<br>- OTP မှ ကုသပျောက်ကင်း၍ SFP သို့ လွှဲပြောင်းသော ကလေး |

## ၄-၃။ အာဟာရဆိုင်ရာကုသစောင့်ရှောက်မှု (အာဟာရဖြည့်ထားသောရောနှောစာ -FBF ၊ အသင့်စားသုံးနိုင်သော အာဟာရဖြည့်ထားသောရောနှောစာ -RUSF တို့ဖြင့် ကုသခြင်း)

၁။ အာဟာရဖြည့်ထားသော ရောနှောစာ (FBF)



၁-၁။ မြန်မာနိုင်ငံတွင်ထုတ်လုပ်သော အဏုအာဟာရဓာတ်များ ကြွယ်ဝမှုတစ္စာပါဝင်သည့် အာဟာရဖြည့်ထားသောရောနှောစာ

- တစ်နေ့လျှင် ရေနွေးဖြင့် ရောစပ်ထားသော အစာ (၃) ခွက် ကျွေးရပါမည်။
- တစ်နပ်စာအတွက် ဖြည့်စွက်စာ = အစာ (၁) ခွက် + ရေ (၂) ခွက် (အော့အန်ခြင်းနှင့် ဝမ်းလျှောခြင်းကို ဖြစ်စေနိုင်

သည့် ဘတ်တီးရီးယားပိုးမွှားပေါက်ဖွားမှုမရှိစေရန်အတွက် ရေနွေးဖြင့်ရောနှောပြီးပါက (၂) နာရီအတွင်း စားသုံးရပါမည်။)

- ဖွင့်ဖောက်ဖြင်း မပြုရသေးသော အထုပ်အတွက် ပျှမ်းမျှ ထားရှိနိုင်ချိန် - (၃) လ
- တစ်ကြိမ်လျှင် နှစ်ထုပ်ပေးပါ။ တစ်ထုပ်သည် တစ်ပတ်စာဖြစ်ပါသည်။

၁-၂။ Super Cereal Plus (WSB++)

- Super Cereal Plus (WSB++) (၅၀)ဂရမ်ကို ရေ(၂၅၀)မီလီလီတာဖြင့် ရော၍ အပူပေးပါ။ စတင်ဆူပွက်သည့်အချိန်မှ ငါးမိနစ်မှ ဆယ်မိနစ်အထိ ဆက်လက်အပူပေးပါ။
- နေ့စဉ်အတွက် စားသုံးရမည့် ပမာဏ - (၂၀၀) ဂရမ်
- တစ်ပတ်စာအတွက် စားသုံးရမည့် ပမာဏ - ၁၄၀၀ ဂရမ်

၂။ အဆင်သင့်စားသုံးနိုင်သည့်ဖြည့်စွက်စာ - Lipid Based Nutrient Supplement (eeZeeRUSF)

- နေ့စဉ်အတွက် စားသုံးရမည့် ပမာဏ - ကိုယ်အလေးချိန် မည်မျှပင်ရှိရှိ တစ်နေ့လျှင် (၁) ထုပ် (၉၂ ဂရမ်) ကျွေးပါ၊




## ၄-၄။ SFP တွင် ပုံမှန်တိုက်ကျွေးသည့် ဆေးဝါးများ

### ၄-၄-၁။ ဗီတာမင်အေ တိုက်ကျွေးခြင်း

အစီအစဉ်သို့ စာရင်းသွင်းဝင်ခွင့်ပြုချိန်တွင် ကျန်းမာရေးမှတ်တမ်းမှ သို့မဟုတ် မိခင်ကို မေးမြန်းကာ ကလေးသည် လွန်ခဲ့သော ခြောက်လအတွင်း ဗီတာမင်အေ သောက်သုံးထားပြီးခြင်း ရှိ/မရှိ ကို စစ်ဆေးပါ။

ကလေးသည် လွန်ခဲ့သည့်လက ဗီတာမင်အေ ကို သောက်သုံးထားခြင်းမရှိလျှင်၊ နောက် ၂ လ အတွင်း အခြားအစီအစဉ်များမှ တိုက်ကျွေးနိုင်ခြေမရှိလျှင် ဇယား (၈)တွင် ပြထားသည့်အတိုင်း ဗီတာမင် အေ ကို ပေးပါ။

ဇယား (၉) ဗီတာမင်အေ တိုက်ကျွေးရန်ပမာဏနှင့် အကြိမ်

| အသက်အရွယ် | အစီအစဉ်သို့ စတင်ဝင်ခွင့်ပြု ချိန်တွင် ပါးစပ်မှတိုက်ကျွေးရမည့် ဗီတာမင်အေ ပမာဏ |
|---|---|
| ၆ လ မှ ၁၁ လ အထိ<br>၁၂ လ နှင့် အထက် | ၁၀၀,၀၀၀ IU (၃၀,၀၀၀ မိုက်ခရိုဂရမ်)<br>၂၀၀,၀၀၀ IU (၆၀,၀၀၀ မိုက်ခရိုဂရမ်) |

၄-၄-၂။ Albendazole (သန်ချဆေး)

အစီအစဉ်သို့ စာရင်းသွင်းဝင်ခွင့်ပြုချိန်တွင် ကျန်းမာရေးမှတ်တမ်းမှ သို့မဟုတ် မိခင်ကို မေးမြန်းကာ ကလေးသည် လွန်ခဲ့သော ခြောက်လအတွင်း သန်ချဆေး သောက်သုံးထားပြီးခြင်း ရှိ/မရှိ စစ်ဆေးပါ။ မရှိပါက Albendazole ကို အသက် (၁၂)လမှစတင်၍ ကလေးများအားလုံးကို တိုက်ကျွေးပါ။

ဇယား (၁၀) Albendazole (သန်ချဆေး) တိုက်ကျွေးရမည့် ပမာဏနှင့် အကြိမ်

| အသက်အရွယ် | Albendazole ပမာဏ |
|---|---|
| ၁၂ လ အောက်<br>၁၂ လမှ ၂၃ လ အထိ<br>၂၄ လ နှင့် အထက် | မတိုက်ရပါ။<br>၂၀၀ မီလီဂရမ်<br>၄၀၀ မီလီဂရမ် |

၄-၄-၃။ သံဓာတ်ပါသောဆေး တိုက်ကျွေးခြင်း

အောက်ပါဇယားတွင်ပြထားသည့်အတိုင်း သံဓာတ်ပါသောဆေးကို နှစ်ပတ်တစ်ကြိမ်တိုက်ပါ။

ဇယား (၁၁) သံဓာတ်ပါသောဆေး တိုက်ကျွေးရမည့် ပမာဏနှင့် အကြိမ်

| ကိုယ်အလေးချိန် | ဆေး ပမာဏ |
|---|---|
| ၁၀ ကီလိုဂရမ် အောက်<br>၁၀ ကီလိုဂရမ် နှင့် အထက် | ဆေး ၁ ပြား<br>ဆေး ၂ ပြား |

## ၄-၅။ ဆက်လက်ပြုစုစောင့်ရှောက်ခြင်း (Follow Up) နှင့် IYCF နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း

ဆက်လက်ပြုစုစောင့်ရှောက်မှုပေးခြင်းကို နှစ်ပတ်တစ်ကြိမ် ပြုလုပ်ရပါမည်။ အကယ်၍ ကျန်းမာရေးဝန်ထမ်းသည် လူနာကို နှစ်ပတ်တစ်ကြိမ် ပြန်မကြည့်နိုင်ပါက လစဉ် အခြေခံကျန်းမာရေး စောင့်ရှောက်မှုပေးရန် ရပ်ရွာတွင်း ကွင်းဆင်းဆောင်ရွက်ချိန်တွင် ဆက်လက်ပြုစုစောင့်ရှောက်ပေးရမည်။

စေတနာ့ဝန်ထမ်းများကို ဆက်လက်ပြုစုစောင့်ရှောက်မှုပေးခြင်းနှင့် IYCF နှစ်သိမ့် ဆွေးနွေး ပညာပေးခြင်းတို့ကို လက်တွေ့လေ့ကျင့်သင်ကြားပေးပြီးနောက် (MAM) ကလေးများ၏ အိမ်သို့ သွား ရောက်ကြည့်ရှုပေးရန် တာဝန်ပေးထားရပါမည်။ စေတနာ့ဝန်ထမ်းများသည် ကလေးများ၏ အခြေ အနေကို ကျန်းမာရေးဝန်ထမ်းထံသို့ ပြန်လည်အစီရင်ခံ တင်ပြပေးရပါမည်။ တင်ပြလာသည့် အခြေ အနေပေါ်မူတည်ကာ ကျန်းမာရေးဝန်ထမ်းသည် ကလေးများ၏အိမ်သို့ သွားရောက်ကြည့်ရှု ပေးခြင်း သို့မဟုတ် ကလေးကို ကျန်းမာရေးဌာနသို့ ခေါ်ဆောင်လာရန်အကြံပေးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

လတ်တလော အတော်အတန် အာဟာရချို့တဲ့မှုကို ခံစားနေရမှန်း သိသည်နှင့်တပြိုင်တည်း ကျန်းမာရေးဝန်ထမ်းက လူထုအတွင်း ၂-နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း နှစ်သိမ့် ဆွေးနွေးခြင်း cIYCF Counselling ကို ပြုလုပ်ရမည်၊ နောက်ဆက်တွဲ နှစ်သိမ့်ဆွေးနွေးခြင်းများကို စေတနာ့ဝန်ထမ်းများက ဆက်လက် ပြုလုပ်သင့်ပါသည်။ အကယ်၍ အကူအညီများ လိုအပ်ပါက စေတနာ့ဝန်ထမ်းသည် ကျန်းမာရေးဝန်ထမ်းကို တင်ပြရပါမည်။ (cIYCF Counselling အကြောင်းကို အခန်း ၈ - လူထုအတွင်း ၂-နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း နှစ်သိမ့်ဆွေးနွေးခြင်း တွင် ကြည့်ပါ။)

ဆက်လက် ပြုစုစောင့်ရှောက်ပေးခြင်းကို ဆောင်ရွက်သည့်အချိန်တွင် အောက်ပါတို့ကို တိုင်း တာစစ်ဆေးရမည်။

| ကြပ်မတ်ကြည့်ရှုခြင်း/စောင့်ကြည့်ခြင်း | ကြိမ်နှုန်း |
|---|---|
| ၁။ MUAC | နှစ်ပတ်တစ်ကြိမ် |
| ၂။ ကိုယ်အလေးချိန် (တူညီသည့် ပေါင်ချိန်စက်ကို အသုံးပြုပါ) | နှစ်ပတ်တစ်ကြိမ် |
| ၃။ ဖောရောင်မှု အခြေအနေ | နှစ်ပတ်တစ်ကြိမ် |
| ၄။ အန္တရာယ် လက္ခဏာများ (ရောဂါပိုးဝင်ရောက်ခြင်းနှင့် အဖျားတက်ခြင်း၊ ချောင်းဆိုးခြင်း၊ ဝမ်းပျက်ဝမ်းလျှော ခြင်း၊ အသက်ရှူမြန်ခြင်း၊ နှလုံးခုန်နှုန်း မြန်ခြင်း၊ အသက်ရှူကျပ်ခြင်းကဲ့သို့သော နောက်ဆက်တွဲရောဂါ ပြဿနာများ) ဖြစ်ပေါ်လာမှု | နှစ်ပတ်တစ်ကြိမ် |
| ၅။ လူထုအတွင်း ၂-နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း နှစ်သိမ့်ဆွေးနွေးခြင်း | နှစ်ပတ်တစ်ကြိမ် |
| ၆။ အရပ်အမြင့် | ကုသစောင့်ရှောက်မှုအစီအစဉ်သို့ စာရင်းသွင်းချိန် |

## ၄-၆။ ကုသ၍ မပျောက်ကင်းခြင်း (Failure to respond)

SFP ဖြင့် ကုသ၍ မပျောက်ကင်းခြင်းကို အောက်ပါ သတ်မှတ်ချက်များဖြင့် ဆုံးဖြတ်ပါသည်။ ဇယား ၁၂ ကို ကြည့်ပါ။

ဇယား ၁၂ အတွက် ကုသ၍ မပျောက်ကင်းခြင်းကို ဆုံးဖြတ်ရန် သတ်မှတ်ချက်များ

| သတ်မှတ်ချက်များ | စာရင်းသွင်းပြီးနောက်ပိုင်း အချိန်ကာလ |
|---|---|
| အစီအစဉ်သို့ စာရင်းသွင်းပြီးချိန်မှစကာ ကိုယ်အလေးချိန် ကျဆင်းမှု | ၁၄ ရက် |
| ကိုယ်အလေးချိန်မတက်ခြင်း | ၅ ပတ် |
| ကိုယ်အလေးချိန်၏ ၅% ထက်ပို၍ ကျဆင်းခြင်း | မည်သည့်အချိန်တွင်မဆို |
| အစီအစဉ်မှ နုတ်ပယ်ရန် သတ်မှတ်ချက်များ ပြည့်မီမှု မရှိခြင်း | ၃ လ |

'SFP ဖြင့် ကုသ၍ ပျောက်ကင်းခြင်းမရှိ' ဟု အတည်ပြုဆုံးဖြတ်ပြီးဖြစ်ပါက အကြောင်းရင်းကို ရှာဖွေ ဖော်ထုတ်သင့်ပါသည်။ အများဆုံးတွေ့ရသော အကြောင်းရင်းများမှာ -

### ၁။ ကုသမှုအစီအစဉ်နှင့်စပ်လျဉ်းသော ပြဿနာများ

- မှန်ကန်သည့်လမ်းညွှန်များကို စနစ်တကျအသုံးမပြုခြင်း
- ဝန်ထမ်းများကို ကောင်းစွာလေ့ကျင့်သင်ကြားပေးမှု မရှိခြင်း
- ကလေးပြုစုစောင့်ရှောက်သူများနှင့် SFP အစီအစဉ်ဆောင်ရွက်နေသောဝန်ထမ်းများ အကြား ဆက်သွယ်ရေး ကောင်းမွန်မှုမရှိခြင်း
- အပိုဆောင်း ဖြည့်စွက်စာ လုံလောက်မှုမရှိခြင်း သို့မဟုတ် ပြုစုစောင့်ရှောက်သူများက မှန်မှန်ကန်ကန် ကျွေးမွေးမှု မရှိခြင်း

### ၂။ လူမှုရေးပြဿနာများ

- နေအိမ်မှ လူမှုရေးပြဿနာများ

### ၃။ စိတ်ပိုင်းဆိုင်ရာပြဿနာများ

- စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ (အကြမ်းဖက်မှု သို့မဟုတ် သေဆုံးမှုများကို မျက်မြင် တွေ့ရှိခဲ့ရခြင်း၊ အထူးသဖြင့် ဒုက္ခသည်အခြေအနေများနှင့် HIV/AIDS ကူးစက်ခံထား ရသော လူနာရှိသည့် မိသားစုများ)
- စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ အားပေးကူညီမှုများမရှိခြင်း၊ လျစ်လျူရှုခံထား ရခြင်း
- စားပြီးသားအစာများကို ပြန်အန်ခြင်း

## ၄။ ရောဂါအခံများ

- TB ၊ HIV၊ သန်၊ ကပ်ပါးကောင် (Amoebiasis, Giardiasis, Trichuriasis)၊ အခြား ရောဂါပိုးဝင်ရောက်မှုများ
- ကိုယ်အင်္ဂါအများစုကို ထိခိုက်စေနိုင်သောရောဂါများ (မွေးရာပါနှလုံးရောဂါ၊ နာတာရှည်ကျောက်ကပ်ရောဂါ)
- အသည်းခြောက်ခြင်း
- Down's Syndrome
- ဦးနှောက်အမြှေးရောင်ခြင်းကြောင့် အာရုံကြောစနစ်ထိခိုက်ပျက်စီးသော နောက်ဆက်တွဲ ပြဿနာ၊ ဥပမာ - Cerebral Palsy

SFP ဖြင့် ကုသ၍မပျောက်ကင်းခြင်းအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို အောက်ပါပုံတွင် ကြည့်ပါ။

ကုသပျောက်ကင်းမှု မရှိခြင်း

▼

လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာကုထုံးအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ ဆန်းစစ်ပါ

▼

အခြားအပိုဆောင်း ဖြည့်စွက်စာ (FBF RUSF) သို့ ပြောင်းကျွေးပါ မရလျှင် (RUTF) ပြောင်းကျွေးပါ

▼

ကလေး၏ အိမ်ပတ်ဝန်းကျင် အိမ်တွင်း လူမှုရေး ပြဿနာများ ရှိ၊ မရှိ စစ်ဆေးပါ

▼

အခြားသော ရောဂါများ ရှိ၊ မရှိ ပြည့်စုံစွာ စမ်းသပ် စစ်ဆေးပါ

▼

လိုအပ်ပါက ရောဂါရှာဖွေရေး ကိရိယာပြည့်စုံသည့်ဆေးရုံ၊ ကလေးအထူးကုရှိသော ဆေးရုံတွင် စမ်းသပ်စစ်ဆေး၍ ဆက်လက်ကုသမှု ခံယူနိုင်ရန် စေလွှတ်ပါ

▼

အကြောင်းရင်းဇစ်မြစ်ရှာဖွေကုသ၍မရသောအာဟာရချို့တဲ့ခြင်း

*ပုံ (၁၂) SFP ဖြင့် ကုသ၍ပျောက်ကင်းခြင်းမရှိပါက ဆောင်ရွက်ရန်လုပ်ငန်းအကျဉ်းချုပ်*

## ၄-၇။ လွှဲပြောင်းခြင်း (Referral)

အောက်ပါတို့ထဲမှ တစ်ခုခုဖြစ်ပွားလာပါက SFP တွင် ကုသစောင့်ရှောက်ပေးနေသော မည်သည့်လူနာကိုမဆို OTP သို့မဟုတ် ITP သို့ လိုအပ်သလိုလွှဲပြောင်းပေးပါ။

၁။ ဖောရောင်လာခြင်း

၂။ အရည်ဓါတ်ခမ်းခြောက်ခြင်း၊ နမိုးနီးယားအဆုတ်ရောင်ခြင်း စသည့်နောက်ဆက်တွဲရောဂါပြဿနာတစ်ခုခု ဖြစ်လာခြင်း

၃။ အပိုဆောင်း ဖြည့်စွက်စာကို လုံလောက်စွာရရှိပါလျက် ကုသ၍မပျောက်ကင်းခြင်း သတ်မှတ်ချက်များထဲမှ တစ်ခုခုနှင့် ကိုက်ညီနေခြင်း

၄။ အဓိကပြုစုစောင့်ရှောက်ပေးနေသူသည် ကောင်းစွာပြုစုစောင့်ရှောက်နိုင်စွမ်းမရှိခြင်း သို့မဟုတ် ပြုစုစောင့်ရှောက်ပေးလိုစိတ်မရှိခြင်း သို့မဟုတ် အတွင်းလူနာအဖြစ် လွှဲပြောင်းကုသပေးရန် ပန်ကြားလာခြင်း

ကလေးကို လွှဲပြောင်းပေးသောအခါတွင် လွှဲပြောင်းပုံစံ(Referral Form)တွင် ကုသစောင့်ရှောက်မှုအကျဉ်းချုပ်နှင့် AM နံပါတ်ကို ပြည့်စုံစွာဖြည့်စွက်ရမည်။ ITP သို့ လွှဲပြောင်းမှုကို ITP ကြီးကြပ်သူထံသို့ ဖုန်းဆက်အကြောင်းကြားသင့်ပါသည်။

## ၄-၈။ SFP အစီအစဉ်မှ နုတ်ပယ်ထွက်ခွင့်ပြုခြင်းဆိုင်ရာသတ်မှတ်ချက်များနှင့် ထွက်ခွင့်ပြုသည့်လူနာအုပ်စုများ (Discharge Criteria and Discharge Category)

ဇယား (၁၃) တွင် ဖော်ပြထားသော အောက်ပါစံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော ကလေးကို အစီအစဉ်မှ နုတ်ပယ်ထွက်ခွင့်ပြုရပါမည်။

ဇယား (၁၃) SFP မှ နုတ်ပယ်ထွက်ခွင့်ပြုသည့် သတ်မှတ်ချက်များ

| အသက်အုပ်စု | နုတ်ပယ်(ထွက်ခွင့်ပြု) သည့် စံသတ်မှတ်ချက်များ |
|---|---|
| အသက် (၆) လမှ (၅၉)လ ကလေးများ | လာရောက်ပြသသည့် နှစ်ကြိမ်ဆက်တိုက် MUAC ≥ (၁၂၅) မီလီမီတာ ရှိခြင်း*<br>သို့မဟုတ်<br>လာရောက်ပြသသည့် နှစ်ကြိမ်ဆက်တိုက် W/H** ≥ -2 z score ရှိခြင်း |

* ၂ ပတ်တစ်ကြိမ် လာရောက်ပြသရခြင်းဖြစ်သည်။

* * WFH သည် WFL (ခန္ဓာကိုယ်အလျားအလိုက် ရှိရမည့်ကိုယ်အလေးချိန်) နှင့် အတူတူဖြစ်သည်။

SFP မှ နုတ်ပယ်ထွက်ခွင့်ပြုသည့် လူနာအုပ်စုများကို ဇယား (၁၄) တွင် ဖော်ပြထားပါသည်။

ဇယား (၁၄) SFP မှ နုတ်ပယ်ထွက်ခွင့်ပြုသည့် လူနာအုပ်စုများ

| လူနာအုပ်စု | မှတ်ချက် |
|---|---|
| ကုသပျောက်ကင်းသူများ (Cured) | အစီအစဉ်မှ ထွက်ခွင့်ပြုသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် MAM ကလေးများနှင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ |
| ပျောက်ကင်းအောင်မကုသဘဲ ပျက်ကွက်သူများ (Defaulter) | (၂) ကြိမ်ဆက်တိုက် follow up ပျက်ကွက်သူများ |
| သေဆုံးသူများ (Dead) | ပြုစုစောင့်ရှောက်မှု အစီအစဉ်တွင် စာရင်းသွင်းပြီးချိန်၌ သို့မဟုတ် အခြားသော ကျန်းမာရေးဌာနသို့ လွှဲပြောင်းပြီး (၂၄) နာရီအတွင်း သေဆုံးသွားသော ကလေး။ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရချို့တဲ့မှုနှင့်ဆက်နွယ်ခြင်းမရှိသော သေဆုံးမှုများ မပါဝင်ပါ။ |
| ကုသ၍ ပျောက်ကင်းခြင်းမရှိသူများ (Failure to respond) | အစီအစဉ်တွင် (၃) လကြာ (၁၂-ပတ်) ပြုစုစောင့်ရှောက်ပေးပြီးနောက်တွင် အစီအစဉ်မှ ထွက်ခွင့်ပြုသည့်သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိသူများ |
| OTP/ဆေးရုံသို့ လွှဲပြောင်းသော လူနာများ (Transfer out) | အခြေအနေပိုဆိုးလာသဖြင့် OTP/ဆေးရုံသို့ လွှဲပြောင်းပေးခြင်း |
| SFP အချင်းချင်း သို့ လွှဲပြောင်းခြင်း (Internal Transfer) | ကလေးမိသားစုက အခြားရွာသို့ ပြောင်းရွှေ့ခြင်း |

မှတ်ပုံတင်စာအုပ်နှင့် ရိက္ခာရာရှင်ကတ်ပြားတွင် အစီအစဉ်မှ နုတ်ပယ်ထွက်ခွင့်ပြုသည့်နေ့စွဲ၊ ကိုယ်အလေးချိန်၊ MUAC နှင့် လူနာအုပ်စုကို မှတ်တမ်းတင်ပါ။ ကာကွယ်ဆေးထိုးမှုမှတ်တမ်းများကို စစ်ဆေးဖြည့်စွက်ကာ ပြုစုစောင့်ရှောက်သူ/PLWကို ကုသမှုပြီးဆုံးပြီဖြစ်ကြောင်း သို့မဟုတ် လွှဲပြောင်းကြောင်း အသိပေးပါ။

# အခန်း(၄) လတ်တလော အတော်အတန်အာဟာရချို့တဲ့မှုကို ကုသစောင့်ရှောက်ခြင်း (အပိုဆောင်း အစာကျွေး၍ ကုသမှုပေးသော အစီအစဉ်)

- သင်တန်းသားများကို အဖွဲ့(၄)စုခွဲကာ အဖွဲ့တစ်ဖွဲ့စီကို ဖြစ်ရပ်လေ့လာချက် (case study) တစ်ခုစီပေးပါ။
- အဖွဲ့လိုက် ဆွေးနွေးလုပ်ဆောင်ရန်အတွက် (၁၀) မိနစ် အချိန်ပေးပါ။
- တစ်ဖွဲ့ချင်းစီမှ သင်တန်းသားအားလုံးကို ပြန်လည်တင်ပြကာ သင်တန်းသားများအားလုံးက ဝိုင်းဝန်းဆွေးနွေးပါ။ (တစ်ဖွဲ့လျှင် ၁၀-မိနစ်)

## ဖြစ်ရပ်လေ့လာချက် (၁)

အသက် (၁၃) လရှိသော ယောကျ်ားကလေးတစ်ဦးသည် SFP အစီအစဉ်တွင် ဖြည့်စွက်စာ ခွဲတမ်း များကို ရယူပြီး ကုသမှုခံယူလျက်ရှိရာ၊ ယခုလာရောက်ပြသသည့်အချိန်တွင် (၃) လကြာပြီး ဖြစ်သော်လည်း MUAC သည် နှစ်ကြိမ်ဆက်တိုက် ၁၂၅မီလီမီတာနှင့်အထက်သို့ တစ်ခါမှရောက်ရှိ ခဲ့ခြင်းမရှိသည်ကို တွေ့ရပါသည်။ ယခုလာရောက်ပြသသည့်အချိန်တွင် Chest Infection ကိုခံစား နေရကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

မေးခွန်း ၄-၁။ ဤကလေးအတွက် မည်သည်ကို ဆောင်ရွက်ပေးရန် လိုအပ်ပါသနည်း။

## ဖြစ်ရပ်လေ့လာချက် (၂)

အသက်(၁)နှစ်အရွယ် မိန်းကလေးတစ်ဦးကို MUAC (၁၁၇)မီလီမီတာဖြင့် SFP အစီအစဉ်သို့ စာရင်းသွင်းခဲ့ပါသည်။ (၂)လအတွင်းတွင် ကလေးသည် ကိုယ်အလေးချိန်တက်မလာခဲ့ပါ။ ကိုယ်အလေးချိန် မှာ ကျလည်းမသွားဘဲ တန့်နေပါသည်။ မိခင်ကို မေးမြန်းသောအခါ ကလေးကို တစ်နေ့ နှစ်ကြိမ် အစာကျွေးပြီး ကလေးကြီးလာပြီဖြစ်၍ မိခင်နို့ကို သိပ်မလိုအပ်တော့ဟု ထင်သောကြောင့် မိခင်နို့ကို လျှော့တိုက်သည်ဟု ဆိုပါသည်။ ကလေးအတွက် ပေးလိုက်သည့် ဖြည့်စွက်စာ ခွဲတမ်း အားလုံးကို ကျွေးနေပါသည်။

မေးခွန်း ၄-၁။ သင်သည် ဤကလေး၏မိခင်ကို မည်သည့်အာဟာရဆိုင်ရာအကြံဉာဏ်များပေးရန် လိုအပ်ပါသနည်း။

## ဖြစ်ရပ်လေ့လာချက် (၃)

အသက် (၁၈)လအရွယ် မိန်းကလေးတစ်ဦးသည် SFP တွင် (၅) ပါတ်ကြာ ကုသစောင့်ရှောက်မှု ခံယူပြီးသော်လည်း ကိုယ်အလေးချိန်တက်မလာပါ။ ကလေး၏ မိခင်ကို မေးမြန်းရာတွင် IYCF အလေ့အကျင့်များ ကောင်းစွာနားလည်ကျင့်သုံးနေသည်ဟု ထင်မြင်ယူဆဖွယ်ရှိပါသည်။

မေးခွန်း ၄-၃။ ဤကလေးနှင့်စပ်လျဉ်း၍ ကိုယ်အလေးချိန်မတက်ရခြင်းအကြောင်းကို ရှာဖွေတွေ့ရှိရန် သင်မည်သည်တို့ကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်နည်း။

## ဖြစ်ရပ်လေ့လာချက် (၄)

အသက်(၁၅)လအရွယ် ယောကျ်ားလေးတစ်ဦးသည် SFP အစီအစဉ်တွင် ကုသစောင့်ရှောက်မှု ခံယူနေ သည်မှာ (၃) လရှိပြီဖြစ်သည်။ ကိုယ်အလေးချိန်တက်မလာပါ။ မိခင်ကို မေးမြန်းမှုများနှင့် အိမ်သို့သွားရောက်ကြည့်ရှုမှုများအရ ထိုကလေးသည် သူ၏ဖြည့်စွက်စာခွဲတမ်းများအားလုံးကို စားနေပြီး IYCF အလေ့အကျင့်များကို ကောင်းစွာနားလည်ကျင့်သုံးနေသည်ဟု ယူဆရပါသည်။ ကလေးသည် ပဋိဇီဝဆေးဝါးများ အကြိမ်များစွာသောက်သုံးပြီးသည့်တိုင် တစ်ခါတစ်ရံချောင်းဆိုးပြီး မကြာခဏကိုယ်အပူချိန်တက်သည်ဟု မိခင်ကဆိုပါသည်။

မေးခွန်း ၄-၄။ ဤကလေးနှင့်စပ်လျဉ်း၍ ကိုယ်အလေးချိန်မတက်ရခြင်းအကြောင်းကို ရှာဖွေတွေ့ရှိရန် သင်မည်သည်တို့ကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်နည်း။

# အခန်း (၅)

## လတ်တလော အပြင်းအထန်အာဟာရချို့တဲ့မှုကို ကုသစောင့်ရှောက်ပေးခြင်း (ပြင်ပလူနာအဖြစ် အစာကျွေး၍ကုသမှုပေးသောအစီအစဉ်)



# အခန်း (၅)

# လတ်တလော အပြင်းအထန်အာဟာရချို့တဲ့မှုကို ကုသစောင့်ရှောက်ပေးခြင်း (ပြင်ပလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသော အစီအစဉ်)

လတ်တလောအပြင်းအထန်အာဟာရချို့တဲ့ခြင်း (SAM) ကို ကုသစောင့်ရှောက်ခြင်းတွင် အပိုင်း ၂ ပိုင်း ပါဝင်ပါသည်။

၁။ ပြင်ပလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသည့်အစီအစဉ် (OTP) နှင့်

၂။ အာဟာရဆိုင်ရာ ပညာပေးခြင်းနှင့် IYCF နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း

## ၅-၁။ ပြင်ပလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသည့် အစီအစဉ် (OTP)

OTP သည် လတ်တလောအပြင်းအထန် အာဟာရချို့တဲ့နေသော်လည်း အစာစားလိုစိတ်ရှိပြီး နောက်ဆက်တွဲရောဂါပြဿနာမရှိသော ကလေးများအတွက် ဆေးရုံတက်ရန်မလိုဘဲ မိမိ၏နေအိမ်၌ ကုသပြီး ပြန်လည်ကျန်းမာအောင်ပြုစုပေးသောအစီအစဉ်ဖြစ်ပါသည်။ OTP တွင် အသင့် စားသုံးနိုင်သော အာဟာရပြည့်အစာ (RUTF) သည် SAM ကလေးများအတွက် အဓိက စားသုံးရမည့်အစာ ဖြစ်ပါသည်။

အစာစားလိုစိတ် ရှိ၊ မရှိ စစ်ဆေးစမ်းသပ်ခြင်းသည် အရေးကြီးပါသည်။

အဘယ်ကြောင့်ဆိုသော် -

(၁) အစာစားလိုစိတ် နည်းပါးခြင်းသည် နောက်ဆက်တွဲရောဂါပြဿနာရှိသော SAM နှင့် ပြဿနာမရှိသော SAM တို့ကို ခွဲခြားနိုင်ပါသည်။

(၂) အစာစားလိုစိတ်နည်းပါးခြင်းသည် SAM ကလေးတွင် ရောဂါပိုးဝင်ရောက်ခြင်းနှင့် ကြီးမားသည့် ဇီဝကမ္မဆိုင်ရာမူမမှန်မှု တစ်ခုခု - အသည်းလုပ်ငန်းချို့ယွင်းခြင်း၊ သွေးတွင်းဓာတ်ဆားများ (electrolytes) မညီမျှခြင်း၊ ဆဲလ် အပြင် အမြှေးပါးပျက်စီးခြင်း၊ ဇီဝဓာတုဆိုင်ရာလမ်းကြောင်းများ (biochemical pathways) ပျက်စီးခြင်း စသည်တို့ကဲ့သို့ ရှိနေခြင်းကို ပြသနေသောလက္ခဏာ ဖြစ်ပါသည်။

(၃) အစာစားလိုစိတ်နည်းပါးနေသော ကလေးသည် အာဟာရချို့တဲ့ခြင်းကို ပျောက်ကင်းရန်အတွက် စားသုံးရမည့် အာဟာရပြည့်ဝသည့်အစာကို အိမ်တွင် လုံလောက်စွာ စားသုံးလိမ့်မည် မဟုတ်ပါ။

## ၅-၂။ အစာစားလိုစိတ် ရှိ၊ မရှိကို စမ်းသပ်စစ်ဆေးခြင်း

အစာစားလိုစိတ် ရှိ၊ မရှိ စစ်ဆေးခြင်းကို OTP အစီအစဉ်သို့ ဝင်ခွင့်ပြုချိန်နှင့် နောက်ပိုင်း ကျန်းမာရေးဌာနသို့ ပြန်လည်ပြသသည့် အကြိမ်တိုင်းတွင် ပြုလုပ်ရပါမည်။

အစာစားလိုစိတ် ရှိ၊ မရှိ စစ်ဆေးစမ်းသပ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သောအချက်များ-

- အစာစားလိုစိတ် ရှိ၊ မရှိ စစ်ဆေးမှုအား တိတ်ဆိတ်သော သီးသန့်နေရာတစ်နေရာတွင် ဆောင်ရွက်ရန်
- စစ်ဆေးမှုပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ကလေး၏ပြုစုစောင့်ရှောက်သူအား ရှင်းပြရန်နှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြောပြရန်
- မိနစ် (၃၀) အတွင်း RUTF စားနိုင်သော ပမာဏကို စောင့်ကြည့်ရန်နှင့် ကလေးသည် ထို စစ်ဆေးမှုတွင် အောင်မြင်သလား၊ ကျရှုံးသလားဆိုသည်ကို ဆုံးဖြတ်ရန်

  ကလေး၏ ပြုစုစောင့်ရှောက်သူအား အောက်ပါတို့ကို လုပ်ဆောင်ရန် အကြံပြုပါ။

  - RUTF ကို မကျွေးမီ လက်ဆေးရန်
  - ကလေးကို ပေါင်ပေါ်တင်ကာ RUTF ကို ဖြည်းဖြည်းချင်း ကျွေးပေးရန်
  - ကလေးအား RUTF ကို အတင်းအကြပ်ကျွေးခြင်းမပြုဘဲ စားချင်လာအောင် အားပေး တိုက်တွန်းရန်
  - RUTF ကို စားနေစဉ် သန့်ရှင်းသော ရေကို များများတိုက်ပေးရန်

### ၅-၂-၁။ အစာစားလိုစိတ် ရှိ၊ မရှိ စစ်ဆေးမှု ကျရှုံးခြင်း သို့မဟုတ် အောင်မြင်ခြင်း

ပေါင်ချိန်စက် မရရှိနိုင်ပါက အစာစားလိုစိတ် ကျရှုံးခြင်း သို့မဟုတ် အောင်မြင်ခြင်း ရှိ၊ မရှိ ကို ဆုံးဖြတ်ရန် ဇယား (၁၅) ကို အသုံးပြုပါ။

ဇယား (၁၅) ပေါင်ချိန်စက်မရရှိနိုင်ပါက အစာစားလိုစိတ်စစ်ဆေးမှု ကျရှုံးခြင်း/အောင်မြင်ခြင်းကို ဆုံးဖြတ်ရန်အတွက် RUTF ပမာဏများ

| အစာစားလိုစိတ် စစ်ဆေးမှု အောင်မြင်ခြင်း | အစာစားလိုစိတ် စစ်ဆေးမှု ကျရှုံးခြင်း |
|---|---|
| ကလေးသည် အနည်းဆုံး RUTF (၉၂ ဂရမ်) အထုပ်ကို ၁/၃ နှင့် ထက်ဝက်ကြား သို့မဟုတ် လက်ဖက်ရည်ဇွန်း သုံးဇွန်းကို မိနစ် ၃၀ အတွင်း စားနိုင်ခြင်း | ကလေးသည် အနည်းဆုံး RUTF (၉၂ ဂရမ်)အထုပ်၏ ၁/၃ ကို သို့မဟုတ် လက်ဖက်ရည်ဇွန်းသုံးဇွန်းကို မိနစ် ၃၀ အတွင်း မစားနိုင်ခြင်း |

အကယ်၍ ပေါင်ချိန်စက် ရရှိနိုင်ပါက အောက်ပါ လမ်းညွှန်ကို အသုံးပြုသင့်ပါသည်။ ဇယား (၁၆) ကို ကြည့်ပါ။

ဇယား (၁၆) လတ်တလော အပြင်းအထန်အာဟာရချို့တဲ့သော ကလေးများ၏ အစာစားလိုစိတ်ရှိ၊ မရှိကို စစ်ဆေးရန်အတွက် RUTF ပမာဏများ

| အစာစားလိုစိတ်ရှိ မရှိစစ်ဆေးခြင်း<br>အစာစားလိုစိတ်ရှိ မရှိ စစ်ဆေးခြင်းအောင်မြင်ရန်အတွက် "သင့်" စာတိုင်တွင်<br>ဖော်ပြထားသောပမာဏကို ကုန်အောင်စားရမည် | | | |
|---|---|---|---|
| ကိုယ်အလေးချိန် | မိနစ်(၃၀)အတွင်း စားနိုင်သော ပမာဏ (၉၂- ဂရမ်ရှိ အာဟာရမြေပဲယိုထုပ်၏ အချိုးအစား ပမာဏ) | | |
| | ညံ့ | သင့် | ကောင်း |
| (၄) ကီလိုဂရမ်အောက် | <၁/၈ | <၁/၈ - ၁/၄ | >၁/၄ |
| (၄ - ၆. ၉) ကီလိုဂရမ် | <၁/၄ | ၁/၄ - ၁/၃ | >၁/၃ |
| (၇ - ၉. ၉) ကီလိုဂရမ် | <၁/၃ | ၁/၃ - ၁/၂ | >၁/၂ |
| (၁၀ - ၁၄. ၉) ကီလိုဂရမ် | <၁/၂ | ၁/၂ - ၃/၄ | >၃/၄ |
| (၁၅ - ၂၉) ကီလိုဂရမ် | <၃/၄ | ၃/၄ - ၁ | >၁ |
| (၃၀) ကီလိုဂရမ်အထက် | <၁ | <၁ | |

အစာစားလိုစိတ် ရှိ၊ မရှိ စစ်ဆေးမှုကို ကျရှုံးသော ကလေးတစ်ဦးကို ဆက်လက် စမ်းသပ်စစ်ဆေးမှုနှင့် ကုသမှုများပြုလုပ်ရန် အတွင်းလူနာအဖြစ် စောင့်ရှောက်မှုပေးရပါမည်။

အစာစားလိုစိတ် ရှိ၊ မရှိ စစ်ဆေးမှု 'အောင်မြင်'သော်လည်း အိမ်တွင် ကိုယ်အလေးချိန် တက်သည့်နှုန်းသည် မကောင်းပါက ကလေး၏အိမ်သို့ သွားရောက်ကြည့်ရှုရန် စီစဉ်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် အိမ်တွင်လူမှုရေးပြဿနာတစ်ခုခုရှိနေခြင်း သို့မဟုတ် RUTF ကို ခွဲဝေစားသုံးမှုများရှိနေခြင်းတို့ကြောင့် ဖြစ်ပါသည်။ အကယ်၍ အိမ်သို့သွားရောက်ကြည့်ရှုပေးရန် မဖြစ်နိုင်ပါက ကလေးကို ဆေးရုံ/ဆေးခန်းတွင် 'စမ်းသပ်အစာကျွေးမှု' (Trial of feeding) ကို ပြုလုပ်ရပါမည်။ စမ်းသပ်အစာကျွေးမှုတွင် အောက်ပါတို့ကိုဖော်ထုတ်ရန်အတွက် ကလေး၏အစာစားမှုကို ကျန်းမာရေးဝန်ထမ်းကိုယ်တိုင် ကြည့်ရှုရပါမည်။

- အိမ်တွင်းလူမှုရေးပြဿနာနှင့်
- နောက်ဆက်တွဲရောဂါပြဿနာများ

## ၅-၃။ စာရင်းသွင်းဝင်ခွင့် သတ်မှတ်ချက်များနှင့် လူနာအုပ်စု အမျိုးအစားများ (Admission Criteria and Admission Category)

ဇယား (၁၇) တွင် ဖော်ပြထားသော သတ်မှတ်ချက်များမှ မည်သည့်သတ်မှတ်ချက်နှင့်မဆို ကိုက်ညီပါက (စာရင်းသွင်းဝင်ခွင့် သတ်မှတ်ချက်တစ်ခုနှင့် ကိုက်ညီရုံမျှဖြင့်) လတ်တလော အပြင်းအထန် အာဟာရချို့တဲ့မှု (SAM) ရှိသည်ဟု သတ်မှတ်ပါသည်။

ဇယား (၁၇) OTP အတွက် စာရင်းသွင်းဝင်ခွင့်သတ်မှတ်ချက်များ

| အသက်အုပ်စု | ဝင်ခွင့်သတ်မှတ်ချက်များ |
|---|---|
| အသက် (၆) လမှ (၅၉) လ အထိ ကလေးများ | • ခြေနှစ်ဖက်စလုံးတွင် ဖိနှိပ်လိုက်လျှင် ချိုင့်ဝင်ကျန်ခဲ့သော ဖောရောင်မှု ရှိခြင်း + နှင့် ++ (သို့မဟုတ်)<br>• MUAC < ၁၁၅ မီလီမီတာ (သို့မဟုတ်)<br>• W/H < -3 Z Scores<br>အထက်ပါတို့မှ တစ်ခုခုနှင့်<br>• အစာစားလိုစိတ်ရှိပြီး နောက်ဆက်တွဲ ရောဂါ ပြဿနာများ မရှိခြင်း |

ဖောရောင်ခြင်းအဆင့်အား အခန်း(၃)၊ ပုံ(၁၀)တွင် ဖော်ပြထားသည့်အတိုင်း အဆင့်သတ်မှတ်ပါသည်။

ကလေးကို အစီအစဉ်သို့ ဝင်ခွင့်ပြုသည့်အချိန်တွင် အောက်ပါအခြေအနေများထဲမှ တစ်ခုခု ရှိနေပါက အတွင်းလူနာအဖြစ် လွှဲပြောင်းပေးရန်လိုပါသည်။

- ◆ ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် အရည်ဓါတ်ခမ်းခြောက်ခြင်း (၎င်းတို့ကို ရာဇဝင်မေးမြန်းမှုနှင့် ရောဂါ လက္ခဏာများကို အခြေခံကာ ဆုံးဖြတ်ရပါမည်။)
- ◆ အပြင်းအထန်အော့အန်ခြင်း
- ◆ နမိုးနီးယားအဆုတ်ရောင်ခြင်း
  - ၂လအောက်ကလေးများအတွက် တစ်မိနစ်လျှင် အသက်ရှူသည့်အကြိမ် ၆၀
  - ၂လမှ ၁၂ လ အထိ ကလေးများအတွက် တစ်မိနစ်လျှင် အသက်ရှူသည့်အကြိမ် ၅၀
  - ၁ နှစ်မှ ၅ နှစ်အထိ ကလေးများအတွက် တစ်မိနစ်လျှင် အသက်ရှူသည့်အကြိမ် ၄၀
  - ၅နှစ်အထက် ကလေးများအတွက် တစ်မိနစ်လျှင် အသက်ရှူသည့်အကြိမ် ၃၀ သို့မဟုတ် ရင်ဘတ်ချိုင့်ဝင်ခြင်း
- ◆ အရေပြားပေါ်မှ အနာများ

- ကိုယ်အပူချိန်ကျခြင်း - စအိုမှတိုင်းပါက 35.5°C အောက်နည်းခြင်း သို့မဟုတ် ချိုင်းကြားတွင်တိုင်းပါက 35°C အောက်နည်းခြင်း
- ကိုယ်အပူချိန်တက်ခြင်း - စအိုမှတိုင်းပါက 39.5°C အထက် သို့မဟုတ် ချိုင်းကြားတွင်တိုင်းပါက 39° C အထက်ရှိခြင်း
- မျက်ခမ်း၊ လျှာ၊ နှုတ်ခမ်း အလွန်ဖြူဖျော့နေခြင်း (ပြင်းထန်သော သွေးအားနည်းရောဂါ)
- အားနည်းခြင်း၊ ပတ်ဝန်းကျင်အား စိတ်ဝင်စားမှု မရှိခြင်း သို့မဟုတ် သတိလစ်ခြင်း
- တက်ခြင်း
- ဗီတာမင်အေ ချို့တဲ့မှု ရှိကြောင်း စမ်းသပ်တွေ့ရှိခြင်း
- အကြောမှ သွင်းပေးရန် သို့မဟုတ် နှာခေါင်းပိုက်ဖြင့် အစာကျွေးရန် လိုအပ်သည့် အခြေအနေတစ်ခုခု ရှိနေခြင်း
- အတွင်းလူနာအဖြစ် စမ်းသပ်စစ်ဆေးမှု သို့မဟုတ် ကုသမှု လိုအပ်သည်ဟု ကျန်းမာရေးဝန်ထမ်းမှ ထင်မြင်ခြင်း

ဇယား(၁၈) လူနာအုပ်စု အမျိုးအစားများ

| လူနာအုပ်စု | မှတ်ချက် |
|---|---|
| လူနာသစ်<br>(New case) | OTP ပြုစုကုသမှုအစီအစဉ်၏ စာရင်းသွင်းဝင်ခွင့်သတ်မှတ်ချက်များနှင့်အညီ ဝင်ခွင့်ပြုသော လူနာအသစ်များ |
| ရောဂါပြန်ဖြစ်သူများ<br>(Relapse) | - ၂လကျော်ကြာ ပျက်ကွက်နေပြီးနောက်မှ အာဟာရချို့တဲ့မှု ပြန်ဖြစ်ခြင်းကြောင့် ပြန်လည်ဝင်ခွင့်ပြုခြင်း<br>- ကုသပျောက်ကင်းပြီဟု အစီအစဉ်မှ ထွက်ခွင့်ပြုပြီးမှ အာဟာရချို့တဲ့မှု ပြန်ဖြစ်ခြင်းကြောင့် ပြန်လည်ဝင်ခွင့်ပြုခြင်း |
| လူနာဟောင်းများ<br>(Old case) | လူနာဟောင်းများတွင် အောက်ပါတို့ ပါဝင်ပါသည် -<br>- အခြား OTP တစ်ခုမှ လွှဲပြောင်းပေးလိုက်ခြင်း (AM နံပါတ်တစ်ခုဖြင့် ကုသမှု စတင် ခံယူနေပြီးဖြစ်သူ)<br>- ITP မှ SAM ကုသပျောက်ကင်းသဖြင့် လွှဲပြောင်းညွှန်းပို့ပေးခြင်း<br>- ပျောက်ကင်းအောင် မကုသဘဲ ၂လအောက် ပျက်ကွက်နေပြီးမှ ပြန်လည်ဝင်ခွင့်ပြုခြင်း |

## ၅-၄။ အာဟာရဆိုင်ရာ ကုသစောင့်ရှောက်မှု

OTP တွင် အဆင်သင့် စားသုံးနိုင်သောအာဟာရပြည့်အစာ (RUTF)ကို အသုံးပြု၍ SAM ကို ကုသခြင်းဖြစ်ပါသည်။ RUTF သည် လတ်တလောအပြင်းအထန်အာဟာရချို့တဲ့မှုကို ကုသရန် စီမံထုတ်လုပ်ထားသော အင်အားဓါတ်မြင့်မားပြီး သတ္တုဓာတ်နှင့် ဗီတာမင်ကြွယ်ဝသည့်အစာ ဖြစ်ပါသည်။

## ၅-၄-၁။ လိုအပ်သော RUTF ပမာဏ

ကလေးတစ်ဦးစားသုံးရန် လိုအပ်သော RUTF ပမာဏသည် တစ်နေ့လျှင် ကိုယ်အလေးချိန် (၁) ကီလိုဂရမ် အတွက် (၁၅၀) မှ (၂၀၀) ကီလိုကယ်လိုရီခန့် (150 – 200 kcal/kg/day) ကို ဖြည့်နိုင်စွမ်းရှိရမည်။ ဇယား(၁၉)တွင် ကိုယ်အလေးချိန်အလိုက် နေ့စဉ်နှင့် အပတ်စဉ် ကျွေးမွေးရမည့် RUTF ပမာဏများကို ဖော်ပြထားပါသည်။

ဇယား (၁၉) OTP တွင် ကျွေးမွေးရမည့် RUTF ပမာဏများ

| ကိုယ်အလေးချိန်အုပ်စု (ကီလိုဂရမ်) | RUTF အထုပ်များ (၉၂ ဂရမ်) | |
|---|---|---|
| | တစ်နေ့စာ အထုပ်အရေအတွက် | တစ်ပတ်စာ အထုပ်အရေအတွက် |
| 3.0  3.4 | 1 ¼ | 8 |
| 3.5  4.9 | 1 ½ | 10 |
| 5.0  6.9 | 2 | 15 |
| 7.0  9.9 | 3 | 20 |
| 10.0  14.9 | 4 | 30 |
| ≥ 15.0 | 5 | 35 |

RUTF (၁) ထုပ်တွင် (၅၀၀) ကီလိုကယ်လိုရီ ပါဝင်ပါသည်။ ပျှမ်းမျှ တစ်နေ့တာအတွက် ကယ်လိုရီလိုအပ်ချက်သည် ကိုယ်အလေးချိန် တစ်ကီလိုဂရမ်အတွက် (၂၀၀) ကီလိုကယ်လိုရီ (200 Kcal/kg/day) ဖြစ်ပါသည်။

ကလေး၏ ကိုယ်အလေးချိန်ကို တိုင်းတာရန် အခြေအနေမပေးပါက ကလေးအားလုံးကို တစ်နေ့လျှင် (၃) ထုပ် ပေးပါ။

အစီအစဉ်သို့ စတင်စာရင်းသွင်းဝင်ခွင့်ပြုသည့်နေ့ သို့မဟုတ် ဆက်လက်ပြုစုစောင့်ရှောက်မှု ခံယူရန် လာရောက်သည့်နေ့ (Follow Up Visit) တွင် ပေးရမည့် RUTF ပမာဏသည် နောက်တစ်ကြိမ် ပြန်လာပြသည်အထိ လုံလောက်အောင်ပေးရမည်။

## ၅-၄-၂။ အထူးအခြေအနေများ

အမြွှာများ

(က) အမြွှာကလေးနှစ်ယောက်စလုံးတွင် SAM ရှိခြင်း - ကလေးနှစ်ယောက်စလုံးအား လူနာသစ်များအဖြစ် OTP တွင် စာရင်းသွင်းပြုပါ။ ကလေးနှစ်ယောက်စလုံးအတွက် တူညီသော RUTF ပမာဏကို ပေးပါ။ (ကျွေးရမည့် ပမာဏနှင့် အကြိမ်သည် ကိုယ်အလေးချိန်ပိုများသည့် ကလေး၏ အလေးချိန်ကို အခြေခံပါမည်)။

(ခ) ကလေးတစ်ဦးသည် SAM ဖြစ်ပြီး ကလေးတစ်ဦးသည် အာဟာရချို့တဲ့ခြင်းမရှိပါက အမြွှာကလေး နှစ်ယောက်စလုံးအတွက် RUTF ကို တူညီသော နှုန်းထားဖြင့် ပေးရမည် ဖြစ်သည် (ကျွေးရမည့် ပမာဏနှင့် အကြိမ်သည် SAM ကလေး၏ ကိုယ်အလေးချိန်ကို အခြေခံပါမည်)။

### ၅-၄-၃။ RUTF ၏ အကျိုးကျေးဇူးများ

- အထုပ်တိုင်းတွင် စံကိုက်ထားသော အစာဟာရတန်ဖိုးရှိခြင်း၊
- ချက်ပြုတ်ရန်မလိုခြင်း၊
- ရေဖြင့် ဖျော်စပ်ရန် မလိုခြင်း၊
- အခန်းအပူချိန်တွင် ခြောက်လအထိ သိုလှောင်ထားရှိနိုင်ခြင်း၊
- အထုပ်ကိုဖွင့်ရုံမျှဖြင့် ကလေးကို လွယ်ကူစွာကျွေးနိုင်ခြင်းနှင့်
- အိမ်တွင်စားသုံးနိုင်ခြင်း။

### ၅-၄-၄။ ကလေးကို ပြုစုစောင့်ရှောက်သူအတွက် RUTF အကြောင်း အဓိက သတင်းစကား

မိခင်ကို မိခင်နို့တိုက်ကျွေးမှု၏အရေးပါပုံနှင့် ကလေးကို RUTF မကျွေးမီ သို့မဟုတ် ကလေးက တောင်းဆိုတိုင်း မိခင်နို့တိုက်ကျွေးရန် ပညာပေးပါ။

- RUTF သည် SAM ကလေးများအတွက် အထူးစီမံပြုလုပ်ထားသော အစာနှင့်ဆေးတစ်မျိုး ဖြစ်ပါသည်။ ကလေး ပြန်လည်ကျန်းမာလာစေရန်အတွက် လိုအပ်သည့် အာဟာရဓာတ်များ အားလုံး ပါဝင်ပါသည်။ အကယ်၍ ကလေးသည် RUTF ကို လုံလောက်စွာ မစားသုံးရပါက ထိုအာဟာရဓာတ်များကို လုံလောက်စွာရမည်မဟုတ်ပါ။ အခြားမိသားစုဝင်များက မျှဝေစားသုံးခြင်း မပြုသင့်ပါ။

- ပုံမှန်အစားအစာများတွင် SAM ကလေးများအတွက် လိုအပ်သည့် အာဟာရဓာတ်များသည် မှန်ကန်မျှတသော အချိုးအစားဖြင့် မပါဝင်ပါ။ ပုံမှန်အစားအစာများသည် ကလေး နေပြန်ကောင်းမှုကို ကြန့်ကြာစေပါလိမ့်မည်။

- RUTF ကို အခြားအစာများနှင့် မည်သည့်အခါမျှ ရောနှောကျွေးမွေးခြင်း မပြုပါနှင့်။ အနှံ့အစေ့နှင့်ပဲအမျိုးစုသည် RUTF ထဲရှိ အာဟာရဓာတ်များကို ဖျက်ဆီးနိုင်ပြီး အထူး အာဟာရဓာတ်များကို စုပ်ယူခြင်းအား ဟန့်တားပါသည်။

- အခြားအစာများ မကျွေးမီ RUTF ကို အရင်ကျွေးပါ၊ ပုံမှန်မိသားစု ထမင်းစားချိန် မဟုတ်သည့်အချိန်တွင် ကျွေးပါ။

- နေမကောင်းသော ကလေးများသည် များသောအားဖြင့် အစာမစားချင်ကြပါ။ RUTF ကို နည်းနည်းစီ မကြာခဏ ကျွေးပါ။

- RUTF ကို ကျွေးမွေးနေစဉ် ကလေးသည် ရေငတ်နိုင်ပါသည်။ ယင်းသည် အန္တရာယ်ရှိသော လက္ခဏာမဟုတ်ပါ။ RUTF ကို စားနေစဉ် သန့်ရှင်းသောရေကို များများတိုက်ပေးပါ။
- RUTF ကို အထုပ်ဖောက်ပြီး ၂၄ နာရီအထိ အန္တရာယ်ကင်းစွာ သိမ်းဆည်းထားနိုင်ပါသည်။ အင်းဆက်၊ ပိုးမွှား၊ ကြွက်တို့၏ရန်မှ ကာကွယ်ရန်လိုပါသည်။

## ၅-၅။ OTP တွင် ပုံမှန်တိုက်ကျွေးထိုးနှံပေးသော ဆေးဝါးများနှင့် ကာကွယ်ဆေးများ

အာဟာရချို့တဲ့သော ကလေးများကို ရောဂါပိုးဝင်ရောက်သည့် လက္ခဏာများ မရှိသော်လည်း ပဋိဇီဝဆေးများကိုပေးရန်လိုအပ်ပါသည်။ ရောဂါလက္ခဏာများမရှိသော်လည်း ထိုလူနာများ၏ အူသိမ်အတွင်းတွင် ဘတ်တီးရီးယားပိုးမွှားများ အလွန်အမင်းပေါက်ပွားခြင်း၊ အနည်းဆုံးအားဖြင့် သေးငယ်သောရောဂါပိုးဝင်ရောက်ခြင်းများ ရှိနေတတ်ပါသည်။ အာဟာရချို့တဲ့မှုကုသခြင်းကို ပိုမိုထိရောက်စေရန် ပဋိဇီဝဆေးပေး၍ ထိုဘက်တီးရီးယားများကို နှိမ်နင်းရန်လိုပါသည်။

### ၅-၅-၁။ ပဋိဇီဝဆေးဖြင့် ကုသမှု

Amoxil သို့မဟုတ် Cotrimoxazole ကို အောက်ပါအတိုင်း ပေးနိုင်ပါသည်။ ဇယား (၂၀) နှင့် (၂၁) ကို ကြည့်ပါ။ ပထမဆုံးအကြိမ်အဖြစ် ကျန်းမာရေးဝန်ထမ်းက စောင့်ကြပ်တိုက်ကျွေးပြီးနောက်တွင် မိခင်ကိုယ်တိုင် စုစုပေါင်း(၅)ရက်ပြည့်သည်အထိ ဆေးတိုက်ရမည်ဖြစ်ကြောင်း မိခင်ကို ပြောပါ။

ဇယား (၂၀) တိုက်ကျွေးရမည့် Amoxicillin ပမာဏနှင့် အကြိမ်ရေ

| ကိုယ်အလေးချိန် Kg (ကီလိုဂရမ်) | Amoxicillin (15 mg/kg) တစ်နေ့ (၃) ကြိမ် (၅ ရက်) | |
|---|---|---|
| | mg (မီလီဂရမ်) | ဆေးတောင့်။ဆေးပြား (၂၅၀ mg) |
| < 5 | 62.5 mg*3 | ¼ cap*3 |
| 5 -10 | 125 mg*3 | ½ cap*3 |
| 10-20 | 250 mg*3 | 1 cap*3 |
| 20 -35 | 375 mg*3 | 1½ cap*3 |
| > 35 | 500 mg*3 | 2 cap*3 |

*မှတ်ရန် - ဆေးအရည်ကို ပေးမည်ဆိုပါက (၅) မီလီလီတာတွင်ပါရှိသည့် ဆေးပမာဏကို ဦးစွာစစ်ဆေးပါ။ (ပါဝင်သည့်ပမာဏ နှစ်မျိုး ရှိပါသည်- 125 mg နှင့် 250 mg ဖြစ်ပါသည်)။ Ampicillin ကိုလည်း amoxicillin တိုက်ကျွေးသည့် ပမာဏနှင့်အကြိမ်ရေအတိုင်း တိုက်ကျွေးနိုင်ပါသည်။*

ဇယား (၂၁) တိုက်ကျွေးရမည့် Cotrimoxazole ပမာဏနှင့် အကြိမ်ရေ

| အသက်အရွယ် | လူကြီးဆေးပြား (Cotrimoxazole 400mg sulfamethoxazole နှင့် 80mg trimethoprim) တစ်နေ့ ၂ ကြိမ် (၅ရက်) |
|---|---|
| ၆ ပတ် မှ ၆ လ | ¼ tab*2 |
| ၆ လ မှ ၅ နှစ် | ½ tab*2 |
| ၅ နှစ်မှ ၁၂ နှစ် | 1 tab*2 |
| ၁၂ နှစ်မှ ၁၈ နှစ် | 2 tab*2 |

## ၅-၅-၂။ သန်ချခြင်း

Albendazole ကို အောက်ပါအတိုင်း ပေးပါသည်။

ဇယား (၂၂) - သန်ချပေးခြင်း

| အသက်အရွယ် | Albendazole 400mg |
|---|---|
| ၁ နှစ်အောက် | မတိုက်ပါ |
| ၁ နှစ်မှ ၂ နှစ် | ½ Tablet |
| ≥ ၂ နှစ် | 1 Tablet |

## ၅-၅-၃။ ဗီတာမင်အေ

(က) မျက်လုံးတွင် ဗီတာမင်အေ ချို့တဲ့မှုလက္ခဏာမရှိသော SAM ကလေးများ

ထိုကလေးများသည် F-75 ၊ F -100 သို့မဟုတ် WHO သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် RUTF ကို စားသုံးနေပါက ဗီတာမင်အေ ကို ထပ်ဆောင်းပေးရန် မလိုအပ်ပါ။

(ခ) မျက်လုံးတွင် ဗီတာမင်အေ ချို့တဲ့မှုလက္ခဏာရှိသော သို့မဟုတ် မကြာသေးမီက ဝက်သက်ပေါက်ထားသော SAM ကလေးများ

မျက်လုံးတွင် ဗီတာမင်အေ ချို့တဲ့မှုလက္ခဏာ ရှိသောကလေးများကို OTP တွင် မကုသသင့်ပါ။ ၎င်းတို့၏ မျက်လုံးအခြေအနေသည် အလွန်လျင်မြန်စွာဆိုးရွားလာနိုင်သဖြင့် ဆေးရုံသို့ ချက်ချင်း လွှဲပြောင်းပေးသင့်ပါသည်။

(ဂ) မကြာသေးမီက ဝက်သက်ပေါက်ထားသော ကလေးများ

မကြာသေးမီက ဝက်သက်ပေါက်ထားသော ကလေးများအတွက် ဗီတာမင်အေ ကို အောက်ပါအတိုင်း ပေးသင့်ပါသည်။

ဇယား(၂၃) မကြာသေးမီက ဝက်သက်ပေါက်ထားသောကလေးများအတွက် ဗီတာမင်အေ ပမာဏ

| နေ့ | အကြိမ် | ၆ လမှ ၁၂ လ | ၁၂ လအထက် |
|---|---|---|---|
| ပထမနေ့ | ပထမအကြိမ် | 100,000 IU | 200,000 IU |
| ဒုတိယနေ့ | ဒုတိယအကြိမ် | 100,000 IU | 200,000 IU |
| ၁၅ ရက်မြောက်နေ့ | တတိယအကြိမ် | 100,000 IU | 200,000 IU |

## ၅-၅-၄။ ငှက်ဖျားရောဂါ

နောက်ဆက်တွဲပြဿနာများမရှိသော ငှက်ဖျား

နောက်ဆက်တွဲပြဿနာများမရှိသော ငှက်ဖျားဖြစ်နေသည့် SAM ကလေးများကို OTP တွင် ကုသနိုင်ပါသည်။ ကုသမှုအသေးစိတ်ကို အမျိုးသား ငှက်ဖျားရောဂါကုသမှု လမ်းညွှန်အတိုင်း ကုသပါ။

နောက်ဆက်တွဲပြဿနာရှိသော ငှက်ဖျား

ပြင်းထန်သည့် နောက်ဆက်တွဲပြဿနာရှိသော ငှက်ဖျားဖြစ်နေသည့် SAM ကလေးများကို ITP သို့ လွှဲပြောင်းပေးပါ။

## ၅-၅-၅။ ဝက်သက်ရောဂါ

ဝက်သက်ရောဂါ ကပ်အသွင်ဖြစ်ပွားနေသည့်အချိန်မှလွဲ၍ SAM ကလေးများကို အစီအစဉ်သို့ စာရင်းသွင်းဝင်ခွင့်ပြုချိန်တွင် ဝက်သက်ကာကွယ်ဆေးကို မပေးပါနှင့်။ အဘယ်ကြောင့်ဆိုသော် ၎င်းကလေးများသည် ရောဂါကိုခုခံနိုင်သည့် ပဋိဇီဝပစ္စည်းထုတ်နိုင်စွမ်းနည်းပါးသောကြောင့် သို့မဟုတ် မရှိသောကြောင့် ဖြစ်ပါသည်။ ကလေးသည် ၉ လနှင့် အထက်ဖြစ်ပြီး ဝက်သက် ကာကွယ်ဆေး မထိုးရသေးလျှင် (၄) ပတ်မြောက် (သို့မဟုတ် ၄- ကြိမ်မြောက်) လာရောက်ပြသ ချိန်တွင် ဝက်သက်ကာကွယ်ဆေးကို ထိုးပေးပါ။ အမျိုးသားကာကွယ်ဆေးထိုးလမ်းညွှန်အတိုင်း ဝက်သက်ကာကွယ်ဆေးကို ထိုးပြီးကြောင်း သေချာအောင် ဆောင်ရွက်ပါ။

ဇယား ၂၄ - OTP အစီအစဉ်တွင် ပါဝင်သည့် ဆေးဝါးကုသမှုများ

| Drug / Supplement | When | Age / Weight | Prescription | Dose |
|---|---|---|---|---|
| VITAMIN A | $4^{th}$ week ($4^{th}$ visit) | 6 – 12 months | 100,000 IU | 1 dose |
| | | > 12 months | 200,000 IU | |
| | | Do not use with Oedema | | |
| No vitamin A dose is provided if the child is on F-75, F 100 or RUTF that comply with WHO specifications. Not already been taken in the past 2 months. | | | | |
| AMOXICILLIN | At Admission | All SAM cases | < 5 kg => 62.5 mg<br>5 -10 kg => 125 mg<br>10-20 kg => 250 mg<br>20 -35 kg => 375 mg<br>> 35 kg => 500 mg | 3 times a day for 5 days |
| COTRIMOXAZOLE | At Admission | All SAM cases | 24mg/kg | 2 times a day for 5 days |
| ALBENDAZOLE | $4^{th}$ week ($4^{th}$ visit) | < 12 months | DO NOT GIVE | None |
| | | 12 – 23 months | 200 mg | Single dose |
| | | ≥ 24 months | 400 mg | |
| MEASLES VACCINATION | $4^{th}$ week ($4^{th}$ visit) | > 9 months | Give a second dose if received first vaccination when SAM in ITP | |

## ၅-၆။ ဆက်လက် ပြုစုစောင့်ရှောက်ခြင်း (Follow Up) နှင့် IYCF နှစ်သိမ့် ဆွေးနွေးပညာပေးခြင်း

ဆက်လက် ပြုစုစောင့်ရှောက်ခြင်းကို အပတ်စဉ်ဆောင်ရွက်ပေးရပါမည်။ ကျန်းမာရေးဝန်ထမ်းများသည် SAM ကလေးများကို အပတ်စဉ် မကြည့်နိုင်ပါက ပဏာမကျန်းမာရေး စောင့်ရှောက်မှုပေးရန် ရပ်ရွာတွင်း လစဉ် ကွင်းဆင်းဆောင်ရွက်ချိန်တွင် ပြုလုပ်နိုင်ပါသည်။

ထို့နောက် စေတနာ့ဝန်ထမ်းများကို ဆက်လက်ပြုစုစောင့်ရှောက်ခြင်း (Follow Up)ကို မည်သို့ဆောင်ရွက်ရမည်ဆိုသည်ကို လက်တွေ့လေ့ကျင့်သင်ကြားပေးထားပြီးနောက် SAM ကလေးများ၏ အိမ်သို့ သွားရောက်ကြည့်ရှုပေးရန် တာဝန်ပေးထားသင့်ပါသည်။ စေတနာ့ဝန်ထမ်းများသည် ကလေးများ၏အခြေအနေကို ကျန်းမာရေးဝန်ထမ်းထံသို့ ပြန်လည်အစီရင်ခံတင်ပြရပါမည်။ ကလေး၏

အခြေအနေပေါ်မူတည်ကာ ကျန်းမာရေးဝန်ထမ်းသည် ကလေးများ၏အိမ်သို့ သွားရောက်ကြည့်ရှုပေးခြင်း သို့မဟုတ် ကလေးကို ကျန်းမာရေးဌာနသို့ခေါ်ဆောင်လာရန်အကြံပေးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

အာဟာရချို့တဲ့မှုကို ခံစားနေရမှန်းသိသည်နှင့် တပြိုင်တည်း ကျန်းမာရေးဝန်ထမ်းက လူထုအတွင်း ၂-နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း နှစ်သိမ့်ဆွေးနွေးခြင်း cIYCF Counselling ကို ပြုလုပ်ရမည်။ နောက်ဆက်တွဲ နှစ်သိမ့်ဆွေးနွေးခြင်းများကို စေတနာ့ဝန်ထမ်းများက ဆက်လက်ပြုလုပ်သင့်ပါသည်။ အကယ်၍ အကူအညီများလိုအပ်ပါက စေတနာ့ဝန်ထမ်းသည် ကျန်းမာရေးဝန်ထမ်းကို တင်ပြသင့်ပါသည်။ (cIYCF Counselling အကြောင်းကို အခန်း ၈ လူထုအတွင်း ၂ - နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း နှစ်သိမ့်ဆွေးနွေးခြင်းတွင် ကြည့်ပါ။)

ဆက်လက်ပြုစုစောင့်ရှောက်မှုပေးသည့်အချိန်တွင် အောက်ပါတို့ကို တိုင်းတာစစ်ဆေးပါ။

ဇယား ၂၅ - ဆက်လက်ပြုစုစောင့်ရှောက်မှုပေးသည့်အချိန်တွင် စစ်ဆေးရန်

| ကြပ်မတ်ကြည့်ရှုခြင်း၊ စောင့်ကြည့်ခြင်း | ကြိမ်နှုန်း |
|---|---|
| ၁။ MUAC | အပတ်စဉ် |
| ၂။ ကိုယ်အလေးချိန် (တူညီသည့် ပေါင်ချိန်စက်ကို အသုံးပြုနိုင်ပါက) | အပတ်စဉ် |
| ၃။ ဖောရောင်မှု အခြေအနေ | အပတ်စဉ် |
| ၄။ အန္တရာယ်လက္ခဏာများ (ရောဂါပိုးဝင်ရောက်ခြင်းနှင့် အဖျားတက်ခြင်း၊ ချောင်းဆိုးခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ အသက်ရှူမြန်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက် ရှူကျပ်ခြင်းကဲ့သို့သော နောက်ဆက်တွဲ ရောဂါပြဿနာများ) ဖြစ်ပေါ်လာမှု | အပတ်စဉ် |
| ၅။ အစာစားလိုစိတ်ရှိ မရှိ စစ်ဆေးခြင်း | အပတ်စဉ် |
| ၆။ လူထုအတွင်း ၂-နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း နှစ်သိမ့်ဆွေးနွေးခြင်းရှိ | အပတ်စဉ် |
| ၇။ အရပ်အမြင့် | ကုသစောင့်ရှောက်မှုအစီအစဉ်သို့ ဝင်ခွင့်ပြုချိန် |
| ၈။ WFH Z Score | ရောဂါသတ်မှတ်ချိန်နှင့် အစီအစဉ်မှ ထွက်ခွင့်ပြုချိန် |

## ၅-၇။ ကုသ၍ မပျောက်ကင်းခြင်း (Failure to respond)

OTP အစီအစဉ်မှ ကုသစောင့်ရှောက်မှုများကို တုံ့ပြန်မှုမရှိခြင်းအား အောက်ပါသတ်မှတ်ချက်များဖြင့် ဖော်ထုတ်သတ်မှတ်နိုင်ပါသည်။

ဇယား ၂၆ - ပြင်ပလူနာအဖြစ် ကုသ၍ မပျောက်ကင်းခြင်းကို ဆုံးဖြတ်ရန် သတ်မှတ်ချက်များ

| ကုသမှုကို တုံ့ပြန်မှုမရှိခြင်းအတွက် သတ်မှတ်ချက်များ | စာရင်းသွင်းပြီးနောက်ပိုင်း အချိန်ကာလ |
|---|---|
| အစီအစဉ်သို့ စာရင်းသွင်းပြီး ချိန်မှစကာ ကိုယ်အလေးချိန် လျော့ကျလာမှု (ဖောရောင်ခြင်းမရှိသော ကလေးများ) | (၁၄) ရက် |
| ဖောရောင်မှု လျော့ကျလာခြင်းမရှိမှု | (၁၄) ရက် |
သို့သော် ခန္ဓာကိုယ်တွင် TB ရောဂါပျံ့နှံ့နေသော (Miliary TB)၊ TB ဦးနှောက် အမြှေးရောင်ရှိသော၊ Pott's disease ရှိသော SAM ကလေးများတွင်မူ ဆေးအဆိပ်အတောက် ဖြစ်နိုင်သည့် အန္တရာယ်ရှိသော်လည်း စောင့်ဆိုင်းမနေဘဲ ရောဂါကုသမှုကို ချက်ချင်း စတင်သင့်ပါသည်။

ကုသရာတွင် အမျိုးသားတီဘီကုသမှုလမ်းညွှန်ချက်များကို လိုက်နာသင့်ပါသည်။ တီဘီဆေးများသည် အသည်းကို ထိခိုက်စေသည့်အတွက် အသည်းကြီးနေသော သို့မဟုတ် နာနေသော ကလေးများတွင် သတိဖြင့် အသုံးပြုသင့်ပါသည်။

TB ကုသရာတွင် Isoniazid ကို အသုံးပြုပါက ဗီတာမင် ဘီ-၆ (Pyridoxine) 5-10 mg ကို နေ့စဉ်ထည့်သွင်း တိုက်ကျွေးသင့်သည်။ Isoniazid သည် လက္ခဏာမပြသည့် Pyridoxine ချို့တဲ့မှုကို ဖြစ်စေနိုင်သည်။ အထူးသဖြင့် SAM ကလေးများနှင့် အလွန်ပြင်းသော ART ဆေးစားနေသည့် HIV ကလေးများတွင် ပိုဆိုးပါသည်။

တီဘီဆေးသောက်ရမည့် ပြင်းထန် အာဟာရချို့တဲ့ကလေးသည် ART ဆေးသောက်နေရပါက သို့မဟုတ် သောက်ရမည်ဆိုပါက Rifampicin နှင့်တုံ့ပြန်သတ္တိရှိသောဆေးပါသည့် Eg. Nivarapine/ Lopinavir ဆေးအတွဲအစား WHO ကအကြံပြုထားသော အခြား ART ကုထုံးကို အသုံးပြုသင့်ပါသည်။

## ၈-၂-၄။ အာဟာရကျွေးမွေးကုသစောင့်ရှောက်မှု

TB ရှိသော လတ်တလော အပြင်းအထန် အာဟာရ ချို့တဲ့သည့် ကလေးများသည် ကုသချိန်ပိုကြာကာ တိုးတက်မှုနှေးကွေးခြင်းများ အဖြစ်ပိုများသော်လည်း အာဟာရချို့တဲ့မှုမှ ကောင်းစွာနာလန်ထူကာ ပြန်လည် ကျန်းမာလာနိုင်ပါသည်။

TB ရှိသော SAM ကလေးများအတွက် ITP နှင့် OTP ကုထုံးလမ်းညွှန်များသည် TB မရှိသော SAM ကလေးများနှင့် အတူတူပင် ဖြစ်ပါသည်။

ကလေး၏ ကိုယ်အလေးချိန်ကို အခြေခံ၍လိုအပ်သော RUTF ပမာဏကို တွက်ပြီး ကျွေးမွေးရာတွင် အရေအတွက်သည် TB မရှိသော ကလေးများနှင့် အတူတူပင် ဖြစ်ပါသည်။ ထိုကလေးများကို သင့်လျော်သည့် အာဟာရဖြည့်ထားသောရောနှောစာကို အသုံးပြုကာ အပိုဆောင်းဖြည့်စွက်စာ ကျွေးခြင်း အစီအစဉ်မှတစ်ဆင့် သို့မဟုတ် RUTF ကို OTP မှတစ်ဆင့် အာဟာရဆိုင်ရာ ပံ့ပိုးမှုများ ပေးသင့်ပါသည်။

## ၈-၂-၅။ SAM ကုသမှုအစီအစဉ်မှ နုတ်ပယ်ထွက်ခွင့်ပြုပြီးနောက် လုပ်ငန်းများ

ကလေးများကို အာဟာရပြန်လည်ပြည့်ဖြိုးလာသည်အထိ ကုသမှုပေးပြီးနောက် TB ရောဂါမရှိသော ကလေးများအတိုင်း တူညီသောသတ်မှတ်ချက်များကိုအသုံးပြုကာ အစီအစဉ်မှ နုတ်ပယ် ထွက်ခွင့်ပေးရမည်။ ထွက်ခွင့်ပေးပြီးနောက်တွင် TB ရှိသော ကလေးများကို TB ကုသမှုအစီအစဉ်များထံ လွှဲပြောင်းခြင်းနှင့်/သို့မဟုတ် ပုံမှန်သွားရောက်ပြသစေခြင်းတို့ ပြုလုပ်နေရန် ကျန်းမာရေး လုပ်သားမှ ဆောင်ရွက်ပေးသင့်ပါသည်။

TB ရောဂါကုသမှုဌာနတစ်ခုသည် အဟာရဖြည့် ကုသမှု နှင့်စပ်လျဉ်းသည့် အတွေ့အကြုံမရှိလျှင်/သင်တန်းတက်မထားလျှင် ချက်ချင်းမလွှဲပြောင်းပေးပါနှင့်။ နှိုင်းယှဉ်ကြည့်လျှင် အာဟာရချို့တဲ့မှုကြောင့် ပိုသေဆုံးနိုင်သဖြင့် အဟာရဖြည့် ကုသမှုကို ဦးစားပေးရပါမည်။

HIV/TB ရောဂါများကူးစက်နေပါက ကလေး၏ HIV/TB ကုသပေးနေသူနှင့်အတူ လူနာတစ်ဦးချင်းစီအတွက် ဆောင်ရွက်ပေးသင့်သည်များကို လေ့လာရှာဖွေသင့်ပြီး ITP အတွင်းလူနာ အဖြစ်ကုသမှုခံယူရန် အခွင့်အလမ်းကိုလည်း ဆန်းစစ်သင့်ပါသည်။

## ၈-၃။ လတ်တလောအာဟာရချို့တဲ့မှုကိုခံစားနေရသော ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကို ကုသစောင့်ရှောက်ခြင်း

အာဟာရချို့တဲ့သော ကိုယ်ဝန်ဆောင်နှင့် နို့တိုက် မိခင်များ (PLW)ကိုလည်း IMAM အစီအစဉ်ဖြင့် ကုသပေးမည်ဖြစ်သည်။ ရည်ရွယ်ချက်မှာ အမျိုးသမီးများကို အာဟာရချို့တဲ့မှုမှ ပြန်လည် ကျန်းမာလာအောင် ကူညီပံ့ပိုးပေးရန်နှင့်၊ ကိုယ်ဝန်ဆောင်ခြင်းနှင့် မိခင်နို့တိုက်ကျွေးခြင်းကြောင့် ထပ်ဆောင်းလိုအပ်သော အဏုအာဟာရနှင့် ရုပ်ကြမ်းအာဟာရဓါတ်များကို ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် လတ်တလောအာဟာရချို့တဲ့မှုကို ခံစားရပါက မွေးကင်းစကလေး ကိုယ်အလေးချိန်မပြည့်ခြင်း၊ မွေးကင်းစကလေး သေဆုံးနိုင်ခြေမြင့်မားခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ လတ်တလောအာဟာရချို့တဲ့သည်ဟု သတ်မှတ်ခံရသော ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ(PLW)ကို ကုသပေးရသည့် ရည်ရွယ်ချက်မှာ သန္ဓေသားကြီးထွားချိန်တွင် အာဟာရဖြည့်ဆည်းပေးရန်နှင့် မိခင်နို့တိုက်ကျွေးနေစဉ်တွင် ကလေး၏ ပထမ (၆) လအတွက် အာဟာရ ဖြည့်ပေးရန် ဖြစ်ပါသည်။

### ၈-၃-၁။ အစီအစဉ်သို့ စာရင်းသွင်း ဝင်ခွင့်ပြုခြင်း

ကိုယ်ဝန်ရှိသောအမျိုးသမီးများ သို့မဟုတ် အသက် (၆) လအောက်ကလေးကို မိခင်နို့ တိုက်ကျွေးနေသောအမျိုးသမီးများကို ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးသည့်ဆေးခန်း၊ မိခင်ကလေးကျန်းမာရေးဆေးခန်း သို့မဟုတ် OPD တွင် စနစ်တကျ စမ်းသပ်စစ်ဆေးပေးသင့်ပါသည်။ ရပ်ရွာထဲတွင် စမ်းသပ်စစ်ဆေးမှုကိုလည်း စေတနာ့ဝန်ထမ်းက ကိုယ်ဝန်ဆောင်တို့နှင့် ထိတွေ့တိုင်း ဆောင်ရွက်သင့်ပါသည်။

MUAC (၂၁၀) မီလီမီတာထက်နည်းသော မည်သည့် PLW ကိုမဆို SFP သို့ လွှဲပြောင်း စေလွှတ်သင့်ပါသည်။

#### ၈-၃-၁-၁။ စာရင်းသွင်းဝင်ခွင့် သတ်မှတ်ချက်များနှင့် လူနာအုပ်စု အမျိုးအစားများ (Admission Criteria and Admission Category)

ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များကို အပိုဆောင်းဖြည့်စွက်ကျွေးခြင်းအစီအစဉ်သို့ အောက်ပါ စာရင်းသွင်းဝင်ခွင့် သတ်မှတ်ချက်များနှင့်အညီ ဝင်ခွင့်ပြုပါသည်။

ဇယား ၅၂ - PLW အတွက် အပိုဆောင်းဖြည့်စွက်စာကျွေးခြင်းအတွက် ဝင်ခွင့်သတ်မှတ်ချက်များ

| Age | Admission Criteria |
|---|---|
| Pregnant Women | • MUAC < 210 mm |
| Lactating Women | • MUAC < 210 mm with child under 6 months |

#### ၈-၃-၁-၂။ စာရင်းသွင်း လူနာအုပ်စု အမျိုးအစားများ

လူနာသစ်

- စာရင်းသွင်း ဝင်ခွင့်သတ်မှတ်ချက်အရ (MUAC) ၊

လူနာဟောင်း

- ၂ လအောက် ပျက်ကွက်ပြီးမှ ပြန်လည်စာရင်းသွင်း ဝင်ခွင့်ပြုခဲ့သူ
- အခြားတစ်နေရာမှ လွှဲပြောင်းပေးလိုက်သူ

#### ၈-၃-၁-၃။ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် ပုံမှန်ဆောင်ရွက်ပေးသော ဆေးဝါးကုသမှုများ

ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် ပုံမှန်ဆောင်ရွက်ပေးသော ဆေးဝါးကုသမှုများကို ဇယား (၅၃) တွင် ကြည့်ပါ။

ဇယား ၅၃ - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် ဗီတာမင် A, B1, သံဓါတ်ပါသော ဆေးပြား နှင့် MEBENDAZOLE သန်ချဆေး ပမာဏနှင့် အကြိမ်များ

| Treatment | Pregnant Women | Lactating Women |
|---|---|---|
| Vitamin A: 200000 IU | No | Single dose if the child is below 2 months |
| Vitamin B1: 10 mg | Daily for one month before delivery | Daily for 3 months after delivery |
| Iron/ Folic acid: 60 mg + 400 ug | Daily for 6 months | Daily for 3 months |
| Mebendazole: 500 mg | Single dose starting at the second trimester<br>(DO NOT ADMINISTER DURING FIRST TRIMESTER) | Single dose at admission |

## ၈-၃-၂။ အာဟာရဆိုင်ရာ ကုသစောင့်ရှောက်မှု

SFP တွင် PLW များအတွက် စံခွဲတမ်းမှာ Supercereal (ဂျုံ ပဲပုပ်ပဲကို သကြားနှင့် ရောနှော ထားခြင်း - Wheat Soya Blend with Sugar - WSB+++) ဖြစ်ပါသည်။ Supercereal ချက်ပြုတ်ပုံမှာ Supercereal 40 gr ကို ရေ 250 gr နှင့် ရောနှောကာ ရေဆူသည့်အချိန်မှစ၍ ၅ မိနစ်မှ ၂၀ မိနစ် အထိ ပြုတ်ရပါမည်။

နေ့စဉ်စားသုံးရမည့်ခွဲတမ်း - 200-250 gr

## ၈-၃-၃-။ ဆက်လက်ပြုစုစောင့်ရှောက်ခြင်း

ဇယား (၅၄) တွင် ဆက်လက် ပြုစု စောင့်ရှောက်ခြင်းအတွက် လာရောက်ချိန်တွင် ဆောင်ရွက် ပေးရမည့်လုပ်ငန်းများနှင့် အကြိမ်များကို ဖော်ပြထားပါသည်။

ဇယား ၅၄ - ဆက်လက် ပြုစုစောင့်ရှောက်ခြင်း

| PLW | Frequency |
|---|---|
| MUAC | Bi-weekly |
| Weight (with the same scale) | Bi-weekly |

ကိုယ်ဝန်ဆောင်မိခင်များ -

ကိုယ်ဝန် ဒုတိယနှင့်တတိယ သုံးလတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် ကိုယ်အလေးချိန် လုံလောက်စွာတိုးမလာပါက (≥ 1.5 kg/month) အခြားရောဂါများ ရှိ၊ မရှိကို သေချာစွာ စမ်းသပ်စစ်ဆေးသင့်ပါသည်။

သင့်လျော်သည့် အာဟာရ၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအလေ့အထများအတွက် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း လိုအပ်ပါသည်။

ဖောရောင်မှု သို့မဟုတ် နောက်ဆက်တွဲ ရောဂါပြဿနာ တစ်ခုခုရှိသည့် ကိုယ်ဝန်ဆောင် မိခင်များကို အနီးဆုံး ကျန်းမာရေးဌာနသို့ လွှဲပြောင်းညွှန်းပို့သင့်ပါသည်။

နို့တိုက်မိခင်များ -

ကလေးနို့တိုက်နေစဉ် ကာလအတွင်းတွင် နို့တိုက်မိခင်များသည် ကိုယ်အလေးချိန် မကျဆင်းသင့်ပါ။ အစားရှောင်ခြင်းမရှိစေရန်နှင့် IYCF အလေ့အထကောင်းများ တိုးတက်စေရန် နှစ်သိမ့်ဆွေးနွေး ပညာပေးသင့်ပါသည်။ နို့တိုက်မိခင်များသည် MUAC တိုင်းတာမှု (≥၂၁၀) အရ အစီအစဉ်မှ ထွက်ခွင့်ပြုသည့် သတ်မှတ်ချက်ကို ပြည့်မီသွားသည်ဖြစ်စေ၊ မပြည့်မီသေးသည်ဖြစ်စေ ကလေး (၆) လ (ရက်ပေါင်း ၁၈၀) ပြည့်သည်ထိ အစီအစဉ်တွင် နေရပါမည်။

### ၈-၃-၄။ အစီအစဉ်မှ နုတ်ပယ်ထွက်ခွင့်ပြုခြင်း

ကုသမှုခံယူနေသော ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များသည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီပါက အစီအစဉ်မှ နုတ်ပယ်ထွက်ခွင့်ပြုနိုင်ပါသည်။

ဇယား ၅၅ - အပိုဆောင်းဖြည့်စွက်စာကျွေးမွေးခြင်းအတွက် နုတ်ပယ်ထွက်ခွင့်သတ်မှတ်ချက်များ

| | Discharge Criteria |
|---|---|
| Pregnant Women | • MUAC ≥ 210 mm For 2 Consecutive visits |
| Lactating Women | • MUAC ≥ 210 mm For 2 Consecutive visits and child ≥ 6 months |

# အခန်း (၉)

## ကစားခြင်းနှင့် စိတ်ခံစားမှုအတွက် စောင့်ရှောက်မှု



# အခန်း (၉)

# ကစားခြင်းနှင့် စိတ်ခံစားမှုအတွက် စောင့်ရှောက်မှု

## ၉-၁။ အာဟာရချို့တဲ့သောကလေးများအတွက် ကိုယ်လက်လှုပ်ရှားမှုလုပ်ငန်းများ၏ ရည်ရွယ်ချက်

အာဟာရချို့တဲ့သောကလေးသည် အင်အားမရှိသဖြင့် လှုပ်ရှားခြင်းလည်း မပြုနိုင်၊ ထို့ကြောင့် ကစားခြင်းလည်း မပြုပါ။ ကစားခြင်းမရှိပါက ကလေးသည် လေ့လာသင်ယူခြင်းလည်း မရှိပါ။ ထိုကလေးများသည် ငိုခြင်း ပြုံးခြင်း စိတ်ပိုင်းဆိုင်ရာခံစားမှုကိုထုတ်ဖော်ပြသခြင်းတို့လည်း မပြုနိုင်။ ငိုကျွေးခြင်းမပြုသဖြင့် ပြုစုစောင့်ရှောက်သူတို့၏ လစ်လျူရှုခြင်းကိုခံရသည်။ အချိန်ကြာလာသည်နှင့်အမျှ ထိုကလေးတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် အပြုအမူပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးလာသည်။ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားမှုသည် ကလေးနာလန်ပြန်ထနိုင်စေရန်အတွက် အဓိကအဟန့်အတားဖြစ်စေသည်။ ကုသခြင်းမရှိပါက ပြင်းထန်သောရေရှည်နောက်ဆက်တွဲပြဿနာအဖြစ် ကျန်ရှိနိုင်သည်။

အထက်ပါနောက်ဆက်တွဲများကြောင့် အာဟာရချို့တဲ့သောကလေးကို စိတ်ပိုင်းရောရုပ်ပိုင်းပါ လှုံ့ဆော်မှုပြုလုပ်ပေးရန်လိုသည်။ ပြန်လည်ပြုစုပျိုးထောင်ခြင်းအဆင့် (Phase-2 Recovery or Rehabilitation Phase) မှစ၍ အစီအစဉ်မှ နုတ်ပယ်ထွက်ခွင့်ပြုပြီးသည့်နောက်ပိုင်းအထိ လှုံ့ဆော်ပေးရန်လိုသည်။ ကစားခြင်းမှတဆင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လှုံ့ဆော်မှုပေးခြင်းသည် ဘဝတစ်လျှောက်လုံး စိတ်ဝေဒနာခံစားရခြင်း စိတ်ပိုင်းဆိုင်ရာခံစားမှုကင်းမဲ့ခြင်းတို့ကို ရှောင်ရှားနိုင်မည်။

### ၉-၁-၁။ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးတည်ငြိမ်မှု ရရှိလာသည်နှင့် ကလေးအား ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ရန်အတွက် အမြန်ဆုံး လှုံ့ဆော်ပေးရန်

ကိုယ်လက်လှုပ်ရှား ကစားခြင်း

အာဟာရချို့တဲ့သော ကလေးများသည် ပြန်လည်ထူထောင်သည့်အချိန်တွင် အခြားကလေးများနှင့် အပြန်အလှန် ဆက်သွယ်ရန်လိုသည်။ Acute Phase (Phase – 1) ပြီးသည့်နောက် ကလေးနာလန်ထူလာသည့်အချိန်တွင် ကလေးကို အခြားကလေးများ၊ မိခင်သို့မဟုတ် ကစားရန် လမ်းညွှန်ပေးသူ တို့နှင့် အတူတူ အချိန်ကြာကြာကစားစေရမည်။ သူနာပြုတစ်ဦး သို့မဟုတ် စေတနာ့ဝန်ထမ်းတစ်ဦးက ကစားချိန်ကို ဦးဆောင်ရန် တာဝန်ယူရမည်။ ကိုယ်လက် လှုပ်ရှားမှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် သွက်လက်မှန်ကန်စွာ စကားပြောဆိုတတ်လာစေရန် အထောက်အကူပြုသော ကစားနည်းများကို ရွေးချယ်သင့်သည်။

ကစားခြင်းမှတစ်ဆင့် လေ့လာသင်ယူခြင်းမှာ ကလေးများအတွက် ပျော်ရွှင်ဖွယ်ရာ ဖြစ်သင့်သည်။ အလုပ်တစ်ခုကိုလုပ်ရန် ကလေး၏ ကြိုးစားအားထုတ်မှုကို အမြဲ ချီးကျူးပေးရမည်ဖြစ်ပြီး မည်သည့်အခါမှ အပြစ်မတင်ရပါ။

## ၉-၂။ ကစားနည်းဖြင့် ကုသခြင်းကို စီစဉ်ဆောင်ရွက်ရန် (မိခင်၏ပါဝင်မှုနှင့် ပညာပေးခြင်း)

မိခင် သို့မဟုတ် ကလေးကို စောင့်ရှောက်ပေးနေသူသည် ကလေးနှင့်အတူ အာဟာရ ပြန်လည်ထူထောင်ရေးဌာန (ဆေးရုံ) တွင် အတူရှိနေရန် မဖြစ်မနေ လိုအပ်သည်။ သူမက ကလေးကို အတတ်နိုင်ဆုံး ချော့မြှူရန်၊ ချီပိုးရန်၊ ချော့မြှူရန်နှင့် ကစားရန် တိုက်တွန်းပေးရမည်။

### ၉-၂-၁။ လှုံ့ဆော်မှုပေးသော ပတ်ဝန်းကျင်ဖြစ်စေရန်အတွက် ဖန်တီးပေးရန်

အခန်းများကို အရောင်တောက်ပစွာ ဆေးသုတ်ထားရမည်။ ကလေးများ စိတ်ဝင်စားစေမည့် ပြင်ဆင်မွမ်းမံမှုများရှိရမည်။ ဝန်ထမ်းများသည် တူညီဝတ်စုံ (ယူနီဖောင်း) ဝတ်ခြင်းထက် ပုံမှန် အဝတ်အစားများကို ဝတ်သင့်သည်။ အဆောင်တွင်းရှိ ဝန်းကျင်အခြေအနေမှာ သက်တောင့်သက်သာ၊ ပျော်ရွှင်စရာ၊ နေချင်စရာ အနေအထား ရှိသင့်သည်။

အခန်းတွင်းနှင့် ကစားသောနေရာတို့တွင် ကစားစရာအရုပ်များ ရှိသင့်သည်။ ကစားစရာအရုပ်များမှာ ကလေးအတွက် အန္တရာယ်ကင်းပြီး၊ ဆေးကြောသန့်ရှင်းနိုင်၍ ကလေး၏ အသက်အရွယ်နှင့် သင့်လျော်ရမည်။

### ၉-၂-၃။ ITP နှင့် OTP ထဲတွင် ကစားခြင်း နှင့် စိတ်ခံစားမှုအတွက် စောင့်ရှောက်မှု

နှစ်လိုဖွယ်ကောင်း၍ ကလေး၏ ကိုယ်ကာယနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေသောဝန်းကျင်အခြေအနေကို ဖန်တီးပေးပါ။ ကလေးကို ပြုစုစောင့်ရှောက်သောသူ သို့မဟုတ် မိခင်သည် ကလေးအား ကျန်းမာရေးစောင့်ရှောက်မှု အဓိကပေးသူဖြစ်ပြီး၊ သူနာပြု သို့မဟုတ် စေတနာ့ဝန်ထမ်းတို့က သူမနှင့် သူမ၏ကလေးအတွက် အကောင်းဆုံးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် သူမအား ကူညီလမ်းညွှန်မှုပေးရမည်။

ကလေး ပြုစုစောင့်ရှောက်သူကို ဆူပူတင်းကျပ်ခြင်း၊ အမိန့်ပေးခြင်း၊ နှိမ်ချခြင်း သို့မဟုတ် အပေါ်စီးမှ ဆက်ဆံခြင်းမပြုပါနှင့်။ မည်သည့်အခါမှ အော်ဟစ်ခြင်း၊ စိတ်ဆိုးခြင်း မပြုပါနှင့်။ ကလေးများ ကြောက်လန့်နိုင်သည့် ဆရာဝန်ဆရာမဖြစ်ကြောင်း ညွှန်ပြသည့် အဖြူရောင် ကုတ်အကျႌကဲ့သို့ ဝတ်စုံများ မဝတ်ပါနှင့်။

ဒေသအလိုက် သီချင်းများ၊ ခြေလက်များ အသုံးပြုရသည့် ကစားနည်းများ သင်ပေးပါ။ ကလေးအား ရယ်မောပါစေ။ စကားပြောပါစေ။ မပြုံးမရယ်သော ကလေးများကို ရွေးထုတ်၍ စကားပြောပေးပါ။ သီချင်းဆိုပြပါ။ ထွေးပွေ့ပေးပါ။ မျက်လုံးချင်းမဆုံသော ကလေး၊ အာရုံစိုက်မှုနည်း၍ ပတ်ဝန်းကျင်ကို စိတ်ဝင်စားမှုနည်းသောကလေးများသည် ထိုသို့ ဂရုစိုက်ပေးရန် အလိုအပ်ဆုံး ကလေးများဖြစ်သည်။

ကစားခြင်းနှင့် စူးစမ်းရှာဖွေခြင်းသည် ကလေးငယ်တို့၏ စိတ်ခံစားမှုဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ လှုံ့ဆော်မှုများကိုရရှိစေနိုင်၍ ကစားခြင်းနှင့် စူးစမ်းရှာဖွေခြင်းသည် အရေးကြီး ကြောင်းကို မိခင်တို့အား နားလည်အောင် သင်ကြားပေးပါ။

မိခင်များအား ဈေးသက်သာသော သို့မဟုတ် စွန့်ပစ်မည့်ပစ္စည်းများဖြင့် မိမိတို့၏ကလေး များအတွက် သင့်လျော်သော ကစားစရာအရုပ်များ လုပ်နည်းကို သင်ကြားပေးပါ။ ITP ထဲတွင် မိခင် များကို ကလေးများနှင့်အတူထားပြီး အတတ်နိုင်ဆုံး ကလေးကို ကျွေးမွေးထွေးပွေ့ရန်၊ ချော့မြှူကစား စေရန် တိုက်တွန်းအားပေးရမည်။

ကစားစရာအရုပ်များကို ကလေး၏ ကုတင်နှင့် အခန်းထဲတွင်ငှင်း၊ ကစားသည့်နေရာတွင်ငှင်း ရရှိနိုင်စေရမည်။ ကဒ်ဘူးခွံများ၊ ပလတ်စတစ် ပုလင်းများ၊ သတ္တုဘူးများ၊ အဝတ်ဟောင်းများ၊ သစ် သားတုံးများ၊ အလားတူပစ္စည်းများဖြင့် ဈေးမကြီးဘဲ အန္တရာယ်ကင်းသည့်ပစ္စည်းတို့ဖြင့် ကစားစရာ များကို ပြုလုပ်စေပါ။

ဆေးရုံဆင်းပြီးသည့်နောက်တွင်လည်း မိမိတို့၏ ကလေးများအတွက် မိမိကိုယ်တိုင် ဤနည်း အတိုင်း ဆက်လက် ပြုလုပ်ပါစေ။

## ၉-၂-၄။ စိတ်ခံစားမှုပိုင်းဆိုင်ရာ ကစားခြင်း နှင့် လှုံ့ဆော်ပေးခြင်း

### ခံစားမှုကင်းမဲ့စေခြင်းကို ရှောင်ရှားရန်

ကလေး၏ မျက်နှာကို အုပ်မထားပါနှင့်။ ကလေးသည် သူတို့၏ ပတ်ဝန်းကျင်တွင် ဖြစ်ပျက် နေသည်များကို မြင်နိုင်၊ ကြားနိုင်ရမည်။

ကလေးကို ထုပ်ပိုးချည်နှောင်မထားပါနှင့်။ အာဟာရချို့တဲ့သောကလေးသည် ပြန်လည်ထူ ထောင်သည့်အချိန်တွင် အခြားကလေးများနှင့် အပြန်အလှန်ဆက်သွယ်ရန်လိုသည်။ ကုသမှု၏ ပထမ ရက် အနည်းငယ်ကုန်ဆုံး၍ ပြန်လည်သက်သာလာသည်နှင့် ကလေးအားလုံးကို ကစားရန်ဖျာကြီး များပေါ်တွင် တစ်နေ့လျှင် တစ်နာရီ၊ နှစ်နာရီခန့် မိခင်များနှင့်ဖြစ်စေ၊ ကစားနည်းလမ်းညွှန်သူများနှင့် ဖြစ်စေ ထားပေးရမည်။ မိခင်များအား မိမိတို့၏ ကလေးများနှင့်အတူ ပုံပြင်ပြောခြင်း၊ သီချင်းဆိုခြင်း၊ ကစားခြင်းတို့ကို ပြုလုပ်စေရမည်။

မိခင်များအား ရိုးရှင်းသောအရုပ်များ လုပ်တတ်ရန်သင်ပေးပြီး အိမ်တွင် ပုံမှန်ကစားရန် အရေး ကြီးကြောင်း အထူးပြုသင်ကြားရမည်။

### ကိုယ်လက်လှုပ်ရှားမှု

ကိုယ်လက်လှုပ်ရှားမှုမှာ လိုအပ်သောသွားလာလှုပ်ရှားမှုဆိုင်ရာစွမ်းရည်ဖွံ့ဖြိုးစေရန် လှုံ့ဆော် ပေးသည့်အပြင် ပြန်လည်ထူထောင်သည့်အဆင့်တွင် ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးမှုကိုလည်း တိုးတက် စေနိုင်သည်။

မလှုပ်ရှားနိုင်သော ကလေးများအတွက် မိခင်များအား ခြေလက်များကို ကိုင်တွယ်လှုပ်ရှားပေးရန်နှင့် ရေချိုးစိမ်ပေးရန် တိုက်တွန်းရမည်။ လှုပ်ရှားနိုင်သော ကလေးများအား မွေ့ယာပေါ်တွင် လူးလိမ့်ခြင်း၊ ဂွမ်းထိုးခြင်း၊ ဘောလုံးကန်ခြင်း၊ ဘောလုံးပစ်ကစားခြင်း၊ လှေကားတက်ခြင်း၊ အပေါ်တက်အောက်ဆင်း လမ်းလျှောက်ခြင်း စသည့် လှုပ်ရှားမှုများ ပြုလုပ်စေရန် မိခင်များကို တိုက်တွန်းရမည်။

ကိုယ်လက်လှုပ်ရှားမှုများပြုလုပ်ရန်အချိန်ကို ကလေးနေကောင်းလာသည်နှင့်အမျှ တိုးမြှင့်သွားရမည်။ အာဟာရချို့တဲ့သော ကလေးအားလုံးအတွက် စိတ်ခံစားမှုပိုင်းဆိုင်ရာ ကစားခြင်းနှင့် လှုံ့ဆော်ပေးခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန် ဝန်ထမ်းတစ်ဦးကို တာဝန်ပေးရမည်။

## ၉-၂-၅။ ကစားစရာများနှင့် လှုပ်ရှားဆောင်ရွက်ခြင်း

ကိုယ်လက်လှုပ်ရှားမှုအမျိုးမျိုးကို လှုံ့ဆော်ပေးနိုင်ရန် အလွယ်တကူရနိုင်သောပစ္စည်းများဖြင့် ပြုလုပ်ထားသော ရိုးရှင်းသည့်ကစားစရာများကို အသုံးပြုနိုင်သည်။

### ကြိုးချည်ထားသောကွင်း (အသက် ၆-လ အရွယ်မှစတင်၍)

- ကွင်းကို ကလေး လက်လှမ်းမီသည့်နေရာသို့ လွှဲပေးပြီး ကလေးကို ဖမ်းရန်ပြောပါ။
- ကြိုးကို ပုခက်တွင်တန်းလန်းချထားပြီး ကန်ကျောက်၍လွှဲကစားရန် ကလေးအားတိုက်တွန်းပါ။
- ကွင်းကို ကလေးအားပြပါ။ ထို့နောက် ကလေးနှင့် အနည်းငယ်ကွာဝေးသောနေရာ (သို့သော် ကလေးလက်လှမ်းမီသည့်နေရာ)တွင် ကွင်းကိုထားပါ၊ ကလေးအား ကွင်းကို ဆွဲယူခိုင်းပါ၊ တစ်ချိန်တည်းတွင် ပြုစုစောင့်ရှောက်သူက ကြိုးကို တင်းတင်းကိုင်ထားပါ။
- သင့်ပေါင်ပေါ်တွင် ကလေးကိုတင်ထားပြီး ကြိုးကိုကိုင်ကာ ကွင်းကို တွဲလောင်းချထားပါ။ ကလေးအား ကွင်းကို လွှဲကစားပါစေ။
- ကလေးအား တွဲလောင်းချထားသော ကြိုးတွင် ချည်ထားသည့် ကွင်းကို ဆွဲခိုင်းပါ၊ ကလေးက ကွင်းကို ဆုပ်ကိုင်ဆွဲယူသည့်အခါ ပြုစုစောင့်ရှောက်သူက ကြိုးကို အပေါ်သို့ဆွဲတင်ပေးပါ။

### သစ်သားတုံးငယ်များကို ခွက်ထဲ ထည့်ခိုင်းထုတ်ခိုင်းခြင်း (အသက် ၉-လ အရွယ်မှစတင်၍)

- သစ်သားတုံးငယ်များနှင့် ထည့်စရာခွက်တို့ကို ကလေးအား ကြည့်ရှုပါစေ။ ခွက်ထဲတွင် သစ်သားတုံးငယ်များကို ထည့်ပြီး လှုပ်ပါ။ ထို့နောက် ကလေးကို တစ်တုံးစီ ထုတ်ယူရန် သင်ပေးပါ။ (ထုတ်လိုက်) (မေမေ့ကို ပေးပါ) ဟု ပြောပါ။
- ထည့်စရာခွက်ကို မှောက်ချပြီး သစ်သားတုံးများကို ထုတ်ခိုင်းပါ။
- သစ်သားတုံးတစ်ခုစီကို လက်တစ်စီတွင်ကိုင်ပြီး တုံးနှစ်ခုကို ရိုက်ခတ်ရန် သင်ပေးပါ။
- အတုံးများကို ခွက်ထဲသို့ ထည့်လိုက်၊ ထုတ်လိုက်လုပ်ပြီး (ထည့်) (ထုတ်)ဟု ပြောရန်သင်ပေးပါ။

- သစ်သားတုံးများကို ခွက်ဖြင့် ဖုံးအုပ်ထားပြီး (ဘယ်မှာလဲ၊ ခွက်အောက်မှာ) ဟု ပြောပါ။ ကလေးကို ရှာခိုင်းပါ။ ထို့နောက် သစ်သားတုံးများကို ပစ္စည်း နှစ်ခု အောက်တွင် ဖွက်ပါ။ ထို့နောက် ၃ ခု အောက်တွင် ဖွက်ပါ။ (ဥပမာ - အဝတ်စ)
- ခွက်ကို ပြောင်းပြန်မှောက်ပြီး သစ်သားတုံးများကို မှောက်ထားသော ခွက်ပေါ်တင်ရန် သင်ပေးပါ။
- သစ်သားတုံးများကို တစ်ခုအပေါ် တစ်ခု ထပ်ထားရန် သင်ပေးပါ။ ပထမ နှစ်ခုထပ်ရန်၊ တဖြေးဖြေး တိုးတက် ထပ်ရန်၊ (ထပ်၊ ထပ်) (ဖြိုချပြီ) ဟု ပြောပြီး ဖြိုချပါစေ။

## ဖြတ်ထားသော ရေသန့်ဘူးအပေါ်ပိုင်းများ စီထပ်ကစားနည်း (အသက် ၉-လ အရွယ်မှစတင်၍)

- ကလေးကို ဖြတ်ထားသော ရေသန့်ဘူးအပေါ်ပိုင်း နှစ်ခုနှင့် ကစားပါစေ။ ထို့နောက် (တစ်ခု ပေါ် တစ်ခုထပ်မယ်) ဟုပြောပြီး ထိုနှစ်ခုကို ထပ်ရန် ကလေးကို သင်ပေးပါ။
- ထို့နောက် ရေသန့်ဘူးအပေါ်ပိုင်းများ အရေအတွက် တိုးမြှင့်ကစားပါစေ။ ကလေးကြီးများသည် အရောင်ကိုလိုက်၍ ခွဲခြားစီထပ်နိုင်သည်။ အနိမ့်အမြင့် သဘောတရားများကို သင်ယူနိုင်သည်။

## မတူညီမှုကို ခွဲခြားနိုင်သည့် စွမ်းရည် တက်စေသော ကစားနည်း

- သစ်သားတုံးများကို ဘေးတိုက် စီထားပါ။ ပထမ သစ်သားတုံး နှစ်ခုကို စီပါ၊ ထို့နောက် အရေအတွက် ပိုတိုး စီထားပါ။ ရထားသံ သို့မဟုတ် ကားသံ မြည်စေပြီး တွန်းရန် ကလေးအား သင်ပေးပါ။
- ကလေးကြီးများကို (ရပ်) (သွား) (မြန်မြန်) (နှေးနှေး) စသည်ဖြင့် သင်ပေးပါ။
- ထို့နောက် သစ်သားတုံးများကို အရောင်ခွဲခြား ရွေးချယ်ရန် သင်ပေးပါ။ ပထမ သစ်သားတုံးနှစ်ခုကို အရောင်ခွဲရန်၊ ထို့နောက် အရေအတွက် တိုး၍ လုပ်ဆောင်ရန် သင်ပေးပါ။
- သစ်သားတုံးများဖြင့် အိမ်အနိမ့် အမြင့်များ ဆောက်ရန် သင်ပေးပါ။

## ဂျောက်ဂျက် နှင့် ဗုံ (အသက် ၁၂-လ အရွယ်မှစတင်၍)

- ကလေးအား ဂျောက်ဂျက်ကို ကြည့်ရှုပါစေ။ မည်သို့ လှုပ်ရမည်ကို သင်ပေးပြီး (ဂျောက်၊ ဂျောက်) ဟု ပြောရန် သင်ပေးပါ။
- ကလေးအား သင်မပြပေးတော့ဘဲ ဂျောက်ဂျက်ကို လှုပ်ပြီး (ဂျောက်၊ ဂျောက်) ဟု ပြောရန် တိုက်တွန်းပါ။
- ကလေးအား (ဂျမ်း၊ ဂျမ်း) ဟု ပြောပြီး ဗုံကို တီးရန် သင်ပေးပါ။
- ဗုံကို ကလေးမမီအောင်လှိမ့်လိုက်ပြီး ဝမ်းလျားထိုး၍သွားယူပါစေ။ (ဖမ်း၊ ဖမ်း) ဟုပြောပါ။
- ကလေးကို (ဂျမ်း၊ ဂျမ်း) ဟု ပြောစေပြီး ဗုံကို တီးပါစေ။

## ပုလင်းများနှင့် ကစားခြင်း (အသက် ၁၂-လ အရွယ်မှစတင်၍)

- ပုလင်းထဲတွင် ပစ္စည်းတစ်ခုခုထည့်ပါ။ ပုလင်းကိုလှုပ်ပြပါ၊ ပြီးလျှင် မှောက်ချရန် သင်ပေးပါ။ (ဆွဲထုတ်နိုင်လား) ဟု ပြောပြီး ထိုပစ္စည်းကို ဆွဲထုတ်ခိုင်းပါ။
- ထို့နောက် ပစ္စည်းကို ထည့်လိုက် ထုပ်လိုက်လုပ်ရန် သင်ပေးပါ။
- ထို့နောက် ပစ္စည်းအမျိုးမျိုး ထည့်ကစားကြည့်ပါစေ။

## ကလေးငယ်အရုပ် (အသက် ၁၂-လ အရွယ်မှစတင်၍)

- (ကလေး) ဟူသော စကားလုံးကို သင်ပေးပါ။ အရုပ်ကို ထွေးပွေ့စေကာ ချစ်ခင်စွာ လှုပ်ရမ်းပါစေ၊ တစ်ချိန်တည်းတွင် သီချင်းဆိုနေပါ။
- ကလေးအား သူနှင့် အရုပ်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ပြောပြ၍ သိရှိအောင် သင်ပေးပါ။ နောက်ပိုင်းတွင် ကလေးကလည်း ခန္ဓာကိုယ်အစိတ်အပိုင်းများ၏ အမည်ကို ခေါ်တတ်လာမည်။
- ဘူးတစ်ခုကို အိပ်ရာအဖြစ် ပြုလုပ်၍ အရုပ်ကို ဘူးထဲတွင်ထည့်ပါ။ 'အိပ်ရာထဲမှာ အိပ်မယ်' ဆိုသည့် စကားလုံးကို သင်ပေးပါ။

## စာအုပ်များ (အသက် ၁၈-လ အရွယ်မှစတင်၍)

- သင့်ပေါင်ပေါ်တွင် ကလေးကို ထားပါ၊ ကလေးကို စာရွက်များကို လှန်ခိုင်းပါ၊ ရုပ်ပုံများကို ထိကိုင်ခိုင်းပါ။ စကားပြောခိုင်းပါ။ ထို့နောက် သင်ပြောသောပုံကို ညွှန်ပြခိုင်းပါ။
- ရုပ်ပုံများအကြောင်း ပြောပြပါ။ ရင်းနှီးသိရှိသော အရာဝတ္ထုများ၊ လူများ၊ တိရစ္ဆာန်များ၏ ပုံများ ရှာဖွေထားပါ။ ကလေးကြီးများကို ပုံများ၏အမည်ကို ဖော်ပြစေပြီး ထိုပုံများအကြောင်းကို ပြောပါစေ။

## The toys shown in the diagram below should be made and used in both the in-patient units and the homes of the malnourished children:

**Ring on a string (from 6 months)**
Thread cotton reels and other small objects (e.g. cut from the neck of plastic bottles) on to a string. The string in a ring, leaving a long piece of string hanging.



**Rattle (from 12 months)**
Cut long strips of plastic from coloured plastic bottles. Place them in a small transparent plastic bottle and glue the top on family.



**Drum (from 12 months)**
Any tin with a tightly fitting lid.

**Mirror (from 18 months)**
A tin lid with no sharp edges.

**In-an-out toy (from 9 months)**
Any plastic or cardboard container and small objects (not small enough to be swallowed).



**Posting bottle (from 12 months)**
A large transparent plastic bottle with a small neck and small long objects that fit through the neck (not small enough to be swallowed).

**Blocks (from 9 months)**
Small blocks of wood. Smooth the surfaces with sandpaper and paint in bright colours, if possible.



**Push-along toy (from 12 months)**
Make a hole in the centre of the base and lid of a cylindrical-shaped tin. Thread a piece of wire (about 60cm long) through each hole and tie the ends inside the tin. put some metal bottle tops inside the tin and close the lid.



**Pull-along toy (from 12 months)**
As above, except that string is used instead of wire.

**Stacking bottle tops (from 12 months)**
Cut at least three identical round plastic bottles in half and stack them.



**Nesting toys (from 9 months)**
Cut off the bottom of two bottles of identical shape, but different size. The smaller bottle should be placed inside the larger bottle.





**Doll (from 12 months)**
Cut out two doll shapes from a piece of cloth and swe the edges together, leaving a small opening. Turn the doll inside-out and stuff with scraps of materials. Stitch up the opening and swe or draw a face on the doll.

**Puzzle (from 18 months)**
Draw a figure (e.g a doll) in a crayon on a square or rectangular shaped piece of cardboard. Cut the figure in half or quarters.



**Book (from 18 months)**
Cut out three rectangular-shapes pieces of the same size from a cardboard box. Glue or draw a picture on both sides of each piece. Make two holes down one side of each piece and thread string through to make a book.



Source: Professor S.Grantham-McGregor

# အခန်း (၁၀)

## (၂) နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း နှစ်သိမ့်ဆွေးနွေးခြင်း



# အခန်း (၁၀)

# (၂) နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း နှစ်သိမ့်ဆွေးနွေးခြင်း

(၂) နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း (IYCF) အတွက် နှစ်သိမ့်ဆွေးနွေးခြင်း ပြုလုပ်ရခြင်းသည် ထိုကလေးများအတွက် ကျင့်သုံးနေသော မိခင်နို့တိုက်ကျွေးခြင်းနှင့် ဖြည့်စွက်စာကျွေးခြင်းတို့သည် အကြံပြုထားသော အလေ့အထများအတိုင်း ဟုတ် ၊ မဟုတ် သိနိုင်ရန်၊ မဟုတ်ပါက-

- ပြုစုစောင့်ရှောက်သူအား မိခင်နို့တိုက်ကျွေးခြင်း ဖြည့်စွက်စာကျွေးခြင်းတို့နှင့် ပါတ်သက်သည့် ရွေးချယ်စရာ အလေ့အကျင့်ကောင်းများကို ဆွေးနွေးတိုင်ပင်ပြီး၊ ဆောင်ရွက်နိုင်ခြေရှိသော အလေ့အကျင့်ကို ရွေးချယ်နိုင်ရန် အကူညီပေးခြင်း၊
- ထိုရွေးချယ်လိုက်သော အလေ့အကျင့်ကို စတင်ဆောင်ရွက်ရန် တိုက်တွန်းခြင်း၊
- ထိုအလေ့အကျင့်ကို စတင်ဆောင်ရွက်ချိန်တွင် တွေ့ကြုံရသောအခက်အခဲများကို ကျော်လွှား နိုင်စေရန်အတွက် နည်းလမ်းများကို တိုင်ပင်ဆွေးနွေးခြင်း၊
- အောင်မြင်မှုများအတွက် ချီးကျူးခြင်းနှင့် ရရှိလာသောအကျိုးကျေးဇူးများကို ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် (၂) နှစ်အောက် ကလေးသူငယ်များအတွက် မိခင်နို့တိုက်ကျွေးခြင်းနှင့် ဖြည့်စွက်စာကျွေးခြင်းတို့သည် ရေရှည်တည်တန့်သော အမူအကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်သည်။

SFP ၊ OTP ၊ ITP စသည့် အစီအစဉ်တို့တွင် အချိန်ပေး၍ကုသရခြင်းက ပြုစုစောင့်ရှောက်နေသူတို့ အတွက် မိခင်နို့တိုက်ကျွေးခြင်းနှင့် ဖြည့်စွက်စာကျွေးခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများမှ တဆင့် ခိုင်မြဲသောအမူအကျင့်တစ်ရပ်ဖြစ်လာအောင် ကျန်းမာရေးဝန်ထမ်းတို့က အကူအညီပေးရန်အတွက် လုံလောက်သောအချိန်နှင့် အခွင့်အရေးကောင်းများကို ဖန်တီးပေးနေသည်။

## ၁၀-၁။ IMAM တွင် အဘယ်ကြောင့် IYCF နှစ်သိမ့်ဆွေးနွေးခြင်းကို ဆောင်ရွက်ပါရသနည်း

ပြုစုစောင့်ရှောက်သူများ၏ အသိပညာ မလုံလောက်မှု၊ မမှန်ကန်မှုများကြောင့် စားသုံးသော အာဟာရ မလုံလောက်ရာမှတဆင့် အာဟာရချို့တဲ့မှုကို ဖြစ်စေသည်။ ထို့ကြောင့် IMAM အစီအစဉ်တွင် ကုသမှုခံယူနေစဉ်အတွင်း နှစ်သိမ့်ဆွေးနွေးခြင်းကို အစဉ်အစိုက်ပြုလုပ်၍ သင့်လျော်သောအသိပညာနှင့်လမ်းညွှန်မှုများကို ပြုစုစောင့်ရှောက်သူများအား ညွှန်ပြခြင်းဖြင့် (၂)နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်းအမူအကျင့်ကောင်းများ ဖြစ်ပေါ်လာစေပြီး အာဟာရချို့တဲ့မှုများထပ်မဖြစ်အောင် ကာကွယ်ရန်ဖြစ်သည်။

## ၁၀-၂။ အကြံပြုထားသည့် IYCF အလေ့အကျင့်များ

အောက်ပါတို့မှာ အကြံပြုထားသည့် IYCF အလေ့အကျင့်များဖြစ်သည်။

### ၁၀-၂-၁။ အကြံပြုထားသည့် မိခင်နို့တိုက်ကျွေးခြင်း အလေ့အကျင့်များ

၁။ မွေးပြီး (၁) နာရီအတွင်း မိခင်နို့တိုက်ကျွေးခြင်း

၂။ အသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးခြင်း

၃။ နေ့ရော ညပါ မိခင်နို့ကို မကြာခဏ တိုက်ကျွေးခြင်း

၄။ ကလေးက ဦးဆောင်သော မိခင်နို့ကို တိုက်ကျွေးခြင်း

၅။ ကလေးအသက် တစ်နှစ်အထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးခြင်း

၆။ ကလေးအသက် နှစ်နှစ်အထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးခြင်း

### ၁၀-၂-၃။ အကြံပြုထားသော ဖြည့်စွက်စာကျွေးမွေးခြင်း အလေ့အထ

၁။ ကလေးအသက် (၆)လ အရွယ်တွင် ဖြည့်စွက်အစာ ကျွေးမွေးခြင်းကို အချိန်မီစတင်ရန်

၂။ ကလေး၏ အသက်နှင့် သင့်လျော်သော ကျွေးသည့်အကြိမ်ရေ Frequency၊ ပမာဏ Amount၊ အပြစ်အကျဲ Thickness၊ အမျိုးအစားစုံလင်မှု Variety၊ စိတ်ပါလက်ပါ တက်ကြွစွာ ချော့မြူ ကျွေးခြင်း (သို့) ဆာတိုင်းကျွေးမွေးခြင်း Active or Responsive feeding နှင့် သန့်ရှင်းခြင်း Hygiene စသည့်အချက်များ ပြည့်စုံသည့် ဖြည့်စွက်စာကျွေးမွေးခြင်း ဖြစ်စေရန် (AFATVAH)

ဖြည့်စွက်အစာ ကျွေးမွေးခြင်း၏ လက္ခဏာ (၇) ချက်ကို သရုပ်ဖော်ပြထားသည့် ပုံ (၂၃) တွင် ကြည့်ပါ။

## ၁၀-၃။ အဆင့် ၃ ဆင့် ပါရှိသော နှစ်သိမ့်ဆွေးနွေးခြင်း (အကဲဖြတ်ခြင်း Assess၊ ပိုင်းခြား စိတ်ဖြာခြင်း Analysis ၊ လုပ်ဆောင်ခြင်း Act)

IYCF အတွက် နှစ်သိမ့်ဆွေးနွေးခြင်းတွင် အောက်ပါအဆင့် (၃) ဆင့်တို့ ပါဝင်သည်။

- *လက်ရှိ ကျွေးမွေးပုံ အလေ့အထကို အကဲဖြတ်ခြင်း* - မေးပါ။ နားထောင်ပါ။ ကြည့်ရှုလေ့လာပါ။ ပုံ ၂၄ တွင် ဖော်ပြထားသော အကဲဖြတ်ပုံစံ အကူအညီဖြင့် ဆောင်ရွက်နိုင်သည်။
- *လက်ရှိ ကျွေးမွေးပုံ အလေ့အထကို ပိုင်းခြားစိတ်ဖြာခြင်း* - အကဲဖြတ်ခြင်းအဆင့်ကို ဆောင်ရွက်ရာမှ ဖေါ်ထုတ်သိရှိထားသည့် လက်ရှိ ကျွေးမွေးပုံ အလေ့အထသည် အကြံပြုထားသည့် အလေ့ အထများအတိုင်း ဟုတ် မဟုတ်ကို ပိုင်းခြားစိတ်ဖြာ ဆုံးဖြတ်ပါ။
- *ဆောင်ရွက်ခြင်း* - ပိုင်းခြားစိတ်ဖြာခြင်းမှ တွေ့ရှိချက်အပေါ် မူတည်ပြီး IYCF အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန်အတွက် နှစ်သိမ့်ဆွေးနွေးခြင်း ရုပ်ပုံကားချပ် အကူအညီဖြင့် အောက်ပါတို့ကို ဆောင်ရွက်ပါ။




*ပုံ (၂၃) ဖြည့်စွက်စာ ကျွေးမွေးခြင်း၏ လက္ခဏာ (၇) ချက်*

- ပြုစုစောင့်ရှောက်သူအား မိခင်နို့တိုက်ကျွေးခြင်း ဖြည့်စွက်စာကျွေးခြင်းတို့နှင့်ပတ်သက်သည့် ရွေးချယ်စရာ အလေ့အကျင့်ကောင်းများကို ဆွေးနွေးတိုင်ပင်ပါ။
- ဆောင်ရွက်နိုင်ခြေရှိသော အလေ့အကျင့်ကို ရွေးချယ်နိုင်ရန် အကူညီပေးပါ။
- ထိုရွေးချယ်လိုက်သော အလေ့အကျင့်ကို စတင်ဆောင်ရွက်ရန် တိုက်တွန်းပါ။
- အလေ့အကျင့်သစ်ကို စတင်ကျင့်သုံးသည့် အတွေ့အကြုံခံစားမှု အခက်အခဲများကို ဆွေးနွေးရန် သင့်တော်သော ကာလတစ်ခုတွင် သတ်မှတ်ရက်ချိန်းပေးပြီး ပြန်တွေ့ဆုံနိုင်ရန် စီစဉ်ပါ။
- ပြန်တွေ့ဆုံချိန်တွင် ထိုအလေ့အကျင့်ကို စတင်ဆောင်ရွက်ချိန်၌ တွေ့ကြုံခဲ့ရသော အခက်အခဲများကို ကျော်လွှားနိုင်စေမည့် နည်းလမ်းများကို တိုင်ပင်ဆွေးနွေးပါ။
- အောင်မြင်မှုများအတွက် ချီးကျူးပေးပါ။ ရရှိလာသောအကျိုးကျေးဇူးများကို ထောက်ပြဆွေးနွေးပါ။
- အလိုရှိသော အမူအကျင့် ဖြစ်ပေါ်လာပြီး ရေရှည်တည်တံ့သည်အထိ နှစ်သိမ့် ဆွေးနွေးခြင်းကို ဆောင်ရွက်ပါ။

| | ကလေးနှင့် မိခင်/ ကလေးပြုစုစောင့်ရှောက်သူအမည် | ကလေးအသက် (မွေးသက္ကရာဇ်) | | ကလေးအသက် (ပြည့်ပြီးလ) | |
|---|---|---|---|---|---|
| | | | | | |
| ၁။ မိခင်/ကလေး ပြုစုစောင့်ရှောက်သူ တွေ့ရှိချက် | | | | | |
| ၂။ နာမကျန်းမှု | ကလေး နေမကောင်း | ကလေး နေမကောင်း | | နာလန်ထ | |
| ၃။ ကိုယ်အလေးချိန် | တိုး | မတိုး | | ကျဆင်း/ ရပ်တန့် | |
| ၄။ မိခင်နို့ တိုက်ကျွေးခြင်း | တိုက်နေ | မတိုက် | မိခင်နို့ဖြတ် လိုက်ချိန် | တစ်နေ့ နို့တိုက် အကြိမ် | မိခင် နို့တိုက် အခက်အခဲ |
| | | | | | |
| ၅။ ဖြည့်စွက်စာများ | ကျွေးနေပြီလား | ဘာတွေ | တစ်နေ့ ဘယ် နှစ်ကြိမ် | ဘယ်လောက် (၂၅၀မီလီ ဆန့်ခွက်) | အပျစ်အကျဲ |
| | အခြေခံအစာ | | | | |
| | ပဲအမျိုးမျိုး | | | | |
| | ဟင်းသီးဟင်းရွက်၊ အသီးအနှံ | | | | |
| | အသား/ ငါး/ အသည်း/ ဥ | | | | |
| | သွားရည်စာ (သစ်သီး၊ မြန်မာမုန့်) | | | | |
| ၆။ အရည်များ | တိုက်နေသေးလား | ဘာတွေ | တစ်နေ့ ဘယ် နှစ်ကြိမ် | ဘယ်လောက် (၂၅၀မီလီ ဆန့်ခွက်) | နို့ပုလင်း သုံး/မသုံး |
| | အခြားနို့ | | | | |
| | အခြားအရည် | | | | |
| ၇။ လွန်ခဲ့သော ၂၄ နာရီ တစ်နေကုန်ကျွေးခဲ့သော အစာများကို မေးပါ။ | | | | | |
| ၈။ လွန်ခဲ့သော ၂၄ နာရီ မိသားစုထမင်းဝိုင်း အစာများကို မေးပါ။ | | | | | |
| ၉။ စိန်ခေါ်ချက်များ။ | | | | | |
| ၁၀။ အစာကျွေးသူ | ကလေးကို ဘယ်သူ အစာကျွေးသလဲ။ | | | | |
| ၁၁။ သန့်ရှင်းမှု | သန့်ရှင်းသော ပန်းကန်နှင့် ဇွန်း | အစားအသောက်မပြင်ဆင်မီ၊ အစာ မစားမီ၊ ကလေးအား အစာမကျွေးမီ မိမိလက်ကို သန့်ရှင်းသော ရေ၊ ဆပ်ပြာနှင့် ဆေးခြင်း | | အစာ မကျွေးမီ ကလေး၏ လက်ကို သန့်ရှင်းသော ရေ၊ ဆပ်ပြာနှင့် ဆေးခြင်း | |
| | | | | | |

*ပုံ (၂၄) IYCF အလေ့အကျင့် နှစ်သိမ့် ဆွေးနွေးခြင်းအတွက် အကဲဖြတ်ခြင်းပုံစံ*

## ၁၀-၄။ IMAM အစီအစဉ်တွင် IYCF Counselling အတွက် လူထုနှင့် ထိတွေ့ဆောင်ရွက်နိုင်မည့်နေရာများ

IYCF Counselling အတွက် လူထုနှင့် ထိတွေ့ဆောင်ရွက်နိုင်မည့် နေရာများကို အောက်ပါဇယား (၅၆) တွင် ဖော်ပြထားပါသည်။

ဇယား (၅၆) IMAM အစီအစဉ်တွင် IYCF Counselling အတွက် လူထုနှင့် ထိတွေ့ဆောင်ရွက်နိုင်မည့်နေရာများ

| လူထုနှင့် ထိတွေ့ဆောင်ရွက်နိုင်မည့်နေရာများ | IYCF Counselling ဆောင်ရွက်သင့်သည့် အကြောင်းရင်းများ |
|---|---|
| လူထုအား လှုံ့ဆော်အားပေးခြင်း လုပ်ငန်း ဆောင်ရွက်ချိန် | ကလေးသည် အာဟာရချို့တဲ့မှု မရှိသေးသော်လည်း IYCF အလေ့အကျင့်များကို ကောင်းစွာမသိသော ပြုစုစောင့်ရှောက်သူများကို ဖော်ထုတ်သိရှိနိုင်သည့် IYCF Counselling ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့၏ အလေ့အကျင့်များ ပိုမိုကောင်းမွန်လာနိုင်ပြီး ကလေးများတွင် လတ်တလောအာဟာရချို့တဲ့မှု ဖြစ်မလာစေရန် ကာကွယ်နိုင်သည်။ |
| SEP/OTP/ITP တို့တွင် စာရင်းသွင်းဝင်ခွင့်ပြုချိန် | မမှန်ကန်သော IYCF အလေ့အထများကြောင့် ကလေးသည် လတ်တလောအာဟာရချို့တဲ့မှုကို ခံစားရပြီး သက်ဆိုင်ရာကုသမှုအစီအစဉ်တွင် တက်ရောက်ကုသရသည်။ ဤအချိန်တွင် ကလေးအား လတ်တလောအာဟာရချို့တဲ့မှု ဖြစ်စေသည့် IYCF အလေ့အထကို Counselling ပြုလုပ်ဖော်ထုတ်နိုင်ပြီး ပြုစုစောင့်ရှောက်သူများအား လက်ရှိအလေ့အထများမှ မှန်ကန်သောအလေ့အထများ၊ အမူအကျင့် များသို့ ပြောင်းလဲတိုးတက်လာစေရန် ရွေးချယ်စရာများ ဆွေးနွေးပေးနိုင်သည်။ |
| SEP/OTP တွင် ဆက်လက်ကုသချိန်များ | ဆက်လက် ကုသချိန်များနှင့် ဆေးရုံတက်နေချိန်များ အတွင်းတွင် ပြုစုစောင့်ရှောက်သူသည် အမူအကျင့်ပြောင်းလဲမှုဆိုင်ရာအဆင့်များကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာခဲ့ပြီး၊ အမူအကျင့်များ ဆက်လက် တိုးတက်ရေရှည်တည်တံ့နိုင်ရန်အတွက် အခက်အခဲအတားအဆီးများကို တွေ့ကြုံနိုင်သည်။ ထိုအခက်အခဲ အတားအဆီးများကို ကျော်လွှားနိုင်ရန် နည်းလမ်းများကို ဆွေးနွေးအကြံပေးနိုင်သည်။ အောင်မြင်သော လုပ်ဆောင်မှုများအတွက် သူမအား ဂုဏ်ပြုရမည်။ |
| ITP အတွက် ဆေးရုံတက်နေချိန် SEP/OTP/ITP တို့တွင် ကုသပြီးစီး၍ စာရင်းမှ နုတ်ပယ်ထွက်ခွင့်ပြုချိန် | သက်ဆိုင်ရာအစီအစဉ်မှနုတ်ပယ်ထွက်ခွင့်ပြုပြီးနောက်တွင်လတ်တလောအာဟာရချို့တဲ့မှု ထပ်မံမဖြစ်ပွားစေရန်အတွက် ပြုစုစောင့်ရှောက်သူသည် အကြံပြုထားသည့် IYCF အလေ့အကျင့်များကို ရှင်းလင်းစွာ နားလည်ပြီး၊ အကြံပြုဆွေးနွေးခဲ့သည့် နည်းလမ်းများဖြင့် အတားအဆီးများကို ကျော်လွှားနိုင်ကာ၊ ကျဆုံးမှုမရှိဘဲ အမူအကျင့် ပြောင်းလဲခြင်းဆိုင်ရာအဆင့်များကို တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်း နေသူဖြစ်ကြောင်း သေချာအောင်ဆောင်ရွက်ရန် ဖြစ်သည်။ (ပုံ ၂၀ ကို ကြည့်ပါ) |

## ၁၀-၅။ IYCF Counselling ပြုလုပ်ရာတွင် ဆွေးနွေးရမည့်အချက်များ

IYCF Counselling ပြုလုပ်ရာတွင် ဆွေးနွေးရမည့် အချက်များမှာ ကလေး၏ အသက်အရွယ်ပေါ်တွင် မူတည်နေသည်။ အောက်ပါဇယားမှ ဥပမာများကိုကြည့်ပါ။

ဇယား (၅၇) - IYCF Counselling ပြုလုပ်ရာတွင် ဆွေးနွေးရမည့်အချက်များ

| အသက်အရွယ် | ဆွေးနွေးရမည့်အချက်များ |
|---|---|
| တစ်လ | - အသက် ၆ လအထိ မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးရန်<br>- အနေအထား မှန်ကန်ခြင်းနှင့် ထိကပ်မှု ကောင်းခြင်း<br>- မိခင်နို့ကို ကလေးဆာတိုင်း တိုက်ကျွေးရန် -နေ့နှင့်ညအတွင်း ၁၂ ကြိမ်အထိ တိုက်နိုင်သည်။<br>- မိခင်နို့တိုက်ရာတွင် တွေ့ကြုံရသောအခက်အခဲများ (ဥပမာ-သားမြတ်ရောင်သည်အထိ ဒုက္ခပေးနိုင်သော နို့ကြောင်းပိတ်ခြင်း၊ မိခင်နို့ လုံလောက်အောင် မရရှိခြင်း။)<br>- နို့ထွက်သန်စေရန်နည်း<br>- မိခင်နို့ထွက်ရှိမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်<br>- မိခင် သို့မဟုတ် ကလေးနေမကောင်းလျှင်လည်း မိခင်နို့ကို ဆက်လက်တိုက်ကျွေးရန်<br>- သားဆက်ခြားခြင်း<br>- နေမကောင်းပါက ချက်ခြင်း ဆေးကုသမှု ခံယူရန်<br>- Responsive feeding and Care Practices<br>  - မိခင်နှင့်ကလေး အကြည့်ခြင်းဆုံနိုင်ရန် ကလေးကို မိခင်နို့အနီး သင့်တော်သော အကွာအဝေး၌ ထားပါ။ နို့တစ်ဖက်ကို ပြီးအောင် စို့စေပြီးမှ နောက်-တစ်ဖက်ကို စို့စေပါ။<br>  - ထိကပ်မှုမှန်ကန်လျှင် ကလေး နို့ရည်မြိုချနေသည်ကို မိခင်က မြင်နိုင်၊ ကြားနိုင်သည်။ ကလေး၏ ပါးများမှာ ဖောင်းနေပြီး ချိုင့် ဝင်နေခြင်း မရှိပါ။ မိခင်သည် ကျေနပ်မှုနှင့် မိမိကိုယ်ကို ယုံကြည် မှုများ ရရှိလာသည်။<br>  - ကလေး၏ မျက်လုံးများနှင့် အကြည့်ခြင်း ဆုံပါစေ။<br>  - ကလေးအား ပြုံးပြပါ။ နူးညံ့စွာ စကားပြောပါ။ သီချင်းဆိုပါ။<br>  - ကလေးသည် သင့်မျက်နှာကို မြင်နိုင်ပြီး သင့်အသံကို ကြားနိုင်ပါသည်။<br>  - ကလေးကို နီးကပ်စွာ ထွေးပွေ့ပါ။<br>  - မိခင်သည် သက်တောင့်သက်သာရှိပါစေ။ |
| အသက် ၆ လ ပြည့်ချိန် | - အသက် ၆လ ပြည့်သည်နှင့် ဖြည့်စွက်အစာကို စတင်ကျွေးမွေးပါ။<br>- မိခင်နို့ကို ဆက်လက်တိုက်ကျွေးပါ။<br>- ဖြည့်စွက်စာ ကျွေးသည့်အခါ တစ်နေ့လျှင် အစာ ၂ ကြိမ်မှ ၃ ကြိမ် ကျွေးပါ။ အစာတစ်မျိုးနှင့်စတင်ပါ။ အစာအမျိုးမျိုးကို (တိရစ္ဆာန်ထွက် အစာ၊ အဓိက အစာ၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်၊ သစ်သီး) တဖြေးဖြေး တိုးကျွေးပါ။ |
| အသက် ၆ လမှ ၉ လ<br>အသက် ၉ လမှ ၁၂ လ<br>အသက် ၁၂ လမှ ၂၄ လ | - မိခင်နို့ ဆက်လက်တိုက်ကျွေးခြင်းနှင့်အတူ ကလေး၏ အသက်နှင့် ဆီလျော်သော ဖြည့်စွက်စာကျွေးခြင်း (ကလေး၏ အသက်နှင့် ဆီလျော်သော အကြိမ် ရေ၊ ပမာဏ၊ အပျစ်အကျဲ၊ အမျိုးအစားစုံလင်မှု၊ စိတ်ပါလက်ပါ ချော့မြူ ကျွေးခြင်းနှင့် သန့်ရှင်း-ခြင်း စသည့်အချက်များ ပြည့်စုံရမည်။) |

IYCF Counselling ပြုလုပ်ရာတွင် ဆွေးနွေးရမည့် အချက်များအတွက် အသေးစိတ်ကို Community IYCF Counselling သင်တန်းဆရာလက်စွဲ၊ သင်တန်းသားလက်စွဲနှင့် အဓိကသတင်းအချက်အလက်များ စာအုပ်တို့တွင်ကြည့်ပါ။

## ၁၀-၆။ IYCF Counselling ပြုလုပ်ရာတွင် အမူအကျင့်ပြောင်းလဲမှုအဆင့်များ

ပြုစုစောင့်ရှောက်သူ၏ မှန်ကန်သောအမူအကျင့်အသစ်သည် ပုံ (၂၅)တွင် ဖော်ပြထားသည့် အဆင့်များအတိုင်း ဖြစ်ထွန်းလာသည်။




*ပုံ (၂၅) အမူအကျင့် အဆင့်ဆင့် ပြောင်းလဲခြင်း*

အမူအကျင့် အဆင့်ဆင့်ပြောင်းလဲသည့်ဖြစ်စဉ်တွင် ပြုစုစောင့်ရှောက်သူသည် အဆင့်တစ်ဆင့်သို့ ရောက်ရှိခဲ့ပြီးသော်လည်း တိုက်တွန်းအားပေးခြင်း၊ အမူအကျင့်အသစ်အတွက် အခက်အခဲများကို ကျော်လွှားနိုင်ရန် နည်းစနစ်များပေးခြင်း၊ အောင်မြင်မှုများကို ချီးကျူးပြီး အကျိုးကျေးဇူးများကို ဆွေးနွေးပေးခြင်းတို့အတွက် နောက်ဆက်တွဲဆွေးနွေးပေးမှုများ မရှိပါက ယခင်အဆင့်များသို့ ပြန်လည်ကျဆင်းရောက်ရှိသွားနိုင်သည့် အချက်ကို သတိပြုရန်လိုသည်။

## အခန်း (၁၀) IYCF Counselling

(၁) IYCF Counselling ၏ အဆင့် ၃ ဆင့်ကို သင်တန်းဆရာက နှစ်သိမ့်ဆွေးနွေးသူအဖြစ် သင်တန်းသားများက ပြုစုစောင့်ရှောက်သူအဖြစ် သရုပ်ပြပါ။ သရုပ်ဆောင်မည့်သူများသည် အောက်ပါတို့ကို မှတ်သားထားပါ။

- မိခင်သည် သဇင်ဖြစ်၍ ကလေးမှာ ထွန်းထွန်း ဖြစ်သည်။ ဆွေးနွေးချိန်တွင် အသက် ၈ လ ဖြစ်သည်။ ထွန်းထွန်းမှာ ယခု နေမကောင်းပါ။ သူ၏ ကိုယ်အလေးချိန်မှာ လျော့ကျနေသည်။
- သဇင်သည် ထွန်းထွန်းကို အလွယ်တကူစားနိုင်ရန် ဆန်ပြုတ် တစ်နေ့ နှစ်ကြိမ်သာ ကျွေးသည်။ ပမာဏမှာ ၂၅၀ မီလီလီတာရှိသော ပန်းကန်လုံး၏ တစ်ဝက်ဖြစ်သည်။ သူမ သည် မိခင်နို့တိုက်ကျွေးသော်လည်း နေ့ဘက်တွင် အလုပ်လုပ်နေရသောကြောင့် ညဘက် တစ်ကြိမ်သာတိုက်သည်။ ထွန်းထွန်းအား မုန့်ပဲသရေစာ မကျွေးပါ။

(၂) အကဲဖြတ်ခြင်းကို အကဲဖြတ်ခြင်းကဒ်ပြား အသုံးပြုဆောင်ရွက်ပါ။ အကဲဖြတ်ခြင်းအဆင့် ပြီးဆုံးချိန်တွင် သင်တန်းသားများအား ကလေးအတွက် လက်ရှိကျွေးမွေးမှု အလေ့အထများသည် မည်သို့ဖြစ်ကြောင်းမေးပါ။

(၃) သင်တန်းသားများအား သဇင်က ထွန်းထွန်းအား ကျွေးမွေးသည့် အလေ့အထနှင့် သူ၏ အာဟာရ အခြေအနေတို့ကို ပိုင်းခြားစိတ်ဖြာရန် ပြောပါ။ မိခင်နို့တိုက်ကျွေးခြင်းမှာ အကြံပြုထားသည့်အတိုင်း ဟုတ်ပါသလား။ ဖြည့်စွက်စာကျွေးမွေးခြင်းမှာ အကြံပြုထားသည့်အတိုင်း ဟုတ်ပါသလား။ မဟုတ်ပါက ဘာကြောင့်ပါလဲ။

(၄) သဇင်အနေနှင့် ထွန်းထွန်းအား ဖြည့်စွက်စာကျွေးသည့် အလေ့အကျင့်များ တိုးတက်လာစေရန် အတွက် သော့ချက်မှာကြားချက်များ စာအုပ်မှ မည်သည့်အချက်အလက်များကို အသုံးပြုသင့်ပါသလဲ။

(၅) ရွေးချယ်စရာ အများအပြားရရှိသောအခါ ဦးစားပေးကို ရွေးချယ်ရမည်။ တစ်ကြိမ်လျှင် ရွေးချယ်စရာ နှစ်မျိုးကိုသာလျှင် ဆွေးနွေးခြင်းမှာ ပြုစုစောင့်ရှောက်သူအတွက် အကောင်းဆုံးဖြစ်သည်။ သင်တန်းသားများအား မည်သည့်ရွေးချယ်စရာနှစ်ခုကို ဦးစားပေးရွေးချယ်သင့်သည့်ကို မေးပါ။ ဘာကြောင့် ရွေးချယ်သင့်သည့်ကို မေးပါ။

(၆) နောက်တစ်ကြိမ် IYCF Counselling ကို မည်သည့်အချိန်တွင် ပြုလုပ်သင့်သနည်း။ သဇင် အတွက် IYCF Counselling မည်သည့်အချိန်တွင် အဆုံးသတ်နိုင်မည်နည်း။

# အခန်း (၁၁)

## ထောက်ပံ့ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဝေခြင်း



# အခန်း (၁၁)

# ထောက်ပံ့ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဝေခြင်း

IMAM အတွက် ပစ္စည်းများမှာ အရွယ်ပမာဏကြီးမားပြီး လေးလံသည့်အပြင် သိုလှောင်ရန် နေရာများ စွာ လိုအပ်သည်။ ထို့ပြင် ကြွက်များနှင့် ပိုးမွှားများကလည်း ဖျက်ဆီးနိုင်ကြသည်။ ထို့ကြောင့် မလုံလောက်မှုများနှင့် သိုလှောင်ထားစဉ် ပျက်စီးမှုများကို ရှောင်ရှားနိုင်ရန်အတွက် လိုအပ်သော ပစ္စည်းများကို စနစ်တကျ ခန့်မှန်းတွက်ချက်၊ သိုလှောင်၊ ဖြန့်ဝေရန် အရေးကြီးသည်။

## ၁၁-၁။ ပစ္စည်းလိုအပ်ချက်များကို ခန့်မှန်းခြင်း

ဤအခန်းတွင် အာဟာရပစ္စည်းများနှင့် မရှိမဖြစ်ဆေးဝါးများ လိုအပ်ချက်ကို ခန့်မှန်းခြင်းကို တင်ပြမည် ဖြစ်သည်။ လတ်တလော အာဟာရ ချို့တဲ့မှုကို ကုသရန်အတွက် အရေးကြီးသော အာဟာရ ဆိုင်ရာ ပစ္စည်းများမှာ -

- အဆင်သင့်စားသုံးနိုင်သော အာဟာရပြည့်အစာ (RUTF)
- အဆင်သင့်စားသုံးနိုင်သော ဖြည့်စွက်အစာ (RUSF)
- အာဟာရဖြည့်ထားသော ရောနှောစာ (FBF)
- F-75
- F -100
- Amoxicillin
- Albendazole

### ၁၁-၁-၁။ RUTF လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခြင်း

RUTF လိုအပ်ချက်ကို အောက်ပါအဆင့်များအတိုင်း တွက်ချက်သည်။

အဆင့် (၁) လတ်တလောအပြင်းအထန် အာဟာရချို့တဲ့မှု လူနာအရေအတွက်ကို အောက်ပါ ပုံသေနည်းအသုံးပြု၍ တွက်ပါ။

ပုံသေနည်းတွင် -

| လူနာအရေအတွက် = N x P x K x C |
|---|

N = အသက် ၆လ မှ ၅၉ လအထိ လူဦးရေ (၎င်းကို လူဦးရေ စုစုပေါင်း x အသက် ၆လ မှ ၅၉ လအထိ ကလေးများ၏ အချိုးအစားဖြင့်တွက်နိုင်သည်။)

P = SAM ဖြစ်ပွားမှုနှုန်း (အာဟာရဆိုင်ရာစစ်တမ်းနှင့် အစိုးရဌာနဆိုင်ရာ အစီရင်ခံစာများမှ ရရှိနိုင်သည်။)

K = သတ်မှတ်ကာလတစ်ခုအတွင်း တိုးလာသည့် လူနာအသစ်များအတွက် ပြင်ဆင်ချက်ကိန်းရှင် Correction Factor ($K = 1 + {}^{t}/_{7.5}$) ဖြင့် တွက်ချက်နိုင်သည်။ t မှာ အချိန်အတိုင်းအတာကို လအရေအတွက် ဖြင့်ဖော်ပြခြင်း ဖြစ်သည်။

C = အချိန်တစ်ခုအတွင်း စီမံကိန်းမှ လွှမ်းခြုံနိုင်မည်ဟု မျှော်လင့်သည့် ပျမ်းမျှအရေအတွက်

ဥပမာ - ပန်းသီးမြို့တွင် လူဦးရေစုစုပေါင်း (၁၂၁၄၀၀) ရှိပြီး အသက် (၆)လ မှ (၅၉) လအထိ ကလေးများ၏အချိုးအစားမှာ လူဦးရေ စုစုပေါင်း၏ ၁၇. ၃% ရှိသည်။ ထိုမြို့တွင် SAM ဖြစ်ပွားမှုနှုန်းမှာ ၁. ၃၄% ဖြစ်သည်။ မြို့နယ်ကျန်းမာရေးဌာနက စီမံကိန်းလွှမ်းခြုံမှုကို ၅၆% ဟု ခန့်မှန်းပြီး တစ်နှစ်အတွက် RUTF လိုအပ်ချက်ကို အောက်ပါအတိုင်း ခန့်မှန်းတွက်ချက်သည်။

N =လူဦးရေ စုစုပေါင်း x အသက် (၆)လ မှ (၅၉) လအထိ ကလေးများ၏ အချိုးအစား

=၁၂၁၄၀၀ x ၁၇. ၃% = ၂၁၀၀၂

P =၁. ၃၄%

K =$1 + {}^{t}/_{7.5}$ ( t = တစ်နှစ် = ၁၂ လ)

= $1 + {}^{t}/_{7.5}$ = ၂. ၆

C =၅၆%

၁-နှစ်အတွက် လူနာအရေအတွက် = N x P x K x C

= ၂၁၀၀၂ x ၁. ၃၄% x ၂. ၆ x ၅၆% = ၄၁၀ ဦး

အဆင့် (၂) လိုအပ်သောပစ္စည်းကို အောက်ပါပုံသေနည်း အသုံးပြု၍ တွက်ပါ။

| | | | | | | |
|---|---|---|---|---|---|---|
| တစ်နှစ်အတွက် လိုအပ်ချက် | = | တစ်နှစ်အတွက် လူနာအရေအတွက် | x | နေ့စဉ်လိုအပ်ချက် | x | ကုသရမည့် ပျမ်းမျှအချိန်ကာလ |

ဥပမာ - RUTF လိုအပ်ချက်ကို တွက်ချက်ခြင်း

ကလေးတစ်ဦးအတွက် ပျမ်းမျှလိုအပ်ချက်ကို (၁၀) ကီလိုဂရမ် ကိုယ်အလေးချိန်ရှိသော ကလေးကို အခြေခံ တွက်ချက်သည်။ ၎င်းမှာ တစ်နေ့လျှင် RUTF (၃) ထုပ် လိုအပ်သည်။

ထို့ကြောင့် -

| | | | | | | |
|---|---|---|---|---|---|---|
| တစ်နှစ်အတွက် လိုအပ်ချက် | = | တစ်နှစ်အတွက် လူနာအရေအတွက် | x | နေ့စဉ်လိုအပ်ချက် | x | ကုသရမည့် ပျမ်းမျှအချိန်ကာလ |
| | = | ၄၁၀ x ၃ x ၄၅ ရက် = ၅၅၃၅၀ ထုပ် = ၃၆၉ ကာတွန်း (၁ ကာတွန်းလျှင် ၁၅၀ ထုပ်ပါသည်။) | | | | |

ထို့ကြောင့် -

ကျန်းမာရေးဌာနတစ်ခုအတွက် တစ်လစာလိုအပ်ချက်ကိုလည်း အောက်ပါအတိုင်းတွက်နိုင်သည်။

| | | |
|---|---|---|
| A | တစ်လအတွက် လူနာ အရေအတွက် | ၃၄ |
| B | နေ့စဉ်လိုအပ်ချက် (၁၀ ကီလိုဂရမ် ကိုယ်အလေးချိန်ရှိသော ကလေး) | ၃ ထုပ် |
| C | ကုသရမည့် ပျမ်းမျှအချိန်ကာလ | ၄၅ ရက် |
| D | RUTF လစဉ် လိုအပ်ချက် ပမာဏ (အထုပ်) A x B x C | ၃၄ x ၃ x ၄၅ = ၄၅၉၀ ထုပ် |
| E | RUTF လစဉ် လိုအပ်ချက် ပမာဏ (၁ ကာတွန်းလျှင် ၁၅၀ ထုပ်) | ၄၅၉၀ ÷ ၁၅၀ ≈ ၃၁ပုံး |

## ၁၁-၁-၂။ RUSF/FBF လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခြင်း

FBF လိုအပ်ချက်ကို အောက်ပါအတိုင်း တွက်ချက်သည်။

အဆင့် (၁) (MAM) အတွက် လူနာအရေအတွက်ကို အောက်ပါပုံသေနည်းကို အသုံးပြုတွက်ချက်သည်။

လူနာအရေအတွက် = N x P x K x C

MAM အစီအစဉ်အတွက် လူနာအရေအတွက်တွင် အသက် (၆) လ မှ (၅၉) လအတွင်း (MAM) ကလေးများ၊ လတ်တလော အာဟာရချို့တဲ့သော ကိုယ်ဝန်ဆောင်များ နှင့် အသက် (၆) လ အောက် လတ်တလော အာဟာရချို့တဲ့သောကလေးများ၏ နို့တိုက်မိခင်များ ပါဝင်သင့်သည်။ အရေအတွက်ကို အထက်ပါ ပုံသေနည်းဖြင့် တွက်နိုင်သည်။

အကယ်၍ IMAM အစီအစဉ် စတင်ပြီးသားဖြစ်နေပါက လူနာအရေအတွက်ကို အစီရင်ခံစာများတွင်ဖော်ပြထားသော ယခင်လစာရင်းသွင်းဝင်ခွင့်ပြုသူများနှင့် ပစ္စည်းအမှာစာများမှလည်း တွက်နိုင်သည်။

အာဟာရဆိုင်ရာပစ္စည်းများ လိုအပ်ချက်ခန့်မှန်းရန်အတွက် ကလေးတစ်ဦး၏ ကုသမှုကြာမြင့်ချိန်ကို (၉၀) ရက်ဟု ယူဆတွက်ချက်နိုင်သည်။

အဆင့် (၂) - ပစ္စည်းများလိုအပ်ချက်အတွက် အောက်ပါပုံသေနည်းကို အသုံးပြုတွက်နိုင်သည်။

| | | | | | | |
|---|---|---|---|---|---|---|
| တစ်နှစ်အတွက် လိုအပ်ချက် | = | တစ်နှစ်အတွက် လူနာအရေအတွက် | x | နေ့စဉ်လိုအပ်ချက် | x | ကုသရမည့် ပျမ်းမျှ အချိန်ကာလ ၉၀ ရက် |

MAM အစီအစဉ်အတွက် ပစ္စည်းလိုအပ်ချက်ကို ရရှိနိုင်သော အာဟာရပစ္စည်း အမျိုးအစားပေါ်မူတည်၍ ခန့်မှန်းတွက်ချက်သည်။ (ဥပမာ - Supercereal Plus- WSB++ or RTSF).

ဥပမာ - အသက် (၆) လ မှ (၅၉) လအတွင်းရှိ (MAM) ကလေးလူနာအရေအတွက်မှာ တစ်နှစ်လျှင် (၄၁၀) ရှိသည် ဆိုပါစို့။

တစ်နှစ်အတွက် WSB++ လိုအပ်ချက် = ၄၁၀ x ၂၀၀ ဂရမ် x ၉၀ရက် = ၇၃၈၀၀၀၀ ဂရမ် = ၇၃၈၀ ကီလိုဂရမ်

သို့မဟုတ်

တစ်နှစ်အတွက် RUSF လိုအပ်ချက် = ၄၁၀ x ၁ ထုပ် x ၉၀ရက် = ၃၆၉၀၀ ထုပ် = ၂၄၆ ကာ-တွန်း (၁ ကာတွန်းလျှင် ၁၅၀ ထုပ် ပါဝင်သည်။)

FBF/RUSF လစဉ် လိုအပ်ချက်ကို အောက်ပါအတိုင်း တွက်နိုင်သည်။

| | | |
|---|---|---|
| A | လစဉ် ဆေးရုံတက်သည့် MAM ကလေး အရေအတွက် | ၄၅ |
| B | လစဉ် ဆေးရုံတက်သည့် MAM ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် အရေအတွက် | ၄၀ |
| C | Super Cereal plus (ဂရမ်) နေ့စဉ် လိုအပ်ချက် | ၂၀၀ ဂရမ် |
| D | ကုသရမည့် ပျမ်းမျှအချိန်ကာလ (ရက်) | ၉၀ ရက် |
| E | တစ်လအတွက် Super Cereal plus (ဂရမ်) အရေအတွက် (A + B) x C x D | (၄၅ + ၄၀) x ၂၀၀ x ၉၀ = ၁၅၃၀၀၀၀ ဂရမ် |
| F | တစ်လအတွက် Super Cereal plus အထုပ်အရေအတွက် (တစ်ထုပ် လျှင် ၁၄၀၀ ဂရမ် ပါဝင်သည်) E ÷ ၁၄၀၀ ဂရမ် | ၁၅၃၀၀၀၀ ÷ ၁၄၀၀ = ၁၀၉၀ ထုပ် |

| | | |
|---|---|---|
| A | လစဉ် ဆေးရုံတက်သည့် MAM ကလေး အရေအတွက် | ၄၅ |
| B | လစဉ် ဆေးရုံတက်သည့် MAM ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် အရေအတွက် | ၄၀ |
| C | Lipid Based Nutrient Supplement (RUSF) (အထုပ်) နေ့စဉ် လိုအပ်ချက် | ၁ |
| D | ကုသရမည့် ပျမ်းမျှအချိန်ကာလ (ရက်) | ၉၀ ရက် |
| E | Lipid Based Nutrient Supplement (RUSF) (အထုပ်) အရေအတွက် (A + B) x C x D | (၄၅ + ၄၀) x ၁ x ၉၀ = ၇၆၅၀ ထုပ် |
| F | Lipid Based Nutrient Supplement (RUSF) ကာတွန်း အရေအတွက် E ÷ ၁၅၀ထုပ် (တစ်ထုပ် လျှင် ၁၅၀ ထုပ် ပါဝင်သည်) | ၇၆၅၀ ÷ ၁၅၀ = ၅၁ ကာတွန်း |

### ၁၁-၁-၃။ F-75 လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခြင်း

F-75 လိုအပ်ချက်ကို အောက်ပါအဆင့်များအတိုင်း ခန့်မှန်းတွက်ချက်နိုင်သည်။

အဆင့် (၁) ITP သို့ ဆေးရုံတက်သည့် လူနာ အရေအတွက်ကို ခန့်မှန်းတွက်ချက်ရန်၊

အစီအစဉ် စတင်ခါစတွင် သတင်းအချက်အလက် မရရှိပါက IMAM အစီအစဉ်တွင် တက်ရောက်သူအားလုံး၏ ၁၅%ကို အတွင်းလူနာအဖြစ် ခန့်မှန်းနိုင်သည်။

အဆင့် (၂) အောက်ပါဇယားရှိ ပုံသေနည်းကို အသုံးပြုပြီး F-75 လိုအပ်ချက်ကို တွက်ချက်နိုင်သည်။

ဇယား (၅၈) ကလေးတစ်ဦးအတွက် F-75 လိုအပ်ချက်ကို တွက်ချက်ခြင်း

| | | |
|---|---|---|
| A | တစ်လအတွက် ဆေးရုံတက် သူ အရေအတွက် | ၆ |
| B | နေ့စဉ်လိုအပ်ချက် (၁၀ ကီလိုဂရမ် ကိုယ်အလေးချိန်ရှိသော ကလေး) | ၁၁၀ ml x တစ်နေ့လျှင် ၁၂ ကြိမ် ကျွေးမွေးရန် = ၁၃၂၀ ml ≈ ၃ ထုပ် * |
| C | phase 1 တွင် ကုသရမည့် ပျမ်းမျှ အချိန်ကာလ | ၃ ရက် |
| D | တစ်လအတွက် F 75 ပမာဏ (ml)<br>A x B x C | ၆ x (၁၁၀ ml x ၁၂ ကြိမ်) x ၃ ရက် = ၂၃၇၆၀ ml |
| E | တစ်လအတွက် F 75 အထုပ်<br>အရေအတွက် D ÷ ၆၀၀ ml | ≈ ၄၀ ထုပ် |
| F | ကာတွန်းအရေအတွက် E ÷ ၁၂၀ ထုပ်<br>(တစ်ထုပ် လျှင် ၁၂၀ ထုပ် ပါဝင်သည်) | ၄၀ ÷ ၁၂၀ = ၀. ၃ ကာတွန်း ≈ ၁ ကာတွန်း |

* F75 အထုပ်သေး ၁၀၂. ၅ ဂရမ်ကို ရေ ၅၀၀ မီလီလီတာနှင့်ရောစပ်ပါက F75 အရည် ၆၀၀ မီလီလီတာ ရရှိမည်။ (ကလေးများမှာ ဖောရောင်ခြင်းအဆင့် +++ မရှိဟု ယူဆပြီး ပမာဏ နည်းသော အစာကို မကြာခဏကျွေးသည်)

### ၁၁-၁-၄။ F-100 လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခြင်း

F-100 လိုအပ်ချက်ကို အောက်ပါဇယားရှိ ပုံသေနည်းကို အသုံးပြုတွက်နိုင်သည်။

ဇယား (၅၉) ကလေးတစ်ဦးအတွက် F-100 လိုအပ်ချက်ကို တွက်ချက်ခြင်း

| | | |
|---|---|---|
| A | တစ်လအတွက် ဆေးရုံတက်သူ အရေအတွက် | ၆ |
| B | နေ့စဉ်လိုအပ်ချက် (၁၀ ကီလိုဂရမ် ကိုယ်အလေးချိန်ရှိသော ကလေး) | ၂၅၀ ml x တစ်နေ့လျှင် ၆ ကြိမ် ကျွေးမွေးရန် = ၁၅၀၀ ml ≈ ၂. ၅ ထုပ် |
| C | Transition Phase တွင် ကုသရမည့် ပျမ်းမျှ အချိန်ကာလ | ၃ ရက် |
| D | တစ်လအတွက် F 100 ပမာဏ (ml) A x B x C | ၆ x (၂၅၀ ml x ၆ ကြိမ်) x ၃ ရက် = ၂၇၀၀၀ ml |
| E | တစ်လအတွက် F 100 အထုပ်အရေအတွက် D ÷ ၆၀၀ ml | ၂၇၀၀၀ ÷ ၆၀၀ = ၄၅ ထုပ်* |
| F | တစ်လအတွက် F 100 ကာတွန်း အရေအတွက် E ÷ ၉၀ ထုပ် | ၄၅ ÷ ၉၀ = ၀. ၅ ကာတွန်း ≈ ၁ ကာတွန်း |

* F-100 အထုပ်မှ ၁၁၄ ဂရမ်ကို ရေ ၅၀၀ မီလီလီတာနှင့်ရောစပ်ပါက F-100 အရည် ၆၀၀ မီလီလီတာ ရရှိမည်။

## ၁၁-၁-၅။ Transition Phase အတွက် RUTF လိုအပ်ချက်ကို ခန့်မှန်းခြင်း

| | | |
|---|---|---|
| A | တစ်လအတွက် ဆေးရုံတက်သူ အရေအတွက် | ၃၄ |
| B | နေ့စဉ်လိုအပ်ချက် (၁၀ ကီလိုဂရမ် ကိုယ်အလေးချိန်ရှိသော ကလေး) | ၃ ထုပ် |
| C | RUTF ဖြင့်ကုသရမည့် ပျမ်းမျှအချိန်ကာလ | ၇ ရက် |
| D | တစ်လအတွက် RUTF အထုပ် အရေအတွက် D ၆၀၀ ml A x B x C | ၆ x ၃ x ၇ ရက် = ၁၂၆ ထုပ် |
| E | တစ်လအတွက် ကာတွန်း အရေအတွက် E ÷ ၁၅၀ ထုပ် | ၁၂၆ ÷ ၁၅၀ = ၀. ၈၄ ကာတွန်း ≈ ၁ ကာတွန်း |

## ၁၁-၁-၆။ OTP အတွက် Amoxicillin လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခြင်း

Amoxicillin လိုအပ်ချက်ကို အောက်ပါအတိုင်း ခန့်မှန်းသည်။

Amoxicillin ၂၅၀ မီလီဂရမ် အရေအတွက် = [{၂၅၀ မီလီဂရမ် (ကိုယ်အလေးချိန် ၁ ကီလိုဂရမ်လျှင် ဆေး တစ်ကြိမ်စာ ၂၅ မီလီဂရမ် x ပျမ်းမျှကိုယ်အလေးချိန် ၁၀ ကီလိုဂရမ်) x တစ်နေ့ ၃ ကြိမ် x ၅ ရက် } ÷ ၂၅၀ မီလီဂရမ်] x SAM လူနာအရေအတွက်

| | | |
|---|---|---|
| A | တစ်လအတွက် ဆေးရုံတက်သူ အရေအတွက် | ၆ |
| B | နေ့စဉ်လိုအပ်ချက် (၁၀ ကီလိုဂရမ် ကိုယ်အလေးချိန်ရှိသော ကလေး) | တစ်နေ့ ၂ ပြား (၁၀ ကီလိုဂရမ်) |
| C | ကုသရမည့် ပျမ်းမျှအချိန်ကာလ | ၅ ရက် |
| D | တစ်လအတွက် Amoxicillin အရေအတွက်<br>A x B x C | ၆ x ၂ x ၅ = ၆၀ |
| E | တစ်လအတွက် Amoxicillin အထုပ် အရေအတွက် (တစ်ထုပ် - ၁၀၀ ပြား)<br>D ÷ ၁၀၀ ဆေးပြား | ၆၀ ÷ ၁၀၀ = ၀.၆ ≈ ၁ ထုပ် |

Cotrimoxazole ဆေးကိုလည်း အသုံးပြုနိုင်သည်။ အောက်ပါအတိုင်း ခန့်မှန်းတွက်ချက်ပါ။

ကိုယ်အလေးချိန် ၁ ကီလိုဂရမ်လျှင် ဆေး ၂၄ မီလီဂရမ် x တစ်နေ့ ၂ ကြိမ် x ၅ ရက် x SAM လူနာအရေအတွက်

## ၁၁-၂။ ဆေးသိုလှောင်မှုကို စီမံခန့်ခွဲခြင်း

ဆေးသိုလှောင်မှုကိုစီမံခန့်ခွဲခြင်းတွင် သက်ဆိုင်ရာကျန်းမာရေးဌာန၏သိုလှောင်နိုင်စွမ်း အခြေအနေကို ခန့်မှန်းခြင်း၊ သိုလှောင်နိုင်စွမ်းနှင့် လူနာအရေအတွက်တို့အပေါ် အခြေခံပြီး ပို့ပေးရမည့် အကြိမ်ပေါင်း၊ နောက်ထပ်မှာယူရန်လိုအပ်ကြောင်းညွှန်ပြသည့် လက်ကျန်ပမာဏ (Reordering level) နှင့် မျှော်လင့်မထားသော တိုးမြင့်လိုအပ်ချက်နှင့် ပစ္စည်းပြတ်လပ်ခြင်းအတွက် အရန်ထားသော ပမာဏ (buffer stock) တို့ကို ဆုံးဖြတ်ခြင်းတို့ ပါဝင်သည်။ ဗဟိုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်တို့တွင် ကျန်းမာရေးဌာနများသည် ဆေးသိုလှောင်မှုကို စီမံခန့်ခွဲခြင်းအား ဆောင်ရွက်ကြရမည်။

## ၁၁-၂-၁။ အာဟာရပစ္စည်းများ သိုလှောင်နိုင်သည့်ပမာဏနှင့် ပို့ဆောင်ရမည့်အကြိမ်

အာဟာရပစ္စည်းများ သိုလှောင်နိုင်သည့် ပမာဏနှင့် ပို့ဆောင်ရန် အကြိမ်ပေါင်းကို အောက်ပါ အဆင့်များဖြင့် ခန့်မှန်းတွက်ချက်သည်။

(က) အာဟာရပစ္စည်းများအား သိုလှောင်နိုင်စွမ်း(သို့)ပမာဏကိုအောက်ပါအတိုင်းတွက်သည်။

- သိုလှောင်ရုံ၏ ထုထည် = အလျား (L) x အနံ (W) x အမြင့် (H)
- သိုလှောင်နိုင်စွမ်း သို့ သိုလှောင်နိုင်သော ထုထည် ပမာဏ = ပစ္စည်းထားသောနေရာနှင့် နံရံအကြား၊ ပစ္စည်းထားသော နေရာနှင့် ခေါင်အကြားနေရာများကို ထည့်သွင်းစဉ်းစားပြီး နောက် သိုလှောင်ရုံ၏ (အလျား x အနံ x အမြင့်) ထဲမှ ကျန်ရှိသောနေရာ

ယေဘုယျအားဖြင့် သိုလှောင်ခန်းအငယ်များတွင် သိုလှောင်ရုံခန်း ထုထည်၏ တစ်ဝက် (၅၀%) ခန့်အထိ၊ သိုလှောင်ရုံကြီးများတွင် ၎င်းထုထည်၏ လေးပုံသုံးပုံ (၇၅%) အထိကို သိုလှောင် နိုင်စွမ်း သို့မဟုတ် သိုလှောင်နိုင်သောထုထည်ပမာဏအဖြစ် အသုံးပြုနိုင်သည်။

ဥပမာ - ပန်းသီးမြို့တွင် အလျား မီတာ ၁၀၀ x အနံ မီတာ ၅၀ x အမြင့် ၈ မီတာရှိသော သိုလှောင် ခန်းရှိသည်။ ထို့ကြောင့် သိုလှောင်ရုံ၏ ထုထည်သည် (၄၀၀၀၀) ကုဗမီတာဖြစ်သည်။ အမှန်တကယ် သိုလှောင်နိုင်စွမ်း သို့ သိုလှောင်နိုင်သော ထုထည် ပမာဏမှာ ၁၀၀ x ၅၀ x ၈ = ၄၀၀၀၀ ကုဗမီတာ x ၇၅% = ၃၀၀၀၀ ကုဗမီတာ ဖြစ်သည်။

(ခ) နောက်တစ်ဆင့်တွင် သိုလှောင်နိုင်မည့် ပစ္စည်းအရေအတွက်ကို ခန့်မှန်းခြင်းဖြစ်သည်။ သိုလှောင်နိုင်သော ထုထည်ပမာဏကို သိုလှောင်မည့် ပစ္စည်း၏အရွယ်ပမာဏနှင့် စားခြင်းဖြင့် သိုလှောင်နိုင်မည့်ပစ္စည်း၏ အရေအတွက်ကို တွက်သည်။ ဇယား (၆၁) ကို ကြည့်ပါ။

ဥပမာ - (၃၀၀၀၀) ကုဗမီတာကို ၃၉ x ၂၈. ၅ x ၁၉. ၇ စင်တီမီတာ (RUTF ၁-ကာတွန်း၏ အရွယ်အစား) ဖြင့် စားပါက (၁၃၇၀၀၇၉) ကာတွန်း (၁ ကာတွန်းလျှင် RUTF ၁၅၀ ထုပ်) သို့မဟုတ် RUTF (၂၀၅၅၁၀၈၂၇) ထုပ်ကို ပန်းသီးမြို့ရှိ သိုလှောင်ရုံတွင် သိုလှောင်ထားနိုင်မည်။

ဇယား (၆၀) အာဟာရပစ္စည်းများ၏ အရွယ်အစားနှင့် အလေးချိန်

| ပစ္စည်း | ရေတွက်ပုံ | ၁ ကာတွန်း တွင်ပါသော အထုပ် အရေအတွက် | ၁ ကာတွန်း၏ အတိုင်းအတာ | ၁ ကာတွန်း ၏ အလေးချိန်(ကီလိုဂရမ်) |
|---|---|---|---|---|
| Therapeutic spread | အထုပ် | ၁၅၀ | ၃၉x၂၈. ၅ x၁၉. ၇ cm | ၁၄. ၇ |
| F-၇၅ | အထုပ် | ၁၂၀ | ၃၈. ၅ x၂၉ x ၃၂ cm | ၁၃. ၃၈ |
| F-၁၀၀ | အထုပ် | ၉၀ | ၃၈. ၅ x၂၉ x ၂၆ cm | ၁၁. ၁၆ |
| ReSoMal | အထုပ် | ၁၀၀ | ၅၇ x ၂၇ x ၁၆ cm | ၅. ၉ |

## ၁၁-၂-၂။ မျှော်လင့်မထားသော တိုးမြင့်လိုအပ်ချက်နှင့်ပစ္စည်းပြတ်လပ်ခြင်းအတွက် အရန်ထားသော ပမာဏ (buffer stock)

အရန်သိုလှောင်ထားရှိရမည့်ပမာဏ (Buffer stock) ဆိုသည်မှာ မမျှော်လင့်သော တိုးမြင့် လိုအပ်ချက်နှင့် ကုန်ပို့နောက်ကျခြင်းတို့ကြောင့် ပစ္စည်းပြတ်လပ်မှုမဖြစ်စေရန် အရန်သိုလှောင်ထားသည့် ပမာဏ ဖြစ်သည်။

ယေဘုယျအားဖြင့် အရန်သိုလှောင်ထားရှိရမည့်ပမာဏမှာ အချိန်အတိုင်းအတာတစ်ခုအတွက် အမှန်တကယ် လိုအပ်သည့်ပမာဏ၏ ၂၅% မှ ၃၀% အထိဖြစ်သည်။ ဥပမာ - မြို့နယ်တစ်ခုသည် သုံးလလျှင် တစ်ကြိမ် အာဟာရပစ္စည်းမှာယူပါက အရန်သိုလှောင်ထားရှိရမည့်ပမာဏမှာ တစ်လစာ ဖြစ်သင့်သည်။

ဥပမာ - ပန်းသီးမြို့အတွက် RUTF (၃) လစာ လိုအပ်ချက် (၂၀၅၅၀) ထုပ် ဖြစ်ပါက အရန်သိုလှောင်ရန် ပမာဏမှာ ၂၀၅၅၀ ထုပ် ÷ ၃ = ၆၈၅၀-ထုပ် (သို့) ၄၅-ပုံး ဖြစ်သည်။ အရန် သိုလှောင်ရန် ပမာဏ ကို မြို့နယ်၏ သိုလှောင်နိုင်စွမ်းအလိုက် ပြောင်းလဲနိုင်သည်။

သို့ရာတွင် ပို့ဆောင်ရေးခက်ခဲသောနေရာများကဲ့သို့ အထူးအခြေအနေများတွင် အရန်သိုလှောင်ရန်ပမာဏနှင့် နောက်ထပ်မှာယူရန်လိုအပ်ကြောင်းညွှန်ပြသည့်လက်ကျန်ပမာဏ (Reordering level)တို့ကို အောက်ပါအတိုင်းတွက်ချက်သင့်သည်။

> အရန် သိုလှောင်ရန် ပမာဏ (Buffer stock) = (နေ့စဉ် အများဆုံး သုံးစွဲသည့် ပမာဏ Maximum Daily Usage x ပစ္စည်းစတင်မှာချိန်မှ ရောက်ရှိချိန်အထိ အများဆုံး ကြာမြင့်ချိန် ရက်ပေါင်း Maximum Lead Time in Days) - (နေ့စဉ် ပျမ်းမျှ သုံးစွဲသည့် ပမာဏ Average Daily Usage x ပစ္စည်းစတင်မှာချိန်မှ ရောက်ရှိချိန်အထိ ပျမ်းမျှကြာမြင့်ချိန်ရက်ပေါင်း Average Lead Time in Days)

## ၁၁-၂-၃။ နောက်ထပ်မှာယူရန်လိုအပ်ကြောင်း ညွှန်ပြသည့်လက်ကျန်ပမာဏ(Reordering level)

သိုလှောင်ထားသော ပမာဏသည် နောက်ထပ်မှာယူရန် လိုအပ်ကြောင်းညွှန်ပြသည့် လက်ကျန်ပမာဏ (Reordering level) အဆင့်အထိ ရောက်လာပါက ပစ္စည်းပြန်ဖြည့်ရမည်ဖြစ်ပြီး ထိုပစ္စည်းကို နောက်ထပ်မံမှာကြားရမည်။ Reordering level ကို အောက်ပါအတိုင်း တွက်ချက်သည်။

> Re-ordering level = အရန် သိုလှောင်ရန် ပမာဏ (Buffer stock) + စတင်မှာချိန်မှ ရောက်ရှိချိန်အထိ အများဆုံး ကြာမြင့်ချိန်အတွင်း သုံးစွဲမည့် ပမာဏ (Lead Time Demands)

> စတင်မှာချိန်မှ ရောက်ရှိချိန်အထိ အများဆုံး ကြာမြင့်ချိန်အတွင်း သုံးစွဲမည့် ပမာဏ (Lead Time Demands) = နေ့စဉ်သုံးစွဲသော ပမာဏ (Daily Usage) x ပစ္စည်းစတင်မှာချိန်မှ ရောက်ရှိချိန်အထိ အများဆုံး ကြာမြင့်ချိန် ရက်ပေါင်း (Lead Time in Days)

စတင်မှာချိန်မှ ရောက်ရှိချိန်အထိ ကြာမြင့်ချိန်ဆိုသည်မှာ တင်ပို့သူ (သို့) ထုပ်လုပ်သူက မှာယူသည့် ပမာဏကို ပို့ပေးနိုင်ရန် လိုအပ်သည့်အချိန် ဖြစ်သည်။

### ၁၁-၂-၄။ IMAM ပစ္စည်းများကို ဝယ်ယူဖြန့်ဖြူးခြင်း

#### ၁၁-၂-၄-၁။ IMAM ပစ္စည်းများကို ကျေးလက်ကျန်းမာရေးဌာနခွဲမှ တိုင်းဒေသကြီး၊ပြည်နယ် သို့ လစဉ် တောင်းခံခြင်း

ကျေးလက်ကျန်းမာရေးဌာနခွဲ နှင့် ကျေးလက်ကျန်းမာရေးဌာနမှ တာဝန်ရှိသည့် အခြေခံကျန်းမာရေးဝန်ထမ်းသည် IMAM ပစ္စည်းများ လစဉ်လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ပြီးသည့်အခါ ပစ္စည်းတောင်းခံလွှာ ပုံစံ-၁ (ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်) Supply Indent Form - ၁ (SRHC Level) ပုံ (၂၆) ကို လက်မှတ်ရေးထိုးပြီး ကျေးလက်ကျန်းမာရေးဌာနသို့ တင်ရမည်။ ခန့်မှန်းတွက်ချက်ရန်အတွက် ယခင်လ၏ လူနာအရေအတွက် (သို့) လက်မောင်းလုံးပတ်တိုင်းခြင်းဖြင့် မြို့နယ်တွင်း လတ်တလောအာဟာရချို့တဲ့မှုဖြစ်ပွားနှုန်း (သို့) ၂၀၁၅-၂၀၁၆ ခုနှစ် လူနေမှုဘဝနှင့် ကျန်းမာရေးအခြေအနေ စစ်တမ်း (DHS 2015 - 2016) မှ လတ်တလော အာဟာရ ချို့တဲ့မှု ဖြစ်ပွားနှုန်းကို အခြေခံ၍ တွက်ရမည်။

ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးသည် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများမှ တောင်းခံလွှာများကို စုစည်းပြီး ပစ္စည်းတောင်းခံလွှာ ပုံစံ-၂ (ကျေးလက်ကျန်းမာရေး ဌာနအဆင့်) Supply Indent Form - ၁ (RHC Level) ပုံ (၂၇) ကို လက်မှတ်ရေးထိုးပြီး မြို့နယ် ကျန်းမာရေးဌာနသို့ တင်ရမည်။

မြို့နယ်အဆင့်တွင် အာဟာရတာဝန်ခံသည်မြို့နယ်၏ လတ်တလော အာဟာရချို့တဲ့မှု ဖြစ်ပွားနှုန်းနှင့် တောင်းခံသည့်ပမာဏတို့ကို တိုက်ဆိုင်စစ်ဆေးပြီး ပစ္စည်းတောင်းခံလွှာ ပုံစံ-3 (မြို့နယ်အဆင့်) Supply Indent Form - ၃ (Township Level) ပုံ (၂၈) ကို လက်မှတ်ရေးထိုးပြီး တိုင်းဒေသကြီး၊ ပြည်နယ် အာဟာရအဖွဲ့တာဝန်ခံထံသို့ လစဉ်တင်ရမည်။

#### ၁၁-၂-၄-၂။ IMAM ပစ္စည်းများကို ဆေးရုံ အာဟာရယူနစ်မှ လစဉ်တောင်းခံခြင်း

ယခင်လ၏ လူနာအရေအတွက်ကို အခြေခံ၍ ဆေးရုံ အာဟာရယူနစ်မှ IMAM ပစ္စည်းများ လစဉ်လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ပြီးသည့်အခါ တာဝန်ခံသည်ပစ္စည်းတောင်းခံလွှာ (ဆေးရုံ အာဟာရယူနစ်) Supply Indent Form (HNU) ကို လက်မှတ်ရေးထိုးပြီး နောက်တစ်ဆင့်သို့ တင်ရမည်။

တိုက်နယ်ဆေးရုံအတွက် တာဝန်ခံသည်ပစ္စည်းတောင်းခံလွှာ (ဆေးရုံအာဟာရယူနစ်) ကို မြို့နယ်တာဝန်ခံ ထံသို့တင်ရမည်။ မြို့နယ်တာဝန်ခံသည် မြို့နယ်တွင်းရှိ တိုက်နယ်ဆေးရုံများမှ တောင်းခံလွှာများကိုစုစည်းပြီး မြို့နယ်ဆေးရုံတောင်းခံလွှာနှင့် ပေါင်းကာပစ္စည်းတောင်းခံလွှာ (ဆေးရုံ အာဟာရယူနစ်) Supply Indent Form (HNU) ပုံ (၂၉) ကို ဖြည့်စွက် လက်မှတ်ရေးထိုးလျှက် တိုင်းဒေသကြီး၊

ပြည်နယ်ကုသရေးဦးစီးဌာနသို့ တင်ရမည်။ တောင်းခံသည့်အချိန် အပိုင်းအခြားမှာ လူနာအရေအတွက်ကို လိုက်၍ လစဉ် (သို့) ၃-လတစ်ကြိမ် ဖြစ်နိုင်သည်။

တိုင်းဒေသကြီး၊ ပြည်နယ်ဆေးရုံများအတွက် ဆေးရုံအာဟာရယူနစ် တာဝန်ခံသည် ယခင်လ၏ လူနာ အရေအတွက်ကို အခြေခံ၍ လစဉ်လိုအပ်ချက် ကို ခန့်မှန်းတွက်ချက်ပြီး ပစ္စည်းတောင်းခံလွှာ (ဆေးရုံ အာဟာရယူနစ်) Supply Indent Form (HNU) ကို ဖြည့်စွက်လက်မှတ်ရေးထိုးလျှက် တိုင်းဒေသကြီး၊ ပြည်နယ် ကုသရေးဦးစီးဌာနသို့ တင်ရမည်။ တောင်းခံသည့်အချိန် အပိုင်းအခြားမှာ လူနာအရေအတွက်ကို လိုက်၍ လစဉ် (သို့) ၃ လတစ်ကြိမ် ဖြစ်နိုင်သည်။

တိုင်းဒေသကြီး၊ ပြည်နယ်ကုသရေးဦးစီးဌာန၏ တာဝန်ခံသည် မြို့နယ်နှင့် တိုက်နယ်ဆေးရုံများမှ တောင်းခံလွှာများကို စုစည်းပြီး တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပစ္စည်းတောင်းခံလွှာ (ဆေးရုံအာဟာရယူနစ်) Supply Indent Form (HNU) ကို ဖြည့်စွက်လက်မှတ် ရေးထိုးလျှက် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ တင်ရမည်။ မိတ္တူကို တိုင်းဒေသကြီး၊ ပြည်နယ် အာဟာရအဖွဲ့သို့ တင်ရမည်။

ဗဟိုအဆင့်ဆေးရုံများအတွက် ဆေးရုံအာဟာရယူနစ် တာဝန်ခံသည် ပစ္စည်းတောင်းခံလွှာ (ဆေးရုံအာဟာရယူနစ်) Supply Indent Form (HNU) ကို ဖြည့်စွက်လက်မှတ်ရေးထိုးလျှက် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ တင်ရမည်။ တောင်းခံသည့်အချိန် အပိုင်းအခြားမှာ လူနာအရေအတွက်ကို လိုက်၍ လစဉ် (သို့) ၃ လတစ်ကြိမ် ဖြစ်နိုင်သည်။

ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ခံသည် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တောင်းခံလွှာများကို စုစည်းပြီး အချက်အလက်များကို အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာန (NNC) သို့ ပေးပို့ရမည်။

### ၁၁-၂-၄-၃။ IMAM ပစ္စည်းများကို ဝယ်ယူခြင်း

နှစ်စဉ် နှစ်ဦးပိုင်းတွင် တိုင်းဒေသကြီး၊ပြည်နယ် အာဟာရအဖွဲ့ တာဝန်ခံသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် လတ်တလောအာဟာရချို့တဲ့မှုဖြစ်ပွားနှုန်း (သို့) ယခင်နှစ် ပစ္စည်းတောင်းခံပုံစံ (မြို့နယ်အဆင့်) Supply Indent Form - ၃ နှင့် Supply Indent Form (HNU) ကို အခြေခံ၍ လူနာအရေအတွက်ဖြင့် IMAM ပစ္စည်းများ တစ်နှစ်စာလိုအပ်ချက်ကို ခန့်မှန်းတွက်ချက်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် လတ်တလောအာဟာရချို့တဲ့မှု ဖြစ်ပွားနှုန်းဆိုင်ရာ အချက်အလက်၊ အသက် ၆လ မှ ၅၉ လအကြား ကလေးအရေအတွက် နှင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် အရေအတွက်နှင့် လိုအပ်သည့်ပစ္စည်းပမာဏတို့ကို အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာန (NNC)သို့ တင်ပြရမည်။

အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနတာဝန်ခံက တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းမှ အသက် (၆) လ မှ (၅၉) လအကြား ကလေးအရေအတွက်နှင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်အရေအတွက်နှင့် လိုအပ်သည့်ပစ္စည်းပမာဏတို့ကို စုပေါင်းပြီး ဗဟိုအဆင့် IMAM ပစ္စည်းများ

တစ်နှစ်စာ လိုအပ်ချက်ကိုစုစည်းကာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနသို့ ပေးရမည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနက နိုင်ငံရပ်ခြားမှ နှစ်အလိုက် IMAM ပစ္စည်းများ ဝယ်ယူမှုကို ဆောင်ရွက်မည်။

### ၁၁-၂-၄-၃။ SFP နှင့် OTP အတွက် IMAM ပစ္စည်းများကို ဖြန့်ဖြူးခြင်း

နိုင်ငံရပ်ခြား ထုတ်လုပ်သူများထံမှ IMAM ပစ္စည်းများ ရောက်ရှိလာသည့်အခါ NNC သည် ဝယ်ယူ ဖြန့်ဖြူးရေးဌာနနှင့် ညှိနှိုင်း၍ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် မြို့နယ်များမှ IMAM (SFP and OTP) လုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများကို တိုင်းဒေသကြီး နှင့် ပြည်နယ်အာဟာရအဖွဲ့များသို့ (၃) လ တစ်ကြိမ် ပို့ပေးရမည်။

မြို့နယ်များ၏ တောင်းခံမှုအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဖြန့်ဝေပုံစံကို တိုင်း ဒေသကြီးနှင့် ပြည်နယ်အာဟာရအဖွဲ့တာဝန်ခံက လက်မှတ်ထိုး၍ ထုတ်ပေးရမည် (ပုံ-၃၁)။ တိုင်း ဒေသကြီးနှင့် ပြည်နယ်အာဟာရအဖွဲ့ တာဝန်ခံသည် Supply Indent Form - ၃ (မြို့နယ်အဆင့်) ကို လည်း လက်မှတ်ထိုးရမည်။

ကျေးလက်ကျန်းမာရေးဌာန၏တောင်းခံမှုအတွက် မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ခံက မြို့ နယ်အဆင့်ဖြန့်ဝေပုံစံကို လက်မှတ်ထိုး၍ထုတ်ပေးရမည် (ပုံ-၃၂)။ မြို့နယ်ကျန်းမာရေးဌာန တာဝန်ခံ သည် Supply Indent Form - ၂ (ကျေးလက်ကျန်းမာရေးဌာန အဆင့်)ကိုလည်း လက်မှတ်ထိုးရမည်။

### ၁၁-၂-၄-၄။ ဆေးရုံ အာဟာရယူနစ် (HNU) အတွက် IMAM (ITP) ပစ္စည်းများကို ထုတ်ပေးခြင်း

ဆေးရုံ အာဟာရယူနစ်များ၏ လိုအပ်ချက်များအတွက် ဖြန့်ဖြူးရန် CMSD နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။ ဗဟိုအဆင့်ဖြန့်ဝေပုံစံကို တာဝန်ခံက လက်မှတ်ထိုး၍ IMAM ပစ္စည်းများကို ထုတ် ပေးရမည် (ပုံ-၃၀)။

ဗဟိုအဆင့်ဆေးရုံများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆေးရုံများနှင့် မြို့နယ် ဆေးရုံများမှ (ITP) လိုအပ်ချက်များအတွက် သက်ဆိုင်ရာ CMSD တာဝန်ခံက ဖြန့်ဝေပုံစံကို လက်မှတ်ထိုး၍ ထုတ်ပေးရ မည် (ပုံ-၂၉)။ ပစ္စည်းတောင်းခံသည့်ပုံစံ Supply Indent Form (HNU) ကိုလည်း လက်မှတ်ထိုးရမည် (ပုံ-၃၃)။

ထို့အတူ မြို့နယ်ဆေးရုံတာဝန်ခံက တိုက်နယ်ဆေးရုံများ၏ လိုအပ်ချက်ကို ဖြန့်ဝေပုံစံကို လက်မှတ်ထိုး၍ ထုတ်ပေးရမည်။ ပစ္စည်းတောင်းခံသည့်ပုံစံ Supply Indent Form (HNU) ကိုလည်း လက်မှတ်ထိုးရမည်။

## ၁၁-၃။ ပစ္စည်းများကို သိုလှောင်သိမ်းဆည်းခြင်း

ယေဘုယျအားဖြင့် အာဟာရပစ္စည်းများကို သန့်ရှင်းခြောက်သွေ့ပြီး အေးမြသည့် သိုလှောင်ရုံတွင် ထားရှိကာ နေရောင်ခြည် တိုက်ရိုက် ကျရောက်ခြင်းမှ ကင်းဝေးရမည်။ သိုလှောင်ရုံအတွင်း အပူချိန်နှင့် စိုထိုင်းဆကို ပုံမှန်စစ်ဆေးမှတ်တမ်းတင်ရမည်။ ထုတ်ကုန်များကို လေဝင်လေထွက် ပိတ်ဆို့ခြင်း မရှိစေဘဲ ထားသိုရမည်။ ပစ္စည်းများ ပုံမှန်အဝင်အထွက် ရှိ၊ မရှိကိုလည်း စစ်ဆေးရမည်။

သိုလှောင်ခန်းမှာ လုံလောက်စွာ ကျယ်ဝန်းရမည်။ (မြို့နယ်အဆင့်တွင် ၃ လစာ သိုလှောင်နိုင်သင့်သည်။) လေဝင်လေထွက်ကောင်းပြီး မိုးလုံရမည်။ ပုံမှန် သန့်ရှင်းရေးလုပ်ရမည်။ ပိုးသတ်ရမည်။ ကြွက်နှင့် ပိုးမွှားများ ရန်မှ ကာကွယ်ထားရမည်။ သိုလှောင်ခန်းကို အစဉ်အမြဲ လုံခြုံစေရန် သော့ခတ်ထားရမည်။ အစားအစာ ပစ္စည်းများကို အစားအစာ မဟုတ်သော ပစ္စည်းများနှင့် သီးခြား ခွဲထားရမည်။ အစားအစာပစ္စည်းများကို သစ်သားစင်များပေါ်တွင် နံရံမှ ၃၀ စင်တီမီတာ ခွာထားရမည်။ ပစ္စည်းထည့်သော ပုံး/အထုပ်များကို စီထပ်ရာတွင် ထုပ်လုပ်သူမှ ညွှန်ကြားထားသည့် အရေအတွက် အကန့်အသတ်ဖြင့်သာ ထားသင့်သည်။ (မျက်နှာကျက်အထိ ရောက်အောင် ထပ်မထားရပါ။)

လက်ခံရရှိသော၊ ဖြန့်ဝေသော ပစ္စည်းများကို စာရင်းကတ်ပြား (stock card) များတွင် မှတ်တမ်းတင်ရမည်။

RUTF ၊ F-75 နှင့် F-100 တို့အတွက် သီးသန့် သိုလှောင်ရမည့် အခြေအနေများကို သက်ဆိုင်ရာထုပ်လုပ်သူများ၏ ညွှန်ကြားချက်များကို ကြည့်ရှုရန်လိုသည်။

## ၁၁-၄။ သိုလှောင်ပစ္စည်းများအား စီမံခန့်ခွဲမှု

ကျန်းမာရေးဌာနတိုင်းတွင် ပစ္စည်းများ အဝင်အထွက်ကို မှတ်တမ်းတင်ရန် နှင့် လစဉ်အစီရင်ခံစာတွင် ဖြည့်သွင်းနိုင်ရန် လက်ခံရရှိခြင်း၊ အသုံးပြုခြင်း၊ ဖြန့်ဝေပေးခြင်းနှင့် လက်ကျန်တို့အား စာရင်းစာအုပ် ဖြင့် ထိန်းသိမ်းထားသင့်သည်။ ပုံ (၃၄)

ဖြန့်ဝေမှုကို လက်ခံရရှိသောအခါ -

- ဖြန့်ဝေလိုက်သည့် ပစ္စည်းများ၏ အခြေအနေ၊ ထုပ်ပိုးမှု အခြေအနေ၊ ပုံးတွင် ဖော်ပြထားသော သတင်းအချက်နှင့် ပစ္စည်းအရေအတွက်တို့ကို စစ်ဆေးရမည်။
- ဖြန့်ဝေစာရွက် (waybill) တွင် ဖော်ပြထားသည့် ပစ္စည်းစာရင်းကို စစ်ဆေးပြီး လက်ခံရရှိကြောင်း အတည်ပြုရမည်။
- ဖြန့်ဝေစာရွက် (waybill) နှင့် အမှန်တကယ်ရရှိသော ပစ္စည်းများအကြား ပြဿနာ (သို့) ကိုက်ညီမှု မရှိပါက စာဖြင့်ရေးသားပြီး မှတ်သားရမည်။

# အာဟာရဆိုင်ရာ ဆေးပစ္စည်းများ တောင်းခံခြင်း

........................... ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ........................... မြို့နယ်ကျန်းမာရေးဌာန

တောင်းခံသောကာလ ........................................ ကျန်းမာရေးဝန်ထမ်း၏အမည် ........................................

၆ - ၅၉ လ ကလေးစုစုပေါင်း ........................................ လတ်တလောအပြင်းအထန်အာဟာရချို့တဲ့ကလေးဦးရေ(၆-၅၉လ) ........................

လတ်တလောအတော်အတန်အာဟာရချို့တဲ့ ကလေးဦးရေ (၆-၅၉ လ) ............... အာဟာရချို့တဲ့သော ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်ဦးရေ ........................

| အမှတ်စဉ် | ကျေးရွာအမည် | တောင်းခံသော အာဟာရဆိုင်ရာ ဆေးပစ္စည်းများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | RUTF | RUTF/FBF | Amoxicillin | Albendazole | Mebendazole | .................... | .................... | .................... |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| စုစုပေါင်းလိုအပ်သောပမာဏ | | | | | | | | | |

တောင်းခံသူအမည် ........................ ရာထူး ............... တောင်းခံသူလက်မှတ် .................. တောင်းခံသည့်ရက်စွဲ ..................

ပစ္စည်းထုတ်ပေးသူအမည် .................... ရာထူး ............... ပစ္စည်းထုတ်ပေးသူလက်မှတ် ..............

*ပုံ (၂၆) ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် IMAM ပစ္စည်းတောင်းခံသည့်ပုံစံ*

# အာဟာရဆိုင်ရာ ဆေးပစ္စည်းများ တောင်းခံခြင်း

.......................... ကျေးလက်ကျန်းမာရေးဌာန၊ .................... မြို့နယ်ကျန်းမာရေးဌာန

တောင်းခံသောကာလ .................................... ကျန်းမာရေးဝန်ထမ်း၏အမည် ........................................

၆ - ၅၉ လ ကလေးစုစုပေါင်း .................................... လတ်တလောအပြင်းအထန်အာဟာရချို့တဲ့ကလေးဦးရေ(၆-၅၉လ) ..........................

လတ်တလောအတော်အတန်အာဟာရချို့တဲ့ ကလေးဦးရေ (၆-၅၉ လ) ............... အာဟာရချို့တဲ့သော ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်ဦးရေ ..........................

| အမှတ်စဉ် | ကျေးရွာအမည် | တောင်းခံသော အာဟာရဆိုင်ရာ ဆေးပစ္စည်းများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | RUTF | RUTF/FBF | Amoxicillin | Albendazole | Mebendazole | .................. | .................. | .................. |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| စုစုပေါင်းလိုအပ်သောပမာဏ | | | | | | | | | |

တောင်းခံသူအမည်...................... ရာထူး .............. တောင်းခံသူလက်မှတ် ................. တောင်းခံသည့်ရက်စွဲ ...............

ပစ္စည်းထုတ်ပေးသူအမည် ................. ရာထူး ............... ပစ္စည်းထုတ်ပေးသူလက်မှတ် ..............

*ပုံ (၂၇) ကျေးလက်ကျန်းမာရေးဌာနအတွက် IMAM ပစ္စည်းတောင်းခံသည့်ပုံစံ*

## အာဟာရဆိုင်ရာ ဆေးပစ္စည်းများ တောင်းခံခြင်း

.................................................. မြို့နယ်ကျန်းမာရေးဌာန

တောင်းခံသောကာလ ........................................ ကျန်းမာရေးဝန်ထမ်း၏အမည် ..................................................

၆ - ၅၉ လ ကလေးစုစုပေါင်း ........................................ လတ်တလောအပြင်းအထန်အာဟာရချို့တဲ့ကလေးဦးရေ(၆-၅၉လ) ..............................

လတ်တလောအတော်အတန်အာဟာရချို့တဲ့ ကလေးဦးရေ (၆-၅၉ လ) ................ အာဟာရချို့တဲ့သော ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်ဦးရေ ..............................

| အမှတ်စဉ် | ကျေးရွာအမည် | တောင်းခံသော အာဟာရဆိုင်ရာ ဆေးပစ္စည်းများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | RUTF | RUTF/FBF | Amoxicillin | Albendazole | Mebendazole | .................... | .................... | .................... |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| စုစုပေါင်းလိုအပ်သောပမာဏ | | | | | | | | | |

တောင်းခံသူအမည် .................... ရာထူး .............. တောင်းခံသူလက်မှတ် ................ တောင်းခံသည့်ရက်စွဲ ..............

ပစ္စည်းထုတ်ပေးသူအမည် .................. ရာထူး .............. ပစ္စည်းထုတ်ပေးသူလက်မှတ် ..............

*ပုံ (၂၈) မြို့နယ်ကျန်းမာရေးဌာနအတွက် IMAM ပစ္စည်းတောင်းခံသည့်ပုံစံ*

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ

အတွင်းလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသည့်အစီအစဉ်
လတ်တလောအာဟာရချို့တဲ့မှုဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာဆေးဝါးပစ္စည်းများတောင်းခံခြင်း

တောင်းခံသောကာလ ......................................

လူနာဆောင်တာဝန်ခံဆရာဝန်ကြီးအမည် ..............................

ဆေးရုံအမည် ..........................................

လတ်တလောအာဟာရချို့တဲ့သည့်ကလေးလူနာပေါင်း ( အသက် ၆ လအောက်) ..................

လတ်တလောအာဟာရချို့တဲ့သည့်ကလေးလူနာပေါင်း (၆ - ၅၉ လ) ......................

| အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | တောင်းခံသောပမာဏ |
|---|---|---|
| ၁ | F75 | |
| ၂ | F100 | |
| ၃ | Resomol | |
| ၄ | RUTF | |
| ၅ | | |
| ၆ | | |
| ၇ | | |
| ၈ | | |
| ၉ | | |
| ၁၀ | | |

တောင်းခံသူအမည် ......................
ရာထူး ..............................
တောင်းခံသူလက်မှတ် ....................
တောင်းခံသည့်ရက်စွဲ ....................

ထုတ်ပေးသူအမည် ........................
ရာထူး ..............................
ထုတ်ပေးသူလက်မှတ် ......................

***ပုံ (၂၉)ဆေးရုံအာဟာရယူနစ်အတွက် IMAM ပစ္စည်းတောင်းခံသည့်ပုံစံ***

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ဝယ်ယူရေးနှင့် ဖြန့်ဖြူးရေးဌာန

ကုန်ပို့လွှာအမှတ် . . . . . . . . . . . . . . . . . . . .

နေ့စွဲ . . . . . . . . . . . . . . . . . . . . . . . . . . .

## လတ်တလောအာဟာရချို့တဲ့မှုဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာဆေးဝါးပစ္စည်းများထုတ်ပေးခြင်း

. . . . . . . . . . . . . . . . . . . . . မြို့နယ်အတွက် လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံစောင့်ရှောက်ခြင်းဆိုင်ရာ ဆေးဝါးပစ္စည်းများကို အောက်တွင်လက်မှတ်ရေးထိုးထားသော ကိုယ်စားလှယ်အား ကောင်းမွန်စွာ ထုတ်ပေးလိုက်ပါသည်။

| အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | Batch No | သက်တမ်းကုန်ဆုံးမည့်နေ့ (ရက်၊လ၊ခုနှစ်) | ထုတ်ပေးသော ပမာဏ |
|---|---|---|---|---|
| ၁ | RUTF | | | |
| ၂ | RUSF/FBF | | | |
| ၃ | Amoxicillin | | | |
| ၄ | Albendazole | | | |
| ၅ | Mebendazole | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

ခွင့်ပြုသူလက်မှတ် . . . . . . . . . . . . အမည် . . . . . . . . . . . . . . ရာထူး . . . . . . . . . . . . . .

ထုတ်ပေးသူလက်မှတ် . . . . . . . . . . အမည် . . . . . . . . . . . . . . ရာထူး . . . . . . . . . . . . . .

လက်ခံသူလက်မှတ် . . . . . . . . . . . အမည် . . . . . . . . . . . . . . ရာထူး . . . . . . . . . . . . . .

*ပုံ (၃၀) ဗဟိုအဆင့် ပစ္စည်းထုတ်ပေးသည့်ပုံစံ*

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ

.............................. ပြည်နယ်/တိုင်းဒေသကြီး

ကုန်ပို့လွှာအမှတ် ..................

နေ့စွဲ ........................

## လတ်တလောအာဟာရချို့တဲ့မှုဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာဆေးဝါးပစ္စည်းများထုတ်ပေးခြင်း

.................... မြို့နယ်အတွက် လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံစောင့်ရှောက်ခြင်းဆိုင်ရာ ဆေးဝါးပစ္စည်းများကို အောက်တွင်လက်မှတ်ရေးထိုးထားသော ကိုယ်စားလှယ်အား ကောင်းမွန်စွာ ထုတ်ပေးလိုက်ပါသည်။

| အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | Batch No | သက်တမ်းကုန်ဆုံးမည့်နေ့ (ရက်၊လ၊ခုနှစ်) | ထုတ်ပေးသော ပမာဏ |
|---|---|---|---|---|
| ၁ | RUTF | | | |
| ၂ | RUSF/FBF | | | |
| ၃ | Amoxicillin | | | |
| ၄ | Albendazole | | | |
| ၅ | Mebendazole | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

ခွင့်ပြုသူလက်မှတ် ............ အမည် .............. ရာထူး ..............

ထုတ်ပေးသူလက်မှတ် .......... အမည် .............. ရာထူး ..............

လက်ခံသူလက်မှတ် .......... အမည် .............. ရာထူး ..............

*ပုံ (၃၁) ပြည်နယ်/တိုင်းဒေသကြီးအတွက် IMAM ဆေးဝါးပစ္စည်းများထုတ်ပေးသည့် ပုံစံ*

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ

. . . . . . . . . . . . . . . . . . . . . . . . . . . . . . မြို့နယ်

ကုန်ပို့လွှာအမှတ် . . . . . . . . . . . . . . . . . . .

နေ့စွဲ . . . . . . . . . . . . . . . . . . . . . . . . .

## လတ်တလောအာဟာရချို့တဲ့မှုဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာဆေးဝါးပစ္စည်းများထုတ်ပေးခြင်း

. . . . . . . . . . . . . . . ကျန်းမာရေးဌာန/ဌာနခွဲ အတွက် လတ်တလောအာဟာရချို့တဲ့မှုဘက်စုံစောင့်ရှောက်ခြင်းဆိုင်ရာ ဆေးဝါးပစ္စည်းများကို အောက်တွင်လက်မှတ်ရေးထိုးထားသော ကိုယ်စားလှယ်အား ကောင်းမွန်စွာ ထုတ်ပေးလိုက်ပါသည်။

| အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | Batch No | သက်တမ်းကုန်ဆုံးမည့်နေ့ (ရက်၊လ၊ခုနှစ်) | ထုတ်ပေးသော ပမာဏ |
|---|---|---|---|---|
| ၁ | RUTF | | | |
| ၂ | RUSF/FBF | | | |
| ၃ | Amoxicillin | | | |
| ၄ | Albendazole | | | |
| ၅ | Mebendazole | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

ခွင့်ပြုသူလက်မှတ် . . . . . . . . . . . . အမည် . . . . . . . . . . . . . . ရာထူး . . . . . . . . . . . . . .

ထုတ်ပေးသူလက်မှတ် . . . . . . . . . . အမည် . . . . . . . . . . . . . . ရာထူး . . . . . . . . . . . . . .

လက်ခံသူလက်မှတ် . . . . . . . . . . . အမည် . . . . . . . . . . . . . . ရာထူး . . . . . . . . . . . . . .

*ပုံ (၃၂) မြို့နယ်အတွက် IMAM ဆေးဝါးပစ္စည်းများထုတ်ပေးသည့်ပုံစံ*

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ

ကုန်ပို့လွှာအမှတ် . . . . . . . . . . . . . . . . . . .

နေ့စွဲ . . . . . . . . . . . . . . . . . . . . . . . . .

## လတ်တလောအာဟာရချို့တဲ့မှုဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာဆေးဝါးပစ္စည်းများထုတ်ပေးခြင်း

. . . . . . . . . . . . . . . ဆေးရုံအတွင်းလူနာအဖြစ်အစာကျွေး၍ကုသမှုပေးသည့်အစီအစဉ်အတွက် လတ်တလော အာဟာရချို့တဲ့မှု ဘက်စုံစောင့်ရှောက်ခြင်းဆိုင်ရာ ဆေးဝါးပစ္စည်းများကို အောက်တွင်လက်မှတ်ရေးထိုးထားသော ကိုယ်စားလှယ်အား ကောင်းမွန်စွာ ထုတ်ပေးလိုက်ပါသည်။

| အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | Batch No | သက်တမ်းကုန်ဆုံးမည့်နေ့ (ရက်၊လ၊ခုနှစ်) | ထုတ်ပေးသော ပမာဏ |
|---|---|---|---|---|
| ၁ | F75 | | | |
| ၂ | F100 | | | |
| ၃ | Resomol | | | |
| ၄ | RUTF | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

ခွင့်ပြုသူလက်မှတ် . . . . . . . . . . . အမည် . . . . . . . . . . . . . ရာထူး . . . . . . . . . . . . .

ထုတ်ပေးသူလက်မှတ် . . . . . . . . . . အမည် . . . . . . . . . . . . . ရာထူး . . . . . . . . . . . . .

လက်ခံသူလက်မှတ် . . . . . . . . . . . အမည် . . . . . . . . . . . . . ရာထူး . . . . . . . . . . . . .

*ပုံ (၃၃)ဆေးရုံအာဟာရယူနစ်အတွက်ပစ္စည်းထုတ်ပေးသည့်ပုံစံ*

## လတ်တလောအာဟာရချို့တဲ့မှုဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာဆေးဝါးပစ္စည်းမှတ်တမ်း

ဆေးဝါးပစ္စည်းအမည် ..............................................................................................

| ကုန်ပို့လွှာအမှတ် | ကုန်ပို့ရက်စွဲ (ရက်၊လ၊နှစ်) | ထုတ်လုပ်သူအမည် | သက်တမ်းကုန်ဆုံးရက်စွဲ (ရက်၊လ၊နှစ်) | လက်ခံခြင်း/ဖြန့်ဝေခြင်း ဆိုင်ရာအကြောင်းအရာ | လက်ခံရရှိသော ပမာဏ | ဖြန့်ဝေသော ပမာဏ | လက်ကျန် | ရေတွက်ပုံ | မှတ်ချက် | လက်မှတ် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

| | | |
|---|---|---|
| စုစုပေါင်းလက်ကျန်ပမာဏ | | |
| Balance Carried Forward | | |

ပုံ (၃၄) *IMAM ဆေးဝါးပစ္စည်းများ အဝင်အထွက် ထိန်းချုပ်မှု ပုံစံ (Stock book)*

- လက်ခံရရှိသော ပစ္စည်းများကို အနီရောင်ဖြင့် မှတ်သားပြီး ထုတ်ပေးလိုက်သော ပစ္စည်းများကို အပြာရောင်ဖြင့် မှတ်သားသင့်သည်။

## ၁၁-၅။ ထောက်ပံ့ပို့ဆောင်ရေး

ကျန်းမာရေးဌာနအဆင့်တိုင်းတွင် အာဟာရတာဝန်ခံသည် IMAM ပစ္စည်းများ ဖြန့်ဝေပို့ဆောင်ရေးအစီအစဉ်ကို ရေးဆွဲရန် တာဝန်ရှိသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ပစ္စည်းများ ပို့ဆောင်ခြင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနတို့နှင့် ပူးပေါင်း၍ NNC မှ ဆောင်ရွက်မည်။

# အခန်း (၁၂)

## အထောက်အကူပြုကြီးကြပ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် လုပ်ငန်းဆန်းစစ်ခြင်း



# အခန်း (၁၂)

# အထောက်အကူပြုကြီးကြပ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် လုပ်ငန်းဆန်းစစ်ခြင်း

အထောက်အကူပြုကြီးကြပ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် လုပ်ငန်းဆန်းစစ်ခြင်းတို့သည် IMAM အစီအစဉ်၏ အရေးကြီးပြီး မရှိမဖြစ် ပါဝင်ရမည့် အစိတ်အပိုင်းများ ဖြစ်ပါသည်။

## ၁၂-၁။ အထောက်အကူပြုကြီးကြပ်ခြင်း Supportive Supervision

IMAM လက်တွေ့ လုပ်ငန်းဆောင်ရွက်နေသော စေတနာ့ဝန်ထမ်း၊ သားဖွားဆရာမ၊ ကျန်းမာရေးကြီးကြပ်-၂ နှင့် ဆရာဝန်များနှင့် သူနာပြုများကို အထောက်အကူပြု ကြီးကြပ်ခြင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

### စေတနာ့ဝန်ထမ်း

သားဖွားဆရာမ၊ ကျန်းမာရေးကြီးကြပ်- ၂ တို့က စေတနာ့ဝန်ထမ်းကို တိုက်ရိုက်အထောက်အကူပြု ကြီးကြပ်ပေးမည် ဖြစ်သည်။ အောက်ပါတို့ကို အထောက်အကူပြု ကြီးကြပ်ပေးရမည်။

- MUAC Tape ရှိမရှိနှင့် တိုင်းတာခြင်း နည်းစနစ် မှန်၊ မမှန်
- IMAM လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော ပညာပေး အထာက်အကူပြု ပစ္စည်းများ (ဥပမာ IMAM Flip Chart ) ရှိ၊ မရှိနှင့် စနစ်တကျ အသုံးပြုခြင်း ရှိ၊ မရှိ
- IYCF Counselling စနစ်တကျ ဆောင်ရွက်ခြင်း ရှိ၊ မရှိ
- အာဟာရချို့တဲ့သည့် ကလေးများ၏ အိမ် သို့ ပုံမှန်သွားရောက်ပေးခြင်းနှင့် လူထုကို တိုက်တွန်းစည်းရုံးခြင်းကို ဆောင်ရွက်ခြင်း ရှိ၊ မရှိ

သားဖွားဆရာမ၊ ကျန်းမာရေးကြီးကြပ်- ၂ တို့သည် စေတနာ့ဝန်ထမ်း၏ လိုအပ်ချက်များကို (နည်းပညာရပ်ဆိုင်ရာ သို့မဟုတ် အထာက်အကူပြုပစ္စည်း) ဖြည့်ဆည်းပေးရမည်။ ဤအဆင့်တွင် အထောက်အကူပြုကြီးကြပ်ခြင်းကို အခြေခံကျန်းမာရေးဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းတို့ ဆုံတွေ့သည့် အချိန်တိုင်း ဆောင်ရွက်ရမည်။

### သားဖွားဆရာမ၊ ကျန်းမာရေး ကြီးကြပ်- ၂

ကျန်းမာရေးမှူးနှင့် အမျိုးသမီးကျန်းမာရေးဆရာမတို့က သားဖွားဆရာမ၊ ကျန်းမာရေးကြီးကြပ်- ၂ တို့ကို သုံးလတစ်ကြိမ်၊ မြို့နယ်ဆရာဝန် တိုင်းဒေသကြီးပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံ၊ အာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲမှ တာဝန်ခံတို့လိုက်ပါလျက် အနည်းဆုံး တစ်နှစ်

တစ်ကြိမ် အထောက်အကူပြု ကြီးကြပ်ပေးရန်ဖြစ်သည်။ အောက်ပါတို့ကို အထောက်အကူပြု ကြီးကြပ်ပေးရမည်။

- လုပ်ငန်းသုံး ပစ္စည်းများ ပြည့်စုံခြင်း ရှိ၊ မရှိ
- လုပ်ငန်း ကျွမ်းကျင်မှု စွမ်းရည်ကို မြှင့်တင်ပေးခြင်း
- အာဟာရချို့တဲ့လူနာများကို ကြည့်ရှုစစ်ဆေးသည့် နေရာကို စနစ်တကျ စီစဉ်ထားရှိခြင်း
- လူထုအတွင်းအာဟာရချို့တဲ့ခြင်းကို လှည့်လည်ရှာဖွေခြင်းနှင့် ကျန်းမာရေးဌာနသို့ ရောက်ရှိလာသော လူနာများအတွင်း၌ အာဟာရချို့တဲ့လူနာရှာဖွေခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ခြင်း ရှိ၊ မရှိ
- အစာစားလိုစိတ် ရှိ၊ မရှိ စစ်ဆေးခြင်းကို မှန်ကန်စွာ ဆောင်ရွက်ခြင်း ရှိ၊ မရှိ
- စာရင်းသွင်း ဝင်ခွင့်ပြုခြင်းနှင့် စာရင်းမှ နုတ်ပယ် ထွက်ခွင့်ပြုခြင်းတို့ကို သတ်မှတ်ချက်များအတိုင်း စနစ်တကျ ဆောင်ရွက်ခြင်း ရှိ၊ မရှိ
- IYCF Counselling စနစ်တကျ ဆောင်ရွက်ခြင်း ရှိ၊ မရှိ
- လူထုကို တိုက်တွန်းစည်းရုံးခြင်း ဆောင်ရွက်ခြင်း ရှိ၊ မရှိ
- IMAM ပစ္စည်းများကို စနစ်တကျ မှာယူ၊ သိုလှောင်၊ ဖြန့်ဖြူးခြင်း ရှိ၊ မရှိ

IMAM Supervision Checklist (SFP/OTP) ပုံစံကို စာမျက်နှာ (၂၉၁) တွင် ဖော်ပြထားပါသည်။

### ဆရာဝန်များနှင့် သူနာပြုများ

ဆေးရုံရှိ ITP လုပ်ငန်းများကို ဆောင်ရွက်နေသော ဆရာဝန်များနှင့် သူနာပြုများကို တိုင်းဒေသကြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံ၊ အာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲမှ တာဝန်ခံတို့နှင့်အတူ ကလေးအထူးကု ဆရာဝန်/ဆရာဝန်ကြီးတို့က အနည်းဆုံး တစ်နှစ်တစ်ကြိမ် အထောက်အကူပြု ကြီးကြပ်ပေးရန် ဖြစ်သည်။

IMAM Supervision Checklist (SFP/OTP) ပုံစံကို စာမျက်နှာ (၂၉၇)တွင် ဖော်ပြထားပါသည်။

## ၁၂-၂။ စောင့်ကြည့်ခြင်းနှင့် လုပ်ငန်းဆန်းစစ်ခြင်း Monitoring and Evaluation

ကုသစောင့်ရှောက်မှုအစီအစဉ်များ ရေးဆွဲခြင်း၊ ဆေးဝါးပစ္စည်းကိရိယာများ မှာယူခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် မြို့နယ်ကျန်းမာရေးဌာနတို့တွင် လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်မှုများ၏ အရည်အသွေးကို ထိန်းသိမ်းခြင်းနှင့် သင်တန်းများ သို့မဟုတ် ကြီးကြပ်မှုများ ထပ်ဆောင်းလိုအပ်မည့် ကျန်းမာရေးဌာနများကို သတ်မှတ်ဖော်ထုတ်ခြင်းတို့တွင် သတင်းအချက်အလက်များသည် အလွန်အရေးကြီးပါသည်။ ထို့ပြင် လူထု၏ အာဟာရအခြေအနေကို စောင့်ကြည့်ရန်၊ မြို့နယ်အတွင်းရှိ လတ်တလောအာဟာရချို့တဲ့မှု၏ အခြေအနေ သိရှိရန်နှင့် မြို့နယ်အတွင်းရှိ အာဟာရချို့တဲ့နေသောအုပ်စုများကို သတ်မှတ်ဖော်ထုတ်ရန်

အတွက် စောင့်ကြည့်စစ်ဆေးသည့်စနစ်တွင် လစဉ် ကိန်းဂဏန်း အချက်အလက်များသည် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

လစဉ် အစီရင်ခံ တင်ပြမှုများကို -

(၁) ဆေးရုံ သို့မဟုတ် ဆေးရုံ အာဟာရယူနစ်များ၊

(၂) GAM ဖြစ်ပွားမှု ၁၅% နှင့်အထက် ရှိသော ကျန်းမာရေးဌာနများနှင့်

(၃) အရေးပေါ်အခြေအနေ/ဘေးအန္တရာယ်ဖြစ်ပွားနေသော အချိန်ကာလအတွင်းတွင်
ပြုလုပ်ပါသည်။

ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် မြို့နယ်ကျန်းမာရေးဌာနတို့သည် အစီရင်ခံတင်ပြမှုများကို သုံးလတစ်ကြိမ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကျန်းမာရေးဌာနများမှ အစီရင်ခံစာများကို မြို့နယ်သို့ပေးပို့ပြီး မြို့နယ်စာရင်းချုပ်အဖြစ် စုစည်းကာ ၎င်းကို မြို့နယ်တွင်းရှိ အာဟာရ ကုသစောင့်ရှောက်မှု လုပ်ငန်းများ၏ အရည်အသွေးကို အကဲဖြတ်ရန် အသုံးပြုပါသည်။ အဆိုပါ ကိန်းဂဏန်း အချက်အလက်များကို ဂရပ်ဆွဲခြင်းဖြင့် ကုသမှုအစီအစဉ်ကြောင့် ဖြစ်ပေါ်လာသည့် ပြောင်းလဲမှုများကို သိရှိမည် ဖြစ်ပါသည်။

ဆေးရုံများ သို့မဟုတ် ဆေးရုံ၏ အာဟာရယူနစ်များမှ ပေးပို့သော အစီရင်ခံစာများကို ပြည်နယ်/တိုင်းဒေသကြီး အာဟာရအဖွဲ့သို့လည်း ပေးပို့ရပါမည်။

IMAM ကို စောင့်ကြည့်လေ့လာခြင်းနှင့် လုပ်ငန်းဆန်းစစ်ခြင်းတွင် အောက်ပါအညွှန်းကိန်းများကို ပုံမှန်စောင့်ကြည့် လေ့လာသွားရပါမည်။ IMAM အချက်အလက်များကို SRHC များက RHC မှတစ်ဆင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ သုံးလတစ်ကြိမ် ပေးပို့ရပါမည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်နှင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနသို့ပေးပို့၍ ထိုမှတဆင့်ဗဟိုအဆင့် (NNC) သို့ ပုံမှန်ပေးပို့ အစီရင်ခံသွားရပါမည် (အစီရင်ခံတင်ပြခြင်း အခန်းတွင်လည်း ကြည့်ပါ)။

### ၁၂-၂-၁။ ကုသမှုအစီအစဉ်သို့ စာရင်းသွင်း ဝင်ခွင့်ပြုခြင်းနှင့် စာရင်းမှ နုတ်ပယ်ထွက်ခွင့်ပြုခြင်းအလိုက် အမျိုးအစားခွဲထားသော လူနာများ အရေအတွက်

၎င်းသတင်း အချက်အလက်များကို လတ်တလော အာဟာရ ချို့တဲ့ခြင်းအတွက် မှတ်ပုံတင်စာအုပ်မှ ရရှိနိုင်ပါသည်။ မှတ်ပုံတင်စာအုပ်တွင် 'စာရင်းသွင်း ဝင်ခွင့်ပြုသည့် လူနာအမျိုးအစား' နှင့် 'စာရင်းမှ နုတ်ပယ်ထွက်ခွင့်ပြုခြင်း' ဟူသည့် စာတိုင်များတွင် ၎င်းသတင်းအချက်အလက်များကို တွေ့ရှိနိုင်ပါသည်။

စာရင်းသွင်း ဝင်ခွင့်ပြုသည့် လူနာအမျိုးအစား - SFP ၊ OTP နှင့် ITP အသီးသီးအတွက် ဝင်ခွင့်သတ်မှတ်ချက်များအရ ဝင်ခွင့်ပြုသည့် လူနာအမျိုးအစား ၄ မျိုး ရှိနိုင်ပါသည်။

(က) လူနာသစ်များ (New Admissions)

(ခ) အာဟာရချို့တဲ့မှ ပြန်ဖြစ်သောလူနာများ (Relapses) - ဤလူနာအမျိုးအစားသည် သက်ဆိုင်ရာကလေး၏ အိမ်တွင် လူမှုရေးပြဿနာများရှိခြင်းကို ညွှန်ပြနေပါသည်။

(ဂ) ပြန်လည် စာရင်းသွင်းဝင်ခွင့်ပြုသောလူနာများ (ရောဂါပျောက်ကင်းအောင် ကုသခြင်း မရှိဘဲ ပျက်ကွက်ပြီးမှ) (Readmission) - ဤသတင်းအချက်အလက်သည် ရောဂါ မပျောက်သေးဘဲ ကုသမှုအစီအစဉ်မှပျက်ကွက်သူများကို ခြေရာခံသည့်စနစ် ကောင်းမွန်မှုကို (ပျောက်ကင်းအောင်မကုသဘဲ ထွက်သွားမှုများ ရှိနေကြောင်းကိုလည်း) ပြသနေပါသည်။

(ဃ) အခြား ကျန်းမာရေးဌာနတစ်ခု၏ အမျိုးအစားတူ ကုသမှုအစီအစဉ်မှ လွှဲပြောင်းပေးသဖြင့် လက်ခံရသောလူနာများ (Transfer in)

ကုသမှု အစီအစဉ်မှ နုတ်ပယ် (ထွက်ခွင့်ပြု) သည့် လူနာအမျိုးအစားများ - SFP ၊ OTP နှင့် ITP ကုသမှုအစီအစဉ်တစ်ခုစီအတွက် နုတ်ပယ် (ထွက်ခွင့်ပြု) သည့် လူနာအမျိုးအစား ၆ မျိုးရှိပြီး ယင်းတို့သည် ကုသမှုအစီအစဉ်၏ စွမ်းဆောင်ရည်ကို အများဆုံး ထင်ဟပ်ဖော်ပြနေပါသည်။

(က) ကုသပျောက်ကင်းသူများ (Cured)

(ခ) ပျောက်ကင်းအောင် မကုဘဲ ပျက်ကွက်သူများ (Defaulter)

(ဂ) သေဆုံးသူများ (Death)

(ဃ) ကုသ၍မပျောက်ကင်းသူများ (Failure to respond)

(င) အခြားအစီအစဉ်သို့ လွှဲပြောင်းပေးလိုက်သူများ (Transfer to another programme)

(စ) လွှဲပြောင်းစေလွှတ်သောလူနာများ (အခြား ကျန်းမာရေးဌာနတစ်ခု၏ အမျိုးအစားတူ ကုသမှုအစီအစဉ်သို့ လွှဲပြောင်းစေလွှတ်သောလူနာများ) (Internal Transfer to the same programme)

### ၁၂-၂-၂။ ကုသပျောက်ကင်းသွားသော ကလေးများ၏ ပျမ်းမျှကုသချိန် (Mean length of stay for cured children)

ပျမ်းမျှကုသချိန် တိုတောင်းလေ ထိုအစီအစဉ်၏ ကုသစောင့်ရှောက်မှု အရည်အသွေးသည် ပို၍ ကောင်းလေ ဖြစ်ပါသည်။ ပျမ်းမျှကုသချိန်သည် ၄၅ ရက်ထက် ပိုမကြာသင့်ပါ။ ပျမ်းမျှကုသချိန်ကို တွက်ချက်ရန်အတွက် လိုအပ်သောအချက်အလက်များကို လတ်တလော အာဟာရချို့တဲ့ခြင်းအတွက် မှတ်ပုံတင်စာအုပ်မှ ကုသမှု အစီအစဉ်သို့ ဝင်ခွင့်ပြုသည့်နေ့ စာတိုင်နှင့် ထွက်ခွင့်ပြုသည့်နေ့ စာတိုင် အများမှ ရရှိနိုင်ပါသည်။ ဤညွှန်ကိန်း (ပျမ်းမျှကုသချိန်) ကို OTP တွင် အသုံးပြုပါသည်။

ပျမ်းမျှကုသချိန်ကို အောက်ပါ အဆင့်များအတိုင်း တွက်ပါသည်။

အဆင့် (၁)  ကလေး တစ်ဦးချင်းစီ၏ လတ်တလော ပြင်းထန် အာဟာရ ချို့တဲ့မှုကို ပျောက်ကင်းသည် အထိ ကုသရန် ကြာချိန်ကို အောက်ပါအတိုင်း တွက်ရပါမည်။

> ကလေး တစ်ဦးချင်းစီ၏ ကုသရန် ကြာချိန် = လူနာသည် ထွက်ခွင့်သတ်မှတ်ချက်များအရ OTP မှ စာရင်း နုတ်ပယ်သည့်နေ့ - စာရင်းသွင်း ဝင်ခွင့်ပြုသည့်နေ့

အဆင့် (၂)  ထို့နောက် ကုသပျောက်ကင်းသွားသော ကလေးများ၏ ပျမ်းမျှ ကုသချိန်ကို တွက်ပါ။

> ကုသပျောက်ကင်းသွားသော ကလေးများ၏ ပျမ်းမျှကုသချိန် = ကုသပျောက်ကင်းသွားသော ကလေးအားလုံး၏ ကုသရန်ကြာချိန်စုစုပေါင်း ÷ ကုသပျောက်ကင်းသွားသောလူနာအရေအတွက်

## တွက်ချက်မှု နမူနာများ - ကုသပျောက်ကင်းသွားသော ကလေးများ၏ ပျမ်းမျှကုသချိန်ကိုတွက်ခြင်း

| No. | Patient's Name | Age (M) | Sex | | Admission Date | Discharged Date | Diagnosis | Status | Individual length of stay |
|---|---|---|---|---|---|---|---|---|---|
| | | | M | F | | | | | |
| a | b | c | d | e | f | g | h | i | j = g - f |
| 1 | Mg Bo | 9 | M | | 1-Mar | 24-May | SAM | Cured | 84 |
| 2 | Mya Mya | 24 | | F | 1-Mar | 24-May | SAM | Cured | 84 |
| 3 | Mi Ni | 48 | | F | 1-Mar | 10-May | SAM | Cured | 70 |
| 4 | Tun Tun | 14 | M | | 1-Mar | 10-May | MAM | Cured | |
| 5 | Pauk Sa | 50 | M | | 1-Mar | 26-Apr | SAM | Cured | 56 |
| 6 | Hla Hla | 32 | | F | 15-Mar | 10-May | SAM | Cured | 56 |
| 7 | Mg Ba | 21 | M | | 15-Mar | 24-May | SAM | Cured | 70 |
| 8 | Min Din | 34 | M | | 15-Mar | 24-May | SAM | Cured | 70 |
| 9 | Pa Pa | 21 | | F | 15-Mar | 17-May | MAM | Cured | |
| 10 | Mi San | 57 | | F | 15-Mar | 31-May | SAM | Cured | 77 |
| 11 | Chet Su | 43 | M | | 12-Apr | 12-Jul | SAM | Cured | 91 |
| 12 | Lin Lin | 22 | | F | 12-Apr | 21-Jun | SAM | On treatment | |
| 13 | Thar Soe | 18 | M | | 12-Apr | | SAM | On treatment | |
| 14 | Lu Hla | 21 | M | | 12-Apr | | SAM | On treatment | |
| 15 | Ba Chet | 14 | M | | 12-Apr | | MAM | On treatment | |

(က)  ကုသပျောက်ကင်းသွားသော ကလေးဦးရေ (OTP အတွက်သာ) = ၉ ဦး

(ခ)  ကုသပျောက်ကင်းသွားသော ကလေးအားလုံး၏ ကုသရန်ကြာချိန် စုစုပေါင်း (၈၄+၈၄+၇၀+၅၆+၅၆+၇၀+၇၀+၇၇+၉၁) = ၆၅၈ ရက်

(ဂ) ကုသပျောက်ကင်းသွားသော ကလေးများ၏
ပျှမ်းမျှကုသချိန် (ခ ÷ က) (၆၅၈ ÷ ၉) = ၇၃ ရက်

(သတိပြုရန် - ဤနမူနာတွင် ပျှမ်းမျှကုသချိန်သည် ၇၃ ရက် ဖြစ်နေသဖြင့်၊ ပျမ်းမျှ ကြာသင့်ချိန် ၄၅ ရက်ထက် ပိုများ နေသည်။)

### ၁၂-၂-၃။ လတ်တလော ပြင်းထန်အာဟာရချို့တဲ့ခြင်းကို ကုသပျောက်ကင်းသွားသည့် ကလေးများအတွက် ပျှမ်းမျှကိုယ်အလေးချိန်တိုးတက်မှုနှုန်း (g/kg/d)

ပျှမ်းမျှကိုယ်အလေးချိန် တိုးတက်မှုနှုန်းသည်လည်း အစာကျွေးကုသမှုများ၏ အရည် အသွေးကို ပြသရန်အတွက် အလွန်ပင်အသုံးဝင်သော အညွှန်ကိန်းတစ်ခု ဖြစ်ပါသည်။ ဤအညွှန်ကိန်းကို တွက်ချက်ရန်အတွက် လိုအပ်သောအချက်အလက်များကို လတ်တလောအာဟာရချို့တဲ့မှု မှတ်ပုံတင်စာအုပ်၏ ကုသစဉ်အတွင်း အနိမ့်ဆုံး ကိုယ်အလေးချိန် စာတိုင် ( i )၊ ထွက်ခွင့် သတ်မှတ်ချက်များအရ OTP မှ စာရင်းမှ နုတ်ပယ်သည့်နေ့တွင်ရှိသောကိုယ်အလေးချိန် စာတိုင် ( h )၊ စာရင်းမှ နုတ်ပယ်သည့် နေ့စာတိုင် ( g )နှင့် ကုသစဉ်အတွင်း အနိမ့်ဆုံးကိုယ်အလေးချိန်ရှိသည့်နေ့ စာတိုင် ( j )တို့မှ ရရှိနိုင်ပါသည်။ ပျှမ်းမျှကိုယ်အလေးချိန် တိုးတက်မှုနှုန်းကို OTP တွင် အသုံးပြုပါသည်။

ဤညွှန်ကိန်းကို အောက်ပါအဆင့်များအတိုင်း တွက်ချက်ပါသည်။

အဆင့် (၁) ကလေး တစ်ဦးချင်းစီ အတွက် ကိုယ်အလေးချိန် တိုးသည့်နှုန်းကို တွက်ပါ။

$$\text{ကလေးတစ်ဦးချင်းစီအတွက် ကိုယ်အလေးချိန်တိုးသည့်နှုန်း} = \frac{\left[\text{စာရင်းမှ နုတ်ပယ်သည့်နေ့ရှိ ကိုယ်အလေးချိန် ကီလိုဂရမ် (h)} - \text{အနိမ့်ဆုံး ကိုယ်အလေးချိန် ကီလိုဂရမ် (i)}\right] \times \text{၁၀၀၀}}{\left[\text{စာရင်းမှ နုတ်ပယ် သည့်နေ့ (g)} - \text{အနိမ့်ဆုံး ကိုယ်အလေးချိန် ရှိသည့်နေ့ (j)}\right] \times \text{အနိမ့်ဆုံး ကိုယ်အလေးချိန် ကီလိုဂရမ် (i)}}$$

အဆင့် (၂) ပျှမ်းမျှ ကိုယ်အလေးချိန် တိုးနှုန်းကို အောက်ပါအတိုင်း တွက်ပါ။

$$\text{ပျှမ်းမျှကိုယ်အလေးချိန်း တိုးနှုန် (g/kg/d)} = \text{ကလေးအားလုံးအတွက် ကိုယ်အလေးချိန်တိုးနှုန်းစုစုပေါင်း} \div \text{ကလေးအရေအတွက်}$$

## တွက်ချက်မှု နမူနာများ - ကုသပျောက်ကင်းသွားသည့် ကလေးများအတွက် ပျှမ်းမျှ ကိုယ်အလေးချိန် တိုးတက်မှုနှုန်း (g/kg/d) ကို တွက်ခြင်း

| No. | Patient's Name | Age (M) | Sex | | Diagnosis | Exit | | Minimum Weight | | Reason of Exit | (Weight at discharge in Kg-minimum weight in Kg) x 1000 | (Date of discharge - date of minimum weight) x minimum weight in Kg | Rate of Weight gain for an individual |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | M | F | | Date | Weight (Kg) | Kg | Date | | | | |
| a | b | c | d | e | f | g | h | i | j | k | l=(h-i) x 1000 | m = (g -j) xi | n = l / m |
| 1 | Mg Bo | 9 | M | | SAM | 24-May | 2.9 | 2.1 | 15-Mar | Cured | 800 | 147 | 5.4 |
| 2 | Mya Mya | 24 | | F | SAM | 24-May | 9.4 | 7.7 | 1-Mar | Cured | 1700 | 646.8 | 2.6 |
| 3 | Mi Ni | 48 | | F | SAM | 10-May | 12.5 | 10 | 1-Mar | Cured | 2500 | 700 | 3.6 |
| 4 | Tun Tun | 14 | M | | MAM | 10-May | 8.8 | | | Cured | | | |
| 5 | Pauk Sa | 50 | M | | SAM | 26-Apr | 4.1 | 3.4 | 1-Mar | Cured | 700 | 190.4 | 3.7 |
| 6 | Hla Hla | 32 | | F | SAM | 10-May | 11.0 | 8.5 | 15-Mar | Cured | 2500 | 476 | 5.3 |
| 7 | Mg Ba | 21 | M | | SAM | 24-May | 10.3 | 8.4 | 15-Mar | Cured | 1900 | 588 | 3.2 |
| 8 | Min Din | 34 | M | | SAM | 24-May | 10.0 | 8.7 | 15-Mar | Cured | 1300 | 609 | 2.1 |
| 9 | Pa Pa | 21 | | F | MAM | 17-May | 10.0 | | | Cured | | | |
| 10 | Mi San | 57 | | F | SAM | 31-May | 14.1 | 10.5 | 15-Mar | Cured | 3600 | 808.5 | 4.5 |
| 11 | Chet Su | 43 | M | | SAM | 12-Jul | 11.4 | 9 | 12-Apr | Cured | 2400 | 819 | 2.9 |
| 12 | Lin Lin | 22 | | F | SAM | 21-Jun | 9.0 | 7.5 | 12-Apr | Defaulter | 1500 | 525 | 2.9 |
| 13 | Thar Soe | 18 | M | | SAM | | | | | | | | |
| 14 | Lu Hla | 21 | M | | SAM | | | | | | | | |
| 15 | Ba Chet | 14 | M | | MAM | | | | | | | | |

(က) ကုသပျောက်ကင်းသွားသော ကလေးဦးရေ (OTP အတွက်သာ) = ၁၀ ဦး

(ခ) ကုသပျောက်ကင်းသွားသော ကလေးအားလုံး၏ ကိုယ်အလေးချိန်တိုးတက်မှုနှုန်းစုစုပေါင်း (အထက်ပါ နမူနာ ဇယား၏ စာတိုင် (n) မှ နှုန်းအားလုံးကို ပေါင်းခြင်း)
(၅. ၄+၂. ၆+၃. ၆+၃. ၇+၅. ၃+၃. ၂+၂. ၁+၄. ၅+၂. ၉+၂. ၉) = ၃၆. ၂

(ဂ) ကုသပျောက်ကင်းသွားသည့် ကလေးများအတွက် ပျှမ်းမျှကိုယ်အလေးချိန်တိုးတက်မှုနှုန်း (ခ ÷ က) (၃၆. ၂ ÷ ၁၀) = ၃. ၆

## ၁၂-၂-၄။ အစာကျွေးကုသမှု အစီအစဉ်၏ ထိရောက်မှုကို ပြသည့် အညွှန်းကိန်းများ

SFP ၊ OTP နှင့် ITP တို့၏ ထိရောက်မှုကို ပြသည့် အညွှန်းကိန်းများမှာ -

(က) (OTP နှင့် ITP) ကုသမှု အစီအစဉ်၏ ထိရောက်မှုကို ပြသည့်အညွှန်းကိန်းများများ -

- သေဆုံးနှုန်း <10%
- ပျက်ကွက်နှုန်း <15%
- နာလန်ထနှုန်း >75%
- လွှမ်းခြုံမှု - ကျေးလက် ဒေသအတွက် >50% ၊ မြို့ပြဒေသအတွက် >70%၊ ဒုက္ခသည်စခန်းတွင်နေထိုင်သူများအတွက် >90%

(ခ) (SFP) အပိုဆောင်းဖြည့်စွက်စာကျွေးခြင်းအစီအစဉ်၏ ထိရောက်မှုကိုပြသည့် အညွှန်းကိန်းများ -

- သေဆုံးနှုန်း <3%
- ပျက်ကွက်နှုန်း <15%
- နာလန်ထနှုန်း >75%
- လွှမ်းခြုံမှု - ကျေးလက်ဒေသအတွက် >50% ၊ မြို့ပြဒေသအတွက် >70%၊ ဒုက္ခသည်စခန်းတွင် နေထိုင်သူများအတွက် >90%

## SFP/OTP အထောက်အကူပြုကြီးကြပ်မှု CHECKLIST

| | |
|---|---|
| မြို့နယ် | |
| ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ | |
| ကျန်းမာရေးဌာန၏ တာဝန်ခံဝန်ထမ်းများ | |
| သွားရောက်ကြီးကြပ်စဉ်အတွင်း ရှိနေသော ကျန်းမာရေး ဝန်ထမ်းများ | |
| ကြီးကြပ်သူဝန်ထမ်း၏ အမည် | |
| သွားရောက်ကြီးကြပ်သည့်နေ့စွဲ | |

အမှတ်များ ၀ = မဆောင်ရွက် ၁ = ဆောင်ရွက်သော်လည်း လိုအပ်ချက်များရှိနေသေး၊ ၂ = စနစ်တကျမှန်ကန်စွာဆောင်ရွက်၊ NO = စောင့်ကြည့်လေ့လာခဲ့ခြင်းမရှိ

| | ကြီးကြပ်သည့်အချက်များ | 0,1,2,NO | မှတ်ချက်များ |
|---|---|---|---|
| | ပစ္စည်းကိရိယာများ | | အများဆုံး - ၁၂ မှတ် |
| ၁ | တိုင်းတာသည့်ပစ္စည်းကိရိယာများ ရှိပြီး ချို့ယွင်းမှု မရှိခြင်း (MUAC၊ ပေါင်ချိန်စက်၊ဘုတ်ပြား) | | |
| ၂ | ဆေးကိရိယာပစ္စည်းများ ရှိခြင်း (နားကျပ်၊ လျှာဖိတံ၊ စသည်) | | |
| ၃ | မှတ်ပုံတင်စာအုပ်ရှိခြင်း | | |
| ၄ | မှတ်တမ်းပုံစံများ - လူနာတစ်ဦးချင်းစီ၏ မှတ် တမ်း (OTP ကတ်ပြား) နှင့် လွှဲပြောင်းပုံစံများ ရရှိနိုင်ပြီး အသုံးပြုနေခြင်း | | |
| ၅ | လုပ်ငန်းလမ်းညွှန်များ-IMAM စံလုပ်ငန်းလမ်းညွှန်နှင့် job aids ရရှိနိုင်ပြီး အသုံးပြုနေခြင်း | | |
| ၆ | အာဟာရပညာပေးအထောက်အကူပြု ပစ္စည်းများ ရရှိနိုင်ပြီး အသုံးပြုနေခြင်း | | |
| | လူ့စွမ်းအားအရင်းအမြစ် | | အများဆုံး ၂ မှတ် |
| ၇ | ဝန်ထမ်းများ IMAM သင်တန်းတက်ပြီးခြင်း | | |
| | ဖွဲ့စည်းပုံအနေအထားနှင့် နေရာအကျယ်အဝန်း | | အများဆုံး -၁၀ မှတ် |
| ၈ | သန့်ရှင်းသည့် ရေ ရရှိနိုင်ခြင်း | | |
| ၉ | အိမ်သာများရှိပြီး အသုံးပြုနိုင်ခြင်း | | |
| ၁၀ | ကျန်းမာရေးဌာန သန့်ရှင်းရေး ကောင်းခြင်း | | |
| ၁၁ | အမှိုက်စွန့်ပစ်သည့်နေရာရှိပြီးစနစ်တကျ အသုံးပြုနေခြင်း | | |

| | | | |
|---|---|---|---|
| ၁၂ | အရပ် ကိုယ်အလေးချိန် တိုင်းတာမှုများနှင့် မှတ်ပုံတင်စာရင်းသွင်းခြင်း၊ အစာစားလိုစိတ်စစ်ဆေးခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း၊ သိုလှောင်ခြင်း/ ဆေးပေးရန်နေရာ တို့အတွက် လုံလောက်သော နေရာအကျယ်အဝန်း ရှိခြင်း | | |
| ကျန်းမာရေးဌာနသို့လာသူများထဲမှာ အာဟာရချို့တဲ့လူနာရှာခြင်း (Passive screening) | | | အများဆုံး - ၂ မှတ် |
| ၁၃ | ကလေးတိုင်းကို Passive screening စနစ်တကျ ဆောင်ရွက်ခြင်း (လူနာမှတ်ပုံတင်စာရင်းစာအုပ်ကို စစ်ဆေးရန်/ အခွင့်အရေးရလျှင် စောင့်ကြည့်လေ့လာရန်) | | |
| လူနာများကို ကုသမှုပေးရာတွင် အစီအစဉ်တကျ ကုသဆောင်ရွက်ပေးခြင်း | | | အများဆုံး - ၄ မှတ် |
| ၁၄ | (အန္တရာယ်လက္ခဏာများပေါ်မူတည်၍) ရောဂါပြင်းထန်မှု အဆင့်သတ်မှတ်ခြင်း | | |
| ၁၅ | သကြားရည် ရရှိနိုင်ပြီး လိုအပ်သည့် လူနာများကို တိုက်ကျွေးခြင်း | | |
| အစီအစဉ်သို့ စာရင်းသွင်း ဝင်ခွင့်ပြုခြင်း | | | အများဆုံး - ၁၂ မှတ် |
| ၁၆ | ခန္ဓာကိုယ်တိုင်းတာမှုများ (MUAC ၊ ကိုယ်အလေးချိန်၊ အရပ်အမြင့်၊ ဖောရောင်မှု) ကို မှန်ကန်စွာ ဆောင်ရွက်ခြင်း (လူနာများကို ကျပန်းရွေးချယ်၍ ဆောင်ရွက်မှုကို စောင့်ကြည့် လေ့လာရန်) | | |
| ၁၇ | WFH တွက်ချက်မှုကို မှန်ကန်စွာ ဆောင်ရွက်ခြင်း (လူနာကတ်ပြားများကို ကျပန်းရွေးချယ်ကာ အတည်ပြုရန်) | | |
| ၁၈ | စာရင်းသွင်း ဝင်ခွင့်သတ်မှတ်ချက်များကို သိရှိ၊ အသုံးချကာ လူနာကတ်ပြားပေါ်တွင် ရေးမှတ်ခြင်း (လူနာကတ်ပြားများကို ကျပန်းရွေးချယ်ကာ အတည်ပြုရန်) | | |
| ၁၉ | လူနာတစ်ဦးချင်းစီ၏ ကတ်ပြားတွင် စာရင်းသွင်း ဝင်ခွင့်ပြုချိန်တွင်ရှိ အချက်အလက်များ အားလုံးကို မှန်ကန်စွာ ဖြည့်စွက်ထားခြင်း (လူနာကတ်ပြားများကို ကျပန်းရွေးချယ်ကာ အတည်ပြုရန်) | | |

| | | | |
|---|---|---|---|
| ၂၀ | လတ်တလောအာဟာရချို့တဲ့မှု၏ မှတ်ပုံတင် စာအုပ်ကို AM နံပါတ်အပါအဝင် မှန်ကန်စွာ ဖြည့်စွက်ထားခြင်း (မှတ်ပုံတင်စာအုပ်ပေါ်မှ လူနာများကို ကျပန်းရွေးချယ်ကာ အတည်ပြုရန်) | | |
| ၂၁ | ဝင်ခွင့်ပြုချိန်တွင် မိခင်ကို ရှင်းပြချက်များ မှန်ကန်လုံလောက်ခြင်း ရှိ မရှိကို စောင့်ကြည့် လေ့လာခြင်း | | |
| အစာစားလိုစိတ် စစ်ဆေးခြင်း | | | အများဆုံး - ၁၀ မှတ် |
| ၂၂ | RUTF ကို မကိုင်တွယ်ခင် လူနာနှင့် စောင့်ရှောက်သူ၏ လက်များကို ဆေးကြောခြင်း | | |
| ၂၃ | သင့်လျော်သည့်နေရာ (သန့်ရှင်း၊ တိတ်ဆိတ်၊ လုံလောက်သော အကျယ်အဝန်း) | | |
| ၂၄ | စစ်ဆေးမှုမစတင်မီ မိခင်/စောင့်ရှောက်သူကို ရှင်းပြချက်များ မှန်ကန်လုံလောက်ခြင်း | | |
| ၂၅ | စစ်ဆေးမှု အောင်မြင်ခြင်း/ကျရှုံးခြင်းအတွက် RUTF ပမာဏများကို ဝန်ထမ်းမှ မှန်ကန်စွာသိခြင်း | | |
| ၂၆ | ပမာဏများကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် ရလဒ်ကို လူနာကတ်ပြားပေါ်တွင် ရေးမှတ်ခြင်း | | |
| ကုသမှု | | | အများဆုံး - ၁၄ မှတ် |
| ၂၇ | ကျန်းမာရေးစစ်ဆေးစမ်းသပ်ပေးမှု စံနှုန်း ပြည့်မီမှု ရှိ၊ မရှိ (ရောဂါရာဇဝင်၊ အရေးကြီးလက္ခဏာများ စမ်းသပ်ခြင်း၊ အန္တရာယ်လက္ခဏာများကို သိရှိခြင်း) (လူနာများကို ကျပန်းရွေးချယ်၍ ဆောင်ရွက်မှုကို စောင့်ကြည့် လေ့လာရန်) | | |
| ၂၈ | နောက်ဆက်တွဲရောဂါပြဿနာများကို ချက်ချင်း ဖော် ထုတ်သိရှိခြင်းနှင့် ITP ဝင်ခွင့်သတ်မှတ်ချက် များကို မှန်ကန်စွာ ရည်ညွှန်းအသုံးပြုခြင်း (လူနာများကို ကျပန်းရွေးချယ်၍ ဆောင်ရွက်မှုကို စောင့်ကြည့် လေ့လာရန်) | | |
| ၂၉ | ဆေးဝါးကုသမှုများကို စနစ်တကျဆောင်ရွက်ပြီး လူနာကတ်ပြားပေါ်တွင် မှတ်သားခြင်း (ဆေးဝါး၊ ပမာဏနှင့် ကြိမ်နှုန်းနှင့် အချိန်ကာလ မှန်ကန်မှု) (လူနာကတ်ပြားများကို ကျပန်းရွေးချယ်ကာ အတည်ပြုခြင်း) | | |

| | | | |
|---|---|---|---|
| ၃၀ | ကုသမှု လမ်းညွှန်အတိုင်း (FBF/RUTF အထုပ် အရေ အတွက်) ကိုပေးပြီး လူနာကတ်ပြားတွင် ရေးမှတ်ခြင်း (လူနာကတ်ပြားများကို ကျပန်း ရွေးချယ်ကာ အတည်ပြုခြင်း) | | |
| ၃၁ | ကာကွယ်ဆေးထိုး အစီအစဉ်အတိုင်း ဆေးထိုးပြီးခြင်း အခြေအနေ စစ်ဆေးခြင်း ရှိ မရှိ (လူနာကတ်ပြားများကို ကျပန်းရွေးချယ်ကာ အတည်ပြုခြင်း) | | |
| ၃၂ | ကုသ၍ မပျောက်ကင်းခြင်းကို သိရှိကာ လိုအပ်သည်ကိုဆောင်ရွက်ခြင်း (အိမ်သို့ သွားရောက်ကြည့်ရှု ပေးခြင်း၊ စသည်) | | |
| ၃၃ | ကလေး၏ အာဟာရအခြေအနေကို ကလေးမိခင်/စောင့်ရှောက်သူကို ရှင်းပြခြင်း | | |
| အစီအစဉ်မှထွက်ခွင့်ပြုခြင်း/လွှဲပြောင်းညွှန်းပို့ခြင်း | | | အများဆုံး - ၆ မှတ် |
| ၃၄ | ဝန်ထမ်းများသည် အစီအစဉ်မှ နုတ်ပယ် (ထွက်ခွင့်ပြု) ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များကို သိရှိခြင်း၊ လိုက်နာဆောင်ရွက်ခြင်းနှင့် လူနာကတ်ပြားပေါ်တွင် ရေးမှတ်ခြင်း | | |
| ၃၅ | မိခင်ကို လုံလောက်စွာရှင်းပြခြင်း | | |
| ၃၆ | လွှဲပြောင်းပေးရန် လိုအပ်သော ကလေးများကို အနီးဆုံး OTP/ITP သို့ အချိန်မဆိုင်း လွှဲပြောင်းပေးခြင်းနှင့် မှတ်တမ်းတင်ခြင်း | | |
| RHC/SRHC ရှိ IYCF လုပ်ငန်းများ | | | အများဆုံး - ၄ မှတ် |
| ၃၇ | ပြင်ပလူနာ ကြည့်ပေးသည့်အခါတွင် BHS မှ IYCF နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းကို အသက် ၂ နှစ် အောက်ကလေးတိုင်း၏ မိခင်/စောင့်ရှောက်သူအား ပြုလုပ်ပေးခြင်း | | |
| ၃၈ | ANC နှင့် PN အတွက်လာရောက်တိုင်းတွင် BHS မှ IYCF နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းကို PLW တိုင်းအတွက် ပြုလုပ်ပေးခြင်း | | |
| ကျန်းမာရေးနှင့်အဟာရချို့တဲ့ခြင်းကို နားလည် သတိပြုမှု ပိုမို တိုးတက်လာစေခြင်း | | | အများဆုံး - ၂ မှတ် |

| | | | |
|---|---|---|---|
| ၃၉ | ကျန်းမာရေးနှင့် အာဟာရ အသိပညာပေးမှုများ ဆောင်ရွက်ခြင်း (စောင့်ကြည့်ခြင်း သို့မဟုတ် မှတ်တမ်းမှ) | | |
| ပုံမှန်အစီရင်ခံစာများ (အခြေအနေပေါ်မူတည်၍ လစဉ် သို့မဟုတ် သုံးလတစ်ကြိမ်) | | | အများဆုံး - ၆ မှတ် |
| ၄၀ | IMAM လစဉ်အစီရင်ခံစာများကို မှန်ကန်စွာ ဖြည့်စွက်ခြင်း (ပြည့်စုံမှန်ကန်မှုရှိခြင်း) | | |
| ၄၁ | IMAM အစီရင်ခံစာများကို အချိန်မီ ပေးပို့ခြင်း | | |
| ၄၂ | RHC/SRHC တွင် IMAM အစီရင်ခံစာများကို ဖိုင်တွဲထားခြင်း | | |
| သိုလှောင်ခြင်း/ဆေးခန်း | | | အများဆုံး - ၈ မှတ် |
| ၄၃ | သိုလှောင်ခန်း အခြေအနေ ကောင်းမွန် လုံလောက်ခြင်း (စင်များ၊ ချိတ်ဆွဲရန် ကတ်ပြားများ၊ ပစ္စည်းတင်သည့် သစ်သားပြားများ အသုံးပြုခြင်း၊ ကြွက်များကို ထိန်းချုပ်ခြင်း၊ စသည်) | | |
| ၄၄ | FBF/RUTF နှင့် ဆေးဝါးများအတွက် စာရင်းစာအုပ်များ/ ကတ်ပြားများ ရှိခြင်းနှင့် မှန်ကန်စွာ ဖြည့်စွက်ထားခြင်း | | |
| ၄၅ | ဆေးဝါးပစ္စည်းများ ပြတ်လပ်မှုမရှိခြင်းနှင့် FBF/ RUTF နှင့် ဆေးဝါးများ အလုံအလောက်ရှိခြင်း | | |
| ၄၆ | ပစ္စည်းလက်ကျန်များ ကိုယ်တိုင်ကိုယ်ကျ စစ်ဆေးခြင်းကိုပုံမှန်ဆောင်ရွက်ခြင်း (မြို့နယ်အဆင့်တွင်) | | |
| ရပ်ရွာလူထုကို နိုးဆော်စည်းရုံးဆောင်ရွက်ခြင်း | | | အများဆုံး - ၁၀ မှတ် |
| ၄၇ | အာဟာရချို့တဲ့သည့် ကလေးများ၏ အိမ်သို့ ပုံမှန် သွားရောက်ရန် လိုအပ်သည့် အခြေအနေ များကို BHS၊ CHW နှင့် AMW များက သိရှိ အသုံးပြုခြင်း | | |
| ၄၈ | CHW နှင့် AMW တို့မှ အိမ်သို့သွားရောက်ကြည့်ရှု ပေးခြင်း (လွန်ခဲ့သောလအတွင်းက သွားရောက်ခဲ့သော အကြိမ်) | | |

| | | | |
|---|---|---|---|
| ၄၉ | လွန်ခဲ့သည့်လက လုပ်အားပေးများမှ ကူညီပေးမှုဖြင့် ရပ်ရွာအတွင်း လူနာလှည့်လည်ရှာဖွေခြင်း<br>Active case finding | | |
| ၅၀ | BHS များမှ IMAM နှင့်စပ်လျဉ်း၍ စေတနာ့ဝန်ထမ်းများနှင့် ကျင်းပသော လစဉ်အစည်းအဝေးများ | | |
| ၅၁ | ပုံမှန် (အခြေအနေပေါ်မူတည်ကာ လစဉ်/ သုံးလ တစ်ကြိမ်) screening အစီရင်ခံစာများကို မှန်ကန်စွာဖြည့်စွက်ခြင်းနှင့် အချိန်မီပေးပို့ခြင်း (အနည်း ဆုံး နောက်တစ်လ ၅ ရက်နေ့မတိုင်မီ) | | |

| | |
|---|---|
| (က) အမြင့်ဆုံးစုစုပေါင်းအမှတ် | **102** |
| (ခ) ကြည့်ရှုခဲ့ခြင်းမရှိသော ကြီးကြပ်သည့် အချက်များအတွက် အမြင့်ဆုံးရမှတ် | |
| (ဂ) စုစုပေါင်းရမှတ်* | |
| [(ဂ) ÷ {(က) - (ခ) }] x ၁၀၀ % | |

အားသာချက်များ

၁

၂

၃

၄

၅

အားနည်းချက်များ

၁

၂

၃

၄

၅

အကြံပြုချက်များ

၁

၂

၃

၄

၅

## ITP အထောက်အကူပြုကြီးကြပ်မှု CHECKLIST

| | |
|---|---|
| မြို့နယ် | |
| ITP/ဆေးရုံ | |
| ကျန်းမာရေးဌာန၏ တာဝန်ခံဝန်ထမ်းများ | |
| သွားရောက်ကြီးကြပ်စဉ်အတွင်း ရှိနေသော ကျန်းမာရေးဝန်ထမ်းများ | |
| ကြီးကြပ်သူဝန်ထမ်း၏ အမည် | |
| သွားရောက်ကြီးကြပ်သည့်နေ့စွဲ | |

အမှတ်များ ၀ = မဆောင်ရွက် ၁ = ဆောင်ရွက်သော်လည်း လိုအပ်ချက်များရှိနေသေး၊ ၂ = စနစ်တကျမှန်ကန်စွာဆောင်ရွက်၊ NO = စောင့်ကြည့်လေ့လာခဲ့ခြင်းမရှိ

| | ကြီးကြပ်သည့်အချက်များ | 0,1,2,NO | မှတ်ချက်များ |
|---|---|---|---|
| ပစ္စည်းကိရိယာများ | | | အများဆုံး - ၁၄ မှတ် |
| ၁ | တိုင်းတာသည့်ပစ္စည်းကိရိယာများ ရှိပြီး ချို့ယွင်းမှု မရှိခြင်း (MUAC၊ ပေါင်ချိန်စက်၊ဘုတ်ပြား) | | |
| ၂ | ဆေးကိရိယာပစ္စည်းများ ရှိခြင်း (နားကျပ်၊ လျှာဖိတံ၊ စသည်) | | |
| ၃ | မှတ်ပုံတင်စာအုပ်ရှိခြင်း | | |
| ၄ | မှတ်တမ်းပုံစံများ - လူနာတစ်ဦးချင်းစီ၏ မှတ် တမ်း (ITP ကတ်ပြား) နှင့် လွှဲပြောင်းညွှန်းပို့ပုံစံများ ရရှိနိုင်ပြီး အသုံးပြုနေခြင်း | | |
| ၅ | လုပ်ငန်းလမ်းညွှန်များ-IMAM စံလုပ်ငန်းလမ်းညွှန်နှင့် job aids ရရှိနိုင်ပြီး အသုံးပြုနေခြင်း | | |
| ၆ | TM ဖျော်ရန်ပစ္စည်းများ ရှိခြင်းနှင့် အခြေအနေကောင်းမွန်ခြင်း | | |
| ၇ | အာဟာရပညာပေး အထောက်အကူပြု ပစ္စည်းများ ရရှိနိုင်ပြီး အသုံးပြုနေခြင်း | | |
| လူ့စွမ်းအားအရင်းအမြစ် | | | အများဆုံး ၂ မှတ် |
| ၈ | ဝန်ထမ်းများ IMAM သင်တန်းတက်ပြီးခြင်း | | |
| | ဖွဲ့စည်းပုံအနေအထားနှင့် နေရာအကျယ်အဝန်း | | အများဆုံး -၁၀ မှတ် |
| ၉ | သန့်ရှင်းသည့် ရေ ရရှိနိုင်ခြင်း | | |
| ၁၀ | အိမ်သာများရှိပြီး အသုံးပြုနိုင်ခြင်း | | |
| ၁၁ | ကျန်းမာရေးဌာန သန့်ရှင်းရေး ကောင်းခြင်း | | |

| | | | |
|---|---|---|---|
| ၁၂ | အမှိုက်စွန့်ပစ်သည့်နေရာရှိပြီးစနစ်တကျ အသုံးပြုနေခြင်း | | |
| ၁၃ | အရပ် ကိုယ်အလေးချိန် တိုင်းတာမှုများနှင့် မှတ်ပုံတင်စာရင်းသွင်းခြင်း၊ အစာစားလိုစိတ်စစ်ဆေးခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း၊ သိုလှောင်ခြင်း/ဆေးပေးရန်နေရာ တို့အတွက် လုံလောက်သော နေရာအကျယ်အဝန်း ရှိခြင်း | | |
| ကျန်းမာရေးဌာနသို့လာသူများထဲမှ အာဟာရချို့တဲ့လူနာ ရှာခြင်း (Passive screening) | | | အများဆုံး - ၂ မှတ် |
| ၁၄ | ပြင်ပလူနာဌာနနှင့် အတွင်းလူနာဆောင်များရှိ ကလေးတိုင်းကို အာဟာရချို့တဲ့မှု ရှိ၊ မရှိ စစ်ဆေးခြင်း (လူနာမှတ်ပုံတင်စာအုပ်ကို စစ်ဆေးခြင်း/အခွင့်အရေးရပါက စောင့်ကြည့်လေ့လာခြင်း) | | |
| လူနာများကို ကုသမှုပေးရာတွင် အစီအစဉ်တကျ ကုသဆောင်ရွက်ပေးခြင်း | | | အများဆုံး - ၆ မှတ် |
| ၁၅ | (အန္တရာယ်လက္ခဏာများပေါ်မူတည်၍) ရောဂါပြင်းထန်မှု အဆင့်သတ်မှတ်ခြင်း | | |
| ၁၆ | သကြားရည် ရရှိနိုင်ပြီး လိုအပ်သည့် လူနာများကို တိုက်ကျွေးခြင်း | | |
| ၁၇ | ပြင်ပလူနာဌာနမှ အတွင်းလူနာအဖြစ် ITP သို့ စာရင်းသွင်း ဝင်ရောက်သည်အထိ အစီအစဉ်တကျ ဆောင်ရွက်ခြင်း | | |
| အစီအစဉ်သို့ စာရင်းသွင်း ဝင်ခွင့်ပြုခြင်း | | | အများဆုံး - ၁၂ မှတ် |
| ၁၈ | ခန္ဓာကိုယ်တိုင်းတာမှုများ (MUAC ၊ ကိုယ်အလေးချိန်၊ အရပ်အမြင့်၊ ဖောရောင်မှု) ကို မှန်ကန်စွာ ဆောင်ရွက်ခြင်း (လူနာများကို ကျပန်းရွေးချယ်၍ ဆောင်ရွက်မှုကို စောင့်ကြည့် လေ့လာရန်) | | |
| ၁၉ | WFH တွက်ချက်မှုကို မှန်ကန်စွာ ဆောင်ရွက်ခြင်း (လူနာကတ်ပြားများကို ကျပန်းရွေးချယ်ကာ အတည်ပြုရန်) | | |
| ၂၀ | စာရင်းသွင်း ဝင်ခွင့်သတ်မှတ်ချက်များကို သိရှိ၊ အသုံးချကာ လူနာကတ်ပြားပေါ်တွင် ရေးမှတ်ခြင်း (လူနာကတ်ပြားများကို ကျပန်းရွေးချယ်ကာ အတည်ပြုရန်) | | |
| ၂၁ | လူနာတစ်ဦးချင်းစီ၏ ကတ်ပြားတွင် စာရင်းသွင်း ဝင်ခွင့်ပြုချိန်တွင်ရှိ အချက်အလက်များ အားလုံးကို မှန်ကန်စွာ ဖြည့်စွက်ထားခြင်း (လူနာကတ်ပြားများကို ကျပန်းရွေးချယ်ကာ အတည်ပြုရန်) | | |

| | | | |
|---|---|---|---|
| ၂၂ | လတ်တလောအာဟာရချို့တဲ့မှု၏ မှတ်ပုံတင် စာအုပ်ကို AM နံပါတ်အပါအဝင် မှန်ကန်စွာ ဖြည့်စွက်ထားခြင်း (မှတ်ပုံတင်စာအုပ်ပေါ်မှ လူနာများကို ကျပန်းရွေးချယ်ကာ အတည်ပြုရန်) | | |
| ၂၃ | ဝင်ခွင့်ပြုချိန်တွင် မိခင်ကို ရှင်းပြချက်များ မှန်ကန်လုံလောက်ခြင်း ရှိ မရှိကို စောင့်ကြည့် လေ့လာခြင်း | | |
| အစာစားလိုစိတ် စစ်ဆေးခြင်း | | | အများဆုံး - ၁၀ မှတ် |
| ၂၄ | RUTF ကို မကိုင်တွယ်ခင် လူနာနှင့် စောင့်ရှောက်သူ၏ လက်များကို ဆေးကြောခြင်း | | |
| ၂၅ | သင့်လျော်သည့်နေရာ (သန့်ရှင်း၊ တိတ်ဆိတ်၊ လုံလောက်သော အကျယ်အဝန်း) | | |
| ၂၆ | စစ်ဆေးမှုမစတင်မီ မိခင်/စောင့်ရှောက်သူကို ရှင်းပြချက်များ မှန်ကန်လုံလောက်ခြင်း | | |
| ၂၇ | စစ်ဆေးမှု အောင်မြင်ခြင်း/ကျရှုံးခြင်းအတွက် RUTF ပမာဏများကို ဝန်ထမ်းမှ မှန်ကန်စွာသိခြင်း | | |
| ၂၈ | ကလေးစားသုံးသော RUTF ပမာဏများကို စောင့်ကြည့် စစ်ဆေးခြင်းနှင့် ရလဒ်ကို လူနာကတ်ပြားပေါ်တွင် ရေးမှတ်ခြင်း | | |
| ကုသမှု | | | အများဆုံး - ၂၂ မှတ် |
| ၂၉ | စာရင်းသွင်း ဝင်ခွင့်ပြုချိန်နှင့် ဆေးရုံတင်ချိန်တွင် ကျန်းမာရေးစစ်ဆေးစမ်းသပ်ပေးမှု စံနှုန်း ပြည့်မီမှု ရှိ မရှိ (ရောဂါရာဇဝင်၊ အရေးကြီးလက္ခဏာများ စမ်းသပ်ခြင်း၊ အန္တရာယ်လက္ခဏာများကို သိရှိခြင်း) (လူနာများကို ကျပန်းရွေးချယ်၍ ဆောင်ရွက်မှုကို စောင့်ကြည့် လေ့လာရန်) | | |
| ၃၀ | RUTF မကျွေးမီ မိခင်နို့တိုက်ကျွေးခြင်း ရှိ မရှိ | | |
| ၃၁ | အစာမကျွေးမီ လူနာနှင့်စောင့်ရှောက်သူ၏ လက်များကို ဆေးခြင်း | | |
| ၃၂ | F75, F100 ကို မှန်ကန်စွာဖျော်စပ်ခြင်း (ပမာဏနှင့် ကြိမ်နှုန်း၊ သန့်ရှင်းမှု၊ စသည်) | | |
| ၃၃ | အစာကျွေးမှုများကို စောင့်ကြည့်စစ်ဆေးခြင်း (ပမာဏ များ၊ အကြိမ်၊ အန်ခြင်း) နှင့် ရလဒ်များကို လူနာကတ်ပြားတွင် ရေးမှတ်ခြင်း | | |

| | | | |
|---|---|---|---|
| ၃၄ | အဆင့်တိုင်းတွင် ကုသမှုလမ်းညွှန်များအတိုင်း စနစ်တကျ ဆောင်ရွက်ခြင်းနှင့် လူနာကတ်ပြားပေါ်တွင် ရေးမှတ်ခြင်း (လူနာကတ်ပြားများကို ကျပန်းရွေးချယ် အတည်ပြုခြင်း) | | |
| ၃၅ | ဆေးဝါးကုသမှုတိုင်အတွက် ဆေးဝါးပစ္စည်း၊ ပမာဏနှင့် ကြိမ်နှုန်း၊ အချိန်ကာလတို့ကို လူနာကတ်ပြားပေါ်တွင် မှန်ကန်စွာရေးမှတ်ခြင်း (လူနာကတ်ပြားများကို ကျပန်းရွေးချယ်အတည်ပြုခြင်း) | | |
| ၃၆ | ကာကွယ်ဆေးထိုး အစီအစဉ်အတိုင်းဆေးထိုးပြီးမှု အခြေအနေ စစ်ဆေးခြင်း ရှိ မရှိ (လူနာကတ်ပြားများကို ကျပန်းရွေးချယ်ကာ အတည်ပြုခြင်း) | | |
| ၃၇ | အဆင့်တစ်ဆင့်မှ တစ်ဆင့်သို့ ကူးပြောင်းမှုအတွက် စံသတ်မှတ်ချက်များကို သိရှိခြင်းနှင့် စနစ်တကျ လိုက်နာဆောင်ရွက်ခြင်း | | |
| ၃၈ | ကုသ၍ မပျောက်ကင်းခြင်းကို သိရှိကာ လိုအပ်သည်ကို ဆောင်ရွက်ခြင်း (အစာ စားလိုစိတ် ရှိ၊ မရှိ ပြန်လည်စစ် ဆေးခြင်း၊ စနစ်တကျ စမ်းသပ်စစ်ဆေးခြင်းနှင့် ရောဂါ ရှာဖွေခြင်း) | | |
| ၃၉ | ကလေး၏ အာဟာရနှင့် ကျန်းမာရေးအခြေအနေကို ကလေးမိခင် /စောင့်ရှောက်သူကို ရှင်းပြခြင်း | | |
| အစီအစဉ်မှထွက်ခွင့်ပြုခြင်း/လွှဲပြောင်းညွှန်းပို့ခြင်း | | | အများဆုံး - ၄ မှတ် |
| ၄၀ | ဝန်ထမ်းများသည် OTP သို့လွှဲပြောင်းခြင်း သို့မဟုတ် စာရင်းမှ နုတ်ပယ် ထွက်ခွင့်သတ်မှတ်ချက် များကို သိရှိခြင်း၊ ထွက်ခွင့်ပြုသည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို စနစ်တကျလိုက်နာအသုံးပြုခြင်းနှင့် လူနာကတ်ပြားပေါ်တွင် ရေးမှတ်ခြင်း | | |
| ၄၁ | လွှဲပြောင်းမှု/ထွက်ခွင့်ပြုမှု လုပ်ငန်းအဆင့်ဆင့်ကို မိခင်ကို ပြည့်စုံစွာရှင်းပြခြင်း | | |
| ကျန်းမာရေးနှင့်အဟာရချို့တဲ့ခြင်းကို နားလည် သတိပြုမှု ပိုမိုတိုးတက်လာစေခြင်း | | | အများဆုံး - ၄ မှတ် |
| ၄၂ | ကျန်းမာရေးနှင့် အာဟာရ အသိပညာပေးမှုများ ဆောင်ရွက်ခြင်း(စောင့်ကြည့်ခြင်း သို့မဟုတ် မှတ်တမ်းမှ) | | |
| ၄၃ | လူနာများကို လှုံ့ဆော် ပညာပေးသည့် အစီအစဉ်များ ဆောင်ရွက်ခြင်း | | |

| | | | |
|---|---|---|---|
| လစဉ်အစီရင်ခံစာများ | | | အများဆုံး - ၆ မှတ် |
| ၄၄ | IMAM လစဉ်အစီရင်ခံစာများကို မှန်ကန်စွာဖြည့်စွက်ခြင်း (ပြည့်စုံမှန်ကန်မှုရှိခြင်း) | | |
| ၄၅ | IMAM လစဉ်အစီရင်ခံစာများကို အချိန်မီပေးပို့ခြင်း | | |
| ၄၆ | IMAM အစီရင်ခံစာများကို လူနာဆောင်တွင် ဖိုင်တွဲထားခြင်း | | |
| သိုလှောင်ခြင်း/ဆေးခန်း | | | အများဆုံး - ၈ မှတ် |
| ၄၇ | သိုလှောင်ခန်း အခြေအနေ ကောင်းမွန် လုံလောက်ခြင်း (စင်များ၊ ချိတ်ဆွဲရန် ကတ်ပြားများ၊ ပစ္စည်းတင်သည့် သစ်သား ပြားများအသုံးပြုခြင်း၊ ကြွက်များကို ထိန်းချုပ်ခြင်း၊ စသည်) | | |
| ၄၈ | F75, F100, Resomal, RUTF နှင့် ဆေးဝါးများ အတွက် စာရင်းစာအုပ်များ/ ကတ်ပြားများရှိခြင်းနှင့် မှန်ကန်စွာဖြည့်စွက်ထားခြင်း | | |
| ၄၉ | ဆေးဝါးပစ္စည်းများ ပြတ်လပ်မှုမရှိခြင်းနှင့် F75, F100, resomal, RUTF နှင့်ဆေးဝါးများ အလုံအလောက်ရှိခြင်း | | |
| ၅၀ | ပစ္စည်းလက်ကျန်များ ကိုယ်တိုင်ကိုယ်ကျ စစ်ဆေးခြင်းကို ပုံမှန်ဆောင်ရွက်ခြင်း | | |
| ဆေးရုံရှိ IYCF/BFHI လုပ်ငန်းများ (ပြင်ပလူနာဌာန၊ သားဖွားဆောင် စသည်) | | | အများဆုံး - ၈ မှတ် |
| ၅၁ | ပြင်ပလူနာ ကြည့်ပေးသည့်အခါတွင် IYCF နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းကို အသက် ၂နှစ် အောက်ကလေးတိုင်း၏ မိခင်/စောင့်ရှောက်သူအား ပြုလုပ်ပေးခြင်း | | |
| ၅၂ | ANC နှင့် PN အတွက်လာရောက်တိုင်းတွင် IYCF/BFHI ဆွေးနွေးပညာပေးခြင်းကို PLW တိုင်းအတွက် ပြုလုပ်ပေးခြင်း | | |
| ၅၃ | သားဖွားဆောင်တွင် မီးဖွားပြီးခါစ မိခင်တိုင်းကို ကျန်းမာ ရေးဝန်ထမ်းမှ IYCF/BFHI ဆွေးနွေး ပညာပေးမှု ပြုလုပ်ပေးခြင်း | | |
| ၅၄ | မီးဖွားပြီးခါစ မိခင်တိုင်းကို သူမ၏ နေထိုင်ရာတွင် လူထု အခြေပြု IYCF အုပ်စုရှိလျှင် လွှဲပြောင်းစေလွှတ်ခြင်း | | |

| | |
|---|---|
| (က) အမြင့်ဆုံးစုစုပေါင်းအမှတ် | **108** |
| (ခ) ကြည့်ရှုခဲ့ခြင်းမရှိသော ကြီးကြပ်သည့် အချက်များအတွက် အမြင့်ဆုံးရမှတ် | |
| (ဂ) စုစုပေါင်းရမှတ်* | |
| [(ဂ) ÷ {(က) - (ခ) }] x ၁၀၀ % | |

အားသာချက်များ

၁

၂

၃

၄

၅

အားနည်းချက်များ

၁

၂

၃

၄

၅

အကြံပြုချက်များ

၁

၂

၃

၄

၅

# အခန်း ၁၃

## အစီရင်ခံခြင်း



# အခန်း ၁၃
# အစီရင်ခံခြင်း

## ၁၃-၁။ အစီရင်ခံစာပေးပို့မှုကြိမ်နှုန်း

ကျန်းမာရေးဝန်ထမ်းများ၏ အလုပ်တာဝန်များပြားမှုနှင့် လတ်တလောအာဟာရချို့တဲ့မှုများ လက်ရှိ ဖြစ်ပွားနေမှုတို့အရ (SFP နှင့် OTP) ကို သုံးလတစ်ကြိမ် အစီရင်ခံစာပေးပို့ရန် ဖြစ်ပါသည်။ သို့သော် GAM ဖြစ်ပွားမှုနှုန်း ၁၅% ရှိသော ကျန်းမာရေးဌာနများနှင့် အရေးပေါ်အခြေအနေ သို့မဟုတ် ဘေးအန္တရာယ်ဖြစ်ပွားသည့် အချိန်ကာလများတွင် အခြေအနေကိုထိန်းချုပ်နိုင်သည်အထိ/ တည်ငြိမ်သွားသည်အထိ လစဉ်အစီရင်ခံစာ ပေးပို့ရန်လိုအပ်ပါသည်။

SAM with Complications များ၏ ရောဂါပြင်းထန်မှုကြောင့် ITP လုပ်ငန်းများကို လစဉ် အစီရင်ခံတင်ပြရန် အရေးကြီးပါသည်။

## ၁၃-၂။ အစီရင်ခံစာ ပေးပို့ရန် တာဝန်ရှိသူများ

IMAM ၏ ရပ်ရွာလူထုတွင်းဆောင်ရွက်သည့် အစိတ်အပိုင်းအတွက် (SFP နှင့် OTP) အခြေခံကျန်းမာရေးဝန်ထမ်းများက ဆန်ကာတင်စစ်ဆေးခြင်း တာလီစာရွက်၊ လတ်တလောအာဟာရချို့တဲ့မှုအတွက် မှတ်ပုံတင်စာရင်းစာအုပ်နှင့် လူနာတစ်ဦးချင်းစီ၏ မှတ်တမ်းများကို အခြေခံကာ SFP နှင့် OTP အစီရင်ခံစာများကို ပြင်ဆင်ရေးသား၍ RHC သို့ ပေးပို့ရပါမည်။

ကျန်းမာရေးမှူးက SRHC နှင့် RHC အစီရင်ခံစာများကို စုစည်းကာ TMO ထံသို့ ပေးပို့တင်ပြရပါမည်။

TMO ကိုယ်စား THN/THA က RHC အစီရင်ခံစာများကို စုစည်းကာ မြို့နယ် အစီရင်ခံစာအဖြစ် ပြည်နယ်/တိုင်းဒေသကြီးအာဟာရအဖွဲ့ (SRNT) သို့ ပေးပို့ရပါမည်။

SRNT က ၎င်းတို့၏ ပြည်နယ်/တိုင်းဒေသကြီး အစီရင်ခံစာများကို ပြုစုကာ NNC သို့ ပေးပို့ရပါမည်။

